
www.burmeseclassic.com

Two Cats Publication
မောင်မျိုး
စီစဉ်သည်။

BURMESE CLASSIC .com

# စိတ်ကောက်ခြင်းသည် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်သည်။



## မင်းခိုက်စိုးစန်

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံတော်တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကိုနှောင့်ယှက်ဖျက် ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုး တက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး၊ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


စာမူခွင့်ပြုချက်အမှတ်
၅၀၀၅၂၉၀၇၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၈၃၇၀၈၁၀

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၁၀ ခုနှစ်
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ကျပ်

စိတ်ကောက်ခြင်းသည် ကျန်းမာရေးကိုဆိုးရွားစွာထိခိုက်စေနိုင်သည်။
မင်းခိုက်စိုးစန်။ –ရန်ကုန်၊ ၈၉၅.၈၃ / ကြောင်နှစ်ကောင်စာပေ၊ ၂၀၀၉။
၁၈.၅ x ၁၃.၅ စင်တီ။ ၂၄၇ –စာ
(၁)စိတ်ကောက်ခြင်းသည် ကျန်းမာရေးကိုဆိုးရွားစွာထိခိုက်စေနိုင်သည်။


www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

ညီဆုး သို့မဟုတ်

# ငှက်တေလေတစ်ကောင်

ကျွန်တော် တစ်ခါက
မုန့်စိမ်းပေါင်းသွားဝယ်စားမိတယ်။
မုန့်စိမ်းပေါင်းသည်အဒေါ်ကြီးက ကျွန်တော့်ကိုမေးတယ်
"အဖြူယူမလား. . . အနီယူမလား" တဲ့။
ဟင်. . . ဘယ်လိုကြီးလဲ။
နာမည်က "မုန့်စိမ်းပေါင်း"
ဖြစ်နေပြီးတော့ အဖြူရောင် နဲ့ အနီရောင်
လုပ်ရောင်းရသလား။
ဒါနဲ့. . . ကျွန်တော်မဝယ်ဘဲ လှည့်ပြန်ခဲ့တယ်။

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့လည်း. . . လူတွေပြောကြတာရှိသေးတယ်။
"ဗိုက်ဖုံးအကျီ" တဲ့။
ကတ်သီးကတ်သတ်ဗျာ။ သေသေချာချာစဉ်းစားကြည့်ပါဦး။
ဘယ်အကျီကကော ဗိုက်မဖုံးတဲ့ဟာရှိလို့လဲ။

ဒါဆိုရင်. . .
ကျွန်တော်တို့ရဲ့ မသိလိုက် မသိဖါသာ အသားကျနေတဲ့
"အမိပ္ပာယ်အဟောင်း" တွေကို
အသစ်ကပြန်စပြီး သင်ယူဖို့
လိုအပ်နေပြီလို့ မထင်ဘူးလား။ ဘယ်ကစပြီး သင်ယူကြမလဲ။
ကဲ. . .
"လွတ်လပ်ခြင်း" ကပဲ စပြီးသင်ကြရအောင်. . .

ညီဆုး



BURMESE CLASSIC .com



**မေမြတ်သန့်စင်** သို့မဟုတ်
အိပ်မက်ရောင်းသူ

သက်တန့်စက်ဝိုင်းခြမ်းနှစ်ခုကို
အပေါ်တစ်ခု အောက်တစ်ခု
ဆက်လိုက်ရင် ပြီးပြည့်စုံတဲ့ ရောင်စဉ်ခုနှစ်သွယ်
စက်ဝိုင်းတစ်ခုရမှာပဲ. . . လို့
ကျွန်မ စိတ်ကူးယဉ်ဖူးတယ်. . .

ဒါပေမဲ့ . . . ခက်နေတာက သက်တန့်ဆိုတာမျိုးဟာ
ဘယ်တုန်းကမှ နှစ်ခုပြိုင်တူပေါ်ဖူးတယ်လို့ မရှိဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မထင်တာက "အချစ်" ဟာ
သက်တန့်နဲ့တူတယ်. . .

အချစ်ကော. . . သက်တန့်ကောဟာ
အခြားတစ်ဖက်က ဖြည့်စွက်ပေးမယ့်အခြမ်း
မလိုပါဘူး. . .

ကိုယ့်ဘက်က တစ်ခြမ်းတည်းနဲ့လည်း
ပြီးပြည့်စုံပါတယ်. . .

မေမြတ်သန္တာစင်



BURMESE CLASSIC .com



## အခန်း (၁)

ကိုးပါးမြောက်လောကစံဟာ ငါပါပဲ. . .
ဟု ညီဆူးစိတ်ထဲမှာ တွေးလိုက်၏။

●

အဖေက သူ့ကို စစ်ကြေညာခဲ့သည်မှာ တကယ်တော့ အဖေ့အလွန်မဟုတ်ပါ။ အဖေက မြန်မာစာဌာနမှ တွဲဖက်ပါမောက္ခတစ်ယောက်ဖြစ်သူပီပီ ပညာတတ် ဂုဏ်သိက္ခာကို အလွန်တန်ဘိုးထားသည်။

ညီဆူးကတော့ တေတေပေပေ အညံ့စားသားတစ်ယောက်သာလျှင် ဖြစ်သည်။ (တကယ်တော့. . . အညံ့စားဆိုတာဟာလည်း ဝယ်ယူစားသုံးသူရဲ့ လိုချင်မှုနဲ့ကိုက်ညီရင် အကောင်းစားနဲ့အတူတူပါပဲ အဖေရယ်)



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာက ကျောင်းမှာ Viva Voce ဟုခေါ်သည့် နှုတ်မေး နှုတ်ဖြေစာမေးပွဲဖြေရသည်။ တက္ကသိုလ်အသီးသီးမှ မြန်မာစာပါမောက္ခ တွေကိုယ်တိုင်လာစစ်၏။ ညီဆူး၏ဖခင်ကိုယ်တိုင် ပြင်ပစာစစ်သူ (External Examiner) အဖြစ် ပါလာသည်။

ညီဆူးစိတ်ထဲတွင် နည်းနည်းလန့်ချင်သလိုလိုရှိသော်လည်း ခပ်တည်တည်နှင့်ပင် စာမေးပွဲခန်းထဲဝင်လိုက်၏။

ရှေ့တည့်တည့်တွင်ထိုင်နေသော ထိပ်ပြောင်ပြောင်နှင့်ပါမောက္ခ ကြီးတစ်ဦးက စပြီး . . .

"သား. . . မင်း ဆရာဇော်ဂျီရဲ့ကဗျာတွေကို ဖတ်ဖူးလား"

"ဟုတ်ကဲ့. . . ဖတ်ဖူးပါတယ်ခင်ဗျ"

ညီဆူးက အားတက်သရောဖြေလိုက်သည်။ ဆရာဇော်ဂျီရဲ့ ကဗျာတွေထဲက ဘယ်ကဗျာအကြောင်းများ မေးချင်လို့လဲ။ ဗေဒါလမ်း၊ ငါ့ညီပြောင်ဝင်း မောင်သစ်ဆင်း၊ ရွှေဖျားပုဂံပြေမှာဖြင့် . . .

ညီဆူး၏အတွေးမဆုံးမီမှာပင် ပါမောက္ခ၏မေးခွန်းက မမျှော်လင့်သည့်ဘက်မှ လှည့်ပြီးမေးလာ၏။

"အဲဒီ ဆရာဇော်ဂျီရဲ့လူနာမည်. . . အဲ. . . နာမည်အရင်းကို သိရင် ပြောစမ်းကွာ"

"ဟိုက်. . ."

ဆရာဇော်ဂျီရဲ့နာမည်အရင်း. . . တဲ့။ ညီဆူး မျက်လုံးတွေပြာသွားသည်။ သူ. . . မသိ။

ယောင်ယမ်းပြီး အဖေထိုင်နေသည့်ဘက်ကိုလှမ်းကြည့်လိုက်မိမှ ပိုဆိုးတော့သည်။





အဖေ့မျက်နှာက နီရဲပြီးတင်းမာနေ၏။ မြန်မာစာပါမောက္ခ တစ်ယောက်လုံးရဲ့သားဖြစ်ပြီးတော့ ဒါလေးတောင်မှ မသိရကောင်းလား ဟူသည့်ဒေါသက အဖေ့မျက်လုံးတွေထဲမှာ ပေါ်လွင်နေသည်။

ထိုစဉ် . . .

စာစစ်အဖွဲ့ထဲမှ သဘောကောင်းပုံရသော ဆရာတစ်ယောက်က ဆရာဇော်ဂျီ၏နာမည်အရင်း 'ဦးသိန်းဟန်'ကို ညီဆူး သတိရလာအောင် ခေတ်ရုပ်ရှင်လူကြမ်းသရုပ်ဆောင် 'သိန်းဟန်ကြီး' နှင့် ဆက်စပ်ပြီး သဲလွန်စပေးသည်။ ဆရာက . . .

"မင်းကလည်းကွာ သမတလူကြမ်းအဖွဲ့ထဲက ရုပ်ရှင်သရုပ်ဆောင်တစ်ယောက်ရဲ့ နာမည်လေ"

"ဪ. . . သိပြီ. . . ကျွန်တော်သိပြီ"

"အေး. . . သိရင်ပြောစမ်းကွာ၊ ဘယ်သူတုန်းကွ၊ ဆရာဇော်ဂျီ ရဲ့နာမည်အရင်းက . . ."

"ချီးပွား. . . ပါဆရာ"

●

အဖေ့ဘက်က တကယ်မလွန်ပါ။

"လူရှေ့သူရှေ့မှာ ငါ့အရှက်ကိုခွဲတဲ့ကောင်၊ မင်းမျက်နှာကို ငါ မကြည့်ချင်ဘူး"

အဖေ အဲသည်လိုပြောတော့ ညီဆူးက အဖေ့ရှေ့မှဖြတ်သွားတိုင်း ပုဆိုးကြီးခေါင်းမြီးခြုံခြုံသွား၏။

အဖေလည်း ထပ်ပြီးသည်းခံချင်ပုံမရတော့။



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင်. . . မင်း ခုချက်ချင်း ငါ့အိမ်ပေါ်ကဆင်းသွား"

ညီဆူးက ခေါင်းကိုကုတ်လိုက်သည်။

အဖေကလည်း အစကတည်းက အဲဒီလို ရှင်းရှင်းပြောတာ မဟုတ်ဘူး၊ မျက်နှာကိုမမြင်ရအောင် ပုဆိုးကြီးခြုံရတာ ဘယ်လောက် အသက်ရှူကြပ်တယ်မှတ်သလဲ၊ ပြီးတော့. . . ဖင်ပေါ်မှာလည်းစိုးရသေး တယ်။

ထိုအတွေးနှင့်အတူ အဝတ်အစားအိတ်၊ ပိုက်ဆံနှင့် မှတ်ပုံတင် ကိုယူပြီး ညီဆူး အိမ်ပေါ်မှဆင်းခဲ့လေသည်။

အိမ်ကဆင်းလာပြီးတော့ ဘယ်ကိုသွားရမည်နည်း။

သိပ်တော့ ရှည်ရှည်ဝေးဝေး စဉ်းစားနေစရာမလို။ မှတ်ကြီးဟု ခေါ်သော သူငယ်ချင်းတစ်ယောက်က ပေ ၂၀ × ပေ ၆၀ လုံးချင်းအိမ် လေးတစ်အိမ်ကို သူတစ်ယောက်တည်းငှားနေသည်။

ဒီကောင်က နယ်ကလာပြီး ကျောင်းတက်နေသူ။ ဆွေမရှိမျိုး မရှိ တစ်ကောင်ကြွက်၊ သူ့အိမ်ပေါ်သွားတက်နေလိုက်ရုံပင်ဖြစ်သည်။

ညီဆူးက သူ့အတွေးနှင့်သူ ကျေနပ်စွာဖြင့် လက်ဖျောက်တစ် ချက်တီးလိုက်၏။

'အတောင်ပံသာလျှင် သယ်ဆောင်စရာဝန်ရှိသော ငှက်' ကဲ့သို့ ကျင့်ရမည်ဟု မြတ်စွာဘုရားက ဟောသည်မဟုတ်လား။

အခု သူ့လုပ်ပုံသည် ဘုရားဟောဒေသနာနှင့်ကိုက်ညီသည်ဟု သူ့ဖါသာသူ ဆုံးဖြတ်လိုက်၏။

●





သူသိထားသောလိပ်စာအတိုင်း ရောက်သွားသောအခါ 'မှတ် ကြီး' ကို မတွေ့ရ။ အိမ်ရှင်ဖြစ်ဟန်တူသူက . . .

"မောင်မှတ်ကြီး မရှိတော့ဘူးကွဲ့"

"ဗျာ. . . ဩော်. . . မှတ်ကြီး မှတ်ကြီး. . . ဆုံးသွားရှာပြီကိုး၊ ဖြစ်မှဖြစ်ရလေ သူငယ်ချင်းရာ၊ မင်းဟာ မတောက်ပလိုက်ရတဲ့ ကြယ်စင်၊ မငင်လိုက်ရတဲ့လေးကြိုး၊ မပျိုးလိုက်ရတဲ့ဥယျာဉ်၊ မင်းဟာ. . . မတင် ဆက်လိုက်ရတဲ့ ကဗျာတစ်ပုဒ်ပါ သူငယ်ချင်းရာ. . . ကျွတ်. . . ကျွတ်"

"နေ. . . နေပါဦးငါ့တူရယ်၊ မဟုတ်သေးပါဘူးကွာ"

"ဟာ. . . ဘာလို့ မဟုတ်ရမှာလဲဗျ၊ ဟုတ်ကိုဟုတ်တယ်၊ ဒီမှာ ဦးလေး ကျွန်တော့်သူငယ်ချင်းဟာ ခေတ်ကြီးတစ်ခေတ်လုံးကို ရင်ဘတ် ထဲမှာထည့်ပြီး ဒဏ်ရာတွေနဲ့ ခရီးထွက်ခဲ့သူရယ်ပါ. . .

"ကျိုးပဲ့နေတဲ့အလင်းရောင်တွေကို ကောက်သိမ်း၊ ကံကြမ္မာ ယိမ်းကနေတဲ့ လူသားထုတစ်ရပ်လုံးကို ကယ်တင်ဖို့ သူ့ရင်ခွင်ကို စင်မြဲ



www.burmeseclassic.com

www.burmeseclassic.com



ပြင်လုပ်၊ တစ်လက်မမှ နောက်မဆုတ်ခဲ့သူပါ. . . ဦးလေးရယ်၊ သူဟာ. . . သူဟာ. . ."

"အဲ. . . အဲ. . . တော်ပါတော့မောင်ရင်ရယ်၊ ဘေးအိမ်က လူတွေလည်း ငါ့ကို ဝိုင်းကြည့်ကုန်ကြပါပြီ"

အိမ်ရှင်ဖြစ်သူက လက်သီးလက်မောင်းတန်းကာ တရစပ် စွတ်ပြောနေသော ညီဆူးကို အတင်းတားပြီး ကမန်းကတန်းဖြင့်ပင်. . .

"မောင်ရင်တွေ့ချင်တဲ့မှတ်ကြီးက ဒီအိမ်မှာမနေတော့ဘူးကွဲ့၊ ဟိုဖက်ရပ်ကွက်ကိုပြောင်းသွားပြီ"

မာန်ပါပါဖြင့် လက်သီးလက်မောင်းတန်းနေသော ညီဆူးက စန့်စန့်ကြီးရပ်ရင်း အိမ်ရှင်ဖြစ်သူကို မျက်လုံးစွေကြည့်သည်။

နောက်. . . တစ်ခွန်းတည်းပြောချလိုက်၏။

"ပေး. . . သူ့လိပ်စာ"

●

စကားစကတည်းက မှတ်ကြီးတစ်ယောက် အိမ်ပြောင်းသွားပြီ မှန်း ရိပ်မိသည်။ ရစ်ချင်လို့သာ တမင်သက်သက်ကို ရစ်ပြီး လျှောက်ပြောနေခြင်းဖြစ်၏။

အားလုံးသိကြသည့်အတိုင်းပင်. . .။

ညီဆူးသည် လူယဉ်ကျေးတစ်ယောက်မဟုတ်။

■





## အခန်း (၂)

မှတ်ကြီးတစ်ယောက် အိမ်ရှေ့ခန်းရှိ ပက်လက်ကုလားထိုင်တစ်လုံးပေါ်တွင် ငူငူငေါင်ငေါင်ထိုင်နေသည်ကို အခန့်သင့်ပင်တွေ့ရ၏။

ညီဆူးက အခန်းထောင့်သို့ သူ့အဝတ်အစားအိတ်ကို 'ဘုန်းခနဲ' မြည်အောင် ပစ်ချလိုက်ပြီး . . .

"ဒီမှာ. . . မှတ်ကြီး၊ မင်း ဘာမှအားမငယ်နဲ့တော့၊ မင်းကို ကယ်တင်ဖို့ မင်းရဲ့အမှားတွေကို တည့်မတ်ပြင်ဆင်ပေးဖို့ ငါကိုယ်တိုင် ဒီအိမ်ကိုရောက်လာပြီ သူငယ်ချင်း"

သူများအိမ်မှာကပ်နေဖို့ ရောက်လာသည်ကိုပင် အပြောကတော့ အထက်စီးမှမလျှော့။

မှတ်ကြီးက ငေါင်တောင်တောင်ထိုင်နေရာမှ မျက်ခွံကလေး မဝံ့တဝံ့ပင့်လှန်ကြည့်ကာ ပေကလပ်ပေကလပ်ဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို အိမ်ကနှင်ချလိုက်ပြီလို့ ရိုးရိုးတမ်းတမ်းပြောရင်လည်း ရပါတယ်ကွာ"

အကြောင်းသိပြီးသားလူချင်းမို့ ညီဆူးကို မှတ်ကြီးက ကွက်ကျော်မြင်ပြီးသား။ ညီဆူးကတော့ အဟီး. . . ဟု ရှက်ရယ်ရယ်သည်။ ပြီးမှ . . .

"နေစမ်းပါဦး. . . မှတ်ကြီးရေ၊ မင်း အရင်နေတဲ့အိမ်လေးက ကောင်းရဲ့သားနဲ့ ဘာလို့ ဒီကိုပြောင်းလာရတာလဲ"

ညီဆူး၏မေးခွန်းကြောင့် မှတ်ကြီး တစ်ချက်တွေခနဲဖြစ်သွား၏။ ချက်ချင်းပြန်မဖြေနိုင်။ ပြီးတော့မှ . . .

"အဲ. . . ဟိုဒင်းကွာ. . . ဘာခေါ်မလဲ၊ တိုးတက်မှုကိုရှေးရှုတဲ့ ဖြစ်စဉ်တိုင်းမှာ အပြောင်းအလဲဆိုတာရှိတယ် သူငယ်ချင်း၊ ဒါ တော်လှန်သောအဘိဓမ္မာပေါ့ကွာ၊ ရုရှားနိုင်ငံရဲ့ မဟာအောက်တိုဘာတော်လှန်ရေးကြီးမှာတောင်မှ ဒီလိုမျိုးအတွေးအခေါ်ကိုကိုင်စွဲပြီး . . ."

"နေ. . . ပါဦး. . . နေပါဦး. . . ကြီးကြီးကျယ်ကျယ်တွေ သိပ်မပြောပါနဲ့. . . မှတ်ကြီးရာ၊ ဟိုဖက်ရပ်ကွက်ကနေ ဒီဖက်ရပ်ကွက်ပြောင်းလာတာ ဘာတွေများတိုးတက်သွားလို့လဲ"

မှတ်ကြီးက မျက်လုံးလေးပေကလပ်ပေကလပ်ဖြင့် . . .

"ဒီအိမ်မှာက တယ်လီဖုန်းရှိတယ်ကွ"

"ဟင်. . . မင်းမှာ တယ်လီဖုန်းနဲ့ အရေးတကြီးပြောစရာ ဆိုစရာ ဘာအလုပ်အကိုင်မှ မယ်မယ်ရရမရှိတာ၊ ဘာထူးလို့လဲ"

မှတ်ကြီးက ရှက်ကိုးရှက်ကန်းဖြစ်သွားပြီး. . .

"ငါလခွေး၊ ဟုတ်တော့ဟုတ်တာပေါ့ကွာ၊ ဒါပေမဲ့ မင်းက အဲဒီ





လို ဒဲ့ဒိုးကြီးပြောလိုက်တော့ ငါ ရှက်သွားတာပေါ့. . . ဟီး. . . ဟီး"

"ဟော. . . မင်းက ရှက်လည်းရှက်တတ်သေးသကိုး"

ညီဆူးက အံ့ဩဆန်းကျယ်ဖြစ်ရပ်တစ်ခုကို မယုံနိုင်စဖွယ် ဘွားဘွားကြီးတွေ့လိုက်ရသလိုမျိုး ရေရွတ်မိ၏။ မှတ်ကြီးက . . .

"တစ်ခုတော့ရှိတယ်ကွ၊ အရင် ဒီအိမ်မှာနေသွားတဲ့ အိမ်ရှင်က သူ့တယ်လီဖုန်းကို လမ်းသူလမ်းသားတွေ အချိန်မရွေးလာပြောနိုင်တယ်ဆိုပြီး ခွင့်ပေးထားတယ်ကွ၊ တစ်နေ့တစ်နေ့ ဖုန်းဆက်ခပေးပြီး လာဆက်တဲ့သူ သုံးလေးယောက်လောက်တော့ ရှိတတ်တယ်၊ နောက်ပြီး ဒီဖုန်းနံပါတ်ကနေတစ်ဆင့် သူတို့ကို ခေါ်ခိုင်းရင်ရတယ်ဆိုပြီး အပြင်က သူတို့မိတ်ဆွေတွေကိုပါပေးထားတော့ သူတို့ဆီဆက်တဲ့ဖုန်းတွေလာရင် အိမ်အထိလိုက်ခေါ်ပေးရသေးတယ်ကွ"

"အေးလေ. . . လုပ်ပေါ့ကွာ၊ ဖုန်းဆက်ခက မင်းပဲရတာမဟုတ်လား၊ လက်ဖက်ရည်ဖိုးအတွက် မပူရတော့ဘူးပေါ့၊ မှတ်ကြီးရ"

မှတ်ကြီးက ညီဆူး၏စကားကို စက်ဆုပ်ရွံရှာနားခါးဟန်ဖြင့် ဦးခေါင်းကိုဆတ်ခနဲ တစ်ဖက်သို့လှည့်ကာ မျက်နှာရှုံ့မဲ့ပစ်လိုက်ရင်း. .

"ဟော့ကောင်. . . ညီဆူး၊ မင်းက ငါ့ကို ပိုက်ဆံမျက်နှာတစ်ခုတည်း ကြည့်တဲ့ကောင်လို့ ထင်နေသလား၊ ငါ ဒီအလုပ်ကိုလုပ်တာဟာ ပြည်သူလူထုရဲ့ဆက်သွယ်ရေး အဆင်ပြေချောမွေ့အောင် ကူညီနေတာ၊ ကိုယ်ကျိုးစွန့်နေတာကွ။ ငါဟာ နှယ်နှယ်ရရမှတ်ကြီးမဟုတ်တော့ဘူး သူငယ်ချင်း၊ ပြည်သူလူထုအတွက် ရှင်သန်နေတဲ့မှတ်ကြီး၊ ပြည်သူလူထုရဲ့သားကောင်းရတနာ မှတ်ကြီး၊ ပြည်သူလူထုကို ကိုယ်စားပြုနေတဲ့ မှတ်ကြီး၊ ပြည်သူ့မှတ်ကြီးဖြစ်သွားပြီကွ. . . နားလည်လား"



www.burmeseclassic.com

www.burmeseclassic.com



မှတ်ကြီးကား ဒေါနှင့်မာန်နှင့်ဝေါက်လေပြီ။

ညီဆူးခမျာလေးမှာကား နေစရာမရှိပြီ၊ သူ့နှုတ်မှ ခပ်တိုးတိုးသာ ညည်းမိရှာသည်။

ဩော်. . . မှတ်ကြီး. . . မှတ်ကြီး။

●

တကယ်တော့. . . မှတ်ကြီးတစ်ယောက် ဟိုဖက်ရပ်ကွက်မှာ မျက်နှာမပြဝံ့လောက်အောင်ကို မဟာအရှက်တော်ပြန်းပြန်းကွဲရသော အဖြစ်ဆိုးတစ်ခုနှင့်ကြုံပြီး အိမ်ပြောင်းပြေးလာခဲ့ခြင်းသာဖြစ်၏။

ဟိုဖက်ရပ်ကွက်မှာနေတုန်းက သူ့အိမ်နှင့်တစ်လမ်းကျော်တွင် နေထိုင်သော ကောင်မလေးနှစ်ယောက်ကို မှတ်ကြီးက အသည်းအသန် ကြိတ်ပိုးသည်။

အဲသည်ကောင်မလေးနှစ်ယောက်စလုံးက နယ်မှလာသူတွေ ဖြစ်ကြပြီး ဂျာနယ်တိုက်တစ်တိုက်တွင် အလုပ်လုပ်ကြသောကြောင့် ဂျာနယ်တိုက်ပိုင်ရှင်က ဘော်ဒါဆောင်သဘောမျိုး အိမ်တစ်လုံးငှားပေးပြီး သူတို့နှစ်ယောက်ကို နေထိုင်စေခြင်းဖြစ်၏။

မှတ်ကြီးကလည်း ကျောင်းစရိတ်ရအောင် မဂ္ဂဇင်းတိုက်တစ်ခုတွင် တောက်တိုမယ်ရလုပ်နေသူဖြစ်လေရာ ဂျာနယ်နှင့်မဂ္ဂဇင်းလုပ်ငန်းချင်း ဆွေမျိုးတော်သည်ဟု အတင်းဇွတ်ဆွဲစပ်ပြီး ကောင်မလေးနှစ်ယောက်ကို အားရပါးရကူညီသည်။

ကောင်မလေးတွေနာမည်က သီသီနှင့် ကေသွယ်ထွန်းဆိုလား





ဘာလားမသိတော့။ မှတ်ကြီးကတော့ မျက်နှာပြည့်ပြည့် ဆံပင်ရှည်ရှည်နှင့် သီသီဆိုသောကောင်မလေးကို ပိုပြီး စိတ်ဝင်စားသည်ဟု ဆိုသည်။ (အမှန်ကတော့ နှစ်ယောက်ထဲက ဘယ်သူ့ရရပါ)။

ကောင်မလေးတွေကတော့ (မှတ်ကြီးလိုမျိုး ဗိုက်ပူရွှဲရွှဲ နှုတ်ခမ်းမွှေးဗလပျစ်၊ ဗိုက်ကြယ်သီးပြုတ်ရှပ်အင်္ကျီမှာ ဖါးဥတွေစွဲပြီး မဲညစ်နေသော) လူဘုတ်ထိုင်းကြီးတစ်ယောက်က သူတို့ကို 'ချစ်တတ်သောနှလုံးသားဂွတ်ရှယ်ကြီး' တပွတ်တခဲဖြင့် စိတ်ဝင်စားနေလိမ့်မည်ဟု ထင်ကိုမထင်။

ခိုင်းကောင်းစေကောင်းသည့် ငပေတုံးကြီးတစ်ယောက်ရပဟဲ့ ဟုဆိုကာ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရှာသည်။ (တကယ်တမ်း မှတ်ကြီးက သဘောလည်းကောင်းရှာပါသည်) ကောင်မလေးတွေခမျာ ရပ်ကွက်ထဲကို ရောက်လာကာစ လူသစ်တွေလည်းဖြစ်တော့ အကြောင်းကိစ္စတစ်စုံတစ်ရာရှိတိုင်း . . .

"ဦးမှတ်ရေ. . . ဦးမှတ်ရေ. . . "

နှင့် ပါးစပ်ဖျားကမချအောင်ကို မှတ်ကြီးကို ရှိုးရာကိုးကွယ်သည့် နတ်လို တ,ကြသည်။ ဒါကိုပင် ငနဲသားက . . .

"အင်း. . . ဒင်းတို့ခမျာလေးတွေ ငါမရှိရင်တော့ ခက်ရှာချေရော့မယ်"

ဟု ကရုဏာသက်ကာ တောက်တခေါက်ခေါက်၊ မျက်ရည်တဝေ့ဝေ့ဖြစ်လိုက်သေးသည်ဆို၏။

သို့ဖြင့်. . . အနေကြာလာတော့ မှတ်ကြီး၏ရင်ထဲမှ ဝေဒနာက နုရာမှရင့်၊ ရင့်ရာမှအခေါက်ထူပြီး အပွေးပါတက်လာသည်။

တစ်ည . . .



www.burmeseclassic.com

www.burmeseclassic.com



မှတ်ကြီးက သူ့နှလုံးသားမိုးလေဝသအခြေအနေကို ပွင့်ပွင့်လင်းလင်း ကြေညာချက်ထုတ်တော့မည်ဟု ဆုံးဖြတ်ကာ အရက်ဆိုင်ဝင်ပြီး ရဲဆေးတင်၏။

ရဲဆေးကို အတော်ပင်လက်လွန်ခြေလွန်တင်ပစ်လိုက်မိပြီး လူမှန်းသူမှန်းမသိ မူးလေတော့သည်။ (ခါတိုင်းညတွေလည်း လူမှန်းသူမှန်းမသိအောင် မူးနေကျပါပဲ။ အဲသည်ညကတော့ အချစ်၏တန်ခိုးများကြောင့် သောက်နေကျထက် နှစ်ဆခွဲကျော်ကျော်လောက် ဆော်ထည့်လိုက်သည်ဟုဆို၏)

ကောင်မလေးတွေနေသည့်အိမ်ကို တံခါးသွားခေါက်တော့ ညဆယ့်တစ်နာရီခွဲနေပြီ။

"ဒေါက်. . . ဒေါက်. . . ဒေါက်. . . ဒေါက်"

"အေ့. . . တီတီ"

အာလေးလျှာလေးကြီးဖြင့် သီသီ့နာမည်ကိုပင် ပီပီသသမခေါ်နိုင်တော့။ ကောင်မလေးတွေက အိပ်နေရာမှ ကမန်းကတန်းထလာကြပြီး . . .

"ဟင်. . . ဦးမှတ်. . . အချိန်မတော်ကြီး၊ ဘာဖြစ်လာတာလဲ"

"ဦးမှတ်. . . အရက်တွေတအားမူးလာတယ်ထင်တယ်၊ ဘာဖြစ်လို့ ဒီလောက်တောင်သောက်ရတာလဲ ဦးမှတ်ရယ်"

မှတ်ကြီးကတော့ ဘာစကားမှမပြောနိုင်တော့။ တံခါးဖွင့်ပေးလိုက်သည်နှင့်တပြိုင်နက် ရေချိုးခန်းဆီသို့သာ ယိုင်ထိုးယိုင်ထိုးပြေးတော့သည်။

လက်ဆေးကြွေဇလုံမှာ ဦးခေါင်းကိုထိုးချလိုက်ပြီးနောက်. . .





"ဝေါ့. . . အော့အော့. . . အော့. . . ဝေါ. . . ဝေါ"

"ဟယ်. . . ဒုက္ခပဲ၊ ဦးမှတ် အန်နေပြီနဲ့တူတယ်"

"ဘယ်လိုလုပ်ကြမလဲ၊ ငါတို့အိမ်ပေါ်မှာသေသွားရင် ပြဿနာပဲ"

ကောင်မလေးနှစ်ယောက်က ဘာမှမလုပ်တတ်မကိုင်တတ်ဖြင့် ပြာယာခတ်ကုန်ကြသည်။

မှတ်ကြီးကတော့ ဘတ်စ်ကားအိုကြီး ဝမ်းဒလဟောလျှောသလို တပြီးပြီး. . . တဂွီးဂွီး. . . တဝေါဝေါ. . . သံစုံမြည်နေ၏။

တခြားအရက်သမားများ စိတ်ရှိလက်ရှိအန်ပြီးလျှင် အမူးရှိန်ပေါ့ကာ အနည်းငယ်သက်သာသွားတတ်ကြသည်။ မှတ်ကြီးကတော့ အားပါးတရ ဘွင်းဘွင်းကြီးအန်ချလိုက်ပြီးနောက် ရေချိုးခန်းထဲမှ အပြင်သို့ လှမ်းထွက်လိုက်သည်နှင့်တပြိုင်နက် ခွေခနဲလဲကျသွားလေတော့သည်။

"ဟဲ့. . . အောင်မလေး. . . လုပ်ကြပါဦး၊ ဦးမှတ်. . . သေသွားပြီလားမသိဘူး"

"ဦးမှတ်. . . ဦးမှတ်"

"ခေါ. . . ခလူး. . . ခွီး. . . ဖူး. . . "

အချစ်နှင့်အတူပုံ့သန်းလာခဲ့သော မှတ်ကြီးကား ရေချိုးခန်းရှေ့ သံမံတလင်းပေါ်တွင် ကိုယ်စိတ်နှလုံးချမ်းမြေ့စွာ မှေးစက်ပျော်လေပြီ။

●



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးနှစ်ယောက်က ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ ဖြစ်ကြပြီး လမ်းထဲက ဆယ်အိမ်ခေါင်းကို သွားခေါ်ကြသည်။

ဆယ်အိမ်ခေါင်းရောက်လာတော့လည်း မှတ်ကြီးကို ဘယ်လိုမှ နှိုး၍မရ။ အိပ်နေလိုက်သည်မှာလည်း ပိုးလိုးပက်လက်၊ ပုဆိုးတွေဘာတွေ ပင် ပြေလို့။ သွားရည်တွေကလည်း စီးကျလို့။

ပွေ့ချီထမ်းခေါ်ပြီး နေရာရွှေ့ဘို့ဆိုသည်ကလည်း ဗိုက်ရွဲရွဲ မှတ်ကြီး၏ စဥ့်အိုးအငယ်စားခန့်ရှိသော ခန္ဓာကိုယ်ကို ဆယ်အိမ်ခေါင်းက မ,မနိုင်။ နောက်ဆုံးတွင်ကား အိပ်လို့ကောင်းနေတုန်း အတင်းလာနှိုးသဖြင့် ထလိုက်လာခဲ့ရသော ဆယ်အိမ်ခေါင်းက စိတ်မရှည်တော့ဘဲ . . .

"ကဲ . . . ဒီကောင်ကြီးကို ဟောဒီမှာပဲ ပစ်သာထားလိုက်ကြပါ ငါ့တူမတို့ရယ်၊ ဒီ . . . မှတ်ကြီးဆိုတဲ့ကောင်က ရှုးတူးတူးပေါတောတော လုပ်တတ်တာကလွဲလို့ ညည်းတို့ကို အန္တရာယ်ဖြစ်လောက်အောင်တော့ ဒုက္ခမပေးပါဘူး . . .။

"ညည်းတို့အိပ်ခန်းကလည်း သော့နဲ့ဘာနဲ့ လုံလုံခြုံခြုံပဲဥစ္စာ။ အခန်းကို အတွင်းကနေသော့ချပြီးအိပ်ကြ။ မနက် အိပ်ယာကနိုး ရင် ဒီကောင်ကြီး သူ့ဖါသာသူ ထပြန်သွားလိမ့်မယ်"

သည်လိုနှင့် မှတ်ကြီးတစ်ယောက် ရေချိုးခန်းရှေ့သံမံတလင်း ပြင်တွင် အမေ့ရင်ခွင်မှာလို အပူပင်အကြောင့်ကြကင်းမဲ့စွာဖြင့် 'တခူးခူး . . . တခေါ်ခေါ်' အသံဆိုးကြီးများ ဟောက်ရင်း ကုလားသေကုလားမော အိပ်ခွင့်ရတော့သည်။

•





အဖြစ်ကဆိုးချင်တော့ . . .

ရေချိုးခန်းအထွက်ကြမ်းပြင်ပေါ်မှာ ခြေသုတ်ဖို့ ထမီအဟောင်း လေးတစ်ထည်ခေါက်ပြီး ချထားသည်။ ကိုယ်တော်မြတ်မှတ်ကြီးက မှူးမှူး ဖြင့် အိပ်ရင်း ထိုထမီဟောင်းအခေါက်ပုံကို ဦးခေါင်းတင်ကာ အုံးစက် တော်မူ၏။

ကြာလာတော့ အိပ်ပျော်နေရာက လူးရင်းလှိမ့်ရင်းနှင့် ထိုထမီ က မှတ်ကြီး၏လည်ပင်းမှာ စွပ်နေလေတော့သည်။

(ထားတော့ . . . ဒီအထိလည်း ပြဿနာမရှိသေးဟု ပြောလို့ ရသည်)

တကယ်ပြဿနာက မနက်မိုးလင်းမှပေါ်ခြင်းဖြစ်၏။

•

မနက်အိပ်ယာကနိုးတော့ မှတ်ကြီးက သူ့လည်ပင်းမှာ ထမီ ကွင်းသိုင်းလျက်သားဖြစ်နေသည်ကို တွေ့လိုက်ရ၏။

ဟင် . . . ဘာတွေဖြစ်ကုန်ပြီလဲ . . .။

သူ့ကိုယ်သူ ပြန်ကြည့်လိုက်တော့ (အအိပ်ကြမ်းသောကြောင့်) ပုဆိုးက ဟိုလို့ဟောင်းလောင်း။

"ဒါ . . . ဒါဆို . . ."

မနေ့ညက ဒီအိမ်ကိုရောက်လာပြီး သီသီ့ကိုအတင်းနှိုးကာ တံခါးဖွင့်ခိုင်းခဲ့သည်ကို သူ မှတ်မိသည်။ အဲဒီနောက်ပိုင်း သူ ဘာမှ မမှတ်မိတော့။



www.burmeseclassic.com

www.burmeseclassic.com



အခု. . . နိုးလာတော့ သီသီ့ထမီက သူ့လည်ပင်းမှာ။

သူကိုယ်တိုင်ကလည်း အဝတ်အစားတွေဖရိုဖရဲ. . .။

မှတ်ကြီးရင်ထဲတွင် ထိတ်ခနဲဖြစ်သွားပြီး အလန့်တကြား အတွေးတစ်ခုက ဖြုန်းဆို ဦးနှောက်ထဲရောက်လာသည်။

ငါ. . . ငါဟာ လူမဆန်အောင်ယုတ်မာမိပြီ။

ဖြူစင်တဲ့အပျိုစင်ပန်းပွင့်လေးတစ်ပွင့်ကို ညစ်နွမ်းအောင် နင်းချေခဲ့တဲ့တရားခံဟာ ငါပါလား။

ငါ. . . မှားပြီ။ ငါ. . . မှားပြီ။

သူ့အတွေးနှင့်သူ ချောက်ချားပြီး မှတ်ကြီးတစ်ယောက် ခေါက်တည်ရာမရ ကြေကွဲနေသည်။ ထိုစဉ် . . .

"ကျွိ"

ခနဲ မြည်သံကြားလိုက်ရပြီး အိပ်ခန်းတံခါးပွင့်လာ၏။ ပြီးတော့ ဖြူဝင်းနုနယ်သည့် ခြေထောက်လေးတစ်ဖက်. . .။

သူ မော့ကြည့်လိုက်တော့. . . သီသီ။

မှတ်ကြီး၏နှုတ်မှ စကားသံတစ်စွန်းတစ်စ အက်အက်ကွဲကွဲ ထွက်ကျလာ၏။

"သီသီ. . . ငါ့ကို. . . ငါ့ကို. . ."

ငါ့ကိုခွင့်လွှတ်ပါ. . . ဟု သူ့နှုတ်မှ ပြောမထွက်။ မိန်းကလေးတစ်ယောက်ကို အပျိုရည်ပျက်အောင်စော်ကားမိပြီဖြစ်သော သူ့ကိုယ်သူပင် ခွင့်မလွှတ်ချင်။

ဖြုန်းဆို . . .

မှတ်ကြီးက ဝုန်းခနဲထပြီး အနီးဆုံးတိုင်ကို သူ့ခေါင်းဖြင့် ပြေးတိုက်လိုက်သည်။





"ဒုန်း. . ."

"အီး. . . ဟီး. . . ဟီး. . . သီသီရာ. . . ငါ့ကို နင်ပေးချင်တဲ့အပြစ်ပေးပါ၊ ငါမှားသွားတယ်၊ ငါဟာ. . . ခွေး. . . ခွေးဇာတ်ခင်းတဲ့ကောင်ပါ. . . အီး. . . ဟီး. . . ရှုတ်. . ."

ပြောလည်းပြော၊ ငိုလည်းငိုရင်း တိုင်ကို ဦးခေါင်းဖြင့် တဒိုန်းဒိုန်းဆောင့်ကာဆောင့်ကာတိုက်၏။

သီသီကတော့ မှတ်ကြီး ဘာအဓိပ္ပါယ်ဖြင့်ပြောနေသည်ကို သဘောမပေါက်သောကြောင့် ကြောင်ငေးကြည့်နေ၏။

မှတ်ကြီးက တရှုံ့ရှုံ့ငိုရင်း. . .

"ငါ့ကြောင့်. . . အဟင့်. . . ရှုတ်. . . နင် မနစ်နာစေရဘူး သီသီ၊ ရှုတ်. . . အဟင့်. . . ငါ့အမှားကို ငါတာဝန်ယူမယ်၊ ရှုတ်. . . ရှုလူး. . . ငါ နင့်ကို လက်ထပ်မယ် သီသီ"

"ရှင်. . . ဘုရား. . . ဘုရား. . . မြတ်စွာဘုရားကယ်တော်မူပါ"

ကောင်မလေး မျက်လုံးပြူးသွားပြီး. . .

"ဦးမှတ်. . . ရှင် ဘာတွေပြောနေတာလဲ၊ ရူးများရူးသွားပြီလားမသိဘူး၊ ဟင်. . . လည်ပင်းမှာလည်း ခြေသုတ်တဲ့ထမီစုတ်ကြီး ကွင်းသိုင်းလို့ပါလား၊ ဟုတ်ပါတယ်၊ ရူးနေပါပြီ"

"ဘာ. . . ဒါ ခြေသုတ်တဲ့ထမီစုတ်. . . ဟုတ်လား၊ ဟင်. . . ဒါဆို သီသီ့ထမီမဟုတ်. . . မဟုတ်ဘူးပေါ့"

"ကြံကြီးစည်ရာရှင်. . . ဘယ်ကဟုတ်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ငါဟာ. . . သောက်ပေါ။ ငါဟာ. . . သောက်ပေါပါလားဟူသည့် အတွေးကို ဖြန်းခနဲ တရားထူးရသလို ကွက်ကွက်ကွင်းကွင်းမြင်သွားပြီး တစ်ခဏတွင် . . . မှတ်ကြီးတစ်ယောက် နောက်ကြောင်းကိုပြန်လှည့် မကြည့်တော့ဘဲ ထိုအိမ်ပေါ်မှ လွှားခနဲဆင်းကာ သုတ်ခြေတင်လေတော့သည်။

●

မှတ်ကြီးက ထူပြီးထိုင်းပြီးရှုပ်သည်။ ညီဆူးက ပြဿနာမွှေပြီး ရှုပ်သည်။ အခုတော့ အရှုပ်ထုပ်နှစ်ထုပ်သည် လူစုံစရိုက်စုံ စုဖွဲ့နေထိုင်ကြသော ရပ်ကွက်ကလေးတစ်ခုထဲသို့ ရောက်လာခဲ့ကြပြီ။

လူသည် . . .

သူ့ပတ်ဝန်းကျင် ၁၈လက်မအတွင်းရှိ 'လေ'ကိုသာရှူရှိုက်ကြောင်း သင်တို့ ကြားဖူးပါသလား။

■





## အခန်း (၃)

“တီတီတီ. . . တီတီတီ. . . တီတီ”

“ဟဲလို အမိန့်ရှိပါခင်ဗျာ”

ဖုန်းသံမြည်လာသောကြောင့် မှတ်ကြီးက ဖုန်းကိုကောက်ကိုင်ပြီး ပြန်ထူးလိုက်၏။ ဟိုဖက်ကပြောသည်ကို နားထောင်ပြီး . . .

“ဟုတ်ကဲ့. . . သွားခေါ်ပေးပါ့မယ်၊ ခဏကိုင်ထားပါဦးနော်”

မှတ်ကြီးက ဖုန်းကို ဘေးမှာချထားလိုက်ပြီး ညီဆူးဘက်သို့ လှည့်၍ . . .

“မစန္ဒာနဲ့ စကားပြောချင်လို့တဲ့ကွ”

“ဘယ်ကမစန္ဒာလဲ. . . မှတ်ကြီးရ”

“ဟို. . . ရေသန့်ဘူးပို့တဲ့အိမ်ကလေကွာ၊ ကလေးတွေ ဒါဇင်ဝက်လောက်မွေးထားတဲ့ ဝဝတုတ်တုတ်မျက်နှာပြဲပြဲမိန်းမပေါ့၊ ဖုန်းလာနေတယ်လို့ သွားခေါ်ပေးစမ်းပါကွာ”



www.burmeseclassic.com

www.burmeseclassic.com



ညီဆူးက ခေါင်းကို မုန့်နှစ်မွှေသည့်ဒလက်လို ချာလပတ်လည် အောင်ယမ်းခါရင်း . . .

"ဟာ. . . ရေသန့်ဘူးပို့တဲ့အိမ်ကို ငါမှမသိတာ၊ မင်းဖါသာ မင်းပဲ သွားခေါ်စမ်းပါ မှတ်ကြီးရာ"

"ဒီနားလေးတင်ပါကွာ၊ အိမ်ရှေ့မှာ ရေသန့်ဘူးကြော်ငြာဆိုင်းဘုတ်ကြီး ချိတ်ထားတယ်၊ မသိစရာမရှိပါဘူး၊ သွားပါကွာ၊ မင်းက လိမ္မာပါတယ်"

မှတ်ကြီးက ပေကတ်ပြီး အပျင်းထူနေသဖြင့် ညီဆူးတစ်ယောက် စိတ်မပါလက်မပါဖြင့် ထွက်ခဲ့ရသည်။ ရေသန့်ဘူးကြော်ငြာနှင့် အိမ်ကို အခန့်သင့်ပင်တွေ့ရ၏။

ထိုအိမ်ရှေ့တွင် ခပ်ဝဝဖိုင့်ဖိုင့်မိန်းမတစ်ယောက် ရပ်နေသည်။ ညီဆူးက ထိုအမျိုးသမီးကို . . .

"ကလေးတွေအများကြီးမွေးထားတဲ့ မစန္ဒာဆိုတာ ခင်ဗျားလား"

ထိုမိန်းမက မျက်နှာကြီးနီရဲသွားကာ. . .

"အောင်မာ. . လူပါးဝလို့၊ ငါ့ဗိုက်နဲ့ငါမွေးတာ ဘယ်နှစ်ယောက်မွေးမွေးပေါ့၊ နင့်အပူ တစ်ပြားသားမှမပါဘူး. . . ဟဲ့. . . အကောင်ရဲ့"

ပြုန်းစားကြီး စိတ်တွေဘာတွေဆိုးသွားပြီး ကက်ကက်လန်အောင် ရန်ထောင်လေတော့သည်။

ညီဆူး စိတ်ရှုပ်သွားပြီး ဆံပင်တွေကိုထိုးဖွမိသည်။

ဘာဖြစ်လို့ပါလိမ့်။ ကေန္တ ဒီမိန်းမက သူ ကလေးတွေအများကြီးမွေးထားတာကို လူသိမှာစိုးလို့ ရှက်တာလား၊ မဖြစ်နိုင်ပါဘူး၊ ဒီကိစ္စ





မျိုးက တိုးတိုးတိတ်တိတ် သူတစ်ယောက်တည်း ကျိတ်ပြီးဝှက်ထားလို့ ရတာမှမဟုတ်တာ။

ညီဆူးက . . .

"စိတ်မရှိပါနဲ့ဗျာ၊ ကျွန်တော်က သေချာအောင်လို့မေးရတာပါ။ ဟိုမှာ မစန္ဒာအတွက်ဆိုပြီး ဖုန်းလာနေလို့"

"ဟင်း. . ."

ထိုမိန်းမက ခပ်သုတ်သုတ်လှည့်ထွက်တော့မည့်ဆဲဆဲ ညီဆူးက လှမ်းတားလိုက်ပြီး. . .

"ဒီမှာဗျ. . . တဆိတ်လောက်. . . ဟိုဒင်း ကလေးအများကြီးမွေးတဲ့ကိစ္စက သိပ်များရှက်စရာကောင်းလို့လားဟင်၊ ကျွန်တော်မသိလို့ မေးတာနော်"

"ဘာ. . . နင်. . . နင်က. . ."

"ရှက်စရာကောင်းတယ်ဆိုရင်လည်း အစောကြီးကတည်းက ချင့်ချင့်ချိန်ချိန်လုပ်ခဲ့ဖို့ ကောင်းတာပေါ့ဗျာ. . . နော၊ အဲဒါလေးစဉ်းစားမိလို့ပါ. . . ဟဲ. . . ဟဲ. . . တာ့တာနော်"

●

တစ်ခါတစ်ခါ လူတွေဟာ ဘာမှရေးကြီးခွင်ကျယ်မဟုတ်တဲ့ ကိစ္စလေးတွေကို ဘာဖြစ်လို့များ အရမ်းကြီးရှက်ပြချင်ရတာလဲမသိဘူး ဟု ညီဆူးတွေးမိသည်။

●



www.burmeseclassic.com

www.burmeseclassic.com



မစန္ဒာဖုန်းဆက်ပြီး ပြန်သွားသည့်အခါတွင် မှတ်ကြီးက. . .

"ဒုက္ခပါပဲညီဆူးရာ၊ မင်းလုပ်ပုံက မစန္ဒာနဲ့ငါတော့ မိတ်ပျက်ရဦးမယ်ထင်တယ်"

ညည်းညည်းညူညူပြောနေသော မှတ်ကြီးကို ညီဆူးက ပုခုံးတွန့်ပြလိုက်သည်။ ထိုအချိန်မှာပင် အိမ်တံခါးရှေ့ဆီက ခေါ်သံကြားရ၏။

"မောင်မှတ်ကြီးရေ. . . ဟေ့. . . မောင်မှတ်ကြီး"

"ဟော. . . အဲဒါ ရပ်ကွက်လူကြီးဦးစိန်တင်ကွ၊ အတော်ပဲ၊ မင်းနဲ့ တစ်ခါတည်းမိတ်ဆက်ပေးထားရဦးမယ်"

မှတ်ကြီးက ပြောပြောဆိုဆိုနှင့် အိမ်ရှေ့ထွက်သွားပြီး. . .

"လာ. . . လာ. . . ဦးလေး၊ အိမ်ပေါ်ကိုကြွ၊ ဟောဒါ ကျွန်တော့်သူငယ်ချင်းညီဆူးတဲ့၊ ကျွန်တော်နဲ့အတူတူနေဖို့ ရောက်နေတာ နှစ်ရက်ရှိပြီ၊ ဧည့်စာရင်းလာတိုင်တုန်းက ဦးလေးနဲ့မတွေ့ပေးလိုက်ရလို့ အခုမှ မိတ်ဆက်ရတာ"

"ဪ. . . ဟုတ်လား. . . အေး. . . အေး. . . အကူအညီလိုတာရှိလည်း ပြောပေါ့ကွာ၊ ဒါနဲ့ မောင်မှတ်ကြီးရေ. . . ပြောရဦးမယ်၊ ဦးလေးတို့လမ်းထိပ်က မီးကင်းတဲကလေးကိုလေ ပြန်ပြီးပြုပြင်ဖို့ကွဲ၊ အဲဒါ အလှူငွေလေးထည့်စမ်းပါဦး"

"ဗျာ. . ."

အလှူငွေဆိုသောစကားကို ကြားလိုက်ရသဖြင့် မှတ်ကြီးက ယောင်ယမ်းပြီး သူ့အိတ်ကပ်သူ ပြန်စမ်းမိ၏။ ပြီးမှ တုန်တုန်ယင်ယင်ဖြင့် . . .





"အလှူငွေက ဘယ်. . . ဘယ်လောက်လဲ ဦးလေး"

"ဘယ်ရွေ့ဘယ်မျှ မသတ်မှတ်ထားပါဘူးကွာ၊ လှူတာပဲဥစ္စာ၊ မောင်ရင်တို့ တတ်နိုင်သလောက်ပေါ့"

ထိုစကားကြောင့် မှတ်ကြီးက ရင်ထဲမှအပူလုံးကြီး လျော့ဆင်းကျသလို ဖြစ်သွားပြီး . . .

"ဟုတ်လား. . . ဒါဆို ကျွန်တော် နှစ်ရာလှူမယ်ခင်ဗျာ၊ နှစ်ရာတောင်. . . နော်"

"နှစ်ရာဟုတ်လား. . . ဟား. . . ဟား. . . ဟား. . . တကယ်ရယ်ရတယ်ကွာ၊ မောင်မှတ်ကြီးတို့ကတော့ဟေ့ တယ်နောက်တတ်ပြောင်တတ်တာကိုးကွ၊ အဲဒါမျိုးတွေကြောင့် ဦးလေးက မင်းကိုခင်နေရတာ၊ ကဲ. . . ကဲ. . . လုပ်စမ်းပါဦး၊ ဘယ်လောက်လှူမှာလဲဆိုတာ၊ ဒီမှာ စာရင်းလေးတစ်ခါတည်း မှတ်လိုက်ချင်လို့"

မှတ်ကြီးနှင့်ညီဆူးတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိကြသည်။

သတ်မှတ်ချက်မရှိပါဘူးဟုလည်း ဆိုသေး။

တတ်နိုင်သလောက်လှူပါ. . . ဟုလည်း စကားခံထားသေးလျက်နှင့်။ ဟော. . . တကယ်'နှစ်ရာ'လှူမည်လည်းဆိုကော 'တယ်နောက်တတ်တာကိုး' တဲ့. . .။

ညီဆူးက ခေါင်းမှဆံပင်များကို ကုတ်ရင်းဖွရင်း. . .

"ကဲ. . . ဒါဆိုလည်း ငါးရာလို့သာစာရင်းမှတ်လိုက်ပါ ဦးလေးရယ်"

"ဟား. . . ဟား. . . ဟား. . . ငါးရာ. . . ဟုတ်လား. . .



www.burmeseclassic.com

www.burmeseclassic.com



ဟား. . . ဟား. . . ဟား. . . "

ဦးစိန်တင်ကား ဖင်ကိုဆောင့်၍ဆောင့်၍ ခွက်ထိုးခွက်လန် ရယ်လေတော့ပြီ။ သူရယ်ပြီဆိုလျှင် မှတ်ကြီးနှင့်ညီဆူးတို့ကျောထဲတွင် စိမ့်ပြီးကြောက်လာ၏။

ထင်သည့်အတိုင်းပင် ဦးစိန်တင်က . . .

"မောင်မှတ်ကြီးသူငယ်ချင်းကလည်း မောင်မှတ်ကြီးအတိုင်းပဲ၊ ပျော်တတ်ရွှင်တတ်တာကိုး၊ ဦးလေးငယ်ငယ်တုန်းကလည်း မင်းတို့လိုပဲကွ၊ သိပ်နောက်တတ်တာ၊ ဟား. . . ဟား. . . တကယ်ရယ်ရတယ်ကွာ၊ ကဲ. . . ကဲ. . . ပြောပါဦး၊ အလှူငွေကဘယ်လောက်လဲ၊ နှစ်ထောင်လား၊ သုံးထောင်လား၊ လုပ်စမ်းပါကွာ၊ ဦးလေးလည်း တခြားအိမ်တွေဆီသွားရဦးမှာ"

နောက်ဆုံးတော့ ညနေစာချန်ထားသည့် ဈေးဖိုးငွေနှစ်ထောင်သည် မီးကင်းတဲကလေးဖြစ်သွားလေ၏။

မီးကင်းတဲကိုဖြင့် ချက်ပြုတ်မစားဝံ့ခဲ့ပါပြီလေ။

●

အလှူငွေနှင့်ပတ်သက်လာလျှင် ဦးစိန်တင်ကို သူတို့ အရှုံးပေးရသော်လည်း ညီဆူး အသေအလဲနိုင်စားရသူတစ်ယောက်တော့ ရှိသေးသည်။

အဲဒါကတော့ သူတို့နှစ်ယောက် ညနေခင်း လက်ဖက်ရည်ဆိုင်ထိုင်တိုင်း လာလာတောင်းတတ်သည့် အဒေါ်ကြီးတစ်ယောက်ဖြစ်၏။





ညီဆူးရောက်စနေ့က လက်ဖက်ရည်ဆိုင်ထိုင်နေတုန်း ထိုအဒေါ်ကြီးက လာတောင်းသည်။

"ကားခလေးပေးပါ ငါ့တူရယ်၊ အဒေါ်က လှိုင်သာယာအထိ ပြန်ရမှာမို့လို့"

ညီဆူးက လက်ကာပြပြီးငြင်းလိုက်၏။ ဒါက ပထမအကြိမ်။

နောက်တစ်နေ့ညနေကျတော့လည်း အဲဒီအဒေါ်ကြီး ရောက်လာပြန်သည်။

"ဆေးဖိုးဝါးခလေးသနားကြပါကွယ်၊ အဒေါ့်ယောကျ်ား နေမကောင်းဖြစ်နေလို့ပါ"

ညီဆူးက သောက်လက်စလက်ဖက်ရည်ပင် သီးတော့မလို ဖြစ်သွား၏။ ပြီးမှ . . .

"ကန်တော့ပါသေးရဲ့ အဒေါ်ကြီး၊ မရှိသေးလို့ပါ"

အဲဒီတစ်ကြိမ်နှင့်လည်း မပြီး၊ တတိယရက်မှာလည်း ထပ်ပြီးကြုံရ၏။

အဲသည်နေ့က ညီဆူးက လက်ဖက်ရည်သောက်ရင်း စီးကရက်ထပ်မှာသင့် မမှာသင့်ဆိုသည်ကို အိတ်ကပ်ပြန်စမ်းရင်း စဉ်းစားနေခိုက်. . .

"အကြွေလေးများရှိရင် နှစ်ရာလောက်သနားကြပါကွယ်၊ အဒေါ့် မြေးမလေးကျောင်းအပ်ဖို့ ပညာဒါနပါကွယ်"

အသံကြားရ၍လှည့်ကြည့်လိုက်တော့ အဲဒီအဒေါ်ကြီးပင် ဖြစ်၏။

ညီဆူးက စိတ်ရှုပ်ရှုပ်ဖြင့် . . .

"နေစမ်းပါဗျာ၊ ဒီမှာတောင် မလောက်လို့ စိတ်ညစ်နေရတဲ့



www.burmeseclassic.com

www.burmeseclassic.com



အထဲ"

နေ့တိုင်း အကြောင်းပြချက်တစ်မျိုးမဟုတ်တစ်မျိုးနှင့် လာလာတောင်းနေတော့ စိတ်တိုလာ၏။ သည်လိုနှင့် နောက်တစ်ရက် လက်ဖက်ရည်ဆိုင်ထွက်တော့ ညီဆူး သေသေချာချာပြင်ဆင်ပြီးမှ လာခဲ့သည်။

ထင်ထားသည့်အတိုင်းပင် အဲဒီအဒေါ်ကြီး ရောက်လာပြန်ပြီး

"အဒေါ့်အတွက် ထမင်းဖိုး ဟင်းဖိုးလေးများပါရင်. . . "

"ဒီမှာ. . . အဒေါ်ကြီး. . . "

ညီဆူးက အင်္ကျီအိတ်ကပ်ထဲတွင် အသင့်ထည့်ယူလာသော သူ့ဓါတ်ပုံကို ထုတ်ပေးလိုက်သည်။ ပြီးတော့ . . .

"ဟောဒါ ကျွန်တော့်ဓါတ်ပုံပဲ၊ အိမ်ကိုယူသွားပြီး ဒီရုပ်ကို မှတ်မိအောင် သေသေချာချာကြည့်ထား၊ ဟောဒီဓါတ်ပုံထဲက လူကို ဘယ်နေရာမှာတွေ့တွေ့ ပိုက်ဆံမတောင်းနဲ့. . . သိလား၊ ဘယ်တော့မှ မပေးဘူး"

●

မှတ်ကြီးအိမ်မှာ တယ်လီဖုန်းရှိသဖြင့် လမ်းထဲမှ လူစုံလာတတ်သည်။ လာသမျှလူတွေအားလုံး၏စရိုက်ကိုလည်း မြင်ရကြား၏။

များသောအားဖြင့်တော့ လူတွေ၏ထုံးစံအတိုင်း အူကြောင်ကြောင်တွေပင်။

ညီဆူးကလည်း ပါးစပ်အငြိမ်မနေ။

လမ်းထဲမှလူတွေ၏ အူကြောင်ကြောင်အကွက်တွေကို ကြည့်ပြီး





မသိမသာကော၊ သိသိသာသာပါ ဟာသလုပ်ကာ လျှောင်သည်။ ဟားသည်။

လမ်းထဲရှိ 'ပွင့်သစ်'အပ်ချုပ်ဆိုင်ပိုင်ရှင် ဒေါ်လုံးတင်ဆိုလျှင် စက်ရုံမှာ အလုပ်သွားလုပ်နေသည့် သူ့သားဆီမှ ဖုန်းလာတိုင်း မှတ်ကြီးအိမ်မှဖုန်းဖြင့် ပြောသည်။

ကြာတော့ ဒေါ်လုံးတင်ပြောသမျှစကားတွေအားလုံးကို ညီဆူးအလွတ်လောက်နီးနီးပင် ရစပြုလာ၏။

"သားရေ. . . ဒီလ မေမေ့ဆီ ပိုက်ဆံမပို့ရသေးဘူးနော်၊ ဪ ပိုက်ဆံကအရေးမကြီးပါဘူးသားရယ်၊ ငါ့သား ဘာများဖြစ်နေသလဲလို့၊ ဒါနဲ့ ပိုက်ဆံတော့ ပို့ဖြစ်အောင်ပို့လိုက်နော်. . . သား၊ စိတ်ပူရတယ်သားရေ၊ မေမေထင်တာက ဟိုကောင်မလေး (ဟိုကောင်မလေးဆိုသည်မှာ သူ့သား၏ရည်းစားဖြစ်သူကို ဆိုလိုခြင်းဖြစ်သည်) ဟိုကောင်မလေးက ငါ့သားဆီကပိုက်ဆံတွေကို တစ်ဖက်လှည့်နဲ့များ ချူစားနေသလားလို့၊ ဒင်းဆီကို ပိုက်ဆံမပို့နဲ့နော်. . . သား။

"သား. . . စက်ရုံရောက်သွားကတည်းက ဒင်းက ဒီမှာ ယောကျ်ားလေးတွေ တစ်ယောက်ပြီးတစ်ယောက်တွဲပြီး ရှုပ်နေတာ (အမှန်တော့ အဲသည်လိုကြီးလည်းမဟုတ်ပါ) အဲဒါ ဒင်းက သားနဲ့ မင်္ဂလာဆောင်ဖို့ ပိုက်ဆံစုရမယ်. . . ဘာညာပြောပြီးတောင်းရင် ပိုက်ဆံမပို့ပေးလိုက်နဲ့နော်၊ မေမေ့ဆီကိုပဲပို့. . . ကြားလား၊ ငါ့သား ပင်ပင်ပန်းပန်းနဲ့ ရှာထားရတဲ့ပိုက်ဆံကို ဒီကောင်မက အပိုင်စီးချင်လို့ဘယ်ရမလဲ၊ အေး. . . အေး. . . သား ကျန်းမာရေးကိုဂရုစိုက်ဦး၊ မေမေ့ဆီကို ပိုက်ဆံတော့ မှန်မှန်ပို့နော်. . . ဒါပဲ. . . ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အချိန်ပြောပြော ဒေါ်လုံးတင်ပြောသမျှစကားတွေအား လုံးကို အနှစ်ချုပ်လိုက်လျှင် ဒါပဲရသည်။ စက်ာပူက သူ့သားတော့ ဘယ်လိုနေမည်မသိ။ ညီဆူးကတော့ အတော်ကို အာရုံနောက်လာသည်။

ဒီအဖွားကြီး တစ်နေ့တစ်နေ့ ဒီအကြောင်းပဲတွေးနေသလားမသိ ဘူး၊ ဒါကြောင့် သူ့ဆိုင်မှာအပ်တဲ့အဝတ်အစားတွေဆိုရင် တစ်ပတ်နဲ့ လည်းမပြီး၊ နှစ်ပတ်နဲ့လည်းမပြီးဖြစ်နေတာ. . . ဟု ညီဆူး တွေးလိုက်၏။

တကယ်လည်း ဒေါ်လုံးတင်၏အပ်ချုပ်ဆိုင်သည် တော်တော် ကြာသည်။ ရိုးရိုးအင်္ကျီတစ်ထည်ကို ဒေါ်လုံးတင်စက်အပ်လျှင် တစ်လ ကျော်ကျော်ကြာမှ ရ၏။

ညီဆူးက စိတ်ထဲမှနေပြီး "စကြာ. . . အပ်ချုပ်ဆိုင် (စက်ကြာ အပ်ချုပ်ဆိုင်)" ဟု အမည်ပေးလိုက်၏။

●

၆ လမ်းထဲမှာ ညီဆူး အမြင်ကတ်သူနောက်တစ်ယောက်ရှိသေး သည်။ ထိုသူကား တိုင်းရင်းဆေးဆရာကြီး မင်္ဂလာဆရာပု။

ဆရာပုကား အလွန်စကားများသည်။ နေရာတကာ သူသိသူ တတ်ချည်း ဆရာလုပ်ချင်၏။ ဖုန်းလာဆက်ပြီးလျှင် မပြန်ဘဲ တွေ့ရာလူ နှင့်ထိုင်ကာ လေပန်းတော့သည်။ သူများနားထောင်ချင်မှန်းမသိ၊ နား မထောင်ချင်မှန်းမသိ။

မှတ်ကြီးကတော့ အားနာတတ်သူဖြစ်သောကြောင့် မင်္ဂလာ ဆရာပု၏လေကြောမှာ မျောရပေါင်းများလှပြီ။ အပေါ့သွားချင်သည်ကို





ပင် မသွားရဲဘဲ နှစ်နာရီ သုံးနာရီခန့် အညောင်းမိအောင် နားထောင် ရ၏။

စကားတစ်ခွန်းနှင့်တစ်ခွန်းကြား စက္ကန့်ပိုင်းမျှပြတ်အသွားတွင် မှတ်ကြီးက ကမန်းကတန်း . . .

"ဆရာကြီးခင်ဗျာ. . . ကျွန်တော် အရမ်းကိုအပေါ့သွားချင်နေ လို့ပါ. . . ခွင့်ပြုပါနော်"

"အိမ်း. . . ဒီကိစ္စမျိုးက အောင့်မထားကောင်းဘူးကွဲ့၊ ကျန်း မာရေးမှာ ဆီးဟာ အရေးကြီးတယ်၊ ဘယ်လောက်တောင်အရေးကြီး သလဲဆိုရင် ဥတုဘောဇနသင်္ဂဟကျမ်းမှာဆိုထားက အပဟမ်း. . . ဒီလို ကွဲ့. . . နားထောင်"

ဟု အစချီ၍ နောက်ထပ်နာရီဝက်ခန့် ဆက်ပြောနေလေရာ မှတ်ကြီးမှာ အနေရခက်သထက်ခက်လာပြီး အောင့်ထားရလွန်းသဖြင့် တစ်ကိုယ်လုံး ဖိုးဖိုးဖတ်ဖတ်ဖြစ်ကာ အသံများပင်တုန်ယင်လျက် . . .

"အီး. . . ဟီး. . . ဟီး. . . ဆရာကြီးရယ် ကျွန်တော့်ကိုသနား ရင် ခဏလောက် စကားဖြတ်ပါဦး၊ ဟင့်. . . ရှုတ်. . . ကျွန်တော်လေ ကျွန်တော် ဆက်အောင့်ထားလို့မရတော့ဘူးဗျ၊ ထွက်. . . ထွက်ကျကုန် တော့မယ်"

ငိုပြီးတောင်းပန်တော့မှ စကားပြောရပ်သည်ဆို၏။

သည်မျှ စကားကြောလေရှည်သောဦးပုကား ဆေးပညာအရာ တွင် လေရောဂါအမျိုးမျိုးကို တစ်ဖက်ကမ်းခပ်ကုသနိုင်သည်ဟု သူ့ ကိုယ်သူဂုဏ်ယူ၏။ အိမ်ရှေ့မှာပါ ဆိုင်းဘုတ်ကြီးထောင်ထားလိုက်သေး သည်။



www.burmeseclassic.com

www.burmeseclassic.com



"လေရောဂါမှန်သမျှ ဆရာနှင့်တွေ့လျှင် အရှုံးပေးရမည်"
"မင်္ဂလာ ဆရာပု"

●

ညီဆူးကတော့ မှတ်ကြီးလို အားနာပါးနာ နားထောင်နေသူ မဟုတ်။

တစ်ခါက မင်္ဂလာဆရာပုတစ်ယောက် ဖုန်းဆက်ဖို့အလာတွင် ညီဆူးတံတွေးထွေးသည်ကို မြင်သွားပြီး ဩဝါဒစကား မြွက်ကြားတော့သည်။ ဆရာပုက . . .

"မင်းတို့လူငယ်တွေဟာ အဲဒါခက်တာပေါ့ကွ၊ ဘာမှဗဟုသုတ မရှိကြဘူး၊ တံတွေးဆိုတာ ထွေးထုတ်ပစ်တိုင်း ကောင်းတာမဟုတ်ဘူး။ တံတွေးမှာ အစာကိုခြေဖျက်နိုင်တဲ့ဓါတ်တွေပါတယ်၊ ဒါကြောင့် ဒီ လောက်ဆေးဖက်ဝင်တဲ့တံတွေးကို မျိုချသင့်တယ်ကွ. . . မှတ်ထား"

ညီဆူးကလည်း ချက်ချင်းတုံ့ပြန်သည်။

"ဒီလောက်တောင် ဆေးဖက်ဝင်နေရင်လည်း ဆရာကြီးပဲ သူများ တံတွေးထွေးထားတဲ့ထွေးခံတွေ လိုက်ရှာပြီး သောက်ပါလားဟင်"

မင်္ဂလာဆရာပုက ညီဆူးကို ကမ္ဘာမကြေသည့်အကြည့်ဖြင့်. . .

"ထွီ. . ."

●





လမ်းထဲမှာ ညီဆူး တိတ်တဆိတ်စိတ်ဝင်စားနေမိသော အိမ် တစ်အိမ်တော့ရှိ၏။

ခြံစည်းရိုးတိုင်ပုပုကလေးတွေမှာ ဖန်မီးဆိုင်းရောင်စုံတွေ တပ် ဆင်ထားသည်။ အိမ်ပတ်ပတ်လည်ရှိမြက်ခင်းက စိမ်းရောင်စိုကာ လန်းဆွတ်နေ၏။ ပြီးတော့ စပယ်ပန်းရုံလေးတွေကိုလည်း ခြံထောင့်မှာ ဖိုးထားသည်။ ပြာလွင်လွင်တောက်ပနေသည့် ဒန်းလွှဲလေးတစ်ခုလည်း ရှိသည်။

အိမ်က အဖြူရောင်အိုအို၊ ပြီးတော့ နီညိုရင့်ရောင်အုပ်ကြွပ် မိုးထား၏။

နောက်ပြီး တစ်ခါတစ်လေ ခြံဝင်းထဲကမြက်ခင်းပေါ်မှာ အပြာ ရောင်ဒန်းကလေးပေါ်မှာ၊ ခြံစည်းရိုးဖန်မီးတိုင်တွေနံဘေးမှာ . . .

ဂျင်းဘောင်းဘီအမြဲဝတ်သည့် ကောင်မလေးတစ်ယောက်ကို လည်း မကြာခဏတွေ့ရတတ်သည်။ ကံ့ကော်ပန်းတစ်ပွင့်သေပြီး လူ ဝင်စားပြန်ဖြစ်သည့် ကောင်မလေး ထင်ပါရဲ့ ဟု ညီဆူး မကြာခဏတွေး မိ၏။

သူမ၏အသားအရေက ဖြူဆွတ်ခြင်းနှင့် ဝင်းဝါခြင်းတို့ကို လုပ စွာပေါင်းစည်းထား၏။ မျက်ခုံးမွေးက နက်မှောင်ကွေးညွှတ်နေသည်။ ပန်းရောင်ဖျော့ဖျော့နှုတ်ခမ်းအစုံကတော့ ထူထူထဲထဲပြည့်ပြည့်တင်း တင်း။

နားရွက်မှာ မည်သည့်နားကပ်၊ နားဆွဲမှ ဝတ်ဆင်ထားခြင်းမရှိ သည်ကိုလည်း ညီဆူး သတိထားမိသည်။

အထူးခြားဆုံးကတော့ သူမ၏မေးရိုးနှင့် လည်တိုင်အဆက်မှာ



www.burmeseclassic.com

www.burmeseclassic.com



စကြာပုံသဏ္ဌာန်ဆေးမှင်ကြောင်တစ်ခု တွေ့ရခြင်းပင်ဖြစ်သည်။

သူမ၏ ပါးလျားသောကိုယ်ခန္ဓာနှင့် ဂျင်းဘောင်းဘီကလိုက်ဖက်လွန်းသဖြင့် 'ဂျင်းဘောင်းဘီဝတ်တဲ့ ကံ့ကော်ပွင့်ကလေး' ဟု ညီဆူးစိတ်ထဲက နာမည်ပေးထားသည်။

တစ်နေ့. . .

ခြံထဲကမြက်ခင်းစိမ်းစိမ်းပေါ်မှာ ကံ့ကော်ပွင့်ကလေး လမ်းလျှောက်နေတုန်း မှတ်ကြီးကိုခေါ်ပြမိသည်။ မှတ်ကြီးက. . .

"ဘာလဲကွ. . . ညီဆူး"

"ဟိုကောင်မလေးက ဘယ်သူလဲကွ၊ ငါတို့အိမ်ကိုလည်း တစ်ခါမှ ဖုန်းလာမဆက်ပါလား"

"သူ့မှာ ဟန်းဖုန်းရှိလို့ဖြစ်ချင်ဖြစ်မှာပေါ့၊ ငါလည်းမသိဘူးလေ၊ သူတို့အိမ်ကလည်း ဒီလမ်းထဲမှာလူသစ်ပဲ၊ ငါ့ထက်တောင် ပြောင်းလာတာနောက်ကျသေးတယ်"

"သူ့လည်ပင်းက နာဇီပုံစကြာတံဆိပ်က ဘာသဘောလဲကွမှတ်ကြီး"

"မပြောတတ်ဘူးလေ၊ သူ့အဖေက ဟစ်တလာလားမှမသိတာ"

မှတ်ကြီးဆိုသည့်ကောင်က အရေးဟယ်အကြောင်းဟယ်ဆိုအဲသည်လိုပဲ ဖေါက်တတ်သည်။

ညီဆူးက ပုခုံးတွန့်ပြလိုက်၏။

ကံ့ကော်ပွင့်ကလေးရယ်. . . နင်ဟာ တကယ်ပဲ နာဇီမလေးလား။

ငါ့ကိုတော့ အဆိပ်ငွေ့ခန်းထဲ မောင်းမသွင်းပါနဲ့။





ညီဆူးက သူ့အတွေးနှင့်သူ တစ်ယောက်တည်းပြုံးလိုက်မိသည်ကိုမြင်သွားသော မှတ်ကြီးက . . .

"မင်းက ဘာဖြစ်နေရတာလဲ ညီဆူး၊ အဲဒီကောင်မလေးကိုစိတ်ဝင်စားလို့လား"

"အေး"

"ဖွီး. . . မင်းမို့လို့ ပေါက်ပေါက်ရှာရှာညီဆူးရာ၊ အဲဒီကောင်မလေးက ဘာများ စိတ်ဝင်စားစရာရှိလို့တုန်း၊ ဖြူစုတ်စုတ်ပိန်ညှောင်ညှောင်နဲ့၊ ခန္ဓာကိုယ်အချိုးအဆစ်ကလည်း မျက်နှာပါလို့သာ ရှေ့ဖက်မှန်းသိရတာ၊ နို့မို့ဆိုရင် ရှေ့ခြမ်းနဲ့နောက်ခြမ်းတောင် ခွဲလို့ရမှာမဟုတ်ဘူး"

မှတ်ကြီးက ချိုးချိုးဖွဲ့ဖွဲ့စကားလုံးတွေဖြင့် အားပါးတရဝေဖန်တော့သည်။

ဗီဒီယိုဇာတ်ကားတွေထဲကပုံစံနှင့်တော့ ကွာလိုက်တာဟု ညီဆူးတွေးမိ၏။

ဗီဒီယိုထဲမှာဆိုလျှင် (ညီဆူးက ဇာတ်လိုက်မင်းသားဖြစ်ပြီးမှတ်ကြီးက မင်းသား၏သူငယ်ချင်းဖြစ်နေပါက) ညီဆူးက ကောင်မလေးတစ်ယောက်ကို စိတ်ဝင်စားပြီဆိုသည်နှင့်တပြိုင်နက် မင်းသား၏သူငယ်ချင်းဖြစ်သူ မှတ်ကြီးက (လောကကြီးမှာ တခြားဘာကိစ္စမှလုပ်စရာမရှိဘဲ ဇာတ်လိုက်မင်းသားအတွက် လူဖြစ်ဖို့သက်သက် သူ့အမေကမွေးထုတ်ပေးလိုက်သည့်နှယ်) အားကြိုးမာန်တက် လက်သီးလက်မောင်းတန်းကာ တရကြမ်း ကူညီရမည်မဟုတ်လား။

အခုတော့ ငနဲသားက မကူညီသည့်အပြင် ရစရာမရှိအောင်ကို



www.burmeseclassic.com

www.burmeseclassic.com



တံတွေးတပျစ်ပျစ် ပြောပစ်လိုက်သေးသည်။

အဲဒါပါပဲ။

တကယ့်လောကကြီးထဲမှာတော့ မည်သူကမျှ ဇာတ်လိုက်မဟုတ်ကြပါ။

တစ်နည်းအားဖြင့်ပြောရလျှင် တကယ့်ဘဝအစစ်တွေထဲမှာ လူတိုင်းက မိမိကိုယ်ကိုသာ ဇာက်လိုက်အဖြစ် သတ်မှတ်ထားကြသည်။ မည်သူကမျှ ဇာတ်ပို့ဇာတ်ရံမလုပ်ချင်ကြပါ။

ညီဆူးက မျက်မှောင်ကုပ်ကာ နှာခေါင်းရှုံ့ရင်း . . .

"မင်းလည်း အလကားကောင်ပဲ. . . မှတ်ကြီး၊ အရေးအကြောင်းဆို ဘာမှအားမကိုးရဘူး၊ ငါသိချင်တာလေးမှ မေးလို့မရတဲ့ကောင်"

"ဟမ်. . . ဘာသိချင်တာလဲ၊ နာဇီတံဆိပ်အကြောင်းလား၊ ငါလည်း ဟစ်တလာအကြောင်းရိုက်ထားတဲ့ ရုပ်ရှင်ထဲမှာတွေ့လို့ ပြောမိတာပါကွာ၊ သေသေချာချာတော့ ဘယ်သိပ့်. ."

"ကျွတ်. . . ပေါက်ကရတွေ လျှောက်ပြောမနေနဲ့ မှတ်ကြီး၊ သူ့နာမည် ဘယ်သူလဲ"

ထိုမေးခွန်းကိုကြားရတော့ မှတ်ကြီးက ခွက်ထိုးခွက်လန်ရယ်ပြီး. . .

"ဟား. . . ဟား. . . ဟား. . . ဟား. . . မင်း သူ့နာမည်ကို မသိဘူး၊ ဟုတ်လား. . . ဟား. . . ဟား. . . တော်တော်ညံ့တဲ့ကောင်ပဲ"

"မသိလို့မေးတာပေါ့ကွ၊ မင်းသိရင် ငါ့ကို ပြောပြစမ်းပါ"

"ဟိ. . . ဟိ. . . ဒီလို လွယ်လွယ်နဲ့တော့ ဘယ်ပြောပြလို့ဖြစ်မလဲကွ၊ မင်း ငါ့ကို စောစောက 'အလကားကောင်'လို့ ခေါ်ထားတယ်





မဟုတ်လား၊ အေး. . . မှတ်ကြီးက အလကားကောင်မဟုတ်ဘူး၊ ပိုက်ဆံပေးရတဲ့ကောင်၊ နားလည်ပြီလား၊ ငါ့ကို လက်ဖက်ရည်ဖိုး ငါးရာပေးမှ ပြောပြမယ်"

မှတ်ကြီးကတော့ နာမည်တစ်လုံးကို ပိုက်ဆံငါးရာဖြင့် ပြန်ပေးဆွဲလေပြီ။

ညီဆူးက စိတ်တိုတိုဖြင့် ငါးရာတန်တစ်ရွက်ကို စားပွဲပေါ်သို့ ပစ်ပေါက်ချပေးရင်း . . .

"ရော့. . . ယူ. . . မျို. . . ဆို့ ပြီးရင် သူ့နာမည်ကိုပြော"

မှတ်ကြီးက ငါးရာတန်ငွေစက္ကူကို ဝမ်းသာအားရကောက်ယူရင်း. . .

"ကျွတ်. . . ကျွတ်. . . မင်းက စာဖတ်အားနည်းတာကိုးကွ၊ ဘယ်သိပါ့မလဲ၊ ကဲ. . . မသေမချင်းမှတ်ထား၊ ဟစ်တလာရဲ့နာမည်က 'အဒေါ့ဖ်ဟစ်တလာ' တဲ့. . . အဲ. . . အဲ. . ."

လက်ထဲမှပိုက်ဆံကို ဖျတ်ခနဲ ပြန်ပြီးလုယူခံလိုက်ရသဖြင့် မှတ်ကြီးက စကားတစ်ဝက်တစ်ပျက်။

ညီဆူးက ငါးရာတန်ကို အိတ်ကပ်ထဲပြန်ထည့်ရင်း စိတ်ပေါက်ပေါက်ဖြင့် . . .

"မင်းမေကလွှား၊ ဟစ်တလာရဲ့နာမည်ကို သိချင်လို့ မင်းကို ပိုက်ဆံငါးရာပေးတယ်များထင်နေသလား. . . ငတုံးရဲ့"

"ဟင်. . . မင်းက ဘယ်သူ့နာမည်ကို သိချင်လို့လဲ"

"ငါစိတ်ဝင်စားတဲ့ ဟို. . . ဟိုကောင်မလေး. . ."

"မုန်လာဥဖြူ ပိန်ပိန်လေးလား၊ အင်း. . . အဲဒီကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



နာမည်က ဟိုဒင်းကွာ၊ နောက်ဆုံးနှစ်လုံးက 'သန့်စင်' ဆိုတာတော့ သိတယ်ကွ၊ ရှေ့စာလုံးတွေက ဘာလဲတော့မသိဘူး၊ ဟဲ. . . ဟဲ၊ ဒီလောက်သိရင် ငါ့ကို နှစ်ရာ့ငါးဆယ်တော့ ပေးမယ်မဟုတ်လားဟင်"

ညီဆူးက မှတ်ကြီးကိုကျောခိုင်းလိုက်ရင်း . . .

"အကြွေမရှိသေးဘူးကွာ. . . နောက်မှယူ"

●

မင်းနာမည်လေးကိုတောင်မှ တစ်ဝက်ပဲသိခွင့်ရခဲ့တယ်။ အိပ်မက်ကိုလည်း တစ်ဝက်ပဲ မက်ခွင့်ရခဲ့တာပါ။

'တစ်ဝက်တစ်ပျက်' . . . တဲ့။

လူတွေက ပြောကြတယ်။

'တစ်ဝက်'တည်းဆိုမှတော့ အကောင်းအတိုင်း ဘယ်ဟုတ်ပါ့မလဲ။

အစကတည်းက 'ပျက်'နေခဲ့တာပေါ့ကွယ်။

■





## အခန်း (၄)

အပျိုရွယ်မိန်းကလေးတွေကို လူကြီးတွေဆုံးမလေ့ရှိသည့် စကားတစ်ခွန်းကို မေမြတ်သန့်စင် ကြားဖူး၏။ ဘာတဲ့။

"လင်ကုန်ရှုံးတော့တစ်သက်လုံးမှောက်" ဆိုလား။

လင်ယူမှားမိရုံမျှဖြင့် တစ်သက်လုံးမှောက်ခုံကြီးဖြစ်နေရလျှင်တော့ အတော်အကြည့်ရဆိုးမှာပဲ ဟု မေမြတ်သန့်စင်က ကတ်သီးကတ်သပ် တွေးလိုက်၏။

ဒါဆို. . . လင်ကုန်ရှုံးတာမဟုတ်ဘဲ ရည်းစားကုန်ရှုံးလျှင်ကော။

သူမ အခုရင်ဆိုင်နေရသောဘဝက အဲသည်လိုမျိုး မေးခွန်းထုတ်စရာဖြစ်နေ၏။

မေမြတ်သန့်စင်၏ ရည်းစားနာမည်က 'မင်းသိမ်း'။ မဖြစ်ညစ်ကျယ်သုံးကြောင်း ကဗျာလေးတွေရေးသည့်အခါ (မော်လမြိုင်ဇာတိဖြစ်သောကြောင့်) 'ရွှေမြိုင်မင်းသိမ်း' ဟူသော ကလောင်နာမည်ဖြစ်ခဲ့ရး၏။



www.burmeseclassic.com

www.burmeseclassic.com



"လှာဖျားထက်ပေါ်၊ ဆိမ့်ပါသော်လည်း
သေးစော်နံကား၊ သိပ်ဆိုးရွားသည်
ငါ စားသည်က၊ ဒညင်းသီး။

ရွှေမြို့င်မင်းသိမ်း"

ဟူသော ကဗျာမျိုးကို ပြောင်ပြောင်မြောက်မြောက်ရေးတတ်၏။ ကဗျာခေါင်းစဉ်ကား 'အဝင်နှင့်အထွက်'။ သူ့ဟာနှင့်သူတော့ စိတ်ရှိတိုင်း ကြီးကျယ်ခမ်းနားနေလေ၏။

မေမြတ်သန့်စင်ကတော့ သူ့ရည်းစား 'ရွှေမြို့င်မင်းသိမ်း' ကို 'တယောဆရာ'ဟု တိတ်တိတ်ကလေး ကျိတ်ပြီး နာမည်ပြောင်ပေးထားသည်။

ဘာမဟုတ်တာလေးတွေကို ပုံကြီးချဲ့ပြီး တဖွဲ့တနွဲ့ချဲ့တတ်လွန်းသောကြောင့် ဖြစ်၏။

ဒီလိုလူစားမျိုးနှင့် ရည်းစားလာဖြစ်ရသည်ကတော့ အိမ်သာတက်နေတုန်းတန်းလန်းမှာ ရေပြတ်သွားသလို ခွတိခွကျနိုင်လွန်းသည်။

ဆက်ထိုင်နေဖို့လည်းအခက်၊ ဒီအတိုင်းထားပစ်ခဲ့ပြီး မဆေးမကြောဘဲ ထထွက်သွားဖို့လည်းအခက်။

●

ရွှေမြို့င်မင်းသိမ်းကော မေမြတ်သန့်စင်ပါ နှစ်ယောက်စလုံး မော်လမြိုင်ဇာတိဖြစ်ကြ၏။ သူတို့နှစ်ယောက်စလုံး ငယ်စဉ် ကလေး





ဘဝကတည်းက အိမ်နီးချင်း ကစားဖော် ကစားဖက်၊ ကျောင်းသွားဖော် ကျောင်းသွားဖက်တွေ ဖြစ်ခဲ့ကြသည်။

မူလတန်းမှာကော အလယ်တန်းမှာပါ တစ်ကျောင်းတည်း။ အတူတူ၊ တစ်ခန်းတည်းအတူတူ စာသင်ခဲ့ကြသည်။ မုန့်စားဆင်းချိန်ရောက်လည်း တတွဲတွဲ မခွဲတမ်း ခင်မင်ကာ သံယောဇဉ်ကြီးမားခဲ့ကြ၏။

ခြောက်တန်းနှစ်ရောက်တော့ မေမြတ်သန့်စင်၏ဖခင်ဖြစ်သူက အလုပ်တာဝန်ဖြင့် နယ်သို့ တစ်မိသားစုလုံး ပြောင်းဖို့ကိစ္စပေါ်လာသည်။

တကယ်တမ်း ခွဲကြရမည်ဆိုတော့ မင်းသိမ်းကော မေမြတ်သန့်စင်ပါ နှစ်ယောက်စလုံး မျက်ရည်ကျကြသည်။

ငယ်ပေါင်းဆိုသည့်သံယောဇဉ်အစိုင်အခဲသည် ကလေးဘဝ၏ နုနယ်သောနှလုံးသားကို အရှိုးရာ အစင်းစင်းထင်အောင်နာကျင်သည့် ဒဏ်ရာတွေကိုပေး၏။ အတန်းထဲမှာ ဆရာမရိုက်သောကြိမ်လုံးရာထက်ပိုပြီး စွဲစွဲမြဲမြဲထင်ကျန်ရစ်သည့်အမာရွတ်ကို ဖြစ်စေ၏။

ခွဲခွာကြခါနီးတွင် မေမြတ်သန့်စင်က အမှတ်တရအဖြစ် လက်ကိုင်ပုဝါအဖြူလေးတစ်ထည် ပေးခဲ့သည် (ဘာဖြစ်လို့ပေးမိမှန်းတော့ မပြောတတ်၊ တစ်စုံတစ်ယောက်နှင့် ခွဲခွာခါနီးဆိုလျှင် ဖြစ်လေ့ဖြစ်ထရှိသော ဘာလိုလို ညာလိုလိုရောဂါထခြင်းတစ်မျိုးပင် ဖြစ်ပေလိမ့်မည်)

"ငါ့ကို မေ့မသွားနဲ့နော်"

"နင်လည်း ငါ့ဆီကို စာအမြဲရေးပါဟာ၊ တို့တွေ တစ်ယောက်ကိုတစ်ယောက် မမေ့ကြေး၊ သိလား. . . "

ဘယ်လိုပဲ ကတိတွေထားခဲ့. . . ထားခဲ့. . . ။

တကယ်တမ်းကျတော့ နှစ်တွေကြာလာသည်နှင့်အမျှ မေမြတ်



www.burmeseclassic.com

www.burmeseclassic.com



သန့်စင်၏ဖခင်ကလည်း နယ်တွေတစ်မြို့ပြီးတစ်မြို့ ရွှေ့ လိပ်စာ မကြာခဏပြောင်းရနှင့် ကြာတော့ အဆက်အသွယ်ပြတ်သွားလေတော့သည်။

နောက်ဆုံး မေမြတ်သန့်စင်၏ဖခင် ပင်စင်ယူပြီး ရန်ကုန်မှာ အခြေချနေထိုင်သည်အထိ သူတို့နှစ်ဦး တစ်ယောက်ကိုတစ်ယောက် ဘယ်ဆီဘယ်ဝယ်ရောက်လို့ ရောက်နေကြမှန်းပင် မသိကြတော့ချေ။

●

ပြန်ဆုံချင်တော့လည်း အံ့ဩဖို့ကောင်းသည်။

မေမြတ်သန့်စင်က မော်လမြိုင်ကို ခေတ္တအလည်ပြန်ဖို့ အဝေးပြေးကားစီးသည့်တစ်ခေါက်တွင် မင်းသိမ်းနှင့် ထိုင်ခုံချင်းကပ်လျက် နေရာရသည်။

သို့သော် သူတို့နှစ်ယောက် တစ်ဦးကိုတစ်ဦး မမှတ်မိကြ။

သူစိမ်းယောကျ်ားလေးတစ်ယောက်နှင့် သူစိမ်းမိန်းကလေးတစ်ယောက်တို့ ထိုင်ခုံတစ်ခုတည်းမှာ နေရာချင်းကပ်လျက် ထိုင်ရသောကြောင့် ရှုံ့တွန့်တွန့်နှင့် အနေကျုံ့နေကြ၏။

နောက်တော့ မင်းသိမ်းကပင် စပြီး. . .

"ဒီက ညီမလေး၊ ကိုယ့်ကြောင့် အနေရခက်ရင်ပြောနော်၊ တခြားအမျိုးသမီးခရီးသည်တစ်ယောက်နဲ့ နေရာချင်းလဲပေးရမလား"

"ရပါတယ်"

သူတို့ထိုင်ခုံက ကားနောက်ပိုင်းတော်တော်ကျသဖြင့် တကယ်တမ်းလဲမည်ဆိုလျှင်လည်း မည်သူမှ လဲပေးချင်ကြမည်မဟုတ်။ မင်းသိမ်း





က. . .

"ညီမလေးက မော်လမြိုင်ကို အလည်သက်သက်ပဲလား"

"ဟုတ်"

"ကိုယ်ကတော့ ကိုယ့်ဇာတိမြို့ကိုပြန်တာဆိုပါတော့၊ မြို့ကိုပြန်မရောက်တာ ဆယ်နှစ်ကျော်ကျော်လောက်ရှိသွားပြီလေ"

"သြော်"

"ခုတော့ ကိုယ့်မိဘတွေကိုလည်း သတိရတယ်၊ သူငယ်ချင်းတွေကိုလည်း သတိရတယ်၊ သတိအရဆုံးကတော့ ငယ်ငယ်လေးကတည်းကကွဲသွားတဲ့ မိန်းကလေးသူငယ်ချင်းတစ်ယောက်ပဲ၊ သူ့မိဘတွေနဲ့အတူ မော်လမြိုင်ကနေပြောင်းသွားပြီးကတည်းက ကွဲသွားကြတာ၊နောက်. . . ကိုယ်ကိုယ်တိုင်လည်း ရန်ကုန်မှာ ကျောင်းသွားတက်ရတော့ အဆက်အသွယ်ပြတ်သွားကြရော၊ ဒါပေမဲ့ ကိုယ့်ရင်ထဲမှာတော့ အဲဒီမိန်းကလေးကို ခုထိ သတိရနေတုန်းပဲ၊ သူ့နာမည်က မေမြတ်သန့်စင်. . . တဲ့"

"ရှင်. . ."

ရုပ်ရှင်တွေ၊ ပြဇာတ်တွေထဲမှာဆိုလျှင်တော့ ဒီနေရာအရောက်တွင် နောက်ခံတေးဂီတက 'ဒန်. . . တန့်တန်. . .'ဆိုပြီး တီးကောင်းတီးပေးပေလိမ့်မည်။

မေမြတ်သန့်စင်ကလည်း သူမ ဘယ်လိုမှမျှော်လင့်မထားသောအဖြစ်ကြောင့် အသံတွေဘာတွေပင် တုန်ယင်လျက် . . .

"နင်. . . နင်. . . မင်းသိမ်းလား"

ထိုမေးခွန်းကြောင့် မင်းသိမ်းက သူ့နံဘေးမှမိန်းကလေး၏မျက်နှာကို (စောစောတုန်းက မကြည့်ရဲကြည့်ရဲ ခိုးပြီးအကဲခတ်ရသမျှ)



www.burmeseclassic.com

www.burmeseclassic.com



အခုမှ အတိုးချပြီး ပြုံးတုံးပြတဲစိုက်ကြည့်လိုက်ရင်း . . .

“ဟုတ်. . . ဟုတ်တယ်၊ ဒါဆို နင်. . . နင်က မေမြတ်သန့်စင်ပေါ့နော်”

ဆွမ်းတော်စွန့်သည်ကိုမြင်ရသော ခွေးအိုကြီးလို တစ်ကိုယ်လုံးနန့်နန့်တက်လှုပ်ယိမ်းသွားပြီး မင်းသိမ်းတစ်ယောက် အငမ်းမရဖြစ်နေ၏။

မေမြတ်သန့်စင်က ခေါင်းကို ညင်သာစွာညိတ်ပြလိုက်သည်။

မင်းသိမ်းက . . .

“ဟာ. . . ဝမ်းသာလိုက်တာ မေမြတ်သန့်စင်ရယ်၊ ငါလေ ငါ နင့်ကို ဒီတစ်သက် ပြန်မတွေ့ရတော့ဘူးလို့ထင်နေတာ၊ တွေ့မယ့်တွေ့ရတော့လည်း ခုလို မမျှော်လင့်ဘဲ ဟာ. . . ပျော်လိုက်တာ”

ဝမ်းသာစိတ်လွန်ကဲပြီး မင်းသိမ်း၏စကားတွေက မပီမသနှင့် မြန်ဆန်ကာ ဗလုံးဗထွေးဖြစ်နေလေသည်။

ငနဲသားက သည်လောက်နှင့်မပြီးသေး။ ကပျာကသီထပြီး သူ့ခရီးဆောင်လက်ဆွဲအိတ်ကိုယူကာ အထဲမှ သားရေအိတ်နှင့် တရိုတသေထည့်သိမ်းထားသော တစ်စုံတစ်ရာကို ထုတ်ယူလိုက်၏။

ဝါရော်ရော်ဟောင်းနွမ်းနေသော လက်ကိုင်ပုဝါအဖြူလေး။

ကလေးဘဝတုန်းက နောက်ဆုံးခွဲခွာခါနီးတွင် မေမြတ်သန့်စင်က အမှတ်တရပေးခဲ့သည့် လက်ဆောင်။

အဲသည့် လက်ကိုင်ပုဝါအဟောင်းလေးကို စိုက်ကြည့်ရင်း မေမြတ်သန့်စင်တစ်ယောက် စိတ်ညှို့ခံလိုက်ရသလောက်နီးပါး အိပ်မက်လုံးဆို့သွားသည်။





ရင်ခုန်သံသည် သွေးလန့်သလို မိုက်ခနဲဖြစ်သွား၏။

မင်းသိမ်းက မေမြတ်သန့်စင်၏မျက်နှာကို စိုက်ကြည့်ရင်း. . .

“ငါလေ. . . ငါ. . . နင်နဲ့ဝေးသွားကတည်းက နင့်ကို တစ်ရက်မှမမေ့လို့မရဘူး သိလား၊ ငါ ဘယ်ကိုသွားသွား ငါ ဘယ်ကိုရောက်ရောက် နင်ပေးလိုက်တဲ့လက်ကိုင်ပုဝါလေးကို အမြဲတမ်း ကိုယ်နဲ့မကွာဆောင်ထားတယ်၊ အဲဒါ. . . အဲဒါ. . နင့်ကို ငါ အရမ်းချစ်လို့ပဲ မေမြတ်သန့်စင်”

အဲသည့်စကားအဆုံးတွင် မေမြတ်သန့်စင်၏နှလုံးသားတစ်ခုလုံး အရည်ပျော်ကျသွားသလိုမျိုး မင်းသိမ်းအပေါ် ဘိုးခနဲ ဘတ်ခနဲပစ်ပြီး ကြွေသွားလေတော့သည်။

•

သူတို့နှစ်ယောက် ရည်းစားဖြစ်သွားကြသည်ကို မိဘတွေကလည်း သဘောမတူစရာမရှိ။

ရန်ကုန်သို့ပြန်ရောက်လာကြပြီးနောက် မင်းသိမ်းက မေမြတ်သန့်စင်တို့အိမ်ကို ဝင်ကာထွက်ကာ သွားသွားလာလာရှိနေသည်ကိုပင် မေမြတ်သန့်စင်၏မိဘများက သဘောကျနှစ်သက်နေကြသည်။

မေမြတ်သန့်စင်၏ဖခင်ဖြစ်သူ ဦးသန့်စင်က မော်လမြိုင်တွင် လက်ထောက်ညွှန်မှူးရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့စဉ် အိမ်နီးချင်းမိတ်ဆွေဖြစ်သူ မင်းသိမ်း၏မိဘများက အကျွမ်းတဝင် ကူညီထောက်ပံ့ခဲ့ဖူးသည်။

သည့်နောက်ပိုင်း ပြောင်းကာရွှေ့ကာဖြင့် မိသားစုချင်း ကွဲ



www.burmeseclassic.com

www.burmeseclassic.com



ကွာသွားကြပြီးနောက် ယခုမှပင် မင်းသိမ်းကိုအကြောင်းပြုကာ မိသားစု နှစ်ခု ပြန်ပြီးအဆက်အသွယ်ရသဖြင့် ဝမ်းသာနေကြ၏။

မေမြတ်သန့်စင်နှင့် မင်းသိမ်းတို့ကိုလည်း ကျောင်းပြီး၍ အလုပ် အကိုင်အတည်တကျဖြစ်လျှင် တင့်တင့်တယ်တယ်ခမ်းခမ်းနားနား ထိမ်း မြားလက်ထပ်ပေးဖို့ သဘောတူလိုက်ကြသည်။

အားလုံးအဆင်ပြေနေကာမှ ကသိကအောက်ဖြစ်နေရသူ ကတော့ မေမြတ်သန့်စင်ပင် ဖြစ်သည်။

●

ခြံထဲရှိ ညှင်ညင်သာသာယိမ်းနွဲ့နေသော ဒန်းကလေးပေါ်တွင် မင်းသိမ်းနှင့် မေမြတ်သန့်စင်တို့ နှစ်ဦးသားထိုင်ကာ စပယ်ပန်းရုံကလေး တွေကို ငေးကြည့်နေကြသည်။ ခဏကြာတော့ ရွှေမြိုင်မင်းသိမ်းက စကားစ၏။

"ကိုယ်တို့နှစ်ယောက် ပြန်ပြီးဆုံစည်းကြပုံက ဆန်းကြယ်တယ် နော်"

သူ့စကားကြောင့် မေမြတ်သန့်စင်၏ရင်ထဲတွင် နွေးခနဲ လှိုက် ဖိုသွားသည်။ ဟုတ်သည်ပဲလေ။ ဒီလို ပြန်ဆုံစည်းဖြစ်ကြမယ်လို့ ဘယ် သူက ထင်ထားမှာတဲ့လဲ။

ဖြစ်တောင့်ဖြစ်ခဲ ဆန်းကြယ်သည့်ကံကြမ္မာကိုသာ ကျေးဇူးတင် ရလိမ့်မည်။

မေမြတ်သန့်စင်က ဦးခေါင်းကို ညင်သာစွာညိတ်ပြလိုက်၏။





မင်းသိမ်းက . . .

"ကိုယ်က မေနဲ့ ဒီတစ်သက် ဘယ်တော့မှမဆုံရတော့ဘူးလို့ ထင်ထားတာ၊ ဒါပေမဲ့ ကံကြမ္မာက ကိုယ့်အချစ်ကို မျက်နှာသာပေးတယ် နော်၊ အဝေးပြေးကားပေါ်မှာ ထိုင်ခုံချင်းကပ်လျက်ထိုင်ရတုန်းက မေ့ကို ကိုယ် မမှတ်မိသေးဘူး၊ အင်း. . . မေကလည်း ကိုယ့်ကို ဘယ်မှတ်မိပါ့ မလဲနော်၊ ဘာပဲဖြစ်ဖြစ် စစ်မှန်တဲ့မေတ္တာတရားကြောင့် ကိုယ်တို့ ပြန် ဆုံစည်းရတာပဲထင်ပါရဲ့ မေရယ်"

သူ့စကားအဆုံးတွင် မေမြတ်သန့်စင်ကတော့ အဝေးကောင်း ကင်မှာ လွင့်မျောနေသည့်တိမ်တွေကို ငေးကြည့်နေမိသည်။

သူမ၏စိတ်တွေကလည်း တိမ်တိုက်တွေနှင့်အတူ လေပြည်ခေါ် ငင်ရာဆီ ဦးတည်ရာမဲ့ မျောလွင့်နေ၏။

အငေးအာရုံက မည်မျှကြာမြင့်အောင် ပျံသန်းစီးမျောနေသည် မသိ။ နံဘေးရှိ မင်းသိမ်း၏စကားသံကို ကြားလိုက်မှ ဖျတ်ခနဲ သတိ ပြန်ဝင်လာ၏။

မင်းသိမ်းက . . .

"ကိုယ်တို့နှစ်ယောက် ပြန်ပြီးဆုံဆည်းကြပုံက ဆန်းကြယ်တယ် နော်"

ထိုစကားကြောင့် မေမြတ်သန့်စင်က ပါးစပ်အဟောင်းသား ဖြစ်သွား၏။

ဟင်. . . ဒီစကားက စောစောတုန်းကပြောပြီးသားကြီးလေဟု အတွေးဝင်လာသည်။

ဘုရား. . . ကယ်တော်မူပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီပုဂ္ဂိုလ်မြတ်က ပြောပြီးသားစကားတွေကိုပဲ နောက်တစ်ခေါက် ထပ်ပြောဦးမှာလား။

(မေမြတ်သန့်စင် အတွက်တော့ စိတ်မကောင်းစရာကောင်း လောက်အောင်) သူမ စိတ်ပူပန်သည့်အတိုင်း ကွက်တိဖြစ်လာလေသည်။

မင်းသိမ်းက . . .

"ကိုယ်တို့နှစ်ယောက် ပြန်ပြီးဆုံဆည်းကြပုံက ဆန်းကြယ်တယ်နော်" မှ အစချီကာ ငယ်ငယ်တုန်းကသံယောဇဉ်ရှိပုံများအကြောင်း၊ ခွဲခွါခါနီး လက်ကိုင်ပုဝါအဖြူလေးပေးသည့်အကြောင်း၊ ကွဲကွာသွားပြီးနောက် အဆက်အသွယ်ပြတ်သွားသည့်အကြောင်း၊ အဝေးပြေးကားပေါ်တွင် ပြန်ဆုံရသည့်အခါ တစ်ဦးကိုတစ်ဦး မမှတ်မိသည့်အကြောင်းများကိုပါ တစ်လုံးတစ်ပါဒမျှမကျန်အောင် စီကာပတ်ကုံးပြောပြီးနောက် ပထမတစ်ခေါက်ကအတိုင်းပင် . . .

"စစ်မှန်တဲ့မေတ္တာတရားကြောင့် ကိုယ်တို့ ပြန်ဆုံစည်းရတာပဲ ထင်ပါရဲ့ မေရယ်"

ဟူသောစကားဖြင့် အဆုံးသတ်လေသည်။

"ဟင်း. . ."

မင်းသိမ်း၏စကားအဆုံးတွင် မေမြတ်သန့်စင်က သက်ပြင်းအပူငွေ့ကို စိတ်မောစွာ မှုတ်ထုတ်လိုက်မိ၏။

ထို့နောက် သူမက . . .

"ကဲ. . . အိမ်ထဲဝင်ကြစို့ ကိုမင်းသိမ်း၊ ကော်ဖီသောက်ကြရအောင်လေ"





မင်းသိမ်းက . . .

"ခဏနေပါဦး မေရယ်၊ ကော်ဖီက ဘယ်အချိန်သောက်သောက်ရပါတယ်၊ ဒီမှာထိုင်ရင်း ဟောဟိုက စိမ်းစိုတဲ့မြက်ခင်းလေးရယ်၊ ဖြူစင်တဲ့စပယ်ပန်းရုံလေးတွေရယ်ကို ကြည့်ပြီး ကိုယ့်အတွေးထဲမှာ ကဗျာလေးတစ်ပုဒ် ဖွဲ့နေမိလို့ပါ"

"ဟင်. . . ဘာကိုများ ကဗျာဖွဲ့နေတာလဲ ကိုမင်းသိမ်း"

"ဩော်. . . ကိုယ်တို့နှစ်ယောက် ပြန်ပြီးဆုံဆည်းကြပုံက ဆန်းကြယ်တဲ့အကြောင်းပေါ့ မေရယ်"

သေဟ. . . သေဟဟု မေမြတ်သန့်စင်၏စိတ်ထဲမှ အသံတိတ်ရေရွတ်ကျိန်ဆဲရင်း ကိုယ့်ကိုယ်ကိုသာ အပြစ်တင်မိတော့သည်။

ရွှေမြိုင်မင်းသိမ်း၏ပါးစပ်ထဲမှ ခံစားချက်စကားလုံးတွေကတော့ . . .

မိလ္လာပိုက်အဟောင်းကို ဖေါက်ချလိုက်သလို ပလုံစီထကာဒလဟော သွန်ကျလာလေတော့သည်။

အကြောင်းအရာအသစ်တော့မပါ။ ပထမတစ်ခေါက်နှင့် ဒုတိယတစ်ခေါက်ကအတိုင်း တစ်သွေမတိမ်းပင်။

"ကိုယ်တို့နှစ်ယောက် ပြန်ပြီးဆုံစည်းကြပုံ" ဟူသည့် အစနိဒါန်းမှသည် နောက်ဆုံး "စစ်မှန်တဲ့မေတ္တာတရားကြောင့် ကိုယ်တို့ ပြန်ပြီးဆုံစည်းရတာပဲ" ဟူသော နိဂုံးချုပ်စကားအထိ။

မေမြတ်သန့်စင်ကတော့ အနားမှာ တွေ့ကရာတစ်ခုခုနှင့် ရွှေမြိုင်မင်းသိမ်း၏ဦးခေါင်းကို စိတ်ရှိလက်ရှိ ကောက်ရိုက်ပစ်လိုက်ချင်စိတ်ပေါက်လာသည်။

●



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦး ပြန်ဆုံတွေ့ကြပုံက အံ့ဩစရာကောင်းသည်လည်း မှန်၏။ ကြည်နူးစရာကောင်းသည်လည်း မှန်၏။

ယခုတော့ . .

သောက်မြင်ကပ်စရာပါ ကောင်းလာလေတော့၏။

●

ရွှေမြိုင်မင်းသိမ်းနှင့် မေမြတ်သန့်စင်တို့ ချစ်သူသက်တမ်း တစ်နှစ်အတွင်း သူတို့နှစ်ဦး တွေ့ဖြစ်သည့်အကြိမ်ပေါင်း ငါးဆယ်အောက်တော့ လျော့မည်မထင်။ နှစ်ဦးသားတွေ့လိုက်ပြီဆိုသည်နှင့် ရွှေမြိုင်မင်းသိမ်းက စကားစတော့သည်။

"ကိုယ်တို့နှစ်ဦး ပြန်ပြီးဆုံးစည်းကြပုံက ဆန်းကြယ်တယ်နော်"

သူ့မှာ သည့်အပြင်တစ်ခြား စကားပြောစရာမရှိချေ။ ပြီးလျှင် ငယ်ငယ်တုန်းကအကြောင်းတွေ၊ ခွဲခွါခါနီး လက်ကိုင်ပုဝါပေးသည့်အကြောင်းတွေ၊ အဝေးပြေးကားပေါ်မှာပြန်တွေ့တော့ တစ်ယောက်ကိုတစ်ယောက် မမှတ်မိတာတွေ။

ထပ်တလဲလဲဖြစ်နေသည့် ဒီအကြောင်းတွေသာ. . .။

ဒီတော့လည်း မေမြတ်သန့်စင်က သူ့ရည်းစားကို သူ 'တယောဆရာ' ဟု နာမည်ပေးထားသည်မှာ ဘာမှမဆန်းချေ။

ပိုဆိုးသည့်အချက်ရှိသေးသည်။

ဒီအပ်ကြောင်းထပ်နေသည့်စကားတွေကို နှစ်ဦးတည်းတွေ့ခိုက်မှာသာ တယောထိုးလျှင် ခံသာသေးသည်။





အခုတော့ မေမြတ်သန့်စင်က ဒီငနဲကို သူမ၏မိတ်ဆွေအပေါင်းများနှင့်ပင် မိတ်ဆက်မပေးရဲလောက်အောင် ဖြစ်နေ၏။

သူမ၏မိတ်ဆွေတစ်ယောက်ယောက်နှင့် မိတ်ဆက်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ရွှေမြိုင်မင်းသိမ်းက သွားကလေးဖြဲ၊ ခါးကလေးညွတ်ကာ . . .

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်၊ ကျွန်တော်မင်းသိမ်းပါ၊ မေ့ချစ်သူဆိုပါတော့. . . ဟဲ. . . ဟဲ. . .၊ ကျွန်တော်တို့နှစ်ယောက်ဆုံစည်းဖြစ်ကြပုံက ဆန်းကြယ်တယ်ခင်ဗျ"

ဟု အစချီပြီး သူနှင့် မေမြတ်သန့်စင်တို့ ငယ်ငယ်တုန်းကတည်းက ငယ်သူငယ်ချင်းတွေဖြစ်သည့်အကြောင်း၊ ခွဲခွါခါနီး လက်ကိုင်ပုဝါလေးပေးသည့်အကြောင်း၊ နှစ်တွေအများကြီးကွဲကွာနေပြီးမှ အဝေးပြေးကားပေါ်တွင် ပြန်တွေ့သည့်အခါ တစ်ဦးကိုတစ်ဦး မမှတ်မိကြောင်း၊ ကြောင်း. . . ကြောင်း. . . ကြောင်း. . . တွေ အစချီထားသော သူ့ကိုယ်ပိုင်သံစဉ်ဟောင်း မဟာဂီတသီချင်းကြီး သီချင်းခန့်တစ်ပုဒ်စာခန့်ကြာအောင် တယောထိုးလေတော့သည်။

သူ့စကားဆုံးလို့မှ မကြာခင် (ကံဆိုးမိုးမှောင်ကျစွာဖြင့်) နောက် ဧည့်သည်တစ်ယောက် ရောက်လာသောကြောင့် ထပ်ပြီး မိတ်ဆက်ပေးရလျှင်လည်း . . . (စောစောကနားထောင်ဖူးထားပြီးသားရှေ့ကလူများကို အားမနာတတ်စွာဖြင့်) သူ့ရင်တွင်းဖြစ်သံစဉ်ဟောင်းကြီးကို နောက်ထပ်တစ်ကြော့ နောက်ထပ်တစ်ကြိမ် တယောထိုးပြန်လေတော့သည်။

"ကျွန်တော်နဲ့မေနဲ့ ဆုံစည်းကြပုံက ဆန်းကြယ်တယ်ခင်ဗျ"

●



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါကတော့ ရွှေမြိုင်မင်းသိမ်းတစ်ယောက် အကြီးအကျယ် ခံသွားရ၏။

မေမြတ်သန့်စင်၏ဘကြီးဖြစ်သူတစ်ယောက် လာပြီးတည်းခိုနေခိုက်တွင်မှ ငနဲသားက ဆိုက်ဆိုက်မြိုက်မြိုက် အလည်အပတ်ရောက်သွားသည်။

အိမ်မှာ ဘယ်သူနှင့်မှမတွေ့ရခင် အဲသည်ဘကြီးဖြစ်သူနှင့် တည့်တည့်တိုး၏။ အဘိုးကြီးက သူ့ကို တစ်ခါမှမမြင်ဘူးလေရာ မျက်နှာကြောမာမာဖြင့် . . .

"နေစမ်းပါဦး၊ မင်းက ဘယ်ကကောင်လဲ၊ ဘယ်သူလဲ"

"ဗျာ. . . ကျွန်တော်. . . ကျွန်တော် ရွှေမြိုင်မင်းသိမ်းပါခင်ဗျ"

"ဩော်. . . ဇာတ်မင်းသားကိုး၊ အခု ဘယ်မှာကနေသလဲ"

"ဟာ. . . ကျွန်တော် ဇာတ်မင်းသားမဟုတ်ပါဘူး၊ ဟို. . . ဟိုလေ. . . ကျွန်တော်က မေမြတ်သန့်စင်နဲ့ ဟိုဒင်း. . . မေတ္တာ. . . အဲ . . . မေတ္တာရှိနေတဲ့သူပါ"

အဘိုးကြီးက ခေါင်းကိုတညိတ်ညိတ်လုပ်ရင်း. . .

"အိမ်း. . . အိမ်း. . . မေတ္တာရှိနေကြတယ်ဆိုတော့ ကောင်းသပေါ့ကွယ်၊ မေတ္တာသဟဂတေန၊ မေတ္တာနဲ့တကွဖြစ်သော၊ စေတသာ၊ စိတ်ဖြင့်၊ သဗ္ဗပါဏဘူတေသု၊ အလုံးစုံသောသတ္တဝါတို့၌၊ ဖရိတွာ၊ ပျံ့နှံ့၍ ဝိဟရဏ်၊ နေထိုင်ခြင်းကို၊ သမာဒိယာမိ၊ ဆောက်တည်ရာ၏. . . တဲ့။

(အသံကို ဆွဲဆွဲငင်ငင်မြှင့်လိုက်ပြီး) အေး. . . အဲဒီလိုဆိုတယ် မဟုတ်လား. . . ကွဲ့"

ရွှေမြိုင်မင်းသိမ်းက နားရွက်နောက်နားမှဆံပင်များကို တဗျင်း





ဗျင်းကုတ်လိုက်ရင်း . . .

"ဟုတ်. . . ဟုတ်ပါတယ်၊ ဒီလိုပါ၊ ကျွန်တော်တို့နှစ်ယောက် ဆုံစည်းကြပုံက ဆန်းကြယ်တယ်ခင်ဗျ. . . ကျွန်တော်. . ."

"အေး. . . (အဘိုးကြီးက အသံကို ဆွဲဆွဲငင်ငင်မြှင့်လိုက်ပြန်၏)မောဟအမှောင်ကွယ်မိလို့ သံသရာမှာ တွယ်ငြိနေသမျှတော့ မှန်းရွယ်သမျှ ဆန်းကြယ်လှချေရဲ့လို့ အထင်မှားနေဦးမှာပဲကွဲ့၊ ဟုတ်ပလား၊ အိမ်း (အသံကိုရှည်ရှည်ဆွဲပြန်၏) ဒါကြောင့် မြတ်စွာဘုရားဟာ ဣတိပိ ဣမိနာစ ကာရဏေန၊ သင်္ခါရလောက သတ္တလောက ဩကာသလောက ဟု ဆိုအပ်သော လောကသုံးပါးကို သိတော်မူသောအကြောင်းကြောင့် လောကဝိဒူ. . . လောကဝိဒူ မည်တော်မူသကွဲ့. . . ဟုတ်ကလား"

ရွှေမြိုင်မင်းသိမ်းက ဖါးပြုတ်အိုကြီး ဘိန်းမှိုင်းမိသလို ငိုင်ဆင်းသွားသည်။ အသံသဲ့သဲ့ဖြင့်တော့ ရေရွတ်ရှာပါသေးသည်။

"လက်ကိုင်ပုဝါအဖြူလေးပေးတဲ့ အကြောင်းတောင် ပြောခွင့် မရတော့ဘူးလား ခင်ဗျာ"

"အေး. . . (အဘိုးကြီးကား အသံရှည်ဆွဲပြီး တစ်ချီဟစ်ပြန်လေပြီ) သဗ္ဗသမ္ပတ္တိ သိဒ္ဓိယာ၊ ခပ်သိမ်းရိပ်ငြိမ် စည်းစိမ်ဥစ္စာ ရတနာ အသီးသီး ပြီးစီးခြင်းငှာ၊ သဒ္ဓါယ၊ လေးစားယုံကြည် သဒ္ဓါတရား အတည်နှင့်၊ ဒါနံ၊ ဒါနဝတ္ထုအစုစုတို့ကို၊ ဒဒန္တု၊ အလှူရေစက်လက်နှင့် မကွ ပေးလှူနိုင်ပါစေသတည်း၊ သဗ္ဗဒါ၊ နေ့ရောညပါ အခါခပ်သိမ်း သီလ်သုံးပါးအစု ဂရုမမှုကျင့်သီလကို ရက္ခန္တု ပုဆိုးခါးဝတ် မြဲစွာဝတ်သလို မချွတ်ပုံသေ စောင့်ရှောက်နိုင်ပါစေသတည်း၊ ဘာဝနာဘိရတာ၊ ရုပ်နာမ်စီးဖြန်း ကမ္မဋ္ဌာန်းမွေ့လျော် ပျော်ကြကုန်သည်၊ ဟောန္တု (ဟွန့်ဘူး



www.burmeseclassic.com

www.burmeseclassic.com



. . . ဟု အသံကိုခပ်ညှစ်ညှစ်အော်လိုက်ပြီး) စင်စစ်မသေ့ အဖြစ်ကြီး ဖြစ်ကြပါစေကုန်သတည်း"

အဘိုးကြီး၏စကားအဆုံးတွင် ရွှေမြိုင်မင်းသိမ်းက အသံတုန်တုန်ယင်ယင်ဖြင့် . . .

"သာဓု. . . သာဓု. . . သာဓုပါဘုရား"

■





## အခန်း (၅)

"မောင်လေးရေ. . . မောင်လေး. . . ညီဆူး၊ ဟဲ့. . . ဘယ်သူမှ မရှိကြဘူးလား. . . မောင်လေးမှတ်ကြီးရေ"

အိမ်ရှေ့ဆီမှ တကြော်ကြော်အော်ခေါ်နေသံကြောင့် ညီဆူး စိတ်ညစ်သွား၏။ လမ်းထိပ်အိမ်က အပျိုကြီးမချိုချိုဆွေမှန်း သူသိလိုက်သည်။

မချိုချိုဆွေက မိုးဥတုကောင်းကင်မှာ လျှပ်စီးလက်သည်ကိုပင် သူမကို ဓါတ်ပုံရိုက်သည်ဟုထင်ကာ ကမန်းကတန်းထထပြီး ပြုံးပြတတ်သူဖြစ်၏။

စိတ်ကူးနှင့် လေထဲတွင်တိုက်အိမ်ဆောက်ချင်သူများ ကိုယ့်ဖါသာကိုယ် တကူးတကစိတ်ကူးယဉ်ဆောက်ဖို့မလိုပါ။ မချိုချိုဆွေ စိတ်ကူးနှင့် တည်ထားသောမြို့သစ်တွင် မည်သည့်တိုက်အိမ်ကိုမဆို အခမဲ့ ရနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မချိုချိုဆွေကား စိတ်ကူးယဉ်သည်ကိုပင် ပိုပိုလျှံလျှံသာသာထိုး ထိုး အဆစ်တောင်းပြီး စိတ်ကူးယဉ်တတ်သူဖြစ်၏။

အကြောင်းမသိသူ အတော်များများက သူမကို ကြွားတတ် သည်ဟု ထင်ကြ၏။ အမှန်တကယ်က ကြွားဝါခြင်းမဟုတ်ပါ။

သူမဖါသာ စိတ်ကူးတွေယဉ်ပြီး တကယ်မရှိသည်ကို အရှိလုပ် ကာ ပြောရင်းပြောရင်း ကြာတော့ သူကိုယ်တိုင် (ကိုယ့်အလိမ်ကိုယ်မိ ပြီး) တကယ်ယုံသွားခြင်းဖြစ်သည်။

အခုလည်း ရောက်လာပြန်လေပြီ။

ဘာဇာတ်လမ်းဇာတ်ကွက်တွေ နားထောင်ရဦးမလဲမသိ။

"ဟော. . . မောင်လေးညီဆူး တစ်ယောက်တည်းပါလား၊ မောင် လေးမှတ်ကြီးကော. . ."

"မှတ်ကြီး မဂ္ဂဇင်းတိုက်သွားတယ် မမချို၊ မဂ္ဂဇင်းဖော်င်ပိတ် ရက်မို့လို့ ,အပြန်နောက်ကျမယ်ပြောတာပဲ"

ညီဆူး၏စကားကြောင့် မချိုချိုဆွေက 'ဩော်. . .' ဟု ခပ်တိုး တိုး တစ်ခွန်းတည်းသာရေရွတ်ပြီး ဧည့်ခန်းထဲရှိ တယ်လီဖုန်းတင်ထား သော ခုံပုလေးဘေးတွင် ဝင်ထိုင်သည်။ ညီဆူးက . . .

"ဖုန်းဆက်မလို့လား. . . မမချို"

"ဆက်မလို့မဟုတ်ပါဘူးကွယ်၊ ဖုန်းခေါ်မှာကို စောင့်မလို့ မောင် လေးရဲ့၊ အမေရိကားမှာရောက်နေတဲ့ မရဲ့ကိုကိုကလေ. . . မရဲ့အသံ လေးကို မကြားရတာကြာတော့ လွမ်းလို့တဲ့၊ အဲဒါ ဒီညခုနှစ်နာရီလောက် ဖုန်းလှမ်းဆက်မယ်ဆိုပြီး ချိန်းထားလို့၊ ကဲ. . . သိပြီလား"

"သိပါပြီဗျာ. . . သိပါပြီ၊ ကဲ. . . အဲဒီမှာ စိတ်အေးလက်အေး





စောင့်တော်မူပါ၊ ကျွန်တော် မီးဖိုထဲဝင်ပြီး ချက်လိုက်ပြုတ်လိုက်ဦးမယ်"

ညီဆူးက ပြောပြောဆိုဆိုနှင့် အိမ်နောက်ဖက်ဆီသို့ လစ်ထွက် ရန်ခြေလှမ်းပြင်၏။ ဒါကိုပင် ငတိမကြီးက . . .

"ဟိတ်. . . ကောင်လေး၊ မတို့က ချစ်သူချင်းဆိုတော့ တီတီ တာတာပြောကြမှာကွ၊ မင်း ချောင်းပြီးနားမထောင်ရဘူးနော်၊ ဟီ. . . ဟိ. . . ရှက်စရာကြီး"

ဝေးပါသေးရဲ့ဗျာ. . . သေချင်းဆိုးမကြီးဟု ညီဆူးစိတ်ထဲက ကျိတ်ပြီး ဆဲရေးလိုက်၏။ ပြီးတော့ နောက်ဆက်တွဲလာဦးမည့် စကား လုံးမုန်တိုင်းတွေနှင့်လွတ်အောင် ခပ်မြန်မြန်ပင် မီးဖိုခန်းဆီသို့ သုတ် ခြေတင် ရှောင်ပြေးတော့သည်။

●

အကြောင်းမသိခင်တုန်းကတော့ မချိုချိုဆွေ၏ရည်းစားက တကယ်ပဲ နိုင်ငံခြားမှာရှိနေတာလိုလို ဘာလိုလို ယုံလိုက်မိသေးသည်။

ညီဆူးနှင့်စပြီး သိကျွမ်းကြချိန်တွင် မချိုချိုဆွေ၏အပြောအရ သူ့ရည်းစားက အင်္ဂလန်တွင် အလုပ်လုပ်နေသူ၊ ကွန်ပျူတာပညာရှင် ဆိုပဲ။

"ဩော်. . . ဟုတ်မှာပဲ" ဟု ညီဆူးစိတ်ထဲက အောက်မေ့လိုက် သည်။

သူတစ်ပါးကိစ္စဆိုတော့ သိပ်ထဲထဲဝင်ဝင်ကြီးလည်း မသိချင်လှ ပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် တဖြည်းဖြည်းနှင့် အိမ်ကို ဝင်ထွက်သွားလာနေရင်း ပြောပုံဆိုပုံကို အကဲခတ်ရာမှ မချိုချိုဆွေ၏စိတ်ကူးနှင့် တည်ဆောက် သော နတ်ပန်းဥယျာဉ်ကြီးထဲမှာ ညီဆူးနှင့်မှတ်ကြီးတို့ မကြာခဏ မျက်စိ လည်လမ်းပျောက်ဖြစ်ရင်း သူမ၏စိတ်ရောဂါကို သတိထားမိလာကြ သည်။

မချိုချိုဆွေကလည်း သူစိတ်ထင်ရာပြောသမျှ ယုတ္တိရှိအောင် မှတ်သားမထားသဖြင့် တော်ကြာတစ်မျိုး ခုတစ်မျိုး ရှေ့နောက်အ အစဉ်တွေလွဲလွဲကုန်၏။

တလောတုန်းက ဂျပန်နိုင်ငံ ကိုဘေးမြို့မှာ ငလျင်အကြီးအကျ လှုပ်သည်။ အဆောက်အဦးတွေပြိုကျကာ လူအတော်များများ သေ ဒဏ်ရာရကုန်၏။

ညီဆူးနှင့်မှတ်ကြီးတို့နှစ်ယောက်သား အဲဒီသတင်းကို ဗြိတ် စလောင်းမှလာသော CNN သတင်းအစီအစဉ်မှာ ထိုင်ကြည့်နေကြစ ...

"ဟဲ့ . . . ဟဲ့ . . . မောင်လေးညီဆူး . . . မှတ်ကြီး . . . ဟောဟဲ . . . ဟောဟဲ"

အပြေးအလွှားနှင့် အမောဆိုက်နေသော မချိုချိုဆွေတစ် ယောက် ရေးကြီးသုတ်ပျာပြေးတက်လာ၏။ အိမ်ပေါ်ရောက်ရောက်ခ အသက်ပင်မရှူနိုင်အားပဲ ...

"ဟို . . . ဟို . . . ဂျပန်မှာ ငလျင်လှုပ်လို့ဆို . . . ဟောဟဲ . . . ဟောဟဲ"





"ဟုတ်တယ် မမချို၊ အခုပဲ အဲဒီသတင်းကို ထိုင်ကြည့်နေကြ တာ"

"အမယ်လေး . . . ငါလည်း အဲဒီသတင်းကိုကြည့်ချင်လို့ လာ တာ၊ ဒုက္ခပါပဲဟယ်၊ စိတ်ပူလိုက်ရတာ"

ဟင် . . . ဘာဆိုင်လို့ပါလိမ့်ဟု ညီဆူးစိတ်က တွေးလိုက်မိ၏။ မှတ်ကြီးကတော့ . . .

"ဂျပန်မှာ မမချိုရဲ့အမျိုးတွေရှိလို့လား၊ သြော် . . . ရိပ်မိပြီ၊ ရိပ်မိပြီ၊ လွတ်လပ်ရေးမရခင်ခေတ်တုန်းက အင်္ဂလိပ်အဆင်း၊ ဂျပန် အတက်မှာ မမချိုရဲ့အဖွားကို ဂျပန်က . . ."

"ဟဲ့ . . . တော်စမ်း၊ ပေါက်ကရတွေ . . ."

"ဒါဆို . . . မမချိုက ဘယ်သူ့ကို လှမ်းပြီးစိတ်ပူနေရတာတုန်း"

"ငါ့ရည်းစားကိုပေါ့ဟဲ့၊ ငါ့ရည်းစားက ဂျပန်မှာလေ"

ညီဆူးက ကြောင်တောင်တောင်ဖြစ်သွားပြီး . . .

"ဟင် . . . ဟိုတစ်လောတုန်းကပြောတော့ မမချိုရဲ့ရည်းစား က အင်္ဂလန်မှာဆို"

သူမ၏စကား ရှေ့နောက်မညီသည်ကို ထောက်ပြလိုက်သလို ဖြစ်သွားသောကြောင့် မချိုချိုဆွေ၏မျက်နှာ ကွက်ခနဲပျက်သွား၏။ သို့သော် စက္ကန့်ပိုင်းအတွင်းမှာပင် ချက်ချင်း အတည်ပေါက်ပြန်ဖြစ် သွားပြီး . . .

"ဟုတ်တယ်၊ ပြီးခဲ့တဲ့အပတ်ကတင် ကိုကိုက ဂျပန်ကိုကူးသွား တာလေ၊ သူတို့ကုမ္ပဏီပိုင်ရှင်က အဲသလိုပဲကွဲ့၊ ကိုကို့ကို အရမ်းအားကိုး တော့ ကုမ္ပဏီခွဲရှိတဲ့နိုင်ငံတိုင်းကို သူ့ကိုယ်စားလွှတ်လွှတ်နေတာ၊ ဂျပန်



www.burmeseclassic.com

www.burmeseclassic.com



ကိုဆိုရင် သွားရတာ ခဏခဏပဲ"

ညီဆုံးနှင့်မှတ်ကြီးက သက်ပြင်းရှည်ကြီးတစ်ချက်ကို ပြိုင်တူမှုတ်ထုတ်မိကြ၏။ မချိုချိုဆွေကတော့ အတည်ပေါက်နှင့်ပင် ဆက်ပြီး. . .

"အဲဒါ. . . အခု သူ ဂျပန်ရောက်နေတုန်း ငလျှင်လှုပ်တယ်ကြားတော့ 'မ' စိတ်တွေပူလိုက်တာကွယ်. . . တအားပဲ၊ မဖြစ်ဘူး၊ မဖြစ်ဘူး၊ ကိုကို့ကို ဒီအလုပ်ကထွက်ခိုင်းမှပဲ၊ အင်း. . . ပြောမယ်သာပြောရတာ၊ လခက တစ်လတစ်လကို ဒေါ်လာသောင်းကျော်ရတော့ ကိုကိုကထွက်ချင်ပါ့မလားမသိဘူး၊ အို. . . ဘယ်လောက်ရရ သူ့ကို ဒီလို စိတ်ပူနေရတဲ့ဘဝနဲ့တော့ မ, မနေချင်တော့ဘူး၊ ကြာရင် မ, အသဲတွေကွဲကုန်တော့မယ်"

ညီဆုံးက ဟာစ်၍ဟာစ်၍သာ အော်ငိုလိုက်ချင်တော့သည်။

●

အဲသည့်နောက်တွင်ကား . . .

ဂိုလ်ဖ်တုစလောင်းမှ CNN သတင်းအစီအစဉ်ကြည့်တိုင်း မမချိုဘယ်အချိန်များရောက်လာမလဲဟု ညီဆုံးတို့ ရင်တထိတ်ထိတ် နေရလေတော့၏။

အင်ဒိုနီးရှားမှာ လေမုန်တိုင်းကျသည့်သတင်း နာမည်ကြီးတော့လည်း မမချိုတစ်ယောက် ဖျတ်ဖျတ်လူးရသည်။ သူ့ရည်းစားက အင်ဒိုနီးရှား ရောက်နေပြန်သည်တဲ့လေ။

အီရတ်မှာ စစ်ဖြစ်ပြီဟေ့ဆိုတော့လည်း မမချိုခမျာ ဘုရားစာတွေ တတွတ်တွတ်ရွတ်ရသေး၏။





သူ့ရည်းစားကား အီရတ်ကို ရောက်နေလေပြန်ချေပြီတမုံ့။

ဟောင်ကောင်မှာ ကြက်ငှက်တုပ်ကွေးကြောင့် လူတွေသေကြကြေပြန်ပကောရယ်ဟူသည့်သတင်း ရေပန်းစားသည့်အခိုက်အတန့်မှာလည်း မမချိုတစ်ယောက် ခေတ်နောက်ကျမခံ။

ဟောင်ကောင်တွင် ငုတ်တုတ်ရောက်နေလတ်ပြီဖြစ်သော သူ့ရည်းစားထံသို့ ဆရာမောင်ဆေးနီမှုန့်ပဲ လှမ်းပို့တော့မလိုလို၊ ဦးသာရင်အဖျားဖြတ်ဆေးကိုပဲ ကွမ်းရွက်နှင့်ထုပ်ပြီး ပို့တော့မလိုလို။

အပြင်လောကမှာ တကယ်မရှိသော (သူမ၏စိတ်ကူးထဲက) ရည်းစားမှာလည်း မမချိုပါးစပ်ဖြင့် ဟိုနိုင်ငံပို့လိုက် ဒီနိုင်ငံပို့လိုက်လုပ်နေခြင်းကြောင့် ဖြုန်းခနဲ ကမ္ဘာ့အနောက်ခြမ်းရောက်သွားလိုက်ရ၊ ဟောဆို ကမ္ဘာ့အရှေ့ခြမ်းရောက်လာလိုက်ရနှင့် (ကွန်ပျူတာပညာရှင်ပုံမပေါက်ဘဲ) ပထမံဘိုးဘိုးအောင်နှင့် တူနေလေတော့သည်။

●

နိုင်ငံတကာမှာ ဘာသတင်းမှ ထူးထူးခြားခြားမဖြစ်လျှင်လည်း သက်သာမည်ဟုတော့ မထင်ပါနှင့်။

တလောက. . . ဖေါ်မြူလာဝမ်းကားမောင်းပြိုင်ပွဲမှာ ရှူးမေကာက ချန်ပီယံဖြစ်သွားသည်။ ရှန်ပိန်ပုလင်းဖေါက်ကာ အမြှုပ်တွေနှင့်ပက်ယမ်းရင်း ဝမ်းမြောက်ဝမ်းသာ အောင်ပွဲခံနေသော ရှူးမေကာ၏ရုပ်ပုံကို ESPN အားကစားသတင်းကဏ္ဍဖန်သားပြင်ပေါ်တွင် တွေ့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



တီဗီအတူထိုင်ကြည့်နေကြရင်းကပင် မမချိုက ကားမောင်းချန်ပီယံ ရှူးမေကာ၏ပုံကိုမြင်တော့ တစ်ဖက်သို့ မျက်နှာလွှဲလိုက်ပြီး သူမဖါသာတစ်ယောက်တည်း ပြုံးတုံးပြုံးတုံးလုပ်နေသည်။

မှတ်ကြီးက . . .

“မမချို . . . ဘာပြုံးတာလဲ”

မမချိုကတော့ ‘ကိုယ့်အကြောင်းနဲ့ကိုယ်ပါကွယ်’ ဟူသည့် အိုက်တင်ဖမ်းကာ မျက်စကိုချီလိုက်ပြီး . . .

“ဩော် . . . အဲဒီပြိုင်ကားချန်ပီယံ ရှူးမေကာဆိုတာ မရဲ့ ကိုကိုနဲ့ သူငယ်ချင်းလေ၊ သူတို့ချင်း အရမ်းရင်းနှီးကြတာ မောင်လေးရဲ့”

သေလိုက်ပဟ. . . သေလိုက်. . . ဟု ညီဆူးစိတ်ထဲမှ ကုန်းပြီး အော်မိသည်။

လူတွေက ဘယ်လိုလူစားမျိုးကိုမှ ‘အရူး’လို့ သတ်မှတ်ကြတာလဲ။ လည်ပင်းမှာ နို့ဆီခွက်ဖေါက်ဆွဲပြီး အဝတ်အစားမပါ ဘာမပါ လမ်းပေါ်လျှောက်ပြေးနေမှ၊ အဆီအငေါ်မတည့်သည့် သီချင်းတွေကို အော်ဟစ်ဆိုလိုဆို၊ ကလိုကလုပ်နေမှ ‘အရူး’ဟု သတ်မှတ်ကြသည်လား။

ထိုသို့ဆိုလျှင်တော့ မမချိုသည် ‘အရူး’ မဟုတ်။

သို့သော် မမချို ရူးနေပါသည်။

အကောင်းဘက်ကလှည့်တွေးကြည့်မည်ဆိုလျှင် တွေးလို့တော့ ရသည်။

သူများကို ဒုက္ခမပေးဘူးဆိုလျှင် အရူးသည် အဖြူရောင်ဖြစ်၏။

■





## အခန်း (၆)

ဂျင်းဘောင်းဘီဝတ်သော ကဲ့ကော်ပွင့်လေး၏အိမ်ရှေ့သို့ ညီဆူး တစ်ခေါက်ဖြတ်လျှောက်မိပြန်သည်။

ခုထိတော့ သူမကို မတွေ့ရပေ။ ပန်းနုရောင်ခန်းဆီးလိုက်ကာစတွေနောက်ကွယ်က ဧည့်ခန်းထဲမှာပဲ ထိုင်နေလေမလား၊ ညအိပ်မီးလုံးလေး ထွန်းထားလေ့ရှိသော ဝရံတာသေးသေးလေးထုတ်ထားသည့် အပေါ်ထပ် အိပ်ခန်းထဲမှာပဲ ရှိနေလေမလား။

ညီဆူးက စိတ်မသက်သာစွာဖြင့် ပုခုံးကို တစ်ချက်တွန့်လိုက်၏။

မနက်ပိုင်းတုန်းကလည်း ဟိုလိုလို ဒီလိုလိုဖြင့် အိမ်ရှေ့မှ တစ်ခေါက်ဖြတ်လျှောက်ကြည့်ခဲ့ပြီးပြီ။ အဲသည်တုန်းကလည်း မတွေ့ခဲ့ရ။

ခါတိုင်းဆိုလျှင် ခြံဝင်းထဲက အပြာရောင်ဒန်းကလေးပေါ်မှာ စာအုပ်တစ်အုပ်အုပ် ထိုင်ဖတ်နေသည်ကိုဖြစ်စေ၊ မြက်ခင်းပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက်နေသည်ကိုဖြစ်စေ တွေ့ရတတ်သည်မဟုတ်လား။

အခုတော့ . . .

ဘာမှမတတ်နိုင်တော့တဲ့အတူတူ လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ သွားထိုင်နေတာကောင်းမယ်ဟု တွေးရင်း ညီဆူးက နောက်ကြောင်းပြန်လှည့်လိုက်သည်။

ချာခနဲလှည့်လိုက်သည်နှင့် ရင်ဆိုင်တိုးလိုက်ရသည်က. . .

"ဟင်"

"ဟော. . . မောင်ညီဆူးပါလားကွ"

ရပ်ကွက်လူကြီး ဦးစိန်တင်နှင့် တည့်တည့်ကြီးဆုံမိနေလေတော့သည်။ အကြောင်းအမျိုးမျိုးဖြင့် ခဏခဏ အလှူခံတတ်လွန်းသောကြောင့် ဦးစိန်တင်ကို ညီဆူး လန့်နေသည်မှာကြာပြီ။ ခုတော့ . . . ဘယ်လိုမှ ရှောင်ပြေး၍လွတ်နိုင်ဖွယ်ရာ မမြင်တော့။

ဦးစိန်တင်၏ဘေးတွင် အဆောက်အဦးကန်ထရိုက်လုပ်ငန်းလုပ်ကိုင်သော ဦးမောင်မောင် ကိုပါ တွေ့ရသည်။ သူတို့နှစ်ယောက်စလုံး သွားဖြဲကြီးတွေကိုယ်စီဖြင့်. . .။ ဘာတွေများ သဘောကျနေကြသလဲ. . . မသိ။

ရပ်ကွက်လူကြီး ဦးစိန်တင်က . . .

"ဟဲ. . . ဟဲ. . . ငါ့တူကြီးဆီက အလှူခံရဦးမယ်ကွ၊ ဟဲ. . . ဟဲ. . . ခုလို မတော်တဆကြုံတုန်းဆုံတုန်းလေး. . ."

ဟင်း. . . ဘာ'မတော်တဆကြုံတုန်းဆုံတုန်း'လဲ။ သူပဲ ငါ့ကိုနောက်ကနေ တကောက်ကောက်လိုက်ချောင်းနေပြီးတော့. . .။

ညီဆူးစိတ်ထဲက မကျေမနပ် ရေရွတ်မိသည်။ သို့သော် ပါးစပ်





ကတော့ . . .

"ဟုတ်. . . ဟုတ်ကဲ့. . . ပြောပါ ဦးလေး၊ ကျွန်တော်တတ်နိုင်တာဆိုရင် လှူရမှာပေါ့"

"အေးကွ. . . အခုလာမယ့် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကျရင် ရပ်ကွက်စတိတ်ရှိုးလုပ်မလို့၊ ရပ်ကွက်ထဲက ဝါသနာရှင်တွေလည်း လက်စွမ်းပြလို့ရအောင်ပေါ့ကွာ၊ အဲဒါ အလှူငွေလေးထည့်စမ်းပါဦး"

'ရပ်ကွက်ထဲက ဝါသနာရှင်တွေ' ဆိုသည်မှာ 'ဦးစိန်တင်၏သမီးတွေ' ကို ရည်ညွှန်းပုံရသည်ဟု ညီဆူး တွေးလိုက်မိ၏။ စတိတ်ရှိုးလုပ်ဖြစ်လျှင် သူ့သမီးတွေကချည်း စင်ပေါ်မှ မဆင်းစတမ်း တစ်ပုဒ်ပြီးတစ်ပုဒ် ဆိုကြဟစ်ကြတော့မည်ကို ကြိုသိနေသည်။

ညီဆူးက (အခုချက်ချင်းပင် သွေးစုပ်ဖုတ်ကောင်နှင့် ပျားပဒူ အကောင်နှစ်ဆယ်ခန့် ဝိုင်းပြီး အကိုက်ခံလိုက်ရသော အိုက်တင်မျိုး) ဖြူလျော်တိုးညှင်း တုန်ယင်သောအသံဖြင့် . . .

"ဟို. . . ဟိုလေ. . . ကျွန်တော်က လက်ဖက်ရည်ဆိုင်ကိုသွားမလို့ ထွက်လာတာဆိုတော့. . . အဲဒါ အိတ်ထဲမှာ လက်ဖက်ရည်ဖိုးပဲပါတယ် ဦးလေးရယ်၊ နောက်. . . နောက်နေ့မှ လှူမယ်နော်၊ ဖြစ်တယ်မဟုတ်လား. . . ဟင်"

'ဖြစ်တယ်မဟုတ်လား' ဟူသောစကားနောက်မှာ 'ဟင်'ဆိုသည့်အသံကို မျက်ဆံအနက်ကလေး ချာလည်ချာလည်လုပ်ပြီး နွဲ့လျလျပြောလိုက်သည်မှာ တော်ရုံတန်ရုံမိန်းကလေးဆိုလျှင် အသည်းကွဲသွားနိုင်လောက်သည်။

သို့သော် အသည်းမာပုံရသော ရပ်ကွက်လူကြီး ဦးစိန်တင်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ . . .

"ရပါတယ်ကွ. . . မင်း ဘယ်လောက်လှူမယ်ဆိုတာသာ အခု စာရင်းပေးသွား၊ မနက်ဖြန်ကျရင် မင်းအိမ်မှာ ပိုက်ဆံလာယူမယ်၊ ကဲ. . . ကိုမောင်မောင်ရေ လုပ်ဗျာ. . . ဖြတ်ပိုင်းစာအုပ်ထုတ်"

အဆောက်အဦးကန်ထရိုက် ဦးမောင်မောင်က တိုက်ပုံအင်္ကျီထဲမှ ဖြတ်ပိုင်းစာအုပ်ကို (သိုင်းဝတ္ထုထဲမှ လက်နက်ပုန်းထုတ်သကဲ့သို့) အလွန်လျင်မြန်ဖျတ်လတ်စွာ ဘယ်လိုကဘယ်လို ထုတ်ယူလိုက်မှန်းတောင် မသိရအောင် ထုတ်ကာ ဘောပင်နှင့်တကွ အသင့်ပြင်လိုက်ပြီး . . .

"ကိုင်း. . . လုပ်ကွာ၊ ကောင်လေး ဘယ်လောက်လှူမှာတုန်း"

"ငါး. . . ငါး. . . ငါးဆယ်"

"ဘာကွ"

ကန်ထရိုက်တာ ဦးမောင်မောင်၏အသံက 'အာခံတွင်း၌ ဝင်းဝင်းတောက်လျှက် ခြသေ့်စက်' ဖြစ်နေ၏။ ဦးစိန်တင်က မျက်ထောင့်နီကြီးဖြင့်ကြည့်၏။

ညီဆူးက ဇက်ကလေးပုဝင်သွားပြီး . . .

"အဲ. . . ဟုတ်ပေါင်. . . ယောင်လို့. . . ဟိုဒင်း. . . ငါးရာ . . . ငါးရာပြောတာ"

"တောက်. . . မင်းနှယ်ကွာ၊ လူပုံပန်းကြည့်တော့ သနားကမားနဲ့၊ ငါ့နှယ်. . . ဒီကောင်ကလေး တော်ရှာလေမလားလို့အောက်မေ့တာ၊ ခုတော့ အသိခေါက်ခက် အဝင်နက်တဲ့ကောင်ကိုး၊ မင်းကို အလှူခံရတာ ကျွဲပါးစောင်းတီးရသလို ဖြစ်နေပါပကော၊ ရပ်ရေးရွာရေးအတွက်





မင်းက ပိုက်ဆံငါးရာပဲ သဒ္ဓါသတဲ့လားကွ. . . ဟေ၊ ဒါကြောင့် မင်္ဂလာတရား သုံးဆယ့်ရှစ်ပါးထဲမှာ မင်းလိုကောင်မျိုးကို ရှောင်ကြဉ်ရမယ်လို့ မြတ်စွာဘုရားက ဟောထားတာ၊ ထွီ. . . ဝိရတီ. . . ဝိရတီစ ဝေးစွာရှောင်အပ်ရာ၏ဆိုတာ ဒါမျိုးပေါ့၊ ဟင်း. . . ဖွတ်ထွက်မှ တောင်ပို့မှန်းသိတော့တယ်လကွာ"

အဆူခံထိလေပြီ။ ညီဆူးကား ဦးစိန်တင်ကို ခွန်းတုံ့ပြန်မပြောသာ။ ခေါင်းငုံ့ခံနေရ၏။ ဒီကြားထဲ ကန်ထရိုက်လုပ်ငန်းရှင် ဦးမောင်မောင် ဆိုသော ငနဲကြီးက . . .

"ဟုတ်ပ. . . ကိုစိန်တင်ရာ၊ ခုခေတ်လူငယ်တွေများ ကုသိုလ်တရားခေါင်းပါးလိုက်ကြတာ၊ ရပ်ရေးရွာရေးဆိုတဲ့ ပရဟိတစိတ်တွေလည်း မရှိကြတော့ဘူးဗျို့. . . အင်း. . . အင်း. . . လူကသာငယ်တာ အတ္တကျတော့ တယ်ကြီးမားကြပါကလား၊ ကြောက်စရာပဲဗျာ"

ထိုစကားကြောင့် ညီဆူးစိတ်ထဲမှာ ယောင်းခနဲ ဒေါသဖြစ်မိ၏။

ပိုက်ဆံရှိမှန်းမသိ မရှိမှန်းမသိ ဇွတ်အတင်းလည်း အလှူလာခံသေးရဲ့။ မထည့်ပြန်တော့လည်း 'အတ္တကြီးသည်'ဟု စွပ်စွဲသေး၏။

ဒီလောက်နှင့်တင် ရပ်မသွားသေး။ ကန်ထရိုက် ဦးမောင်မောင်က . . .

"ကျုပ်တို့ကတော့ ရပ်ရေးရွာရေးဆိုရင် လက်မနှေးပေါင်ဗျာ၊ တစ်သောင်းဆိုလည်းပက်ခနဲ ထည့်လိုက်တာပဲ၊ နှစ်သောင်းဆိုလည်း ပက်ခနဲထည့်လိုက်တာပဲ၊ ဟုတ်ဘူးလား ကိုစိန်တင်"

"ဟုတ်ပဗျာ၊ ကိုမောင်မောင့်လို ရက်ရောတဲ့လူမျိုးကတော့



www.burmeseclassic.com

www.burmeseclassic.com



ရှားပါတယ်"

နတ်ဝင်သည်နှင့် အရက်ပုလင်းလို လိုက်ဖက်ညီချင်တိုင်း ညီနေကြသည့် ထိုပုဂ္ဂိုလ်ကြီးနှစ်ဦးကိုကြည့်ရင် ညီဆူး စိတ်တိုလာ၏။

ကန်ထရိုက် ဦးမောင်မောင်ဆိုသည့် ငနဲကြီး ဘယ်လိုချမ်းသာလာသည်ကို ညီဆူးသာမက တစ်ရပ်ကွက်လုံး အသိ။ သူဆောက်သည့်တိုက်တွေမှန်သမျှ အင်္ဂတေတောင်ပါမှပါရဲ့လားဟု အလန့်တကြား မေးယူရလောက်၏။

ဘိလပ်မြေကို ဘယ်လောက်တောင်ခိုထားသည်မသိ။ သူကန်ထရိုက်ယူပြီးဆောက်သည့်တိုက်မှန်သမျှ နံရံကို လက်ဖြင့်ပွတ်ကြည့်လိုက်လျှင် သဲတွေချည်း အမှုန့်လိုက်ကွာကွာကျလာ၏။

ပါသင့်ပါထိုက်သော ဘိလပ်မြေအချိုးအဆအတိုင်းမစပ်ဘဲ ကုန်ကျစရိတ်ကို သူအမြတ်စားပြီး သဲတွေနှင့်ချည်းဆောက်သည်ဆိုမှတော့ အဲသည့်တိုက်တွေ ဘယ့်နှယ်လုပ်ပြီး တာရှည်ခိုင်ခံ့မည်နည်း။

'ဝုန်းခနဲ' ပြိုပြိုပဲဟော့ဆိုလျှင် ပြေးကြည့်စရာမလို. . .။

ဦးမောင်မောင်ဆောက်သော ကန်ထရိုက်တိုက်တစ်လုံးလုံးပြိုမှန်း သေချာသည်။

အခုလည်း ဆင်ခြေဖုံးရပ်ကွက်တစ်ခုမှာ သူကန်ထရိုက်ယူပြီးဆောက်သော တိုက်တစ်လုံး ပြိုကျသည့်အမှုဖြင့် တရားစွဲခံထားရပြီးအာမခံဖြင့် တရားရုံးမှာ ရင်ဆိုင်နေရဆဲတန်းလန်း ဖြစ်သည်။

အဲဒီလိုလူစားက 'လူငယ်တွေအတ္တကြီးသည်' ဟု ပြောလာသည်ကိုမူ ညီဆူး သည်းမခံချင်။

ညီဆူးက တစ်ခုခုပြန်ပြောဖို့ ဟန်ပြင်လိုက်စဉ်မှာပင် . . .





"ဟော. . . ဦးလေးစိန်တို့ပါလား၊ ဘယ်သွားကြမလို့လဲ"

ရေသန့်ဘူးလုပ်ငန်းရှင် မစန္ဒာက ဖြတ်သွားခိုက်နှင့်ကြုံသဖြင့်ကကြမ္ပာဆိုးငင်ပြီး လှမ်းနှုတ်ဆက်သည်။

ဦးစိန်တင်၏မျက်နှာက ချက်ချင်းလိုပင် အမဲကောင်ကြီးတစ်ကောင်ကို ခြေရာခံမိသော မုဆိုး၏မျက်နှာမျိုး ပြုံးဖြဲဖြဲကြီးဖြစ်သွားက . . .

"ဒီလိုပဲ. . . တူမကြီးရေ၊ ရပ်ရေးရွာရေးပေါ့လကွယ်၊ တန်ဆောင်တိုင်မှာ ရပ်ကွက်စတိတ်ရှိုးလုပ်ဖို့ အလှူခံထွက်လာတာ၊ အဲဒါ တူမကြီးလည်း ဟဲ. . . ဟဲ. . . "

'တူမကြီးလည်း ဟဲ. . . ဟဲ. . . ' ဟူသောစကားထဲတွင် မြန်မာစာအဘိဓါန်ထဲ၌ ထည့်သွင်းပြုစုထားခြင်း လုံးဝမရှိသော အနက်အဓိပ္ပါယ်တွေ တစ်ပုံတစ်ခေါင်းကြီးပါ၏။

မစန္ဒာကလည်း အဲသည့်အဓိပ္ပါယ်ကို ရိပ်မိသဖြင့် ဖျပ်ခနဲ မျက်နှာပျက်၏။ အလိုက်ကန်းဆိုးနည်းနည်းမှမသိတတ်သော ကန်ထရိုက်ဦးမောင်မောင်က ဝင်ပြီး အာချောင်၏။

"မစန္ဒာတို့ကတော့ လှူနိုင်တန်းနိုင်မှာပါကွာ၊ ဟုတ်တယ်မဟုတ်လား၊ အလကားရတဲ့ရေကို ရောင်းစားပြီး ကလေးဖြစ်. . . အဲ. . . အဲလေ. . . သူဌေးဖြစ်နေတာပဲဥစ္စာ"

မစန္ဒာကား ကလေးတွေအများကြီးမွေးထားသည့်ကိစ္စနှင့် ပတ်သက်လာလျှင် နည်းနည်းမှ သည်းခံတတ်သူမဟုတ်။

"ကျွန်မဖါသာကျွန်မ ကလေးတွေအများကြီးဖြစ်နေတာ ဦးလေးအပူဘာပါလို့လဲ၊ ကျွန်မ ကျွေးနိုင်လို့ ကိုယ့်ဖာသာ ကိုယ်မွေးထားတာ။



www.burmeseclassic.com

www.burmeseclassic.com



ရိုးရိုးသားသားပဲ။ ဦးလေးလို ဘိလပ်မြေမပါဘဲ သဲချည်းပဲ ရောင်းစားတာမဟုတ်ဘူး"

"ဟဲ့. . . နင် မဆိုင်တာတွေ မပုတ်ခတ်နဲ့"

"အို. . . ဟုတ်တာပြောတာ၊ ဟုတ်တာပြောတာ"

"တယ်လေ. . . ငါ. . . "

"လာစမ်းပါ. . . ကျုပ်ကို ထိရဲထိကြည့်စမ်းပါ"

မစန္ဒာက ကက်ကက်လန်အောင် ရန်တွေ့၊ ဦးမောင်မောင်က ရှုးရှူးရှားရှားဖြစ်၊ ရပ်ကွက်လူကြီးဖြစ်သူက ဟိုလူ့ဆွဲရမလို၊ ဒီလူ့ဆွဲရမလို ဗျာများနေခိုက် ရှုပ်ရှုပ်ထွေးထွေးကြားမှပင် ညီဆူး အသာ လှည့်ထွက်လိုက်၏။

ရှေ့ကို ခြေလှမ်းမဆက်ခင် တိုက်အိမ်ဖြူဖြူလေးဆီသို့ မျက်လုံးဝေ့ကြည့်ဖြစ်အောင် ကြည့်လိုက်မိသေးသည်။

ဟော. . . တွေ့ပြီ။

ညီဆူး၏နှလုံးသားခန်းဆောင်ထဲမှာ မီးအိမ်ကလေးတစ်လုံး လင်းလာသလို ခံစားရသည်။ အထဲမှ ကံ့ကော်ပွင့်နှင့်တူသော ကောင်မလေးက အပြင်ဘက်လမ်းမပေါ်တွင် ရုတ်ရုတ်သဲသဲဖြစ်နေသော ညီဆူးတို့လူစုကို လှမ်းကြည့်နေ၏။

ညီဆူးက တစ်ချက်ပြုံးလိုက်သည်။

သူ့ကို ကောင်မလေး ပိုပြီး သတိထားမိသွားအောင် မစန္ဒာကိုဖြစ်ဖြစ် ဦးမောင်မောင်ကိုဖြစ်ဖြစ် နပမ်းဝင်လုံးပစ်လိုက်ရင် ကောင်းမလားဟု တွေးမိ၏။

သို့သော် ထိုအကြံအစည်ကို သူ ချက်ချင်းပယ်ချလိုက်သည်။





ကောင်မလေးက သူ့ကို တာလီဘန်စစ်သွေးကြွတစ်ယောက်ဖြစ်ဘို့ လေ့ကျင့်ခန်းဆင်းနေသည်ဟု ထင်မသွားစေလိုပါ။

●

မေမြတ်သန့်စင်က အဲဒီလူတွေကို သတိထားမိနေသည်မှာ ကြာပြီ။

ဒီရပ်ကွက်ထဲကို ပြောင်းလာခဲ့ပြီးကတည်းက ရပ်ကွက်လူကြီး ဦးစိန်တင်နှင့် ဆက်ဆံခဲ့ရသလို နှစ်ရက်တစ်ခါလောက် ရေသန့်ဘူးဝယ်ဝယ်ပြီးသုံးနေရသဖြင့် မစန္ဒာနှင့်ပါ သိကျွမ်းလာခဲ့ရ၏။

ပြီးတော့ သူတို့ပြောပြောနေတတ်ကြသော အတင်းအဖျင်းစကားတွေကြောင့် ဘိလပ်မြေခိုသော ကန်ထရိုက် ဦးမောင်မောင်အကြောင်း၊ စကားအလွန်များသော ဆေးဆရာကြီးမင်္ဂလာဆရာပုအကြောင်း၊ အင်္ကျီတစ်ထည်အပ်လျှင် အလွန်ကြာမှရတတ်သော 'ပွင့်သစ်' အပ်ချုပ်ဆိုင်မှ ဒေါ်လုံးတင်အကြောင်းတွေက နားယဉ်ပြီးသားဖြစ်နေ၏။

အိမ်သစ်တက်ပွဲ အလှူလုပ်တော့မှပင် အားလုံးကို လူစုံတက်စုံတွေ့ရတော့သည်။ အဲဒီပွဲမှာ ဒေါ်လုံးတင်ကလည်း သူ့သား စက်ပုရောက်နေသည့်အကြောင်း ကြွဖန်ကြွား၊ မင်္ဂလာဆရာပုလည်း ရေပက်မဝင်အောင် စကားများနှင့်။ တကယ်တွေ့ရတော့လည်း တကယ် စိတ်ပျက်စရာကောင်းသည်ပင်။

●



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ချင်းစီသည် ကိုယ့်အကြောင်းပြချက်နှင့်ကိုယ် လုပပြီး တစ်ချိန်တည်းမှာပင် (တစ်ခြားသူများ၏မျက်စိထဲ၌) အကြောင်း အမျိုးမျိုးဖြင့် ညစ်ပတ်ပေကျံနေကြသည်မဟုတ်လား။

•

အခုလည်း အိမ်ရှေ့လမ်းမပေါ်တွင် အော်ကြီးဟစ်ကျယ်ဖြစ် နေကြပြန်လေပြီ။ သူတို့ထဲကခွဲထွက်ပြီး သူမအိမ်ဘက်ဆီသို့ လှည့်ကြည့် လှည့်ကြည့်ဖြင့် ထွက်သွားသည့်တစ်ယောက်ကိုတော့ ဘယ်သူဘယ်ဝါ မှန်းမသိ။

မျက်စောင်းထိုးတစ်အိမ်ကျော်မှာနေမှန်းကိုတော့ သတိထား မိ၏။ အဲဒီအိမ်မှာ သူမနှင့်ရွယ်တူလူငယ်နှစ်ယောက်နေမှန်းတော့ သိ သည်။ မျက်နှာတွေကိုတော့ သေသေချာချာ သတိထားမကြည့်မိခဲ့ဘူး ချေ။

အခုမှသာ ဒီတစ်ယောက် အိမ်ဘက်ကို အားမနာတမ်း စူးစူး ရဲရဲကြီး ပေါ်တင်ကြည့်သွားသဖြင့် သူ့ရုပ်ရည်ကို အသေးစိတ်မြင်လိုက် ရခြင်းဖြစ်၏။

သိပ်ရုပ်အချောကြီးမဟုတ်သော်လည်း ယောကျ်ားပီသသော ရုပ်ရည်မျိုး. . .။ အသားလတ်သည်။ အနည်းငယ်ပိန်သည်။ မျက်ခုံး ကောင်းပြီး မဟာနဖူးနှင့်ဖြစ်သည်။

ထူးခြားသည်က ထိုသူ၏မျက်လုံးများဖြစ်ကြ၏။ ဝမ်းနည်းနေ သလိုလို လျှို့ဝှက်နေသလိုလို တစ်စုံတစ်ရာကို ဖုံးကွယ်ဖို့ ကြိုးစားနေ





သလိုလို သို့မဟုတ် တစ်လောကလုံးကို သူတစ်ယောက်တည်း တိတ်တိတ် လေးကျိတ်ပြီး လှောင်ပြောင်ရယ်မောနေသလိုလို။ ညို့မှိုင်းပြီး သွယ် ပျောင်းသွားသော မျက်လုံးတစ်စုံဖြစ်၏။

သူမက အဲဒီမျက်ဝန်းတွေကို Misery Eyes ဟု နာမည်ပေးလိုက် သည်။

ခက်သည်က အဲဒီ Misery Eyes တစ်စုံက ဘာဖြစ်လို့ သူမတို့ အိမ်ဆီကို စူးစူးစိုက်စိုက် ကြည့်သွားတာပါလိမ့်။

အဲသည့်မေးခွန်းအတွက် အဖြေကို ဆက်မစဉ်းစားချင်တော့ သော မေမြတ်သန့်စင်က သူမ၏အာရုံကို လမ်းပေါ်မှာ ရန်ဖြစ်နေကြ သူတွေဆီသို့ ရွှေ့ပစ်လိုက်၏။

ရန်ပွဲက မပြီးဆုံးသေး။

ရပ်ကွက်လူကြီးဦးစိန်တင်ကလည်း ဟိုဖက်က ဦးမောင်မောင် ကို ဆွဲလိုက်၊ ဒီဖက်က မစန္ဒာကို တားလိုက်နှင့် စိတ်မနှံ့သူတစ်ယောက် ထုတ်စည်းတားနေသလိုမျိုး ဖြစ်နေ၏။

ရယ်စရာမကောင်း။ အော်ငိုပစ်လိုက်ဖို့အထိကျပြန်တော့လည်း လူ့အဖွဲ့အစည်းက အဲသည်လောက် ဇာတ်ကမနာသေး။ မေမြတ်သန့် စင်က ခေါင်းကို အသာအယာခါယမ်းလိုက်၏။

လူတွေက ခက်တော့ခက်သား. . .။

•

လူတွေက ခက်တော့ခက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲသည်လိုခက်သည့်လူတွေထဲမှာ သူမ၏ချစ်လှစွာသော ရွှေမြိုင်မင်းသိမ်းက ထိပ်ဆုံးကပါသည်ဟု ထင်၏။

တစ်ခါတစ်ခါကျတော့လည်း ဒီလူ့ကိုလက်ထပ်ဖို့ ခေါင်းညိတ်ခဲ့သည်မှာ မှားများမှားသွားပြီလားမသိဘူးဟု မေမြတ်သန့်စင်တွေးမိသည်။ အိမ်ထောင်ရေးဘဝခရီးတစ်လျှောက်လုံး . . .

"ကိုယ်တို့နှစ်ယောက် ပြန်ပြီးဆုံစည်းကြပုံက ဆန်းကြယ်တယ်နော်"

ဟူသည့်စကားဖြင့်သာ နေ့တိုင်း ထပ်တလဲလဲ တယောထိုးနေလျှင် သေပြီ။

တကယ်ဖြစ်မလာဘူးဟု မပြောနိုင်။ ရွှေမြိုင်မင်းသိမ်းဆိုသည့်ငနဲက အဲသည်လို မဟုတ်ကဟုတ်ကကိစ္စလေးတွေကို ပုံကြီးချဲ့ကာဖွဲ့ချင်နွဲ့ချင်သောစိတ်ဓါတ်မျိုး ရှိသည်။

ဟိုးတလောကလည်း မေမြတ်သန့်စင်တို့မိသားစု ပုံစံ(၁၀) အပြောင်းအရွှေ့ကိစ္စအတွက် မန္တလေးသို့ ခေတ္တပြန်ရသည်။

ရွှေမြိုင်မင်းသိမ်းက မေမြတ်သန့်စင်ကို ရန်ကုန်ဘူတာကြီးသို့ လိုက်ပို့၏။ ဘူတာကြီးစကြြံတလျှောက် မေမြတ်သန့်စင်၏ အဝတ်အစားအိတ်ကို မနိုင့်တနိုင် ကူဆွဲရင်း ပါးစပ်ကလည်း (ခပ်ညံ့ညံ့ ရော်ဘာဖိနပ်က မိုးစိုလျှင် တပြိုပြိုမြည်သကဲ့သို့) စကားလုံးတွေ အဆက်မပြတ် တပြိုပြိုရေရွတ်ကာ လိုက်ပါလာ၏။

ပြောသမျှ စကားတွေကလည်း . . .

"မေ မရှိရင် ကိုယ်တော့ တစ်ယောက်တည်း လွမ်းနေရတော့မှာပဲ"





(အမယ်. . . အရင်က နှစ်ယောက်အတူတူ အမြဲတမ်းနေနေရတာကျနေတာပဲ၊ သူ့အိမ်သူနေ၊ ကိုယ့်အိမ်ကိုယ်နေနေရတာများ၊ အဲဒါကျတော့ တစ်ယောက်တည်းနေရတာမဟုတ်ဘူးလား. . . ဟု မေမြတ်သန့်စင်က နှုတ်ခမ်းကို အသာမဲ့ပြီး စိတ်ထဲက ပြန်ပြောလိုက်၏)

ရွှေမြိုင်မင်းသိမ်းက . . .

"မေ. . . ကိုယ်လေ ကိုယ့် စက္ကန့်တိုင်းသတိရနေမယ်ဆိုတာယုံထားလိုက်ပါနော်"

(ဘုရား တရားကိုသာ အဲသည်လောက်သတိရရင် ရှင် အခုလောက်ဆို အနည်းဆုံး သောတပန်လောက်တော့ဖြစ်နေပြီ)

"ကိုယ့်ဆီကို နေ့တိုင်း ဖုန်းတော့ မှန်မှန်ဆက်နော်၊ မေ့အသံလေးကို မကြားရရင် ကိုယ်တော့ အိပ်လို့ပျော်မှာမဟုတ်ဘူး"

(ဒါဆို ကျွန်မ ခရီးသွားနေတုန်း ရှင် မီးကင်းစောင့်ပါလား၊ အိပ်မပျော်တာနဲ့ဆိုရင် အဲဒီ အလုပ်အကိုင်က ကွက်တိပဲလေ)

"ဖြစ်နိုင်ရင်လေ ကိုယ်က မေ့ကို ဘယ်မှသွားစေချင်တာမဟုတ်ဘူး၊ တာနေဒယက္ခလို ကိုယ့်အာခံတွင်းထဲမှာ မေ့ကို ငုံထားချင်တာ. . . သိလား"

(အမယ်လေး. . . အာပုပ်စော်နံတာနဲ့ မွန်းပြီးသေရချည်ရဲ့)

ဘူတာစကြြံတလျှောက် မေမြတ်သန့်စင်စီးရမည့် အထူးတန်းရထားတွဲကို သိပ်မရှာလိုက်ရဘဲ မြန်မြန်ဆန်ဆန် တွေ့လိုက်ရသောကြောင့် တော်ပါသေး၏။ နို့မဟုတ်လျှင် ဘာတွေများ ထပ်ပြီး ရှည်လျားထွေပြားစွာ ဖွဲ့ဖွဲ့နွဲ့နွဲ့ အလွမ်းသယ်နေဦးမည်လဲ မပြောတတ်။

ခရီးဆောင်အိတ်ကို ထိုင်ခုံအပေါ်က သံတန်းစင်ပေါ် မှာ နေရာ



www.burmeseclassic.com

www.burmeseclassic.com



ချပြီးနောက် မေမြတ်သန့်စင်က ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။ သူမရသောထိုင်ခုံက နှစ်ယောက်တွဲမဟုတ်။ တစ်ယောက်စာသီးသန့်ခုံ၊ ပြတင်းပေါက်နှင့်ကပ်လျက် ဘူတာစင်္ကြံဘက်အခြမ်း ဖြစ်သည်။

သူမက ပြတင်းပေါက်အနီး ဘူတာစင်္ကြံပေါ်တွင် ယောင်ချာချာ ရပ်နေသော ရွှေမြိုင်မင်းသိမ်းကို . . .

"ကဲ. . . ကိုမင်းသိမ်း. . . ပြန်ချင်ရင်ပြန်တော့လေ၊ သူငယ်ချင်းတွေဘာတွေနဲ့များ ချိန်းထားတာမရှိဘူးလား"

ဟု သိသိသာသာကြီး နှင်၏။ ဒါကို အလိုက်ကမ်းဆိုးမသိတတ်သည့် ရွှေမြိုင်မင်းသိမ်းက တက်ကြွသည့်လေသံဖြင့် . . .

"ဟင့်အင်း. . . မရှိပါဘူး၊ ကိုယ်ကလေ ဟောဒီရထားကြီး တရွေ့ရွေ့ထွက်သွားတာကို အလွမ်းတွေနဲ့ငေးကြည့်ပြီး ကျန်ရစ်ခဲ့မှာပါ"

သေဟ. . . သေဟ. . . ။

မေမြတ်သန့်စင်၏ရင်ထဲတွင် ဆို့နင့်လာသည်။ (လွမ်းသောကြောင့်မဟုတ်။ စိတ်ညစ်သောကြောင့်ဖြစ်၏။)

ရထားထွက်ဖို့အချိန်နီးလာတော့ ငနဲသားက တစ်မျိုး ပွဲဖေါက်လာသည်။ ရွှေမြိုင်မင်းသိမ်းက . . .

"မေ. . ."

ကြည့်စမ်း. . . ခေါ်လိုက်သည့်အသံကလေးကိုက ခွေးပေါက်စကလေးလို တအီအီလေး။

မေမြတ်သန့်စင်က 'ဘာလဲ'ဟူသည့်သဘောဖြင့် မျက်ခုံးကို ပင့်၍ပြန်ကြည့်လိုက်သည်။

ရွှေမြိုင်မင်းသိမ်းက . . .





"ရထားမထွက်ခင် နောက်ဆုံးအချိန်လေးမှာ မေ့ရဲ့လက်ကလေးကို ကိုယ်ဆုပ်ကိုင်ထားချင်တယ်၊ ခွင့်ပြုပါနော်"

မေမြတ်သန့်စင်က သက်ပြင်းတစ်ချက်ကို မသိမသာမှုတ်ထုတ်လိုက်၏။ ကဲ. . . ဒါလောက်တောင် နုချင်ရွချင် လွမ်းချင်လှတဲ့ငနဲ. . . ။

မေမြတ်သန့်စင်က သူမ၏လက်တစ်ဖက်ကို ရထားပြတင်းပေါက်ဘောင်ကိုကျော်ကာ အပြင်သို့ထုတ်ပေးလိုက်၏။

ဘူတာစင်္ကြံပေါ်တွင်ရပ်နေသော ရွှေမြိုင်မင်းသိမ်းက သူမ၏လက်ဖဝါးလေးကို နုနုရွရွကလေး ဖမ်းယူဆုပ်ကိုင်လိုက်သည်။

ရထားထွက်ဖို့ ငါးမိနစ်အလို. . . ။ အချက်ပေးသံကြားရပြီ။

မေမြတ်သန့်စင်က သူမ၏လက်ဖဝါးကို ရွရွကလေးကိုင်ထားသည့် ရွှေမြိုင်မင်းသိမ်း၏လက်ကို တင်းတင်းကျပ်ကျပ် ဆုပ်လိုက်၏။ ရွှေမြိုင်မင်းသိမ်းကလည်း ဘယ်လိုထင်သည်မသိ။ အားတက်သွားပြီး လက်ကို အားရပါးရ ပယ်ပယ်နယ်နယ် လက်ချောင်းချင်းယှက်ကာ ဆုပ်ကိုင်သည်။

ရထားထွက်ဖို့ လေးမိနစ်အလို. . . .

လက်ချင်း မြဲမြဲတွဲထားကြဆဲ. . . ။

ရထားထွက်ဖို့ သုံးမိနစ်အလို. . . .

နှစ်ဦးစလုံး လက်ကိုမလွှတ်ကြသေး။ ဘေးလူတွေအမြင်မှာတော့ အရမ်းကိုချစ်ကြသည့် ချစ်သူနှစ်ဦး မခွဲနိုင်မခွာရက်ဖြစ်နေကြသလိုလို။

ရထားထွက်ဖို့ နှစ်မိနစ်အလို. . . .

ရွှေမြိုင်မင်းသိမ်းက လက်ကို မသိမသာ စပြီးရုန်းသည်။ မေမြတ်သန့်စင်က လွှတ်မပေး။ လက်ကို တင်းတင်းချုပ်ကာ ဆုပ်ကိုင်ထား



www.burmeseclassic.com

www.burmeseclassic.com



ဆဲ။

ရထားထွက်ဖို့ တစ်မိနစ်အလို. . . . .

"လွှတ်. . . လွှတ်တော့လေ မေရဲ့၊ ရထားထွက်တော့မယ်လေ"

ရွှေမြိုင်မင်းသိမ်းက ပြောလည်းပြော လက်ကိုလည်း သိသိသာသာကြီး ဖွတ်ရုန်းသည်။ မေမြတ်သန့်စင်က လက်ကိုမလွှတ်သေးဘဲ နှုတ်ခမ်းလေးကိုစူကာ မူသလို နွဲ့သလိုအသံဖြင့်. . .

"ဟင့်အင်း. . . ကိုပဲ ကိုင်ထားချင်တယ်ဆို"

"ဟို. . . ဟိုလေ. . ."

ရွှေမြိုင်မင်းသိမ်း ဘာပြောရမည်မှန်းမသိ။ မျက်လုံးအပြူးသားဖြင့် မေမြတ်သန့်စင်ကို ကြည့်သည်။

ရထားက ဘီးလှိမ့်ကာ စတင်ထွက်ခွာသည်။

မေမြတ်သန့်စင်က လက်ကိုလွှတ်မပေးဘဲ တင်းတင်းဆုပ်ကိုင်ထားသောကြောင့် ရွှေမြိုင်မင်းသိမ်းက မျက်လုံးပြူး မျက်ဆံပြူးဖြင့် ဘူတာစင်္ကြံအတိုင်း တွဲဘေးမှ ပြေးပြီးလိုက်နေရသည်။

"မေ. . . မေ. . . လွှတ်. . . လွှတ်ပါတော့. . ."

မေမြတ်သန့်စင်က လက်ကိုလွှတ်မပေး။ ရွှေမြိုင်မင်းသိမ်း နဖူးမှာ ချွေးသီးချွေးပေါက်တွေ စို့လာသည်။

"မေ. . . မေ. . ."

ထိတ်လန့်တကြားခေါ်သံက ရည်းစားကိုခေါ်သည်နှင့်မတူဘဲ မွေးသမိခင်ကို တနေသလိုလို မျက်လုံးပြူးသထက်ပြူးလာသည်။ အသက်ရှူသံ ဟောဟဲလိုက်ကာ မြန်လာသည်။

သူ. . . ကြောက်နေပြီ။





ဒီတော့မှ မေမြတ်သန့်စင်က ရွှေမြိုင်မင်းသိမ်း၏လက်ကို လွှတ်ပေးလိုက်လေတော့၏။

ရွှေမြိုင်မင်းသိမ်းခမျာ ဟပ်ထိုးဟပ်ထိုးဖြစ်သွားပြီး ဘူတာစင်္ကြံပေါ်တွင် လျှာအပြားလိုက်ထွက်ကာ အမောဆိုက်ရင်း တရွေ့ရွေ့ ထွက်ခွာသွားပြီဖြစ်သော ရထားကြီးကို မျက်ဖြူဆိုက်နေသောမျက်လုံးများဖြင့် ငေးကြည့် ကျန်ရစ်ခဲ့သည်။

စောစောတုန်းက သူစိတ်ကူးယဉ်ထားခဲ့သလို ရုပ်ရှင်ဆန်ဆန် ကြေကွဲလွမ်းဆွတ်တသဖွယ် ရိုမန့်တစ် (Romantic) မြင်ကွင်းမျိုးလေးတော့ ဖြစ်ခွင့်မရလိုက်တော့။

ဒါတောင်မှ ငနဲသားက စိတ်မလျှော့ချင်သေး. . .။

"ကျွတ်. . . ငါ့နှယ် မေ့နေလိုက်တာ. . ."

ရွှေမြိုင်မင်းသိမ်းက သူ့အင်္ကျီအိတ်ကပ်ထဲ အသင့်ထည့်ဆောင်လာသော လက်ကိုင်ပုဝါအဖြူလေးကို ကမန်းကတန်းဆွဲထုတ်ကာ ဝေးကွာသွားပြီဖြစ်သောရထားကြီးဆီသို့ ဝှေ့ယမ်းပြလိုက်လေသည်။

ဒီလိုလူမျိုးနှင့်တော့ ရှေ့ဆက်ဖို့ တကယ်လွယ်မည်မထင်ပါ။

●

လူတွေက တကယ်မလွယ်ပါ။

လောကကြီးသည် ဘယ်တုန်းကမှ စနစ်တကျရှိခဲ့သည်မဟုတ်။ ဒါကိုလည်း လူတွေက သဘောမပေါက်ကြ။ အကင်းမပါးကြ။

သူ့ဖါသာသူ ကစင့်ကလျားဖြစ်နေသည့် လောကကြီးကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



သစ္စာတရားတစ်ခုအဖြစ် အေးအေးလူလူကြည့်နေရကောင်းမှန်းမသိကြ။ လူတွေက မနေနိုင် မထိုင်နိုင်ဖြစ်ကာ စည်းတွေစနစ်တွေ အမျိုးမျိုးချမှတ်ကြသည်။

သူတို့ချမှတ်သော စည်းဘောင်တွေထဲဝင်သည့်အရာကို အမှတ်တွေပိုပေးချင်ကြသည်။ သူတို့၏စည်းဘောင်အပြင်ဘက်က အရာမှန်သမျှကို စာမေးပွဲချပစ်ချင်ကြသည်။ အဲဒီလိုလုပ်လိုက်တော့မှပဲ အားလုံးရှုပ်ယှက်ခတ်ကုန်တော့သည်။

လူ့စည်းဝိုင်းအတွင်းဘက်မှ နေထိုင်ကြသူနှင့် လူ့စည်းဝိုင်းအပြင်ဘက်မှ နေထိုင်ကြသူတို့ တန်ဖိုးချင်းပဲ မတူညီတော့သလိုလို၊ (အဲဒီစည်းကလည်း သူတို့ဖါသာသူတို့ တားတဲ့စည်းပါပဲ။ ကိုယ်ကလည်း ကိုယ်ရပ်မြဲနေရာမှာပဲ ရပ်နေတာပါ။ အလိုလိုနေရင်း သူတို့ရဲ့စည်းဝိုင်းအပြင်ဘက် ရောက်နေတာတော့ မတတ်နိုင်ဘူးပေါ့)

ကစင့်ကလျားဖြစ်နေတဲ့ လောကကြီးကို စည်းတွေစနစ်တွေသတ်မှတ်ဖို့ ကြိုးစားနေကြတာကိုက လူတွေဟာ လောကကြီးနဲ့ လိုက်လျောညီထွေဖြစ်အောင် မနေတတ်ဘူးဆိုတာ သိသာပေါ်လွင်နေသည်ဟု မေမြတ်သန့်စင်က ယူဆလိုက်၏။

●

သူမအတွက်တော့ လူတွေကိုကြည့်ရသည်မှာ ကာတွန်းရုပ်ကလေးတွေနှင့်တူသည်ဟု အောက်မေ့မိ၏။

ပြောပြစမ်းပါ. . .





ငါ ဘယ်သူ့ကို ရယ်မောပစ်လိုက်ရမှာလဲ. . .။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

တန်ဆောင်တိုင်ည၏ စတိတ်ရှိုးကို ပြင်ဆင်ထားပုံက ဘုန်းကြီးပျံလိုလို ဘာလိုလိုဖြစ်နေ၏။ လူတွေကလည်း ဘယ်ကဘယ်လို ထွက်လာကြသည်မသိ။ ပုရွက်ဆိတ်တွင်းထဲ ရေလောင်းလိုက်သလို ရှုစိရှုစိနှင့် ယောက်ယက်ခတ်ကာ စုပြုံတိုးဝှေ့နေကြသည်။

ညီဆူးက မှတ်ကြီးကို အသာလက်ကုတ်ပြီးပြောလိုက်သည်။

“ဟော့ကောင်. . . မှတ်ကြီး လူတွေဟာ တဖြည်းဖြည်း ပိုးဖလံတွေ ပုရစ်တွေနဲ့ ပိုပြီး တူတူလာတယ်လို့ မင်းမထင်ဘူးလား”

“ဟေ. . . ဘာဖြစ်လို့လဲ”

“လူအများစုကြီးက ဘာရယ်ညာရယ်မဟုတ်ဘဲ မီးရောင်လက်လက်မြင်တဲ့နေရာကို အတင်းစုပြုံပြီး လာတိုးဝှေ့နေတတ်ကြလွန်းလို့ပါကွာ”

မှတ်ကြီးက ငြင်းဆန်ဖို့ ပါးစပ်ပြင်လိုက်ပြီးကာမှ ညီဆူး၏စကား





နောက်ကွယ်တွင် သည့်ထက်ပိုလေးနက်သော အတွေးတစ်ခုခုပါနေမှန်း ရိပ်မိလိုက်သောကြောင့် အသာအရှိန်သတ်ပြီး နေလိုက်၏။

စတိတ်ရှိုးစင်မြင့်ပေါ်တွင် ဦးစိန်တင်၏သမီး ဘုတ်ထိုင်းကလေးတွေကလည်း တစ်ယောက်ပြီးတစ်ယောက် တေးသံသာများကို ဟစ်ကြွေးရင့်ကျူး၍ ပြီးပဲမပြီးနိုင်တော့။ တီးကြခတ်ကြသည့်အသံတွေကလည်း စုံလင်နိုင်လွန်းလှသည်။

တရုတ်အသုဘမှာတီးသည့် လင်းကွင်းသံ၊ ချစ်တီးဘုရားကျောင်းက ခေါင်းလောင်းသံ၊ ထမင်းဇလုံမှောက်ကျသည့်အသံ၊ ကြောင်နှစ်ကောင်ကိုက်ကြသည့်အသံ၊ စာကလေးမိတ်လိုက်သံ၊ လူမမာညည်းသံ၊ ကလေးချော့သံ၊ မျောက်မောင်းမအော်သံ၊ ရေစည်ပိုင်းခေါက်သံ၊ ဝက်ကိုကားတက်ကြိတ်မိသံ စသဖြင့် ဆိုချင်သလိုဆို တီးချင်သလိုတီးကြပြီးနောက်. . . အဆုံးသတ်တွင် မသာအိမ်မှာ ရေအိုးခွဲလိုက်သလို ‘ဂွမ်း’ ခနဲမြည်ဟိန်းကာ သီချင်းကို ကလနားပိတ်လိုက်လေတော့သည်။

ညီဆူးက သက်ပြင်းကို ဖြည်းညှင်းစွာရှိုက်ထုတ်လိုက်၏။

ဟင်း. . . ရပ်ကွက်တီးဝိုင်းဆိုတော့လည်း ဒီလောက်ပဲရှိမှာပေါ့လေ. . . ဟု ဖြေတွေးတွေးမိသည်။

မှတ်ကြီးက . . .

“ပြန်ကြစို့ကွာ”

ဟု လက်တို့ပြီးပြော၏။ ညီဆူးတစ်ယောက် တွေဝေနေဆဲမှာပင် ဦးစိန်တင်၏သမီး ဘုတ်ထိုင်းဂင်တို၊ ပေါင်တုတ်ကွမလေးတစ်ယောက် စင်ပေါ်တက်လာပြန်၏။ ညကြီးမင်းကြီးမှာ နေကာမျက်မှန်အမည်းအကြီးကြီးတပ်ထား၏။ ဘောင်းဘီအဖြူကျပ်ကျပ်မှာ ပတ်ထား



www.burmeseclassic.com

www.burmeseclassic.com



သည့် ခါးပတ်ခေါင်းကလည်း ပြည်နယ်နှင့်တိုင်း ဘောလုံးပွဲဒိုင်းဆု လောက်နီးနီး ရှိ၏။

သီချင်းစသည်နှင့်တပြိုင်နက် ပုကွသောခန္ဓာကိုယ်တစ်ခုလုံးက ပြုတ်စပြင်းတောင်းနှင့် ကုလားမစည်းနင်းသကဲ့သို့ ခုန်ပေါက်ယိမ်းထိုး ဘယ်ညာကော့ကိုင်းခြင်းများကို အံ့သြဖွယ်ရာကောင်းလောက်အောင် တပြိုင်နက်တည်းလုပ်၏။ တံတောင်ဆစ်နှစ်ဖက်ကိုကွေးကာ ကြက်ဖခွပ် သကဲ့သို့ ပြိုင်တူခတ်၏။ တုတ်တုတ်တိုတို ပေါင်နှစ်ခြမ်းကိုလည်း ဟစိ ဟစိလုပ်၏။ ဘာသဘောမှန်းတော့မသိ။ အကြည့်ရတော့ အတော့်ကို ဆိုး၏။

ဒီကြားထဲ အဲဒီပုကွမလေး၏ မောင်ဖြစ်သူ ဖါးပြုပ်မျက်စိ ဘိုးသူတော်လူထွက် မျက်နှာပေးကြောင်စီစီနှင့်ငနဲလေးက သူ့အစ်မဖြစ် သူ၏ သီချင်းပိုဒ်တွေကြားမှာ Rap စာသားတွေ မဆီမဆိုင်ဝင်ဝင်ရွတ် သည်။ အသံကလည်း 'အောက်အီးအီးအွတ်' ဟု ပီပီသသ တင်းပြည့် ကျပ်ပြည့် မတွန်နိုင်ရှာဘဲ 'အောက်အီးအီးအောင့်' ဟု အဖျားရှူးတိမ်ဝင် သွားရရှာသည့် ကြက်လည်လိမ်သံမျိုး။

ညီဆူးက စင်ပေါ်ရောက်နေမိသောအကြည့်ကို လွှဲဖယ်ကာ ခေါင်းကို စိတ်ပျက်လက်ပျက် ခါယမ်းလိုက်ရင်း . . .

"ဆောရီးပဲ. . . မှတ်ကြီးရာ၊ စောစောကတည်းက ပြန်ဖို့ မင်း အကြံပေးတာကို လက်မခံမိတာ ငါ့အမှားပါ၊ ကဲ. . . လာ သွားကြစို့"

သူတို့ လှည့်ထွက်ခါနီးဆဲဆဲမှာပင် စင်ပေါ်မှ ဂင်တိုဘုတ်ထိုင်း မလေးက သီချင်းအပြီး ပရိသတ်ကို နှုတ်ဆက်စကားပြောရင်း . . .

"ခုလို အဆိုနဲ့အကတွေကိုသင်ကြားပေးတဲ့ ဖေဖေနဲ့မေမေ့ကို လည်း ကျေးဇူးတင်ပါတယ်ရှင့်"

ဟု ပြောသံကြားလိုက်ရသောအခါ ညီဆူးရင်ထဲမှာ ဘာမှန်း မသိသော စိတ်မချမ်းမသာအလုံးကြီးတစ်လုံး ဆို့သွားသလို ခံစားလိုက် ရလေ၏။

မှတ်ကြီးကတော့ ကွမ်းတံတွေးကို ပျစ်ခနဲထွေးလိုက်ရင်း . . .

"ဒီကောင်မလေးနှယ်ကွာ. . . သူ့ကိုဆဲရင် အဖေနဲ့အမေပါ အဆစ်ထည့်ပြီး အဆဲခံရအောင်လို့"

ဟု မချင့်မရဲ ရေရွတ်၏။

လူအုပ်စုကျဲပါးရာ အစွန်အဖျားဘက်ဆီအရောက်မှာပင် ရပ်ကွက်လူကြီး ဦးစိန်တင်နှင့် တည့်တည့်တိုးတော့သည်။

ဦးစိန်တင်၏မျက်နှာက သူ့သမီးများ၏အနုပညာအရည် အသွေး တောက်ပမှုကို အားရကျေနပ်နေပုံမျိုး စပ်ဖြီးဖြီးကြီးဖြစ်နေ၏။ သူကပင် စတင်၍ . . .

"ဘယ်လိုလဲဟေ့. . . မောင်မှတ်ကြီးတို့ မောင်ညီဆူးတို့ မင်းတို့ ကော သီချင်းလေးဘာလေး တက်မဆိုကြဘူးလား၊ မင်းတို့ကွာ ဘယ့်နှယ် ကိုယ့်ဇီဇကိုယ့်အရည်အချင်းကို ဒီလိုအချိန်မှာထုတ်မပြရင် ဘယ်အချိန် မှာ သွားထုတ်ပြမလဲ"

"နောက်နေ့ကျမှပဲ ပြပါရစေတော့ ဦးလေးရယ်"

ညီဆူးက ညောင်နာနာအသံ တမင်လုပ်ကာ ရွဲ့ပြောပြော၏။ (ထိုသို့ ရွဲ့ပြောလိုက်သောစကားသည်ပင် နောင်တစ်ချိန်တွင် သူ့အတွက် အကြီးအကျယ် ပြဿနာတက်စေလိမ့်မည်မှန်း ကြိုတင်၍ မသိနိုင်ခဲ့)

ဦးစိန်တင်ကမူ ရွဲ့ပြောလို့ပြောမှန်း သဘောမပေါက်ဘဲ. . .





www.burmeseclassic.com

www.burmeseclassic.com



"ဟ. . . နောက်နေ့ကျရင် စတိတ်ရှိုးမှမရှိတော့ဘဲ၊ သြော်. . . ဘာလဲ. . . နောက်တစ်နေ့ညက တန်ဆောင်မုန်းလပြည့်ကျော်တစ်ရက် နေ့ဆိုတော့ ဧကန္တ မင်းတို့ ကျီးမနိုးပွဲလုပ်ကြမလို့ထင်တယ်"

"ဟာ. . . မဟုတ်ပါဘူး၊ ကြံကြီးစည်ရာဗျာ"

မှတ်ကြီးက ပျာပျာသလဲဝင်ငြင်း၏။ ဦးစိန်တင်က ခေါင်း တဆတ်ဆတ်ညိတ် ရင်း . .

"အေး. . . မလုပ်ရင်ပြီးရော၊ ကျီးမနိုးပွဲလုပ်ရင် ငါကတော့ အရေးယူရမှာဗျ၊ နားလည်လား. . . မောင်ရင်တို့"

ဟု အတည်ပေါက်နှင့်ကြိမ်း၏။ ညီဆူးကတော့ . . .

"ဟင်း. . . ကျီးမနိုးပွဲသာလုပ်ခွင့်ရလို့ကတော့ တခြားအိမ်က ပစ္စည်းမခိုးဘူး၊ သူ့သမီးတွေအားလုံးကို အိပ်ပျော်နေတုန်း ခိုးသွားပြီး တိုက်တန်းနစ်သဘော်ပေါ် တင်ပေးလိုက်မယ်"

ဟု တိတ်တိတ်ကလေး တွေးနေမိသည်။

●

အိမ်ပြန်ရောက်တော့ လမ်းထိပ်ကအပျိုကြီး မချိုချိုဆွေတစ် ယောက် သော့ပိတ်ထားသော တံခါးဝရှေ့မှာ ငုတ်တုတ်ထိုင်ပြီး စောင့် နေသည်ကိုတွေ့ရ၏။ လက်ထဲမှာလည်း မယ်ဇလီဖူးသုပ်တွေထည့်ထား သော ကြွေရည်သုတ်ဇလုံတစ်လုံး။

သော့ဖွင့်ဝင်ပြီး ဧည့်ခန်းထဲမှာထိုင်မိကြသည်နှင့် အပျိုကြီး မမချိုက မယ်ဇလီဖူးသုပ်ဇလုံကို စားပွဲပေါ် ဂွပ်ခနဲတင်လိုက်ပြီး. . .





"ဟောဒီမှာ မင်းတို့အတွက် မယ်ဇလီဖူးသုပ်လာပို့တာလေ၊ စားကြဦး၊ တန်ဆောင်မုန်းလပြည့်ညမှာ ဆေးပေါင်းခတယ်ဆိုပဲကွဲ့၊ ကဲ. . . ကဲ. . . စားကြပါဦး၊ မယ်ဇလီဖူးက သိပ်ဆေးဖက်ဝင်တာ"

ညီဆူးကော မှတ်ကြီးပါ တွန့်ခနဲဖြစ်သွား၏။ သူတို့နှစ်ယောက် စလုံး အဲဒီမယ်ဇလီဖူးဆိုသည့်ဟာကြီးကို လုံးဝမကြိုက်။

ရှေးလူကြီးတွေကလည်း ခက်ပဲခက်ကြသည်။ ဘာကြောင့်များ မယ်ဇလီဖူးမှာမှ ဆေးပေါင်းခတယ်လို့ အစဉ်အလာသတ်မှတ်ခဲ့ကြပါ လိမ့်။

တကယ်ဆို ခေါက်ဆွဲကြော်မှာ ဆေးပေါင်းခတယ်တို့၊ ဒံပေါက် မှာ ဆေးပေါင်းခတယ်တို့ စသဖြင့် ပြောစမှတ်ပြုခဲ့ဘို့မကောင်းပါလား၊ ဒါဆိုလျှင် ခေါက်ဆွဲကြော်တွေ ဒံပေါက်တွေ အလကား အပြတ်ဝါးရ ဦးမည်။ (နောင်လာနောက်သား ကောင်းစားဖို့ရာ ဖြစ်ပေတာပေါ့)

ခုတော့. . . ဒီအစဉ်အလာစနစ်ဆိုးကြီးကြောင့် ခါးသက်သက် မယ်ဇလီဖူးတွေကို ဟိုအိမ်ကအတင်းလာပို့၊ ဒီအိမ်ကအတင်းလာပို့နှင့် စားရလည်းအခက် သွန်ပစ်ရလည်းအခက်။

မမချိုကတော့ . . .

"သြော်. . . ခက်တော့တာပဲ၊ ဒီကလေးတွေ ဘာငိုင်နေကြတာ လဲ၊ စားကြပါဆို၊ ကဲ. . . ကဲ. . . ဒီမှာ မမ အရင်စားပြမယ်၊ ပလပ်. . . ပလပ်. . . ပလပ်"

မြည်းသလိုလိုဘာလိုလိုနှင့် သူချည်းစားပစ်လိုက်ရာ ပန်းကန် တစ်ဝက်ကျော်ကျော် ပြောင်သွား၏။ တကယ်ပဲ ကြိုက်လို့စားတာလား 'ဆေးဖက်ဝင်သည်' ဟု ကြားဖူးနားဝရှိထားသောကြောင့် ဖက်ရှိုင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အောင် ဇွတ်မှိတ်ပြီး ကြိတ်ရတာလားတော့မသိ။

ညီဆူးက . . .

“ကဲ. . . မမချို၊ မမချိုလည်း တကူးတကလာစောင့်နေရတာ ကြာလှရောပေါ့၊ ဆိုပါဦး၊ ကျွန်တော်တို့ ဘာကူညီရမလဲ”

အကြောင်းသိချင်းမို့ လိုရင်းရောက်အောင် ဒဲ့ဒိုးပဲပြောချလိုက်တော့သည်။ ဟုတ်သည်။ ဒီအပျိုကြီး ကျွေးပြီမွေးပြီဆိုလျှင် တစ်ခုခု ခိုင်းစရာရှိလို့မှန်း အစဉ်အလာအရသိပြီးသား. . . ။

“အေးကွယ်. . . မနက်ဖြန်ညကျရင် တန်ဆောင်မုန်းလပြည့်ကျော်တစ်ရက်နေ့မဟုတ်လား၊ သူခိုးကြီးညဆိုလား. . . ကျီးမနိုးပွဲဆိုလား၊ အဲဒါလေ. . . ရပ်ကွက်ထဲက ချာတိတ်တွေက ဟိုအိမ်ကပစ္စည်းတွေခိုး၊ ဒီအိမ်ကပစ္စည်းတွေခိုးနဲ့ ပြီးရင် မတော်မတည့်နေရာတွေမှာ လျှောက်ထားပစ်ခဲ့ကြတာ။ ဟိုးတစ်နှစ်ကလည်း မမလှန်းထားတဲ့ ဘော်လီတစ်ထည်ကို ခိုးသွားပြီး ဓမ္မာရုံနားကရေအိုးစင်မှာ ချိတ်ပစ်ခဲ့တာ၊ ပြီးတော့ ဘော်လီအောက်မှာ ‘ရေစစ်နှစ်ခုတွဲ အလှူရှင် ဒေါ်ချိုချိုဆွေ ကောင်းမှု’ ဆိုပြီး စာတောင်ရေးပစ်ခဲ့သေးတယ်၊ သိပ်ဆိုးတဲ့ကလေးတွေကွယ်၊ မမဖြင့် ရှက်လိုက်တာမပြောပါနဲ့”

မှတ်ကြီးက ခေါင်းကိုကုတ်သလိုလိုနှင့် မျက်နှာကို တစ်ဖက်လွှဲကာပြုံးရင်း . . .

“ဒီနှစ်တော့ အဲဒီလိုပစ္စည်းခိုးတာတွေဘာတွေ ရှိတော့မှာမဟုတ်ပါဘူး မမချိုရဲ့၊ ကျီးမနိုးပွဲလုပ်ရင် အရေးယူမယ်လို့ ကြေညာထားတယ်ဆိုပဲ”

“အို. . . လူတွေက ပြောလို့ရတာမဟုတ်ပါဘူး၊ လစ်ရင်လစ်သလို လုပ်ကြမှာပဲ၊ မမချိုတော့ကြောက်တယ်၊ အိမ်မှာက မိန်းမသား





ချည်းနေတာဆိုတော့ သူတို့မဟုတ်တာလာလုပ်မှန်း မြင်နေလည်း ဟန့်လို့ပြလို့ရတာမဟုတ်ဘူး၊ အဲဒါကြောင့် မနက်ဖြန်ညကျရင် မောင်လေးတို့ထဲက တစ်ယောက်ယောက် မမအိမ်မှာ အဖော်လာအိပ်ပေးပါလားလို့ . . . ဟင်း. . . ဟင်း. . . အကူအညီတောင်းတာ”

ထိုစကားအဆုံးတွင် ညီဆူးက စားပွဲကို လက်ဝါးဖြင့် ‘ဖြန်း’ ခနဲ အားရပါးရပုတ်လိုက်ပြီး . . .

“ဟာ. . . ဟုတ်တာပေါ့၊ ကြည့်စမ်း. . . မမချိုနဲ့ မှတ်ကြီးက စိတ်ကူးချင်းတူလိုက်တာ၊ စောစောက စတိတ်ရှိုးကအပြန် လမ်းမှာတင် မှတ်ကြီးက ကျွန်တော့်ကိုပြောနေသေးတယ် ‘မမချိုတို့က မိန်းမသားတွေချည်းပဲဆိုတော့ ငါသွားပြီး အဖော်လုပ်ပေးရင်ကောင်းမလား မသိဘူး’ တဲ့”

“ဟယ်. . . ဟုတ်လား. . . ကြည့်စမ်း. . . ကြည့်စမ်း. . . လိမ္မာလိုက်တဲ့ကောင်ကလေး”

မမချိုကတော့ လက်ခုပ်လက်ဝါးကလေးများပင်တီးကာ ဝမ်းသာအယ်လဲ ဖြစ်ရှာလေပြီ။

မှတ်ကြီးကတော့ မျက်လုံးပြူးကာ ပါးစပ်အဟောင်းသားဖြင့် မျက်စိပျက်မျက်နှာပျက်။

“ဟော့. . . ဟော့ကောင်. . . ညီဆူး. . . ငါ. . . ငါ. . . ဘယ်တုန်းကမှ မပြော. . . ”

ညီဆူးက မြန်မြန်ဆန်ဆန်ပင် မှတ်ကြီး၏စကားကိုဖြတ်ပြီး. . .

“အောင်မာ. . . မင်းပြောပါတယ်ကွာ၊ ငါတောင် ‘ဟုတ်တယ် . . . ဟုတ်တယ်’ လို့ ထောက်ခံလိုက်သေးတယ်လေ၊ ကဲ. . . မမချို ဘာမှ ပူမနေနဲ့၊ မနက်ဖြန်ညကျရင် ဒီကောင် လာအိပ်ပေးပါ့မယ်၊



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချလက်ချသာပြန်ပေတော့"

"အေး. . . . အေး. . . ကျေးဇူးပဲကွယ်"

"မဟုတ်. . . မဟုတ်သေးဘူးလေ မမချိုရဲ့. . . ဟိုဒင်း"

မှတ်ကြီးကား ရေနစ်သူ ကောက်ရိုးတစ်မျှင်ဆွဲသကဲ့သို့ လွတ်ရာလွတ်ကြောင်း ရှုန်းထွက်ဖို့ကြိုးစားရှာလေပြီ။

"ဟိုဒင်း. . . နိုင်ငံခြားမှာနေတဲ့ မမချိုရဲ့ရည်းစားက သိသွားရင် ကျွန်တော်နဲ့မမချိုကို အထင်လွဲနေမှဖြင့်. . ."

"အိုကွယ်. . . ကိုကိုက နားလည်မှုအရမ်းရှိတာ၊ ဘယ်တော့မှ အထင်မလွဲဘူး၊ ပြီးတော့ မောင်လေးတို့ ဘယ်လောက်ရိုးသားတယ်ဆိုတာလည်း မမက အကုန်ပြောပြထားပြီးသား (ဟင်. . . ချက်ချင်းကြီး ဘယ်တုန်းကပြောလိုက်ပါလိမ့်) ကဲ. . . မမချိုသွားမယ်၊ မနက်ဖြန်ညကျရင်သာ လာခဲ့ဖို့မမေ့နဲ့၊ တီလား. . ."

မမချိုကား အပျိုပေါက်ကလေးသဖွယ် ဆတ်ကော့လတ်ကော့နှင့် မြူးကြွစွာပြန်သွားလေပြီ။

မမြူးနိုင်မကြွနိုင် ခွေးမှိုင်မှိုင်ပြီးကျန်ခဲ့သူကတော့ မှတ်ကြီး။

"ညီဆူးရာ. . . မင်းကွာ. . . လုပ်ရက်လိုက်တာ"

"ဆောရီး. . . သူငယ်ချင်းရာ၊ ကမ္ဘာမီးလောင် သားကောင်ချနင်းရတာပဲ၊ မင်းမသွားရင် ငါသွားရမှာကွ၊ မင်းရဲ့စွန့်လွှတ်မှု အနစ်နာခံနိုင်မှု သူရဲကောင်းပီသမှုတွေကို ငါ အမြဲတမ်း ဦးညွှတ်အလေးပြုနေမှာပါ မှတ်ကြီး၊ ကောင်းရာသုဂတိလားပါစေကွာ"

စကားအဆုံးတွင် ညီဆူးက ဦးညွှတ်ပြီး တစ်မိနစ်ခန့် ငြိမ်သက်နေလိုက်၏။

■





## အခန်း (၈)

တန်ဆောင်မုန်းလပြည့်ကျော်တစ်ရက်နေ့ညတွင် အိပ်ယာလိပ်လေးပိုက်ပြီး အိမ်ပေါ်မှ လေးတွဲ့သောခြေလှမ်းများဖြင့် ဆင်းသွားရှာသည့်မှတ်ကြီးကို ညီဆူးက စိတ်ထဲမှနေ၍ အမြောက်နှစ်ဆယ့်တစ်ချက်ပစ်ဖေါက်ပြီး ဂုဏ်ပြုလိုက်သည်။

လမ်းထိပ်အိမ်မှ အပျိုကြီးကတော့ ကော်ဇောနီခင်းပြီး ကြိုဆိုနေမလား မပြောတတ်ပါ။

တစ်လမ်းလုံးမှာ လူငယ်တွေကတော့ ဟိုသွားဒီလာဖြင့် လှုပ်လှုပ်ရွရွဖြစ်နေကြ၏။ ကျီးမနိုးပွဲလုပ်ခွင့်မပြုတော့ ဘာတွေများလုပ်ဖို့ကြံစည်နေကြမှာပါလိမ့်။ ဒါမှမဟုတ် စတိတ်ရှိုးသွား၊ ဘီယာဆိုင်သွား၊ အင်တာနက်ဆိုင်သွား. . . ဒီလောက်ပဲလား။

ညီဆူး ရင်ဘတ်ထဲမှာလည်း ကျီးမနိုးပွဲလုပ်သည့်ဓလေ့ကို နှစ်မြို့က်သည့်လိပ်ပြာကလေး ရှိသည်။ (သူကိုယ်တိုင်က သူများကို တသိ



www.burmeseclassic.com

www.burmeseclassic.com



ကအောက်ဖြစ်အောင်လုပ်ချင်သည့် လူညစ်ကလေးတစ်ယောက် ဖြစ်နေရလို့လားတော့ မပြောတတ်)

ငယ်ငယ်တုန်းကတော့ ရပ်ကွက်ထဲမှ ကာလသားကြီးတွေနဲ့ ပေါင်းကာ သူများအိမ်ရှေ့မှ မြောင်းကူးတံတားကို တိတ်တိတ်ခိုးမပြီး မီးကင်းတဲပေါ်တင်ထား၊ အပေါင်ဆိုင်ဆိုင်းဘုတ်ကိုဖြုတ်ခိုးပြီး အလှူမဏ္ဍပ်ရှေ့မှာသွားထောင် စသဖြင့် ပေါက်ကရပေါင်းစုံ လုပ်ဖူးသည်။

ဒါပေမဲ့ နည်းနည်းကြီးကောင်ဝင်လာတော့ အဲဒီလို ပစ္စည်းတွေ လိုက်ခိုးရတာ အန္တရာယ်ရှိမှန်းသိလာ၏။ မသမာသူတွေကပါ ရောယောင်ပြီး အပျော်သဘောမဟုတ်ဘဲ တကယ်ခိုးဝှက်တာတွေရှိလာသည်။ နောက်ပြီး တစ်ချို့က မြောင်းကူးတံတားတွေ၊ ဆိုင်းဘုတ်တွေ၊ ရေစည်တွန်းလှည်းတွေ စသဖြင့် လေးလံသောပစ္စည်းမှန်သမျှကို နေရာတကာမှ ခိုးယူလာပြီး လမ်းထိပ်တွင်စုပုံပြီပိတ်ဆို့ထားရာမှ ရုတ်တရက် မီးဘေးအန္တရာယ်ကြုံသောအခါ မီးသတ်ကားဝင်လို့မရဘဲ ဖြစ်နေသောကြောင့် မီးလောင်ပြီး ဆုံးရှုံးမှုတွေ ဖြစ်ကုန်ရသည်ကိုလည်း ကြားဖူးထား၏။

နောက်ပြောင်ကျီစယ်သည့် ကျီးမနိုးပွဲအစဉ်အလာကိုလည်း မပျောက်ပျက်စေချင်။ ခိုးသည့်ဝှက်သည့်နည်း၊ ပစ္စည်းတွေကို နေရာရွှေ့သည့်နည်းဖြင့်လည်း ကျီးမနိုးပွဲကို မကျင်းပစေချင်။

"ဟူး"

တွေးရင်း စိတ်မောလာသောကြောင့် ညီဆူးက သက်ပြင်းကို မှုတ်ထုတ်လိုက်၏။

•





ကျီးမနိုးပွဲကို ပုံစံအသစ်တစ်မျိုးပြောင်းပြီး လုပ်သင့်ပြီ။

(ပညာအလွန်ရှိသော မဟာပညာရှိကြီးများကတော့ ဒီလိုကိစ္စမျိုးကို အဖက်လုပ်ပြီးတောင် စဉ်းစားလိမ့်မည်မဟုတ်ပါ) လူငယ်တွေပဲ စဉ်းစားရမည့်ကိစ္စဖြစ်သည်။ ဒါ လူငယ်ယဉ်ကျေးမှုပဲမဟုတ်လား။

ဘယ်လိုပုံစံပြောင်းရမည်ဆိုသည်ကိုတော့ ညီဆူးကိုယ်တိုင်လည်း မစဉ်းစားတတ်။ ယဉ်ကျေးမှုအသစ်တစ်မျိုး ထွန်းကားလာအောင် တီထွင် ဦးဆောင်ဖို့လည်း ငါ့မှာ တာဝန်မရှိပါဘူးလေ. . . ဟု သက်တောင့်သက်သာရှိစွာ ခပ်ပျင်းပျင်းတွေးလိုက်၏။

ထို့နောက်. . . စောင်ကိုခေါင်းမြီးခြုံကာ အိပ်ပစ်လိုက်လေတော့သည်။

•

ညကောင်းကင်မှာတော့ လပြည့်ဝန်းက ထိန်ထိန်သာနေ၏။

လပြည့်ကျော်တစ်ရက်နေ့ည၏ လဝန်းသည် လပြည့်ညကလမင်းထက်ပင် ပို၍ ပြည့်ဝန်းဝိုင်းစက်နေသေးသည်။

•

"ဟေ့ကောင်. . . ဟေ့ကောင်. . . ထစမ်း"

အိမ်ပေါ်သို့ ဝုန်းဝုန်းဒိုင်းဒိုင်းတက်လာသည့် ရပ်ကွက်လူကြီး ဦးစိန်တင်၏အသံကြောင့် ညီဆူး မျက်လုံးကိုမဖွင့်ချင်ဖွင့်ချင်ဖြင့် ဖွင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်၏။

မနက် ငါးနာရီခွဲသာသာလောက်ပင် ရှိဦးမည်။

ဟား. . . ဒီအဘိုးကြီး. . . စောစောစီးစီး ဘာလာလုပ်တာပါ လိမ့်။

အိပ်စုံမှုန်မွှားဖြင့်ထလာသည့် ညီဆူးကိုတွေ့တော့ ဦးစိန်တင်က လေသံမာမာဖြင့် . . .

"မင်းတစ်ယောက်တည်းလား. . . ဟိုတစ်ကောင်ကော"

"အင်. . . မှတ်ကြီးကိုပြောတာလား၊ သူ မနေ့ညကတည်းက ဒီအိမ်မှာမအိပ်ဘူးဗျ"

သူ့အဖြေစကားကြောင့် ဦးစိန်တင်၏မျက်နှာက ပိုတင်းသွားပြီး. . .

"ဒါဆိုသေချာပြီ၊ မင်းလက်ချက်ပဲ"

ဘာမှန်းညာမှန်းမသိရဘဲ စွပ်စွဲခံလိုက်ရသောကြောင့် ညီဆူး ဇဝေဇဝါဖြစ်သွား၏။ ဦးစိန်တင်က . . .

"အောင်မာ. . . ဟေ့ကောင်. . . ဘာမသိချင်ယောင်ဆောင် နေတာလဲ၊ မင်း တစ်လမ်းလုံးကိုပတ်ပြီး သိမ်းကျုံးအရှက်ခွဲထားတာလေ တောက်. . . ငါ. . . တယ်လေ၊ ငါကမွေးရင် ငါ့သားလောက်ရှိတဲ့ဟာ လေးက. . ."

ဒေါသတကြီးဖြစ်နေသည့် ဦးစိန်တင်ကိုကြည့်ပြီး ညီဆူး ဘာမှ နားမလည်။

"ဟေ့ကောင်. . . ကြောင်တောင်တောင်လုပ်မနေနဲ့၊ လာ. . . ခုချက်ချင်း ငါနဲ့လိုက်ခဲ့"





ဆောင့်ဆောင့်အောင့်အောင့်နှင့် အိမ်ပေါ်မှဆင်းချသွားသည်။

ညီဆူးက ကမန်းကတန်း မျက်နှာသစ်၊ အဝတ်အစားလဲပြီး နောက်မှ ပြေးလိုက်သွား၏။

လမ်းပေါ်ရောက်တော့ ဟိုအိမ်ရှေ့မှာ လူသုံးလေးယောက် စုစု စုစု၊ ဒီအိမ်ရှေ့မှာ လေးငါးယောက် စုစု စုစု၊ တချို့က ခွက်ထိုးခွက်လန် ရယ်လို့မောလို့၊ တချို့ကပြုံးစေ့စေ့။

ညီဆူး သဘောပေါက်လိုက်ပြီ။

မနေ့ညက လမ်းထဲမှချာတိတ်တွေ ကျီးမနိုးပွဲလုပ်ကြသည်ထင် ၏။ ဒါကိုပင် ဦးစိန်တင်က သူ့လက်ချက်ထင်ပြီး စွပ်စွဲခြင်းဖြစ်မည်။ ရှင်းပြလိုက်ရင် အိုကေသွားမှာပါဟု ညီဆူး ခပ်ပေါ့ပေါ့တွက်လိုက်၏။

သူ့ကို မျက်ထောင့်နီကြီးဖြင့်ကြည့်နေသော ဦးစိန်တင်ကို ညီဆူး သတိမထားမိ။ တခစ်ခစ် ရယ်မောနေကြသော လမ်းသွားလမ်းလာတွေ ဆီကိုသာ အာရုံရောက်နေ၏။

ဘာဖြစ်လို့ သူတို့ ဒီလောက်တောင် ရယ်မောနေကြပါလိမ့်။

သိချင်စိတ်ဖြင့် သူတို့ဝိုင်းအုံနေရာဆီသို့ တိုးဝှေ့ပြီးကြည့်လိုက် သည်။ ဒီတော့မှပင် မနေ့ညက တစ်စုံတစ်ယောက်က ပြောင်မြောက် စွာ ဖန်တီးခဲ့သော သိပ်လှပယဉ်ကျေးသည့် ကျီးမနိုးပွဲလေးတစ်ခုကို ညီဆူး တွေ့ခွင့်ရလိုက်လေတော့သည်။

●

မည်သည့်ပစ္စည်းကိုမှလည်း ခိုးယူခြင်းမရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်နေလူထုကိုလည်း ဒုက္ခမပေးပါ။

ဘာအန္တရာယ်မှလည်း မဖြစ်စေပါ။

အိမ်တိုင်းအိမ်တိုင်း၏ ခြံတံခါးဝတွင် တစ်ပေသာသာခန့် ဆိုင်းဘုတ်ကလေးတွေ လိုက်လံချိတ်ဆွဲထားရုံမျှသာ ဖြစ်ပါသည်။

●

ကလေးတွေအများကြီးမွေးထားပြီး ရေသန့်ဗူးရောင်းသည့် အိမ်ရှေ့တွင် ချိတ်ဆွဲထားသည့်ဆိုင်းဘုတ်က . . .

"မွေးမြူရေး နှင့် ရေလုပ်ငန်းဦးစီးဌာန"

●

ဒေါ်လုံး၏စက်ချုပ်ဆိုင်ရှေ့တွင် ချိတ်ဆွဲထားသောဆိုင်းဘုတ်က . . .

"စကြာအပ်ချုပ်ဆိုင်"

"(မှတ်ချက် - စက်က တော်တော်ကြာပါသည်)"

သူ့စိတ်ကူးထဲကပေးထားသောနာမည်နှင့် တူနေသောကြောင့် ညီဆူးပင် ပြုံးလိုက်မိသေး၏။

●





စကားအလွန်များသော ဆေးဆရာကြီးမင်္ဂလာဆရာပု၏ အိမ်ရှေ့မှာတော့ 'လေရောဂါမှန်သမျှ ဆရာနှင့်တွေ့လျှင် အရှုံးပေးရမည်' ဟူသည့်စာသားကိုပြင်ပြီး . . .

"မင်္ဂလာ ဆရာပု"

"လေပန်းသူမှန်သမျှ ဆရာနှင့်တွေ့လျှင် အရှုံးပေးရမည်"

●

ဘိလပ်မြေခိုကာ ကန်ထရိုက်တိုက်တွေကို သဲများများနှင့်ဆောက်သဖြင့် မကြာခဏ တိုက်ပြိုသော ကန်ထရိုက်ဦးမောင်မောင်၏ အိမ်ရှေ့တွင်ကား . . .

သဲမောင်မောင်

အဆောက်အဦး ကန်ထရိုက်လုပ်ငန်း

ဟု နာမည်လှလှလေးပေးထား၏။

●

ညီဆူးက ဆိုင်းဘုတ်တွေကို လိုက်ဖတ်ကြည့်ရင်း ပြုံးစေ့စေ့။ သူ့စိတ်ထဲတွင် ဒီဆိုင်းဘုတ်များ ဖန်တီးသူကို ကျိတ်ပြီးချီးကျူးနေမိသည်။ တစ်ဦးတစ်ယောက်တည်း၏လက်ရာလား။ အဖွဲ့လိုက်ဖန်တီးတာလားတော့ မသိ။

ဘာပဲဖြစ်ဖြစ် ဒီ တန်ဆောင်တိုင်ကြီးမနိုးပွဲကတော့ လမ်းထဲ



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်ထဲမှာ အမြင်မတော်တာတွေကို လူငယ်တွေက သရော်သတိပေးသည့် ပွဲလေးတစ်ပွဲဖြစ်သွားခဲ့လေပြီ။

ဦးစိန်တင်က ညီဆူးကို စိတ်ရှိလက်ရှိ နားရင်းအုပ်ပစ်လိုက်ချင်စိတ်ကို မနည်းထိန်းချုပ်ပြီး ဆယ်အိမ်ခေါင်းကို အခေါ်ခိုင်းလိုက်သည်။

ဒီတော့မှ ညီဆူးလည်း သတိရပြီး ဦးစိန်တင်၏အိမ်ရှေ့မှ ဆိုင်းဘုတ်ကို ပြေးကြည့်ရသည်။

ရပ်ကွက်လူကြီးအိမ်ရှေ့က ဆိုင်းဘုတ်ကတော့ နှယ်နှယ်ရရမဟုတ်။ လမ်းညွှန်ဆိုင်းဘုတ်ပုံစံလုပ်ပြီး အိမ်ဘက်ဆီသို့ မြားတစ်စင်းထိုးညွှန်ထား၏။ ရေးထားသည့်စာသားကတော့ . . .

"အလှူခံပုံး . . . သို့"

●

ရပ်ကွက်လူကြီး စိတ်ဆိုးမည်ဆိုလျှင်လည်း ဆိုးလောက်စရာပဲဟု ညီဆူး တွေးမိပြီး ပါးစပ်ကလည်း တိုးတိုးတိတ်တိတ် ရယ်သံပြုမိ၏။

သူ့ရယ်သံကို ဦးစိန်တင်က ကြားဖြစ်အောင်ကြားသွားပြီး. . .

"ဩ. . . မင်းက ဒီလိုလုပ်ရတာကို သိပ်ပြီး ကျေနပ်အားရနေတယ်ပေါ့. . . ဟုတ်လား၊ တောက်. . . ငါ စိတ်ရှိလက်ရှိ လုပ်လိုက်ရလို့ကတော့ကွာ"

"အာစရိ. . . အာစရိ. . . ဘာဖြစ်တာလဲ"

ဘာမှန်းညာမှန်းမသိဘဲ အခုမှရောက်လာသည့် ဆယ်အိမ်ခေါင်းက ပြူးပြူးပြာပြာမေးတော့ ဦးစိန်တင်က ညီဆူးဘက်သို့ လက်ညှိုးထိုး





ပြီး . . .

"ဒီကောင့်ကို ရဲစခန်းပို့ကွာ. . . ကြာတယ်၊ တစ်လမ်းလုံးမှာ ဟောဒီဆိုင်းဘုတ်တွေလိုက်ချိတ်တာ ဒီကောင့်လက်ချက်ပဲ"

"ဟုတ်လား. . . အာစရိ"

ညီဆူးက မျက်လုံးပြူးသွားပြီး . . .

"ဟာ. . . မဟုတ်ဘူး၊ မဟုတ်ဘူး"

"ဘာမဟုတ်ရမှာလဲကွ၊ စတိတ်ရှိုးညတည်းက မင်းကို ငါ မသင်္ကာဖြစ်နေတာ၊ မင်းပဲပြောတာလေ၊ 'ကျွန်တော့်အရည်အချင်းကို နောက်နေ့ကျမှပြမယ်' ဆိုတာ၊ အဲဒါ မင်းမှာ အခုလိုလုပ်ဖို့ အကြံအစည်ရှိလို့ပေါ့ကွ၊ ဒါလောက်မှမရိပ်မိရလောက်အောင် ငါ့ကိုများ တုံးမှတ်နေလား"

ဦးစိန်တင်ကတော့ ရှက်ရှက်နှင့် ဖိပြီးရမ်းလေပြီ။ ညီဆူးက . . .

"မဟုတ်ဘူး ဦးလေး၊ ကျွန်တော်လုပ်တာမဟုတ်ဘူး၊ အဲဒီညတုန်းကျွန်တော်ပြောလိုက်တာက . . ."

"မလိုချင်ဘူးကွာ၊ ဘာမှလာမရှင်းပြနဲ့၊ မင်းကို ရဲစခန်းပို့မယ်၊ သတိပေးတားမြစ်ထားတဲ့ကြားက ကျီးမနိုးပွဲလုပ်တဲ့အတွက် အရေးယူခိုင်းရမယ်. . . ဒါပဲ"

လောကတွင် ရဲဖန်ရံခါဆိုသလို အပြစ်ကျူးလွန်သူကိုမရှာဖွေဘဲ တရားခံဖြစ်မည့်သူကိုသာ ရှာဖွေတတ်သည့်သဘောရှိသည်မဟုတ်လား။

●



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့် ညီဆူးတစ်ယောက် မသက်သာမှုဖြင့် ရဲစခန်းတွင် (၂၄) နာရီတိတိ အချုပ်ခံလိုက်ရလေတော့သည်။

■





## အခန်း (၉)

အချုပ်ထဲမှပြန်လွတ်လာတော့ သူ့ကို မှတ်ကြီးက အိမ်ပေါ်မှနေ၍ မိန့်မိန့်ကြီးပြုံးကာ ကြိုနေ၏။

ပြုံးနိုင်မှာပေါ့။ ညီဆူး၏ချောက်တွန်းမှုကြောင့်သာ မှတ်ကြီးတစ်ယောက် အပျိုကြီးမမချိုအိမ်မှာ သွားမအိပ်ဖြစ်ခဲ့လျှင် သူပါ အမှုတွဲထဲမှာပါပြီး အချုပ်ခန်းထဲအိပ်ရမည်မှာ သေချာသည်။

မှတ်ကြီးက ကွမ်းသွေးတွေမဲညစ်နီကျဲနေသည့် သွားတွေ အကုန်လုံးပေါ်အောင် ပါးစပ်ဖြဲကာ တဟဲဟဲရယ်လျက် . . .

"ငါ့လို သူတော်ကောင်းကိုချောက်တွန်းတော့ ဟဲ. . . ဟဲ. . . မင်းပဲ ဒုက္ခရောက်ရတာပဲမဟုတ်လား၊ သဘောပေါက်စမ်းပါကွာ၊ မမိုက်ချင်စမ်းပါနဲ့၊ မောင်မင်းလူကလေး အခုတလော ကံနိမ့်နေတယ်ကွ"

မှတ်ကြီး၏ အသားယူသောစကားကိုပင် ပြန်ပြီး မချေပနိုင်။ အချုပ်ခန်းထဲမှာ တစ်ညလုံး အိပ်မပျော်ခဲ့သောကြောင့် နာကျင်ကိုက်ခဲ



www.burmeseclassic.com

www.burmeseclassic.com



ညောင်းညာနေသည့် ခန္ဓာကိုယ်ကို ဖြေလျှော့ရန် ထိုင်ခုံပေါ် ပစ်လှဲလိုက်ရသည်။

"ဟူး. . . အချုပ်ထဲမှာ တစ်ညလုံး ဒုက္ခရောက်လိုက်တာကွာ"

"အဲဒါပဲ ညီဆူး၊ ကံကြမ္မာဂြိုလ်စီးတော့ ကိုယ့်အမြီးတောင် မြွေမှတ်ပြီး ခုန်တယ်ဆိုတာ၊ ကိုင်း. . . မင်းအတွက် ဘေးဘယာတွေ ကျော်သွားအောင် ဘယာကြော်သွားဝယ်ပေးမယ်၊ စားမလား"

"တော်စမ်းပါ. . . မှတ်ကြီးရာ၊ ပေါကြောင်ကြောင်ယတြာတွေ ပေးတဲ့ ဘိုးတော်လိုလို ဗေဒင်လိုလို ဂိုက်ဖမ်းမနေစမ်းပါနဲ့၊ အဲဒီလိုသာ ယတြာချေလို့ရတယ်ဆိုရင် တစ်ရပ်ကွက်လုံး ဉာဏ်ထူထိုင်းပြီး ပိန်းနေတာကို နည်း(နဲ)သွားအောင် ပိန္နဲသီး (ပိန်းနဲသီး)တွေကို အိမ်ပေါက်စေ့ လိုက်ဝေကွာ"

စိတ်အချဉ်ပေါက်ပေါက်ဖြင့် ပြောသော သူ့စကားကို မှတ်ကြီးက တဟားဟားရယ်၏။

"ခွေးကောင်. . . အဲဒီလိုအပြောအဆိုတွေကြောင့် ဟိုဆိုင်းဘုတ်တွေကို မင်းလက်ချက်လို့ တစ်လမ်းလုံးကထင်ကြတာ၊ ကဲ မင်းဖာသာ မင်း ဘာပဲပြောပြော ငါကတော့ ဟိုဖက်ရပ်ကွက်က အကြော်ဆိုင်သွားပြီး ဘယာကြော်ဝယ်လိုက်ဦးမယ်"

"ဘာ. . . မင်းက တကယ်ယတြာချေမလို့လား မှတ်ကြီး"

"မဟုတ်ဘူးကွ၊ နေ့လည်စာအတွက် ဟင်းချက်စရာ ဝယ်ဖို့ ပိုက်ဆံမရှိတော့လို့၊ ဘယာကြော်နဲ့ပဲစားရမှာ၊ ကဲ. . . ငါသွားပြီ"

ညီဆူးကတော့ ကုလားထိုင်ပေါ် လဲလျောင်းနေရာမှ မထနိုင်သေး။ အိပ်ရေးကလည်းပျက်ထားသောကြောင့် မှေးခနဲ အိပ်ပျော်တော့





မလိုလို ဖြစ်နေစဉ်မှာပင် အိမ်တံခါးဝကို ဖြတ်သန်းဝင်ရောက်လာသည့် ခြေသံတိုးတိုးဖွဖွကို ကြားလိုက်ရသည်။

ပြီးတော့. . . သင်းပျံ့သည့်မွှေးရနံ့တစ်ခု. . .

ပွင့်ဖတ်တွေကို လေတိုးသလိုမျိုး နူးညံ့သည့်အသက်ရှူသံတစ်ခု။

ညီဆူး၏ မှုန်ရီဝိုးတဝါးသိစိတ်ထဲသို့ ပျပျမှိုင်းမှိုင်း ဝေဝေဝါးဝါး တိုးဝင်လာသည့် အာရုံပုံရိပ်သည် နတ်သမီးဆန်နေလေသည်။

ညီဆူးက မျက်ခွံများကို အသာအယာ ဖြည်းညှင်းစွာဖွင့်ကြည့်လိုက်သည်။

ဂျင်းဘောင်းဘီဝတ်ထားသော ကုံ့ကော်ပွင့်နှင့်တူသည့် ကောင်မလေး။

သူ့ရှေ့မှာ ရောက်နေပြီ။

●

"ကျွန်မနာမည် မေမြတ်သန့်စင်ပါ"

တစ်ဝက်တစ်ပျက်သာသိခွင့်ရခဲ့သော နာမည်လေးကတော့ ပြည့်စုံပြီ၊ တစ်ခြမ်းပဲ့နေသော အိပ်မက်ကလေးသာ အပြည့်အဝ မက်ခွင့်ရဖို့ ကျန်တော့သည်။

ညီဆူး ဘာတစ်ခွန်းမှပြန်မပြောမိ။ ဒီအတိုင်းသာ ငေးရုံလေး ငေးကြည့်နေဖြစ်သည်။ သူမက ဆက်၍ . . .

"ရှင့်နာမည်ကိုကော၊ ရှင် ရဲစခန်းရောက်သွားတဲ့အကြောင်းကိုကော၊ ရေသန့်ဘူးပို့တဲ့မစန္ဒာက ပြောပြလို့သိရတာပါ ကိုညီဆူး၊ အဲဒီကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



အတွက်. . . ကျွန်မ. . . ကျွန်မ. . . "

သူမ၏စကားက တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားပြီး မျက်ဝန်းများကသာ ညီဆူးကို တည့်တည့်စူးစိုက်ကြည့်နေ၏။

●

သူမက ပဟေဠိတစ်ပုဒ်နှင့်တူနေသည်။ မည်သူမှ မဖော်စပ်ရသေးသော ဓါတုဗေဒဖော်မြူလာတစ်ခုနှင့်လည်း တူ၏။

မျက်လုံးအကြည့်တွေကတော့ မြေကြီးအောက်ထဲ နစ်မြုပ်နေသည့် သံရိုင်းတွေလိုမျိုး။

နွားနို့ရောင်အသားအရေနှင့် လည်တိုင်ပေါ်မှ စိမ်းမှောင်နေသော နာဗီစကြာပုံ ဆေးမင်ကြောင်ကတော့ ဆန့်ကျင်စွာ ဆွဲဆောင်မှုရှိနေ၏။

"ဟင်း"

ညီဆူးက ရင်ထဲမှာပင် တိုးတိတ်စွာ သက်ပြင်းချလိုက်သည်။ သူ ဘယ်လိုပဲကဗျာဆန်အောင်တွေးတွေး အဲဒီ 'မေမြတ်သန့်စင်'ဆိုသည့် ကောင်မလေး၏ တစ်ကိုယ်လုံးကို ခြုံငုံကြည့်လိုက်လျှင် (မှတ်ကြီးပြောသလို) သူမသည် . . .

မုန်လာဥဖြူဖြူ ပိန်ပိန်လေးသာဖြစ်၏။

●





မေမြတ်သန့်စင်က မျက်တောင်ကို နှစ်ချက်သုံးချက် မြန်မြန်ခတ်လိုက်ပြီး လက်စမသတ်ရသေးသော စကားကို ဆက်ပြောလိုက်သည်။

"ကျွန်မ ရှင့်ကို တောင်းပန်ချင်ပါတယ်၊ တကယ်တော့ အဲဒီဆိုင်းဘုတ်တွေဟာ ကျွန်မလက်ချက်ပါ"

စကားသံပေါက်ကွဲမှုက ကျယ်လောင်လွန်းသောကြောင့် တစ်လောကလုံး တိတ်ဆိတ်သွားသည်။

ပေါက်ကွဲမှုအရှိန်အဟုန်ရိုက်ခတ်မှုကြောင့် မြေပြင်က တုန်ခါသွားရမည့်အစား ကမ္ဘာကြီးတစ်ခုလုံး ငြိမ်သက်နေပြီး ညီဆူး၏နှလုံးသားတစ်ခုလုံးသာ တုန်ယင်ခါယမ်းသွား၏။ မေမြတ်သန့်စင်က ဆက်ပြီး. . .

"ကျွန်မကြောင့် မဆီမဆိုင်အချုပ်အနှောင်ခံခဲ့ရတဲ့ ကိုညီဆူးအတွက် ကျွန်မ ဘာများ ပြန်ပြီးပေးဆပ်ရင် ကျေနိုင်မလဲ၊ ပြောပါ. . . ကျွန်မဘက်က ထိုက်တန်တဲ့လျော်ကြေးကိုပေးဖို့ အသင့်ပါပဲ"

တမေးပွဲက အဲသည့်လိုမေးခွန်းဖြင့် စတင်ခဲ့သည်။

အားပြိုင်မှုက အဲသည်လို စိန်ခေါ်သံဖြင့် စတင်ခဲ့သည်။

စီးချင်းထိုးပွဲက အဲသည်လို စတင်ခဲ့သည်။

ရယ်မောသံများ၏ နိဒါန်းဖြစ်မလား၊ အလွမ်း၏ ပထမခြေသံဖြစ်မလားတော့ မသိ။

စတာကတော့ စတင်ခဲ့ပါပြီ။

ညီဆူးက မေမြတ်သန့်စင်၏မျက်နှာဆီသို့ ဖြည်းညှင်းစွာ တရွေ့ရွေ့လှမ်းကြည့်လိုက်သည်။ မေမြတ်သန့်စင်ကတော့ သတ္တိကောင်း



www.burmeseclassic.com

www.burmeseclassic.com



သော မိန်းမတစ်ယောက်၏ ချပ်ဝတ်တန်ဆာဟန်အပြည့်ဖြင့် ဖြူဝင်းသောလည်တိုင်ကျော့ကျော့မှာ ဦးခေါင်းကို မဆိုစလောက်ကလေး မော့ထား၏။

■





## အခန်း (၁၀)

သူမဆီမှာ ဘာပြန်ပြီးတောင်းဆိုရမလဲ. . . ဟု ညီဆူး အပြင်းအထန်စဉ်းစားသည်။ တောက်. . . အရေးဟယ်အကြောင်းဟယ်ဆိုရင် ငါ့ဦးနှောက်ကလည်း ဉာဏ်ထိုင်းလိုက်တာ။ ညီဆူး ကိုယ့်ဖါသာကိုယ် အားမလိုအားမရဖြစ်လာသည်။

မေမြတ်သန့်စင်ကတော့ ညီဆူးစဉ်းစားနေပုံကို မျက်တောင်မခတ် စိုက်ကြည့်နေ၏။ အစကတော့ ညီဆူးက ဧည့်ခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်ပြီး စဉ်းစားသည်။ နောက် နံရံကိုမှီပြီး စဉ်းစားသည်။ ပြတင်းပေါက်မှာ လက်ထောက်ပြီးစဉ်းစားသည်။

ခဏနေတော့ ကြမ်းပေါ်မှာ ဝမ်းလျားမှောက်အိပ်ပြီး စဉ်းစားသည်။ သိပ်မကြာခင်မှာပင် ပုံစံနောက်တစ်မျိုးပြောင်းပြန်သည်။ ကုလားထိုင်ပေါ် ရိုးရိုးမထိုင်ဘဲ ဆောင့်ကြောင့်ထိုင်ပြီးစဉ်းစားသည်။ နောက် စားပွဲခုံစွန်းမှာ ဦးခေါင်းစိုက်ပြီးစဉ်းစားသည်။



www.burmeseclassic.com

www.burmeseclassic.com



ငါးမိနစ်လောက်ကြာတော့ ကုလားထိုင်ပေါ် ခွေခွေလေးလှဲပြီး စဉ်းစားပြန်သည်။ ပြီးတော့ ပြန်ထသည်။ ခေါက်တုံ့ခေါက်ပြန် လျှောက်ပြန်သည်။ ဒါလည်း သိပ်မကြာ။ ခဏနေတော့ နံရံအနီးတွင် ပက်လက်လှန်ကာ ခြေထောက်နှစ်ချောင်းကိုထောင်၍ နံရံမှာ ဆန့်မှီထားရင်း စဉ်းစားပြန်သည်။

ဟော. . . တစ်မျိုး၊ ဟော. . . တစ်မျိုး ပုံစံပြောင်းနေတော့ မေမြတ်သန့်စင် မျက်စိနောက်လာပြီး. . .

"ရှင်. . . ဘာတွေလုပ်နေတာလဲ"

"မင်းဆီက ဘာပြန်ပြီးတောင်းဆိုရမလဲလို့ စဉ်းစားနေတာလေ"

"ဟင်. . . ရှင်စဉ်းစားတာကလည်း ဂနာမငြိမ်လိုက်တာ"

"ကိုယ်က ဦးနှောက်ကိုအလုပ်ပေးပြီဆိုရင် အဲဒီလိုမျိုးပဲ စဉ်းစားတတ်တယ်"

မေမြတ်သန့်စင်က မျက်ခုံးနှစ်ဖက်ကိုကျုံ့လိုက်ပြီး. . .

"ရှင်က ရိုးရိုးသားသားစဉ်းစားနေတာနဲ့ မတူဘူး၊ လူတစ်ဖက်သားကို ဘယ်လိုညစ်ရမလဲလို့ ဉာဏ်နီဉာဏ်နက်ထုတ်နေတာနဲ့တူတယ်"

သူမ၏စကားကြောင့် ညီဆူးစိတ်ထဲတွင် အတွေးတစ်ခု မိုးခြိမ်းသလို လက်ခနဲဖြစ်သွား၏။

ဟုတ်တယ်။ နည်းနည်းတော့ညစ်ရမယ်။ ကောင်မလေးတစ်ယောက်ကို တရားဝင်ညစ်ခွင့်ရတဲ့အခွင့်အရေးဟာ ဘဝမှာ မကြာခဏရတတ်တာမျိုးမှမဟုတ်တာ။ ဒါဟာ ရှားရှားပါးပါးကန်ခွင့်ရတဲ့ ပြစ်ဒဏ်





ဘောတစ်လုံးမဟုတ်လား။

ညီဆူးက မေမြတ်သန့်စင်နှင့် မျက်နှာချင်းဆိုင်တည့်တည့်က ထိုင်ခုံမှာ ဝင်ထိုင်လိုက်၏။ ပုံစံကတော့ တကယ့်ကို အတည်အတန့်။ မေမြတ်သန့်စင်ကလည်း ညီဆူးပြောလာမည့်စကားကို အာရုံစူးစိုက်မှုအပြည့်ဖြင့် နားထောင်နေသည်။

ညီဆူးက ချောင်းတစ်ချက်ဟန့်လိုက်ပြီး . . .

"မင်းကြောင့် ရဲစခန်းမှာ ကိုယ်ဒုက္ခရောက်ခဲ့တာက တစ်ရက်တည်းဆိုတော့ မင်းဘက်ကပြန်ပြီး ပေးဆပ်ရတဲ့အချိန်ကာလကလည်း (၂၄)နာရီထက်တော့ မပိုသင့်ဘူးပေါ့နော်၊ ဒါမှ တရားမျှတမယ် မဟုတ်လား"

"အဲဒီလို တိတိကျကျစဉ်းစားပေးတာ ကျေးဇူးပဲ"

သူမ၏စကားပြောလေသံက ခပ်ငေါ့ငေါ့၊ ခပ်ရွဲ့ရွဲ့။ ညီဆူးက မျက်နှာကျက်ကိုမော့ကြည့်၍ စဉ်းစားနေဟန်လုပ်ကာ . . .

"အဲဒီတော့. . ."

ညီဆူးက အကြီးမားဆုံးထိုးနက်ချက်ကို တိုက်ခိုက်ရန် ဓါးအိမ်မှ ဓါးကို ဖျတ်ခနဲဆွဲချွတ်သလို အရှိန်ယူလိုက်ပြီးမှ . . .

"ကိုယ့်ကို မင်းရဲ့ရည်းစားအဖြစ်နဲ့ (၂၄)နာရီ အချိန်ပေးရမယ်"

"ရှင်"

•



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ချက်မြည်နေသော နာရီစက်သံမှလွဲ၍ ဧည့်ခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

မေမြတ်သန့်စင်က အံ့အားသင့်ခြင်း၊ ဒေါသဖြစ်ခြင်းတို့မှ မိမိကိုယ်ကို ပြန်လည်ထိန်းသိမ်းရန် မိနစ်အနည်းငယ်သာ အချိန်ယူလိုက်ရ၏။

သူမက ပကတိအေးစက်သောအသံဖြင့် . . .

"(၂၄)နာရီအတွင်းမှာ နာမည်ပျက်သွားမယ့် မိန်းမတစ်ယောက်ဂုဏ်သိက္ခာကိုမှ ရှင်က ဆုဖလားတစ်ခုလို သိမ်းပိုက်ချင်တာပေါ့ ဟုတ်လား"

"ကိုယ်ဟာ လူညစ်တစ်ယောက် လူရိုင်းတစ်ယောက်ဖြစ်ချင်ဖြစ်မယ်၊ ဒါပေမဲ့ လူယုတ်မာတော့မဟုတ်ဘူး၊ မင်းနာမည်ပျက်အောင် မင်းရဲ့ဂုဏ်သိက္ခာထိခိုက်အောင် ဘာမှမလုပ်ဘူးလို့ ငါကတိပေးတယ်၊ ပြီးတော့ မင်းရဲ့ခန္ဓာကိုယ်ကို လက်ဖျားနဲ့တောင်မတို့ဘူးဆိုတဲ့အကြောင်းကိုလည်း ငါ ကျိန်ဆိုတယ်"

ညီဆူး၏အသက်ရှူသံတွေက ပြင်းထန်လာသလို စကားသံကလည်း အနည်းငယ်ကျယ်လောင်လာသည်။ ပြီးတော့မှ ရင်ခုန်သံမြင်းရိုင်းတွေကို ဇက်သပ်သလို အရှိန်လျှော့ချကာ ခပ်တိုးတိုး ဆက်ပြောလိုက်သည်။

"ကိုယ်က 'မင်းနဲ့သာ ချစ်သူဖြစ်ခွင့်ရရင် ဘယ်လိုနေမလဲ'ဆိုတဲ့ ခံစားချက်ကို ကိုယ့်ရင်ဘတ်ထဲမှာ ရွှေငါးလေးတစ်ကောင်လိုမွေးပြီး စောင့်ကြည့်နေချင်လို့ပါ"

မေမြတ်သန့်စင်က သူ့ကိုမကြည့်ဘဲ ပြတင်းပေါက်အပြင်ဘက်သို့ မျက်နှာလွှဲထား၏။ အတန်ကြာမှ . . .





"ဒါကို ရှင်က တရားမျှတတယ်လို့ထင်လို့လား"

"တရားမျှတတယ်ဆိုတာ အပေါ်စီးရတဲ့လူတွေက ထုတ်ပြန်တဲ့စည်းမျဉ်းသတ်မှတ်ချက်မဟုတ်ပါဘူး၊ ရင်ထဲမှာ သူ့အလိုလို ဖြစ်ပေါ်လာတဲ့ရိုးသားမှုပါ"

"ကျွန်မမေးတဲ့မေးခွန်းကို ရှင် တည့်တည့်မဖြေရသေးဘူးလေ"

"ဖြေပြီးတာ ငါးစက္ကန့်ခွဲတိတိရှိသွားပါပြီ၊ ကိုယ်က ကိုယ့်ရင်ထဲမှာ အလိုလိုပေါ်လာတဲ့အတိုင်း တောင်းဆိုခဲ့တာပါ၊ ဒါပါပဲ"

လေပြေလေညင်းက ညင်ညင်သာသာတိုက်ခတ်နေသောကြောင့် ပြတင်းပေါက်မှ ခန်းဆီးလိုက်ကာစတွေ တဖျတ်ဖျတ်လှုပ်နေကြ၏။ ဆောင်းငွေ့ယှက်သန်းသောလေထဲတွင် မရေရာမှုတွေ စီးမျောနေကြသည်။

မေမြတ်သန့်စင်က . . .

"ကိုယ့်အမှားကို ကိုယ် ရိုးရိုးသားသားဖြောင့်ချက်လာပေးတဲ့ကျွန်မဆီက ရှင် အခွင့်အရေးယူတာ သိပ်များလွန်းနေတယ်လို့ မထင်ဘူးလား"

"တောင်းဆိုဖို့ စပြီးဖိတ်ခေါ်ခဲ့တဲ့လူက မင်းပါ၊ ကိုယ်က မင်းရဲ့ဖိတ်ခေါ်မှုနောက်ကို လိုက်ရတာပါ"

"ရှင့်တောင်းဆိုမှုကို လိုက်လျောရလောက်အောင်တော့ ကျွန်မမမိုက်မဲသေးဘူးထင်တာပဲ"

"ရတယ်လေ၊ ဒါဆိုလည်း မင်းဟာ ကိုယ့်ကိုစိန်ခေါ်လာပြီးမှ ဆုတ်ခွါထွက်ပြေးသွားတဲ့ ကောင်မလေးတစ်ယောက်လို့ သဘောထားလိုက်ရုံပေါ့၊ ကိုယ်ကတော့ မင်းကိုမြင်တိုင်း စိတ်ထဲမှာ တစ်သက်လုံးအနိုင်ရ



www.burmeseclassic.com

www.burmeseclassic.com



နေတော့မှာပဲ"

လေပြေထက်ပင် နူးညံ့သောအသက်ရှူသံကို ကြားရ၏။ သူမ၏ ဆံနွယ်တွေ ညင်ညင်သာသာယိမ်းနွဲ့နေသည်။

တိတ်ဆိတ်စွာဖြင့် တစ်ဦးကိုတစ်ဦး အသေအကြေသတ်ဖြတ်နေကြသော တိုက်ပွဲတစ်ခုအလယ်မှာ ရောက်နေသည်ဟု ခံစားရ၏။

သူမက ထွက်သက်ကို ဖွဖွငြင်သာစွာမှုတ်ထုတ်သည်။ သံမဏိရောင် အကြည့်တစ်ခု၏နောက်တွင် အသွားထက်မြသော စကားတစ်ခွန်းကပ်ပါလာ၏။

"ကောင်းပြီလေ. . . ဒါဆိုလည်း ကျွန်မဘက်က မိုက်မဲရတော့မှာပေါ့"

●

ညီဆူးကလည်း သူမ၏အချစ်ကို အဲသည် (၂၄)နာရီအတွင်း ရအောင်ယူဖို့ ဆုံးဖြတ်လိုက်သည်။

မေမြတ်သန့်စင်ကလည်း ဘာမှန်းမသိရသေးသော လူညစ်တစ်ယောက်ကို (၂၄)နာရီတာကာလအတွင်းမှာ ဘယ်လိုကိုင်တွယ်ရမလဲဟု စဉ်းစားသည်။

သေဒဏ်ကျခံရမည့်သူတစ်ယောက်အတွက်ဆိုလျှင်တော့ (၂၄) နာရီဆိုသည်မှာ သိပ်ကို တိုတောင်းလွန်းသောအချိန်ဖြစ်ပါသည်။

■





## အခန်း (၁၁)

"ဘယ်ဆီကိုမင်းရောက်နေမလဲ"

လက်ကိုင်ဖုန်းခေါ်သံအဖြစ်ထည့်ထားသော လေးဖြူသီချင်း Ring Tone မြည်သံကြောင့် မေမြတ်သန့်စင်က နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေရာမှ လန့်နိုးလာ၏။ နာရီကိုလှမ်းကြည့်လိုက်တော့ နံနက်လေးနာရီ ထိုးပြီးရုံမျှသာရှိသေးသည်။

ဆောင်းတွင်းကြီး မနက်စောစောစီးစီး အိပ်ကောင်းနေတုန်းနိုးလာရသဖြင့် မေမြတ်သန့်စင် စိတ်တိုသွား၏။

ဘယ်ခွေးသား ဆက်တာပါလိမ့်။

"ဘယ်ဆီကိုမင်းရောက်နေမလဲ၊ ဘယ်သူတွေနဲ့မင်းရှိနေမလဲ"

ဖုန်း Ring သံက အဆက်မပြတ်မြည်နေဆဲ။ မေမြတ်သန့်စင်က ဆောင့်ကြီးအောင့်ကြီးဖြင့် ဖုန်းကိုကိုင်ကာ . . .

"ဟဲလို. . . ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို. . . မေမြတ်သန့်စင်လား၊ ကိုယ်ပါ ညီဆုးပါ"

စိတ်က သံပတ်ပြတ်ထွက်တော့မတတ် တင်းခနဲဖြစ်သွားပြီး. . .

"ရှင် ဘာကိစ္စဆက်တာလဲ၊ ဒီအချိန်ဟာ သူများတွေအိပ်နေတဲ့အချိန်ဆိုတာ နည်းနည်းမှမသိတတ်ဘူးလား"

တစ်ဖက်မှ ပြောင်စပ်စပ်နှင့် ညီဆုး၏အသံက . . .

"ဟာ. . . ဘာလို့အိပ်နေရတာလဲ၊ ဒီလိုဆောင်းတွင်းမနက်စောစောဆိုတာက ကျန်းမာရေးအတွက် လေ့ကျင့်ခန်းတွေဘာတွေလုပ်ရမှာ၊ အခု ကိုယ်တောင် စောစောစီးစီး အပြေးလေ့ကျင့်မလို့၊ အဲဒါ"

"ရှင့်ဘာသာရှင် ပြေးရုံမကလို့ ကျွမ်းပဲထိုးထိုး ကမ္ဘာလုံးထဲပဲဆိုင်ကယ်စီးစီး ကျွန်မကို ဘာကိစ္စဖုန်းဆက်ပြီးနှိုးရတာလဲ"

ညီဆုးက တမင်သိသိသာသာလုပ်ထားသော အံ့ဩသည့်အသံဖြင့် . . .

"ကိုယ်က မင်းနဲ့ အတူတူပြေးမယ်လို့စိတ်ကူးပြီး လှမ်းခေါ်တာလေ၊ လာပါကွာ. . . ထစမ်းပါ၊ အိပ်ပုတ်မကြီးစမ်းပါနဲ့၊ နှင်းတွေကြားမှာ နှစ်ယောက်အတူတူပြေးရမှာ ပျော်စရာကြီး. . . ဟဲ. . . ဟဲ. . . "

"ဘာပျော်စရာကြီးလဲ၊ ရှင်ရူးနေလား၊ မလာဘူး၊ မလာဘူး"

တစ်ဖက်က ညီဆုး၏အသံက အောင်ပွဲခံသူတစ်ယောက်လိုမျိုး။

"ဟော. . . မင်းမေ့သွားပြီထင်တယ်၊ ကိုယ်က မင်းရဲ့ရည်းစားလေ၊ ကိုယ့်ချစ်သူနဲ့အတူတူ ဆောင်းနှင်းမြူတွေကြားထဲ ပြေးချင်တာပေါ့၊ လာခဲ့နော်၊ ကိုယ် အိမ်ရှေ့မှာစောင့်နေမယ်၊ တာ့. . . တာ"





"ဂလောက်"

ပိုင်ပိုင်နိုင်နိုင်ကြီးပြောပြီး တစ်ဖက်မှ ဖုန်းချသွားသည်။ မေမြတ်သန့်စင် နှုတ်ခမ်းကိုကိုက်ထားမိ၏။

ညီဆုး တမင်ညစ်နေပြီမှန်းလည်း သိလိုက်သည်။

ဘာမှ မတတ်နိုင်။

ဟင်း (၂၄)နာရီ၊ (၂၄)နာရီ။ ဒီနေ့တစ်ရက် ဝဋ်ခံပြီးရင်တော့ ဒီညစ်စုတ်စုတ်ငနဲနဲ့ ကိစ္စပြတ်ပါပြီ။ သည်းခံလိုက်. . . သည်းခံလိုက်ဟု ကိုယ့်ကိုယ်ကိုယ် ကျိတ်မှိတ်အားပေးရင်း အိပ်ယာထဲမှ မနည်း စိတ်တင်းကာလူးလဲထလိုက်သည်။

အေးစက်နေသောရေဖြင့် မျက်နှာသစ်လိုက်တော့ မျက်နှာတစ်ခုလုံး ထုံကျင်သွားသလို ခံစားလိုက်ရ၏။

"အား. . . ပါး. . . ပါး. . . ချမ်းလိုက်တာ"

ပြီးတော့ အားကစားထရက်ဆုဝတ်စုံကိုလည်း ဝတ်လိုက်သည်။ အိပ်ချင်သည့်စိတ်က တားမရ။ တစ်ချက်သန်းဝေလိုက်မိ၏။

"ဝါး. . . "

•

နှင်းမြူတွေဆွတ်ဆွတ်ဖြူကာ မှိုင်းနေသည်။

နေခြည်က ပျပျလင်း၏။ အေးစိမ့်သောဆောင်းလေက တစိမ့်စိမ့်ရင်ထဲအထိ တိုးဝှေ့တိုက်ခတ်နေသည်။ နှုတ်ခမ်းနှစ်လွှာကိုဟကာ မှုတ်ထုတ်လိုက်သောအခါ ရေခိုးရေငွေ့ပါသော ထွက်လေကို မြင်ရလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

မြူခိုးတွေဝေ့တာလား၊ ဒေါသအခိုးအငွေ့တွေ ဝေ့တာလားတော့ မပြောတတ်။ မေမြတ်သန့်စင်၏မျက်ဝန်းထဲတွင် မှိုင်းမှိုင်းမှုန်ဝေနေ၏။

ညီဆူးကတော့ သူမ၏နံဘေးမှ ယှဉ်လျက် စည်းချက်ညီညီ ရွရွကလေးပြေးကာလိုက်နေသည်။ ပြီးတော့ သူမမျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်ရင်း . . .

"ဟိတ် . . . မျက်နှာကြီး စူပုပ်မထားနဲ့လေကွာ၊ ချစ်သူနဲ့ အတူတူအားကစားလေ့ကျင့်နေတယ်ဆိုတာ ပြုံးရွှင်မြူးကြွနေမှ သဘာဝကျမှာပေါ့၊ ကဲ . . . နည်းနည်းလောက်ပြုံးစမ်းပါဦး"

မေမြတ်သန့်စင်က ဝတ်ကျေတမ်းကျေနှုတ်ခမ်းနှစ်လွှာကို ဖြဲဟလိုက်၏။ ညီဆူးက ခေါင်းကိုကုတ်လိုက်ရင်း . . .

"ဟာ . . . ဒါက ပြုံးတာမှမဟုတ်ဘဲ၊ သွားကိုက်နေလို့ သွားဆရာဝန်ကို ပါးစပ်ဖြဲပြနေတဲ့ပုံမျိုးပဲ၊ ကဲ . . . လုပ်စမ်းပါ၊ သဘာဝကျကျအပြုံးလေး"

"ဘယ်လိုမှပြုံးလို့မရဘူး၊ ရှင့်ကို . . . ရှင့်ကို ဒေါသဖြစ်လွန်းလို့"

ညီဆူးက ဟက်ခနဲ တစ်ချက်ရယ်၏။ ပြီးတော့ . . .

"အင်း . . . အဲဒီလိုပြောလိုက်မှပဲ တစ်ခု သတိရသွားတော့တယ်"

"ဘာလဲ"

"မင်းနဲ့ကိုယ်နဲ့ကြားက အခေါ်အဝေါ်လေ၊ 'ရှင်' နဲ့ 'ကျွန်မ' ဆိုပြီး ပြောပြောနေတာကြီးက မမိုက်ပါဘူးကွာ၊ သိပ်သူစိမ်းဆန်တာပဲ အဲဒီတော့ မင်းက ကိုယ့်ကို 'မောင်'လို့ခေါ်၊ ကိုယ်က မင်းကို နာမည်လေးအဖျားဆွတ်ပြီး 'စင်'လို့ခေါ်မယ်၊ အိုကေနော်"





"တောက်"

မေမြတ်သန့်စင်က ဒေါသဖြစ်ဖြစ်နှင့် တောက်ခေါက်ပြီး မျက်စောင်းထိုးကြည့်လိုက်သည်။ ညီဆူးက အဲဒီဒေါသသည် သူနှင့် ဘာမှမပတ်သက်သလိုလို၊ မသိမမြင်သလိုလို အူတူတူအမူအယာလုပ်နေသဖြင့် ပိုပြီး အသည်းယားဖို့ကောင်းနေ၏။

အဲဒီလို 'သားသား ဘာမှမသိဘူး' ဆိုသည့် အိုက်တင်မျိုးတွေကို ညီဆူးက သိပ်ပိုင်သည်။ အခုလည်း မေမြတ်သန့်စင် ဒေါကန်နေသည်ကို သူ့စိတ်ထဲ ဘယ်လိုမှသဘောမထားသည့်ဟန်ဖြင့် လက်မှနာရီကို တစ်ချက်ကြည့်ပြီး . . .

"လုပ်စမ်းပါ 'မောင်'လို့ ခေါ်ကြည့်စမ်းပါဦး၊ အချိန်က သိပ်အဖိုးတန်တာကွ၊ (၂၄)နာရီတည်းအချိန်ရတဲ့ဥစ္စာ၊ ခေါ်ကြည့် . . . ခေါ်ကြည့်"

အတင်းဇွတ်ခေါ်ခိုင်းနေ၏။ မေမြတ်သန့်စင်က ဆောင့်ဆောင့်အောင့်အောင့်အသံဖြင့် . . .

"မောင်း"

"ဟာ . . . မောင်းမဟုတ်ဘူးလေကွာ၊ မောင်းဆိုတာ ထုရတဲ့ဟာ၊ အခုခေါ်ရမှာက နှလုံးသားထဲက ယိုစီးကျလာတဲ့ နူးနူးညံ့ညံ့အသံလေးနဲ့ 'မောင်' လို့ . . ."

မေမြတ်သန့်စင်က မျက်မှောင်ကုပ်ရင်း သက်ပြင်းချကာ . . .

"အင်း . . . ခေါ်ရမှာပေါ့လေ၊ တရုတ်ဘာသာနဲ့ပြောရရင်တော့ 'မောင်'ဆိုတာ 'ကြောင်'ကိုခေါ်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ညီဆူး တွန့်ခနဲဖြစ်သွား၏။ ဒီမုန်လာဥဖြူဖြူကလေးက ခပ်ညံ့ညံ့မိန်းမတော့မဟုတ်။ သူ့ကို ပြန်တိုက်ခိုက်ဖို့ လက်နက်ကိရိယာအပြည့်အစုံကို ဦးနှောက်ထဲမှာ အရန်သင့်သိမ်းဆည်းထားပြီးသား မိန်းမတစ်ယောက်ဆိုတာ မေ့ထားလို့မဖြစ်။

ညီဆူးက တွေတွေဝေဝေစဉ်းစားနေလိုက်ပြီးမှ . . .

"ဒါဆို 'မောင်'လို့မခေါ်နဲ့တော့ကွာ၊ 'ကို'လို့ပြောင်းခေါ်"

ဒီစကားကိုကြားတော့ မေမြတ်သန့်စင်က ပြိုင်ဖက်၏အားနည်းချက်ကို မြင်လိုက်ရသော စစ်တုရင်သမားတစ်ယောက်လိုပြုံးလိုက်ရင်း . . .

"တရုတ်သာသာမှာ 'ကို'ဆိုတာ 'ခွေး'လို့ အဓိပ္ပါယ်ရတယ်"

ကိုယ့်ဖက်က တရစပ်တိုက်စစ်ဆင်နေသည့်ကြားက တန်ပြန်တိုက်စစ်ဖြင့် အပိုင်ဂိုးတစ်လုံး အသွင်းခံလိုက်ရ၏။ ညီဆူး ဘာမှမတတ်နိုင်လိုက်။

ညီဆူးက မျက်နှာအိုအိုဖြင့် . . .

"ထားလိုက်ပါတော့ကွာ၊ ဖြစ်ချင်းဖြစ်ရင် 'ကြောင်'ဖြစ်ရတာကတော်ပါသေးတယ်၊ 'မောင်'လို့ပဲခေါ်တော့နော်"

"အိုကေလေ. . . ရှင်ခေါ်ခိုင်းလို့ခေါ်ရတာနော်၊ ကျွန်မကတော့ ရှင့်ကို 'မောင်'လို့ခေါ်တိုင်း ကြောင်တစ်ကောင်ကိုခေါ်ရတယ်လို့ သဘောထားရတော့မှာပဲ"

သူမ၏ သိပ်ပိုင်ပိုင်နိုင်နိုင်ရှိလွန်းသော အသာစီးရယူလိုက်သည့် လေသံက ညီဆူးကို ခွဲစိတ်ခန်းသုံးဓါးပါးပါးကလေးဖြင့် ရှပ်ခနဲထိုးခွဲလိုက်သလို။





ပြီးတော့ လည်တိုင်ကိုဆန့်ကာ ခေါင်းမော့လိုက်သည့်အပြုံး။

အင်း. . . မင်း သိပ်ပျော်သွားတယ်ပေါ့လေ. . . ဟုတ်လား။ ညီဆူး စိတ်ထဲမှ ကျိတ်၍ကြုံးဝါးလိုက်၏။ သူကလည်း မေမြတ်သန့်စင်ဆိုသည့် မုန်လာဥကလေး အဲဒီလိုပျော်သွားမယ့်အချိန်ကို စောင့်နေတာပါပဲ။

အဲဒီတော့မှ သူ့ရဲ့ဝှက်ဖဲကို မမျှော်လင့်ဘဲ ထုတ်ပြလိုက်မည်။ ကောင်မလေး ငိုင်ဆင်းသွားစေရမည်။

ကဲ. . . လာပြီ။

●

ညီဆူးက အခုမှ တစ်စုံတစ်ရာကို ကောက်ခါငင်ကာသတိရသလို လုပ်လိုက်ပြီး . . .

"ဟာ. . . ခုမှသတိရတယ်၊ အိမ်ပြန်ပြီး အိပ်ဦးမှပဲ၊ နေ့လည်ကျရင် သူငယ်ချင်းတစ်ယောက်ရဲ့အလှူမှာ သွားကူလုပ်ပေးရဦးမှာ၊ အိပ်ရေးပျက်လို့မဖြစ်ဘူး"

"ဟင်. . . ရှင်တော်တော်ညစ်စုတ်ပါလား၊ ကျွန်မဖါသာ ကျွန်မအိပ်ကောင်းခြင်းအိပ်နေတာကိုတော့ ပြေးမယ်လေးဘာလေးနဲ့ မရမကခေါ်ထုတ်တယ်၊ ခုကျတော့ ရှင်က ပြန်အိပ်မယ်ဆိုတာ ဘာအချိုးလဲ"

"စင်ကလည်းကွာ. . . မောင်က စင်နဲ့အတူတူပြေးချင်လို့ စင့်ကို မောင်က. . ."

"တော်. . . တော်. . . ဆင်တွေမြင်းတွေလာလုပ်မနေနဲ့၊ အခု



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ဒီလိုကတ်သီးကတ်သတ်အချိန်ကြီးမှာ ဘာဆက်လုပ်ရမှာလဲ"

ညီဆူးက ရန်စွယ်ငေါငေါဖြစ်နေသည့် မုန်လာဥကလေးကို သွေးအေးအေးဖြင့် တစ်ချက်ကြည့်သည်။ ထို့နောက် သူ့အားကစားအကျႌ ဂျာကင်ထဲမှ အချိန်မှတ်နာရီ (Stopwatch) ကလေးတစ်လုံးကို ဆွဲထုတ်လိုက်၏။ နာရီဒိုင်ခွက်ထဲမှ စက္ကန့်ဂဏန်းတွေက တရစပ်ပြောင်းနေသည်။

သူက ခလုတ်ကိုနှိပ်လိုက်သောအခါ တဖျတ်ဖျတ်ပြေးလွှား ပြောင်းလဲနေသည့် ဒစ်ဂျစ်တယ်နာရီဂဏန်းလေးတွေက တံ့ခနဲ ရပ်တန့်သွားကြ၏။ ဒိုင်ခွက်ပေါ်မှာ ကြာမြင့်ချိန်အချိန်ကာလတစ်ခုက လင်းချည်မှိတ်ချည်။

ကြာမြင့်ချိန်က ၁၉ မိနစ် ၃၅ စက္ကန့်။

မေမြတ်သန့်စင်က မျက်မှောင်ကုပ်ပြီး ညီဆူးလက်ထဲမှ ချိန်မှတ်နာရီကိုကြည့်ရင်း . . .

"ဒါက ဘာအဓိပ္ပါယ်လဲ"

"မင်းနဲ့ကိုယ် စောစောတုန်းက စပြီး ရည်းစားဘဝနဲ့ အတူတူပြေးလာခဲ့တဲ့ကြာချိန်ကို မှတ်ထားတာလေ၊ ကိုယ်တို့ရဲ့ချစ်သူဘဝက အခုဆိုရင် မိနစ်နှစ်ဆယ်နီးပါးရှိသွားပြီ ကဲ. . . ဒီနေ့အဖို့တော့ ရည်းစားအဖြစ်ကို ဒီလောက်နဲ့ပဲရပ်လိုက်ကြဦးစို့၊ နောက်နေ့ နောက်နေ့တွေကျမှ ကျန်တဲ့နာရီမိနစ်တွေကို ဖြည့်ပြီး မင်းနဲ့ ချစ်သူဘဝကို ၂၄ နာရီပြည့်အောင် နေမယ်လေ"

"ဘာ"

'ဘာ'ဆိုသောတပ်လှန့်သံက အရပ်ရှစ်မျက်နှာတစ်ခွင်တစ်ပြင်လုံးအထိ ပဲ့တင်ထပ်သွားသည်။ မေမြတ်သန့်စင်၏မျက်နှာတစ်ခုလုံး





ရဲရဲတောက် နီစွေးသွားသည်။

မျက်ဝန်းထောင့်မှ သွေးရောင်လွှမ်းလာသည်အထိ သူမ၏ဒေါသက တဟုန်းဟုန်းလောင်မြိုက်၏။

"ရှင့်ကို ကျွန်မက ဒီနေ့တစ်ရက်တည်း ရည်းစားအဖြစ် လက်ခံလိုက်ရင် ကိစ္စပြီးရောမဟုတ်လား"

စိတ်ခံပြင်းမှုကြောင့် အသံတွေပင်တုန်တုန်ယင်ယင်ဖြစ်နေသည်။ ညီဆူးက အလွန်ကိုရိုးသားလွန်းပြီး ဘာမှမသိနားမလည်သည့်အိုက်တင်မျိုးဖြင့် . . .

"ကိုယ်တို့ သဘောတူခဲ့ကြတုန်းက 'တစ်ရက်'လို့ ပြောခဲ့တာမဟုတ်ဘူးလေ၊ (၂၄)နာရီလို့ မင်းကိုယ်တိုင် လက်ခံခဲ့တာပဲ၊ ဘာစိတ်ဆိုးစရာရှိလို့လဲ၊ ကိုယ်နဲ့ တစ်နေ့တစ်နေ့ ဆယ့်ငါးမိနစ်လောက် ချစ်သူဖြစ်လိုက် တစ်ချို့နေ့တွေကျရင် မိနစ်နှစ်ဆယ်လောက် ချစ်သူဖြစ်လိုက်နဲ့ ပုံမှန်တွေ့သွားရုံပဲဥစ္စာ၊ တစ်နေ့တစ်လံ ပုဂံဘယ်မရွှေ့ဆိုတဲ့ စိတ်ဓါတ်မျိုးနဲ့ကြိုးစားလိုက်ရင် အကြိမ်ရှစ်ဆယ်လောက်ဆို (၂၄)နာရီပြည့်သွားမှာပါကွာ၊ အဓိကအရေးကြီးက ဇွဲ လုံ့လ ဝီရိယရှိဖို့ပဲ ကလေးမရဲ့. . . ဟဲ . . . ဟဲ"

စာမေးပွဲအောင်ဖို့ ဆုံးမသည့်လူကြီးလေသံမျိုး ပြောနေသည်ကိုက တကယ့်ကို မခံချိမခံသာဖြစ်ဖို့ ကောင်းနေသည်။

တစ်ကြိမ်လျှင် ဆယ့်ငါးမိနစ် သို့မဟုတ် မိနစ်နှစ်ဆယ်နှုန်းဖြင့် (၂၄)နာရီစာမပြည့်မချင်း အခါခါ အလီလီ ဆုံနေရဦးတော့မည်။

အကြိမ်ရှစ်ဆယ်လောက်. . . တဲ့။

မေမြတ်သန့်စင်၏တစ်ကိုယ်လုံး တုန်လှုပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် ညီဆူးက သူ့လက်ထဲမှ ချိန်မှတ်နာရီလေးကို မေမြတ်သန့်စင်မြင်သာအောင် လှည့်ပတ်ဆော့ကစားကာ အိတ်ထဲပြန်ထည့်လိုက်ရင်း . . .

"ဪ. . . စကားကောင်းနေတာနဲ့ ပြန်ဖို့တောင်နောက်ကျနေပြီ၊ မောင်ကတော့ သက်လုံမကောင်းလို့ အိမ်အထိရောက်အောင် ပြန်မပြေးနိုင်တော့ဘူး၊ စင်ပဲ ဆက်ပြေးတော့နော်. . . နော်. . . နော်လို့၊ ဟာ. . . အတော်ပဲ၊ ဟိုမှာ. . . ဆိုက်ကား. . . ဗျို့. . . ဆိုက်ကား . . . ဆိုက်ကား"

အနားသို့ဖြတ်လာသော ဆိုက်ကားတစ်စီးကိုတားကာ ညီဆူးက စွေ့ခနဲ တက်ထိုင်လိုက်သည်။ နောက်. . .

"မောင်. . . သွားတော့မယ်နော်. . . စင်၊ တာ့. . . တာ"

ညီဆူးက. . . ဆိုက်ကားပေါ် မိန့်မိန့်ကြီးထိုင်ကာ ကြွမြန်းသွား၏။

မနက်စောစောစီးစီး နှင်းမြူတွေကြားမှာ မေမြတ်သန့်စင်တစ်ယောက်တည်း။

ညီဆူးဆိုသည့်လူညစ်ကလေးတစ်ယောက်ကို အသက်အောင့်ပြီး အခွန်းတစ်ရာတိတိ ကျိတ်ဆဲကာ ကျန်ရစ်ခဲ့သည်။

■





## အခန်း (၁၂)

နောက်နှစ်ရက်လောက်ကြာတော့ ညီဆူးက ဘာစိတ်ကူးပေါက်သည်မသိ။ မေမြတ်သန့်စင်ဆီ ဖုန်းလှမ်းဆက်ပြီး . . .

"ညဖက်ကျရင် အိမ်ရှေ့မှာ သီချင်းလာဆိုမယ်"

ဟု ပြော၏။

"မလာနဲ့၊ ရှင်. . . သက်သက်လာရှုပ်မှာမဟုတ်လား"

"အဲဒီလိုတားခွင့်မရှိဘူးလေ၊ ကိုယ်က မင်းရဲ့ချစ်သူပဲဥစ္စာ၊ ကိုယ့်ချစ်သူကို သတိရတဲ့အခါ အဲဒီလိုပဲ ကောင်မလေးရဲ့အိမ်ရှေ့မှာ သီချင်းသွားသွားဆိုတာတွေ ဗီဒီယိုကားတွေထဲမှာ တွေ့ဖူးတာပဲ၊ မင်းသားက ဂစ်တာတစ်လက်ထဲတီးရုံနဲ့ တီးဝိုင်းတစ်ဝိုင်းလုံးစာ အသံစုံတောင်မြည်သေးတယ်"

မေမြတ်သန့်စင်က ပြုံးမိတော့မလိုလိုဖြစ်သွားပြီးမှ မျက်နှာကို အတင်းပြန်တည်ထားလိုက်မိ၏။ ပြီးတော့မှ ဪ. . . ဖုန်းပြောနေတာ



www.burmeseclassic.com

www.burmeseclassic.com



ပဲလေ၊ ငါ့မျက်နှာကို သူမြင်ရတာမှမဟုတ်တာဟု တွေးကာ လွတ်လွတ်လပ်လပ် အားပါးတရပြုံးလိုက်သည်။

နောက်. . .

"ဗီဒီယိုထဲကအတိုင်း လိုက်လုပ်ရအောင် ရှင်က ရှူးနေတာမို့လို့လား"

"ရှူးနေတာတော့မဟုတ်ဘူးလေ၊ ဒါပေမဲ့ ဗီဒီယိုထဲကလို အပြင်မှာချစ်ကြရင် ဘာတွေဖြစ်ကုန်မလဲသိချင်လို့"

ညီဆူး၏ သရော်တော်တော်အတွေးကြောင့် မေမြတ်သန့်စင် မဲ့ပြုံးပြုံးမိသည်။ ဗီဒီယိုထဲကလို အပြင်မှာချစ်ကြရင် ဘာတွေဖြစ်ကုန်မလဲတဲ့။

ဒီလူညစ်ကလေးကို အကဲခတ်ရသလောက် စာဖတ်အား တွေးအားလေးတော့ ကောင်းပုံရသည်။ သို့သော် ပြောင်တော့မချီးကျူးရဲ ရှောင့်တက်မှာစိုးရသည်။

သူမဖက်က အသံတိတ်ဆိတ်နေသောကြောင့် ညီဆူးက . . .

"ကိုယ် သီချင်းလာဆိုတဲ့အခါကျရင် မင်းကလည်း ဗီဒီယိုထဲက မင်းသမီးတွေလို ဝရံတာကိုထွက်ပြီး မေးကလေးထောက်လို့ နားထောင်ရမယ်"

"ကဲ. . . ကြည့်. . . ပြောလို့မှမဆုံးသေးဘူး၊ ရှင်က ပေါက်ကရလုပ်လာပြီ"

"ဟုတ်တယ်လေ. . . ဒါမှ ဗီဒီယိုဇာတ်ကားနဲ့တူမှာပေါ့၊ မင်းသားက အိမ်ရှေ့မှာသီချင်းလာဆို၊ မင်းသမီးက ဝရံတာကိုထွက်ပြီး ပြုံးပြုံးကလေးနားထောင်၊ ကဲ ဘယ်လောက်မိုက်လဲ"





"တော်စမ်းပါ။ ရှင်ပေါကြောင်ကြောင်လုပ်တိုင်း ကျွန်မ လိုက်မလုပ်နိုင်ဘူး"

"သေသေချာချာစဉ်းစားဦးနော်၊ ချစ်သူဘဝနဲ့ သီချင်းလာဆိုတာကို နားထောင်ပေးလိုက်ရုံနဲ့ အဖိုးတန်တဲ့ ၂၄ နာရီထဲက ဆယ်မိနစ်ဆယ့်ငါးမိနစ်လောက် လျော့သွားမယ့်ကိစ္စပါ။ စဉ်းစား. . . စဉ်းစား"

သူပြောတာ ဟုတ်တော့လည်းဟုတ်သည်။ ဆယ်မိနစ်ဖြစ်ဖြစ် ဆယ့်ငါးမိနစ်ဖြစ်ဖြစ် သူမအတွက်တော့ မိနစ်တိုင်း စက္ကန့်တိုင်းသည် အဖိုးတန်နေ၏။

အပြင်မှာသာ နှစ်ယောက်ချင်းတွေ့ရမည်ဆိုလျှင် အဲဒီ ဆယ်မိနစ်ဆယ့်ငါးမိနစ်အတွင်း ကိုးယိုးကားယားတွေ ဖြစ်ချင်တိုင်းဖြစ်နိုင်သည်။ အခုတော့ ကိုယ်က ဝရံတာမှနေပြီး သီချင်းနားထောင်ပေးရုံဆိုတော့ သိပ်ပြီးက္ကန္ဒြေမပျက်။ ဘယ်သူမှလည်းမသိနိုင်။

ထိုသို့တွေးမိပြီး သူမက . . .

"ကောင်းပြီလေ. . . ကျွန်မသဘောတူတယ်"

"အိုကေ. . . ဒါဆို ညဆယ်နာရီခွဲလောက် မင်းတို့အိမ်ရှေ့ကို လာခဲ့မယ်၊ မင်းတို့အိမ်ရှေ့ရောက်တဲ့အချိန်ကစပြီး 'ချစ်သူဖြစ်တဲ့အချိန်'ကို ဆက်မှတ်မယ်၊ ဒါနဲ့ မင်း ဘာသီချင်းနားထောင်ချင်လဲ"

မေမြတ်သန့်စင် တွေခနဲဖြစ်သွား၏။

ဒါ. . . ကိုယ်က ပြန်ပြီး သူ့ကိုညစ်ရမယ့်အကွက်ပဲ၊ သူ့ကို ဒုက္ခပေးဖို့ ဘယ်လိုသီချင်းမျိုးဆိုခိုင်းရင် ကောင်းမလဲ။

သိပ်ကြာကြာမစဉ်းစားလိုက်ရ။ မေမြတ်သန့်စင်က . . .

"စိတ်ဓါတ်တက်ကြွမယ့်သီချင်းမျိုးလေးတွေ နားထောင်ချင်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဟိုဟာလေ. . . 'ဖန်နေဝင်းသို့အညီ ထွန်းလင်းပြောင်ပေသည်၊ ဒါ. . . တို့တိုင်းတို့ပြည် တို့ကာကွယ်မည်' ဆိုတဲ့သီချင်းလေ၊ အဲဒါဆိုပြ အားနဲ့မာန်နဲ့ ဆိုနော်၊ ဒါမှ ကျွန်မက ဝရံတာက အားပေးလို့ကောင်းမှာ"

သူမ၏ အကျပ်ကိုင်မှုက ရိုးစင်းစွာ ထိရောက်လွန်းသွား၏။ ညီဆူးဘက်က ဘာတုံ့ပြန်သံမှ မကြားရ။ တိတ်ဆိတ်သွားသည်။

ကြာမြင့်စွာ အသံမဲ့နေပြီးမှ ဖုန်းလိုင်းတစ်ဖက်မှ ညီဆူး၏ ဖုန်းချခါနီး နှုတ်ဆက်သံကိုကြားလိုက်ရ၏။ ဒီတစ်ခါတော့ 'တာ့. . . တာ" ဟုလည်း နှုတ်မဆက်၊ သူပြောနေကျအတိုင်း 'အိုကေ' ဟုလည်း မပြော။

သူ နှုတ်ဆက်သွားသည့်စကားက . . .

"တွေ့ကြမယ်လေ"

စိန်ခေါ်မှုကို လက်ခံသည့်လေသံလားတော့မပြောတတ်။

ထို့နောက်. . . ဖုန်းကိုချသွားလေ၏။

●

ညဆယ်နာရီခွဲတော့ မေမြတ်သန့်စင်က ဝရံတာကို ထွက်ကြည့်လိုက်၏။ (ဘာဖြစ်လို့များ သူလာမယ်ဆိုတာကို ငါက မမေ့မလျော့ ဖြစ်နေရတာပါလိမ့်. . .'ဟု ကိုယ့်ကိုယ်ကို နားမလည်နိုင်စွာ အပြစ်တင်မိသေးသည်။ သို့သော် သူမကိုယ်သူမ အပြစ်ရှိသလိုလည်း မခံစားရ)

ထင်သည့်အတိုင်းပင်။ အိမ်ရှေ့မှာ ညီဆူးနှင့်မှတ်ကြီးတို့ ကုပ်ချောင်းချောင်းရောက်နေကြပြီ။





ဝရံတာမှာ သူမကို လှမ်းမြင်လိုက်တော့ ညီဆူးက သူ့လက်ထဲ Stopwatch ချိန်မှတ်နာရီဟုထင်ရသော တစ်စုံတစ်ရာကို မြှောက်ပြသည်။ အလှမ်းဝေးနေသောကြောင့် ဘာမှန်း သဲသဲကွဲကွဲမမြင်ရ။

ညီဆူးက ချိန်မှတ်နာရီခလုပ်ကို နှိပ်လိုက်ပြီးသည်နှင့် သီချင်းဆိုသည်။ မေမြတ်သန့်စင်တောင်းထားသည့် သီချင်းပင်ဖြစ်သည်။ သို့သော် စာသားနေရာမှာတော့ ပြောင်းထား၏။ 'ဖန်နေဝင်းသို့အညီ ထွန်းလင်းပြောင်ပေသည်' မဟုတ်တော့ဘဲ 'ခင်မောင်တိုး စိုးပိုင်. . . မျိုးကြီး ကိုတင်လှိုင်' ဖြစ်သွားသည်။

ညီဆူးနှင့်မှတ်ကြီးက ခြေအစုံကို ဘယ်ညာမှန်မှန် ဖြောင်းခနဲ ဖြောင်းခနဲ ဆောင့်ဆောင့်နင်းကာ. . .

"ခင်မောင်တိုး. . . စိုးပိုင်၊ မျိုးကြီးကိုတင်လှိုင်၊ အောင်ရင်၊ . . မျိုးကျော့မြိုင်၊ ထွန်းထွန်း ကိုင်ဇာ၊ မိုင်. . ၊ စိမ်းမို့မို့ ကိုသန်းလှိုင်. . ၊ မီးခဲ ရှင်ဖုန်း ဆုန်သင်းပါ အိပိုင်. . . ၊ စိုင်းထီးဆိုင်"

လူခြေတိတ်သော ညကြီးမင်းကြီးတွင် ညီဆူး၏အသံကျယ်ကြီး ကြောင်တောင်တောင်။ ခွေးတွေကလည်း ဟောင်ကြ၏။

အာဇာနည် ဗုဒ္ဓဘာသာအမျိုးသားတိုင်းပြည်. . . ဟူသော ဖြိုင်ပိုဒ်အရောက်တွင် မှတ်ကြီးကပါ လက်သီးလက်မောင်းတန်းပြီး သံပြိုကြီးဖြင့် ဝင်အော်သည်။

"အာဇာနည် အနဂ္ဂ ဘာဘူ၊ စိုင်းစိုင်း . . . ခမ်းလှိုင် ဘိုဘိုဟန် တူတူး ကော်နီ၊ ပလေးဘွိုင်း. . . သန်းနိုင် အင်္ဂလန်စိန် ဖြိုးကြီး ဘိုဘို ယု. . . ဇန၊ ကြိုး. . . ကြာ တော့မိုင်



www.burmeseclassic.com

www.burmeseclassic.com



"ထူးအယ်လင်းနဲ့ တော်မီကျော်နိုင်
ရွှေထိုက် ခင်ဖုန်းနဲ့ အောင်သူ အောင်နိုင်
(ဂရေဟမ် ဇာလီနိုင်)၂
စည်သူလွင် နဲ့ ယုန်လေး ရတနာမိုင်၊ ဇော်ပိုင်"

အိမ်အောက်ထပ်က မီးခလုတ်တွေ တစ်ခုပြီးတစ်ခု ချောက်ခနဲ လင်းလာသည်။ တစ်ပြိုင်တည်းလိုလိုမှာပင် . . .

"အိမ်ရှေ့မှာ ပေါက်ကရတွေလာအော်နေတာ ဘယ်ကောင် တွေလဲကွ"

မေမြတ်သန့်စင်အဖေ ဦးသန့်စင်က ဝေါက်ငမ်းရင်း တံခါး ပြန်းခနဲတွန်းဖွင့်ကာ လောက်စာလုံးတွေကို တပြောင်းပြောင်းပစ်လွှတ် လိုက်သောကြောင့် ညီဆူးရော မှတ်ကြီးက ခေါင်းကလေးတွေပုဝင်ပြီး လုံးနေအောင်ပြေးတော့သည်။

"ဟေ့ကောင် . . . ပြေးဟ . . . ပြေးဟ . . . ပြေးထား . . ."

ညီဆူးက ပြေးရင်းလွှားရင်း သီချင်းအော်ဆိုသွားသေးသည်။

"စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြ ပါစို့ . . . ဒင်း . . . ဒေါင် . . . ဒင်း . . . ဒေါင်"

'ဂီတ'ဆိုသည်မှာ သီချင်းစာသားထဲတွင်ပါသော 'စကားလုံး များ၏ကောင်းကျိုးညီညွတ်မှုနှင့် ဆင်ခြင်ခြင်းတရား'အပေါ် မှီခိုနေ လိုအပ်ပါသလား။

●





မိနစ်ပိုင်းအတွင်းမှာပင် မေမြတ်သန့်စင်၏ဟန်းဖုန်းမှာ ခေါ် မြည်လာသည်။

ညီဆူးကလွဲလို့ တခြားဘယ်သူများ ဖြစ်နိုင်ဦးမှာလဲ။

ထင်သည့်အတိုင်းပင်။ မေမြတ်သန့်စင်က ဖုန်းကိုင်လိုက်တော့ ညီဆူး၏ ပြေးလွှားထားရသောကြောင့် မောဟိုက်နေသည့်အသံဖြင့် . . .

"ဟူး . . . ဟူး . . . ဟော . . . ချစ်သူဘဝနဲ့ သီချင်းဆိုပြချိန် . . . တာဟဲ . . . ဟူး . . . ငါးမိနစ်နဲ့ ဆယ့်ခြောက်စက္ကန့် . . ."

မေမြတ်သန့်စင် ပြုံးလိုက်၏။ ဖုန်းပြန်မချခင် . . .

"ရှင် . . . ငပေါပဲ"

ဟု ပြောဖြစ်အောင် ပြောလိုက်လေသည်။

●

ပြီးတော့ . . .

သူမ စာဆက်ကျက်ဖို့ စာရေးစားပွဲတွင် ပြန်ထိုင်လိုက်သည်။ သို့သော် ဘာကြောင့်မှန်းမသိ။

စာထဲတွင် စိတ်ဝင်စား၍မရတော့အောင်ကို ဖြစ်နေလေတော့ သည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

"ညီဆူးရေ. . . ဒီနေ့လည်း နေ့လည်စာကို ဘယာကြော်နဲ့ပဲ ဆွဲရလိမ့်မယ်ထင်တယ်ဟေ့"

မှတ်ကြီးက အင်္ကျီအိပ်ကပ်ထဲမှ လက်ကျန်ပိုက်ဆံရွက်လေးတွေကို ရေတွက်ကြည့်ရင်း ညည်းညည်းတွားတွားပြော၏။ ညီဆူးက. . .

"ဟာ. . . နှစ်ရက်ခြားတစ်ခါလောက် ဘယာကြော်နဲ့ချည်းပဲ စားနေရတာ မမိုက်တော့ဘူးကွာ၊ ကောင့်းကောင်းလေးစားရအောင် ကြံစမ်းပါဦး၊ လမ်းထိပ်ခေါက်ဆွဲကြော်ဆိုင်က တရုတ်မကြီး ဒေါ်ကျင်လှ ကို မင်းယူလိုက်ပါလား မှတ်ကြီးရာ၊ ငါ ခေါက်ဆွဲကြော်လေး ဘဲတ လေး မှန်မှန်စားချင်လို့"

"ငါလခွီး. . . အကောင်းကျတော့ကြိုက်တတ်တယ်၊ ဒါတော မင်းအဖေကြီးမသိအောင် မင်းအမေက ပိုက်ဆံပို့ပို့ပေးနေလို့ ငါ





တစ်လမှာ ရက်နှစ်ဆယ်လောက် ထမင်းနပ်မှန်နေတယ်ဆိုတာ သဘောပေါက်"

မှတ်ကြီး၏စကားကြောင့် ညီဆူး၏မျက်နှာက စပ်ဖြဲဖြဲဖြစ်သွားပြီး ကြမ်းပြင်ပေါ် ပျင်းပျင်းရိရိ ပက်လက်လှန်ချလိုက်ကာ . . .

"အင်း. . . မိဘကျေးဇူးများ တယ်ပြီးကြီးမားပါလားကွာ၊ ဟင် မှတ်ကြီး"

ဗိုလ်အောင်ဒင်ဇာတ်ကားထဲမှ ရုပ်ရှင်မင်းသား ခင်မောင်ရင် စတိုင်မျိုး အတုခိုးပြီး ပြောလိုက်သည်။ သူ့အိုက်တင်နှင့်လေသံကို အမြင်ကတ်သောကြောင့် မှတ်ကြီးက ခပ်တိုးတိုးဆဲ၏။ ထိုစဉ် ညီဆူးက ပြုန်းခနဲခုန်ထပြီး . . .

"ဟာ. . . ဟုတ်ပြီ"

မှတ်ကြီးက စိတ်မသက်မသာဖြင့် မျက်လုံးလှန်ကြည့်ပြီး 'ဘာဟုတ်တာလဲ' ဟု မေး၏။ ညီဆူးက ဘာမှပြန်မဖြေဘဲ စာရေးစားပွဲ အံဆွဲထဲမှ သူ့ဒိုင်ယာရီစာအုပ်ကို ကမန်းကတန်းပြေးလှန်သည်။

အဲဒီစာအုပ်ထဲမှာ သူတိတ်တိတ်ကလေး လိုက်ပြီးစုံစမ်းထားသော မေမြတ်သန့်စင်၏ ကျောင်းတက်ချိန်ဇယားတွေ၊ သွားတတ်လာတတ်သောနေရာတွေကို အကုန်ရေးမှတ်ထားသည်။ ညီဆူးက ဒီနေ့ စာသင်ချိန်ဇယားကို ကြည့်ပြီး သွားရလာရမည့်အချိန်ကို တွက်ဆလိုက်သည်။

အင်း. . . မုန်လာဥကလေးကတော့ ကျောင်းထဲမှာပဲ ရှိနေလိမ့်ဦးမည်။

ညီဆူးက ခေါင်းကိုတစ်ချက်ဆတ်ခနဲညိတ်သည်။ ပြီးတော့. . .



www.burmeseclassic.com

www.burmeseclassic.com



မှတ်ကြီးဘက်သို့လှည့်ကာ. . .

"ဟော့ကောင် မှတ်ကြီး. . . မင်းဖါသာမင်းပဲ ဘယာကြော်ကို ကိုးကွယ်ဆည်းကပ်ပေတော့၊ ငါတော့လစ်ပြီ"

ဘာမှန်းမသိသော မှတ်ကြီးတစ်ယောက် မျက်လုံးလေးကြောင် ဝလုကြောင်ဝလုနှင့် ကျန်ရစ်ခဲ့သည်။

●

ကျောင်းထဲသို့ ညီဆူးရောက်သွားသည့်အချိန်တွင် မေမြတ်သန့် စင်က အတန်းပြီးလို့ နေ့လည်စာစားရန် ကင်တင်းမှာ ထိုင်ခါစပင်ရှိ သေး၏။

ထမင်းဗူးဖွင့်နေသော မေမြတ်သန့်စင်ကို လှမ်းမြင်လိုက် သည်နှင့် ညီဆူး၏မျက်နှာက 'မျက်နှာရှင်'ဖြစ်သွားသည်။ တစ်ကိုယ် လုံးလည်း ကြွစောင်းကြွစောင်းဖြစ်သွား၏။ ခြေကားလက်ကားဖြင့် မေ မြတ်သန့်စင်၏စားပွဲမှာ ခုံတစ်လုံးဆွဲကာ စွေ့ကနဲ ဝင်ထိုင်လိုက်ပြီး. .

"ဟော. . . ဒို့နှစ်ယောက် အခုအချိန်ကစပြီး ချစ်သူတွေ ဖြစ် သွားကြပြန်ပြီ"

သွားဖြီးကလေးဖြင့် မျက်နှာချိုသွေးသည်။ လက်ထဲမှာပါလာ သည့် ချိန်မှတ်နာရီကလေးကိုလည်း စားပွဲပေါ်သို့. . .

"ဒေါက်. . ."

ခနဲမြင်သာအောင်ချလိုက်ပြီး ခလုပ်နှိပ်လိုက်၏။ ဒစ်ဂျစ်တယ် ကိန်းဂဏန်းများက တဖျပ်ဖျပ်စတင်ပြေးလွှားကြတော့သည်။





မေမြတ်သန့်စင်က ချိန်မှတ်နာရီကိုတစ်လှည့်၊ ညီဆူး၏မျက် နှာကိုတစ်လှည့် ကြည့်လိုက်၏။ ညီဆူးကတော့ မေမြတ်သန့်စင်၏ ထမင်း ဘူးထဲမှ ငါးရံ့ဆီပြန်ဟင်းကိုသာ သမာဓိအားကောင်းကောင်းဖြင့် ကြည့် ရင်း . . .

"အင်း. . . ချစ်သူတွေဖြစ်သွားပြီဆိုတော့ ရုပ်ရှင်တွေ ဝတ္ထုတွေ ထဲကလို ကိုယ့်ချစ်သူရဲ့ထမင်းဘူးကို ကပ်စားရတော့မှာပေါ့နော်. . . မှန်း တစ်ဇွန်းလောက်. . . ပလပ်. . . ပလပ်. . . ဝလု. . ."

'တစ်ဇွန်းလောက်' ဟုသာ ပါးစပ်ကပြောသော်လည်း သူ့လက် ကဇွန်းကိုမချဘဲ လေးငါးလုပ်ခန့် ဆက်တိုက် အားရပါးရတီးပစ်လိုက်၏။

မေမြတ်သန့်စင်က . . .

"ဟင်. . . ရှင်. . . ရှင်. . ."

" 'ရှင်' လို့မခေါ်ရဘူးလေ၊ ချစ်သူဘဝနဲ့နေတဲ့အချိန်တွေမှာ 'မောင်' လို့ခေါ်ပါဆို"

ညီဆူးက စက္ကန့်ဂဏန်းတွေပြေးလွှားနေသော ချိန်မှတ်နာရီကို လက်ညှိုးထိုးပြရင်း ပြောလိုက်သည်။ မေမြတ်သန့်စင် ချောင်ပိတ်မိ နေပြီ။

သူမက မခံချိမခံသာဖြင့် နှုတ်ခမ်းကိုတင်းတင်းကိုက်ရင်း. .

"မောင်. . . တော်တော်တော်ကြီးကျပါလား၊ လက်စသတ်တော့ မောင်ဟာ. . . အဝတ်ပဲ"

'မောင်' ဟူသောအသံထွက်ကို တိုးတိုးကလေးရေရွတ်ပြီး 'အဝတ်' ဆိုသောစကားလုံးကို အော်၍ပြော၏။

တခြားဝိုင်းတွေမှာ ထိုင်စားနေကြသူတို့က မသိမသာလှမ်းပြီး



www.burmeseclassic.com

www.burmeseclassic.com



အကဲခတ်ကုန်ကြ၏။ ညီဆူးကတော့ မဖြုန်။ ခပ်တည်တည်ပင်။

"စင်ကလည်းကွာ. . . မောင့်ကို ချစ်စနိုးနဲ့ခေါ်တဲ့နာမည်တွေကလည်း များလိုက်တာ၊ မောင်တောင် ဘယ်လိုမှတ်ထားရမှန်းမသိတော့ဘူး၊ ကဲ. . . ကဲ. . . စားလိုက်ဦး၊ တော်ကြာ အဆာလွန်ပြီး ဗိုက်တွေဘာတွေအောင့်နေပါဦးမယ်. . . စားလေ. . . စင်"

'စားလေ'ပြောသည့်အချိန်တွင် ထမင်းဘူးထဲမှာ တစ်ဝက်ပင်မကျန်တော့။

မေမြတ်သန့်စင် နှုတ်ခမ်းစူသွား၏။

"ဟင်း. . ."

ဒီအချိန်မှာ ညီဆူးနှင့်ပြိုင်ပြီး ညစ်ဖို့လည်းမလွယ်မှန်း သိသောကြောင့် မေမြတ်သန့်စင် စိတ်ကိုလျှော့လိုက်သည်။ ပြီး စားပွဲထိုးကလေးကို လှမ်းခေါ်လိုက်၏။

"ရွတ်. . . ရွတ်. . . မောင်လေး. . . အစ်မကို ထမင်းကြော်တစ်ပွဲပေး၊ ကြက်သားနဲ့နော်"

ထမင်းကြော်မှာသံကြားတော့ ညီဆူးက တမင်ပင် အံ့သြဟန်ကို ပိုပိုသာသာလုပ်ပြီး . . .

"ဩော်. . . စင်က ငါးရံ့ဟင်းမကြိုက်ဘူးလား၊ နှမြောစရာကြီးကွာ၊ ဒါဆို ထမင်းဗူးထဲမှာကျန်တာတွေ မောင်ပဲ စားလိုက်တော့မယ်နော်"

"မျို. . . ဆို့. . ."

"မောင်. . . လို့ ခေါ်လေကွာ"

"မောင်ရေ. . . မျို၊ မောင်ရေ. . . ဆို့၊ ကဲ. . . ဟုတ်ပြီလား"





ညီဆူးက ထမင်းဘူးကိုလှမ်းယူပြီး ပလုပ်ပလောင်းတွယ်လေတော့သည်။ မေမြတ်သန့်စင်မှာထားသည့် ထမင်းကြော် ရောက်လာသောအခါမှာတောင် လေးငါးဇွန်းလောက် အဆစ်ကူလိုက်သေးသည်။

မေမြတ်သန့်စင်ကတော့ ထမင်းကြော်ကို မျိုလို့မကျ။ ဘယ်အချိန်မှာများ ညီဆူးလက်ကဇွန်းကိုလုပြီး ဝင်နှိုက်မလဲဟု မျက်စောင်းတထိုးထိုး။

ညီဆူးကတော့ စားလို့သောက်လို့ဝပြီဆိုတော့မှ သွားကြားထိုးတံလေးခဲရင်း ချိန်မှတ်နာရီကို မျက်လုံးမှေးစင်းစင်းလုပ်ကာကြည့်ပြီး . . .

"ဩော်. . . ဘာလိုလိုနဲ့ ဒီနေ့ ချစ်သူတွေဖြစ်လိုက်ကြတာ တော်တော်ကြာသွားတာပဲ"

နာရီဒိုင်ခွက်ပေါ်မှ ဂဏန်းတွေက ၃၈ မိနစ် ၉ စက္ကန့်။

ညီဆူးက နာရီလေးကိုလှမ်းယူပြီး 'တွီ'ခနဲ မြည်အောင် ခလုပ်ပိတ်လိုက်သည်။ ထို့နောက်. . . မေမြတ်သန့်စင်ဘက်သို့ လှည့်ပြီး. . .

"ကဲ . . . ဒီနေ့အဖို့တော့ ချစ်သူဘဝက ဒီလောက်ပါပဲ၊ ကောင်းသောနေ့ပါ၊ ကျွန်တော်သွားလိုက်ပါဦးမယ်. . . မမေမြတ်သန့်စင်"

●

နောက်နေ့နောက်နေ့တွေမှာလည်း မေမြတ်သန့်စင်အဖို့ မသက်သာတော့ချေ။ ထမင်းစားချိန်ဆိုလျှင် ညီဆူးက ပုံမှန်ရောက်လာ၏။ ပြီးလျှင် ကစားစရာအသစ်ရသော ကလေးတစ်ယောက်၏ ရွှင်ပြုံးသံမျိုး



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် (သွားဖြဲကလေးလုပ်ပြကာ) . . .

"ဟော. . . ခုချိန်ကစပြီး တို့နှစ်ယောက် ချစ်သူတွေဖြစ်သွားကြပြန်ပြီ"

ဟုပြောကာ ချိန်မှတ်နာရီလေးကို ဖွင့်စမြဲ။

ပြီးလျှင် မေမြတ်သန့်စင်၏ထမင်းဘူးကို အားရပါးရ ပလုပ်ပလောင်းတွယ်စမြဲ။

●

နေ့တိုင်းနေ့တိုင်းလိုလိုဖြစ်လာတော့ မေမြတ်သန့်စင်လည်း မခံနိုင်တော့။ ပြောင်ပင်ဖွင့်မေးယူရသည်အထိ ဖြစ်လာ၏။

"နေစမ်းပါဦး . . . ရှင့်ရဲ့အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်ကို ကျွန်မနဲ့ပဲ ကိစ္စပြီးလိုက်တော့မယ်လို့များ ဆုံးဖြတ်ထားသလားဟင်"

ညီဆူးက ပါးစပ်ထဲမှာ ထမင်းတွေပလုပ်ပလောင်းဖြင့် 'အဟီး' ဟု ရက်ရယ်ရယ်၏။ ပြီးတော့ . . .

"ဟုတ်တယ်. . . ကိုယ့်မှတ်ပုံတင်ထဲက 'အလုပ်အကိုင်'ဆိုတဲ့ ကွက်လပ်မှာ 'မေမြတ်သန့်စင်၏ထမင်းဗူးကိုစားသုံးသူ' လို့ ဖြည့်ထားတယ်"

သိပ်မျက်နှာပြောင်လွန်းတော့လည်း ညီဆူးကို လက်မြှောက်ရတော့သည်။

●





တစ်ရက်လည်းမဟုတ်၊ နှစ်ရက်လည်းမဟုတ်။

မေမြတ်သန့်စင်လည်း သူ့ထမင်းဘူးကို သူ တစ်ရက်မှစားရသည်မရှိ။ အိမ်ကပေးသော မုန့်ဖိုးတွေလည်း ကုန်လှပြီ။

ကြာလာတော့ မေမြတ်သန့်စင်တစ်ယောက် နေ့လည်စာထမင်းစားချိန်ဆိုလျှင် ညီဆူးမမြင်အောင် ရှောင်ရတိမ်းရသည်။ ပြေးရလွှားရသည်။ ကိုယ့်ထမင်းဘူးကိုယ်ပင်လျှင် ခိုးကြောင်ခိုးဝှက်စားရသောဘဝသို့ ရောက်သွားလေတော့သည်။

ဒါလည်း အမြဲတမ်း ရှောင်လို့လွတ်သည်မရှိ။

အခန်းထဲမှာပုန်းပြီးစားနေတုန်း စကြံဒေါင့်ချိုးမှနေ၍ ညီဆူးမျက်နှာကြီးက ဘွားခနဲပေါ်လာတတ်သည်။ လူသူဝေးသောခုံတန်းပေါ်သွားစားနေခိုက်မှာလည်း သစ်ပင်နောက်ကွယ်မှ ဖြုန်းခနဲ ထွက်ချင်ထွက်လာတတ်သည်။

တစ်ရက်မှာတော့ မေမြတ်သန့်စင်က . . .

"ရှင်နဲ့ရည်းစားဖြစ်ရတာ ကျွန်မကချည်းပဲကျွေးရတာပဲနော်၊ ရှင်က ယောကျ်ားလေးဖြစ်ရဲ့သားနဲ့ ဝယ်ကျွေးမယ်လို့များ တစ်ခါမှ စိတ်မကူးဖူးဘူးလားဟင်"

ညီဆူးက ခပ်တည်တည်ဖြင့် . . .

"မောင်တို့ချစ်သူဘဝက ဟိုဗီဒီယိုဇာတ်လမ်းထဲကလို အချစ်မျိုးကွ၊ ကောင်လေးက အရမ်းဆင်းရဲတယ်၊ ကောင်မလေးက အရမ်းချမ်းသာတယ်၊ အဲဒီတော့ ကောင်မလေးကပဲ အမြဲတမ်းကျွေးရတယ်. . ဟဲ. . . ဟဲ. . ."

မေမြတ်သန့်စင် စိတ်ပိန်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ညီဆူးက အစာပိတ်အဖြစ် ကော်ဖီတစ်ခွက်ကိုပါ အဆစ်မှာရင်း ချိန်မှတ်နာရီလေးကို ကြည့်သည်။

"အင်း. . . ကျင့်သားရလာလို့လားမသိဘူး၊ စားတာသောက်တာမြန်လာတယ်။ ဒီနေ့ ချစ်သူဖြစ်တာ (၃၁)မိနစ်ပဲကြာတယ်"

ပြီးတော့. . . ခလုတ်ပိတ်လိုက်၏။

●

မေမြတ်သန့်စင်ကတော့ ပတ်ဝန်းကျင်ကို အာရုံမပြုတော့ဘဲ မျက်ဝန်းအစုံကို မှေးစင်းထားသည်။ သူမ ငြိမ်ငြိမ်ကလေးထိုင်ပြီး စဉ်းစားနေ၏။

ညီဆူးကို တုံ့ပြန်တိုက်ခိုက်ဖို့ နည်းလမ်းတစ်ခုခုတော့ရှိရမည်။

●

ထုံးစံအတိုင်း နေ့လည်စာစားချိန်မှာ ညီဆူးတစ်ယောက် ကင်တင်းကိုရောက်ချလာသည်။ Stopwatch နာရီလေးကို စားပွဲပေါ်သို့ 'ဂွပ်' ခနဲတင်လိုက်ပြီး . . .

"တို့နှစ်ယောက် ချစ်သူတွေဖြစ်သွားကြပြီ"

ဟု ပိုင်ပိုင်နိုင်နိုင်ကြီး ကြေညာလိုက်၏။

မေမြတ်သန့်စင်ကတော့ သူ့ကိုမကြည့်၊ မျက်နှာတင်းတင်းထားကာ တစ်ဖက်သို့လွှဲပြီး နှုတ်ခမ်းကိုစူထားသည်။ ညီဆူးက စားပွဲ





ပေါ်မှ ထမင်းဘူးကိုယူပြီး ဖွင့်ကြည့်လိုက်သည်။

"ဟင်. . ."

ထမင်းကောဟင်းပါ တက်တက်ပြောင်နေ၏။ ဆီလူးနေသောထမင်းစေ့ကလေးတွေသာ ဟိုထောင့်ကပ်၊ ဒီထောင့်ကပ်နှင့်ကျန်တော့သည်။ (မေမြတ်သန့်စင်က နေ့လည်မတိုင်ခင် စာသင်ချိန်မှာကတည်းက ဆရာမသိအောင် ခိုးစားထားပစ်ခဲ့သည်ပဲ)

ညီဆူးက စိတ်ပျက်လက်ပျက်ဖြင့် ထမင်းဘူးကိုပြန်ပိတ်သည်။ ထို့နောက် စကားရောဖေါ်ရောဖြင့် မျက်နှာချိုသွေးရင်း . . .

"စင်ကလည်းကွာ သိပ်ဆိုးတာပဲ၊ မောင်လာတာကိုတောင် မစောင့်ဘူး၊ ထမင်းတွေအကုန်စားပစ်လိုက်တယ်၊ မောင်က စင်နဲ့ မျက်နှာချင်းဆိုင်ပြီး ချစ်သူချင်း လက်ဆုံစားချင်တဲ့ဟာကို၊ ဩော်. . . သိပြီ ဒီလိုလုပ်မယ်လေ၊ ထမင်းကြော်တစ်ပွဲ မှာလိုက်မယ်၊ ပြီးတော့မှ မောင်နဲ့စင် ကြည်ကြည်နူးနူး လက်ဆုံစားကြမယ်လေ. . . နော်"

ညီဆူးဆိုသည့်ငနဲက ပလီစိချောက်ချက် သိပ်ပြောတတ်သည်။ သူဖါသာသူ ထမင်းကြော်စားချင်သည်ကိုပင် 'နှစ်ယောက် အတူ ကြည်ကြည်နူးနူးနဲ့လက်ဆုံစားချင်လို့'ဟု ကြံဖန်ပြီးအကြောင်းပြ၏။ ဟင်း. . . ပြီးရင် သူတစ်ယောက်တည်း စားပိုးနင့်အောင်တွယ်မှာ မသိတာကျနေတာပဲဟု မေမြတ်သန့်စင်က တွေးပြီး . . .

"မှာလေ. . . ထမင်းကြော်မကဘူး ကြိုက်တာမှာ၊ ပြီးရင် ရှင့်ပိုက်ဆံနဲ့ရှင်ရှင်းပေါ့"

ညီဆူးက ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး. . .

"ဟာ. . . ဟာ. . . ဒီလိုမလုပ်နဲ့လေ၊ ချစ်သူအချင်းချင်းဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မတွက်ကပ်ရဘူး၊ ပိုက်ဆံပါတဲ့လူက ရှင်းရတာ၊ ဟို. . . ဟိုလေ. . . ကိုယ့်နာရီကိုလည်းကြည့်ပါဦး၊ အခုအချိန်က တို့နှစ်ယောက် ချစ်သူတွေဖြစ်နေကြတဲ့ အချိန်နော်"

ညီဆူးက စားပွဲပေါ်မှ Stopwatch ချိန်မှတ်နာရီလေးကို မေးငေါ့ပြရင်း သတိပေး၏။ မေမြတ်သန့်စင်က . . .

"သိတယ်. . . သိတယ်. . . ရှင်နဲ့ကျွန်မက ဒီလိုထမင်းစားချိန်ရောက်ရင် ချစ်သူတွေဖြစ်နေကျဆိုတာသိတယ်၊ အဲဒီတော့ ချစ်သူဘဝကို ပိုပြီးတော့ ပီပြင်သွားစေချင်လို့ ကျွန်မက ရှင့်ကို စိတ်ကောက်နေတာ"

"ဘာ. . . စိတ်ကောက်နေတာ၊ ဟုတ်လား"

"ဟုတ်တယ်၊ အဲဒီတော့ ကျွန်မက ရှင့်ကို စိတ်ကောက်တဲ့အနေနဲ့ စကားလုံးဝမပြောဘူး၊ အဖက်လည်းမလုပ်ဘူး"

ညီဆူးက မျက်လုံးပြူးသွားပြီး ပျာပျာသလဲဖြင့် . . .

"ဟင်. . . ဘာ. . . ဘာဖြစ်လို့ စိတ်ကောက်ရတာလဲကွာ၊ စိတ်ကောက်စရာ ဘာအကြောင်းရှိလို့လဲဟင်"

"အို. . . ချစ်သူတွေဆိုတာ ဒီလိုပဲလေ၊ အကြောင်းရှိရှိ မရှိရှိ ကြုံဖန်ပြီး စိတ်ကောက်တတ်ကြတာ ထုံးစံပဲမဟုတ်လား၊ ဒီတော့ ရှင်က ကျွန်မကို ၂၄ နာရီ ချစ်သူတော်ချင်တယ်ဆိုရင် ကျွန်မစိတ်ကောက်တဲ့အချိန်ကိုလည်း အဲဒီ ၂၄ နာရီထဲမှာ ထည့်ပြီး လက်ခံနိုင်ရမှာပေါ့၊ ဟုတ်ပြီလား၊ ကဲ. . . အခုကတော့ ကျွန်မ စိတ်ကောက်တဲ့အချိန်ပဲ"

ညီဆူး ငိုင်ကျသွားသည်။ ခဏနေတော့ မျက်လုံးလေးပုတ်ခတ်ပုတ်ခတ်လုပ်ကာ မော့ကြည့်ရင်း အသံညောင်နာနာဖြင့် . . .

" 'မောင်'လို့လည်း မခေါ်ဘူးပေါ့နော်"





"မခေါ်ဘူး"

ပိုပြီးဖျော့တော့ အားငယ်သွားသောအသံဖြင့်. . .

"ထမင်းကြော်ဘိုးလည်း မရှင်းဘူးပေါ့နော်"

"မရှင်းဘူး"

သေပြီ. . . သေပြီ. . . သေပြီ. . .။ ညီဆူးက နဖူးကို လက်ဝါးဖြင့်ရိုက်ရင်း ခွေခေါက်သွား၏။

ညီဆူးအတွက် ရွှေရောင်တောက်ပခဲ့သောနေ့လည်ခင်းများ ကုန်ဆုံးပြီ။ ငါးရံ့အူဟင်းအိပ်မက်၊ ကြက်သားဆီပြန်အိပ်မက်၊ ပုဇွန်ထုပ်ကြော်အိပ်မက်တို့ အငွေ့ပျံလွင့်ပျယ်လေပြီ။

မမြဲခြင်းတရားကို ဆင်ခြင်မိသည်။ ရသတဏှာ၏အပြစ်ကို မျက်ဝါးထင်ထင် မြင်မိသည်။ ငါးရံ့သည်လည်းကောင်း၊ ဆိတ်သားသည်လည်းကောင်း၊ ဝက်သုံးထပ်သားသည်လည်းကောင်း၊ ငါးသလောက်နှင့် ငါးမြင်းတို့သည်လည်းကောင်း၊ ကြက်အသည်းအမြစ်သည်လည်းကောင်း နေ့မြင်ညပျောက်သဘောကို ဆောင်သည့်အနိစ္စပါတကား။

ပိုက်ဆံလျက်နှင့် မစားရခြင်းသည် ဒုက္ခဆင်းရဲခြင်း သစ္စာပါတကား။ ငါ့အလိုအတိုင်း ထမင်းဗူးကိုမစီရင်နိုင်သည့်အတွက် ငါ့ဝမ်းဗိုက်ကို ငါမနိုင်။ ဩော်. . . ငါတည်းဟူသောအစိုးမရသည့် အနတ္တခန္ဓာကိုယ်ပါတကား။

စားပွဲပေါ်မှ နာရီကလေးထဲမှာတော့ အချိန်တွေပုံမှန်ရွေ့လျားပြောင်းလဲနေမြဲ။ ချစ်သူဘဝ၏ကာလတာတွေကို တဖြည်းဖြည်း နှုတ်ယူသွားနေသည်။

မေမြတ်သန့်စင်ကတော့ စိတ်ကောက်ကာ မျက်နှာလွှဲနေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



ငါးမိနစ် . . . ခြောက်မိနစ် . . . ခုနှစ်မိနစ် . . . ။

ညီဆူးက တိတ်ဆိတ်စွာလဲကျရှုံးနိမ့်နေရာမှ အနိုင်နိုင်အားယူပြီး ပထမဦးဆုံးသောစကားတစ်ခွန်းကို ဆိုသည်။

"မောင် ဘယ်လိုလုပ်မှ စင်က စိတ်ကောက်ပြေမှာလဲဟင်"

မေမြတ်သန့်စင်က တုံ့ဏှိဘာဝေ။ ဘာမှပြန်မပြောဘဲ မျက်နှာလွှဲထားဆဲ။ နှုတ်ခမ်းကိုစူထားဆဲ။ တကယ့်ကို ချစ်သူတစ်ယောက် စိတ်ကောက်နေပုံနှင့် တူပဲတူသေးတော့။

ဆယ့်ငါးမိနစ်။ ဆယ့်ခြောက်မိနစ်။ ဆယ့်ခုနှစ်မိနစ်။

ညီဆူးထံမှ ဒုတိယမြောက် စကားကြီးတစ်ခွန်း တိုးတိုးလျလျ ထွက်ပေါ်လာ၏။

"ဗိုက် . . . ဆာ . . . လိုက် . . . တာ"

မေမြတ်သန့်စင် ရယ်ချင်စိတ်ကို မနည်းအောင့်ထားရ၏။

နှစ်ဆယ့်ရှစ်မိနစ် . . . နှစ်ဆယ့်ကိုးမိနစ် . . . မိနစ်သုံးဆယ်။

ညီဆူးက နာရီလက်တံကို လေးတွဲ့စွာလှမ်းပိတ်ရင်း တတိယမြောက် နောက်ဆုံးအပိတ်စကားကြီးတစ်ခွန်းကို ဆိုလေ၏။

"ဒီနေ့အတွက် ချစ်သူဘဝကိုတော့ ဒီမှာပဲ ရပ်လိုက်တော့မယ်။ ၂၄နာရီထဲမှာ ဟောဒီ မိနစ် ၃၀ ကတော့ ရေရေလည်လည် အရှုံးပေါ်တယ်ကွာ . . . ဟူး . . . သွားတော့မယ် . . . ဗိုက်ဆာတယ်"

ခြေမသယ်ချင် လက်မသယ်ချင်နှင့် ထိုင်ရာမှ လေးကန်စွာ ထလိုက်သော ညီဆူးကိုကြည့်ကာ မေမြတ်သန့်စင်က ပွင့်လင်းစွာ အပြစ်ကင်းစင်စွာ ရယ်မောသည်။

သူမ၏ရယ်သံသည် မိုးသားတိမ်တိုက်တွေဆီအထိ လွင့်မျှ





သွား၏။

•

ဗိုက်ထဲက တဂွီဂွီမြည်နေသည်။

'ချစ်သူရဲ့မျက်နှာကို တစိမ့်စိမ့်ကြည့်နေရရင် ထမင်းမဆာဘူး' ဟု တစ်စုံတစ်ယောက် ဖွဲ့နွဲ့ခဲ့သည့်စကားသည် လုံးဝမှားယွင်းနေကြောင်း ညီဆူး အသေအချာသိခွင့်ရခဲ့ပြီ။

မေမြတ်သန့်စင်၏မျက်နှာကို အကြိမ်ကြိမ်အထပ်ထပ် အလွတ်ရအောင်ငေးကြည့်နေခဲ့သည့်တိုင် ဆာလောင်မှုက ဘာကြောင့် မပြေပျောက်နိုင်ရပါလိမ့်။

ပြင်းပြင်းထန်ထန်တောင်းဆိုနေသော သူ့ဝမ်းဗိုက်ကိုသူ အသာအယာပွတ်သပ်ချော့မော့လျက် ရှုံးနိမ့်သောခြေလှမ်းများဖြင့် ညီဆူး အိမ်ပေါ်သို့တက်လာခဲ့သည်။

ကြမ်းပြင်ပေါ်တွင် ပက်လက်အိပ်ကာ သွားကြားထိုးတံကလေးကိုကိုက်ရင်း ဒူးတနှံ့နှံ့လုပ်နေသည့် မှတ်ကြီးကိုတွေ့ရ၏။

ညီဆူးတစ်ယောက် မှတ်ကြီးကို လေပြေသွေးရပြီ။

"သူငယ်ချင်း . . . မှတ်ကြီး၊ ဟိုလေ . . . မင်း မစားချင်လို့ ချန်ထားတဲ့ ဘယာကြော်လေးတစ်ခုနှစ်ခုလောက်များ မရှိဘူးလား"

မှတ်ကြီးက သူ့မျက်ပေတုံးကြီးကို ဆတ်ခနဲလှန်ကြည့်ပြီး . . .

"ဒီမှာ . . . ဟေ့ကောင်၊ ငါဆိုတဲ့မှတ်ကြီးက ဘယာကြော်ကို ချစ်တယ်။ ဘယာကြော်ကိုမြတ်နိုးတယ်၊ ဘယာကြော်ကိုကိုးကွယ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘယာကြော်ကို ဆည်းကပ်တယ်၊ ဒါကြောင့် ဘယာကြော်တွေအားလုံးကို ငါ စားပစ်လိုက်ပြီ"

●

ဘာမှစားစရာမရှိတော့မှန်းသိသောအခါတွင်မှ ဗိုက်က ပိုပြီးဆာလာသည်။ အစာအိမ်ထဲမှ ပူလောင်မှုကို ငြိမ်းသတ်ဖို့ ရေတစ်ခွက်ကိုခပ်ကာ မော့သောက်လိုက်ရ၏။

ပြီးတော့. . . ညီဆူး အားရပါးရပြုံးလိုက်သည်။

တစ်ခါတစ်ရံမှာ ကိုယ်ချစ်တဲ့သူက ကိုယ့်ကို ပြန်ပြီးညစ်သည်ကို ခံရတာ လှပသည်မဟုတ်လား။

■





## အခန်း (၁၄)

ဆောင်းနှင်းစက်တို့ကျခဲ့သော သဲဆန်ဆန်မြေပေါ်တွင် ချိုင့်ရာခွက်ရာကလေးတွေထင်နေသည်။ စိမ်းမြသောမြက်ပင်တို့သည် နှင်းစိုကာ ဖုန်ဖြင့်လူးနေ၏။

ဆောင်းခိုတတ်သောငှက်တွေကို ကောင်းကင်မှာမြင်ရပြီ။ တိမ်တွေကြားမှာ ရွှေရောင်နေခြည်လက်နေပုံက အိပ်မက်ရှုမျှော်ခင်းဆန်လှသည်။

ဖြစ်နိုင်လျှင် ရွှေရောင်နေခြည်ကိုဖမ်းယူပြီး သူမထံပါးတွင် ထာဝရလင်းလက်နေအောင် ထွန်းညှိထားပေးချင်ပါသည်။ ညီဆူးက သူ့အတွေးကို ပြောပြလိုက်ရင်ကောင်းမလားဟု စိတ်ကူးကာ မေမြတ်သန့်စင်ဘက်သို့ ငဲ့စောင်းကြည့်လိုက်သည်။

မေမြတ်သန့်စင်ကတော့ ဟိုးအဝေးမှာ လွင့်ပါးနေသည့် တိမ်ဖြူဖြူမျှင်မျှင်တွေဆီကို ငေးမောနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ညီဆူးက . . .

"ဒီနေ့တော့ စိတ်ကောက်ဦးမှာလား"

မေမြတ်သန့်စင်က ပုခုံးနှစ်ဖက်ကို အသာတွန့်ပြရင်း. . .

"ဒါကတော. . . နေ့လည်စာကို ရှင် ဘယ်လိုစားဖို့ရည်ရွယ်ထားသလဲဆိုတဲ့အပေါ် မူတည်တယ်လေ"

"တော်ပါပြီကွာ၊ ဒီနေ့တော့ ကိုယ့်ပိုက်ဆံနဲ့ကိုယ်ပဲ ဝယ်စားပါ့မယ်၊ ဟိုနေ့က စိတ်ကောက်တာခံရပြီးကတည်းက လန့်သွားပါပြီ၊ အဲဒီနေ့က ဆာလိုက်တာမပြောပါနဲ့တော့။ အူတွေတောင်ခြောက်ပြီး အတောင့်လိုက်ထွက်ကျလာမလား အောက်မေ့ရတယ်"

"ဟင်း. . . ထမင်းလေးတစ်နပ်ငတ်တာများ အဖြစ်ကသည်းလိုက်တာ"

"ဩော်. . . မနက်မိုးလင်းကတည်းက ဘာမှမစားရသေးတာလေ၊ မင်း ထမင်းဘူးကိုကျမှ အပြတ်တွယ်ပစ်လိုက်မယ်လို့ စိတ်ကူးပြီး အူဟောင်းလောင်းနဲ့စောင့်နေတာ"

"ကောင်းတယ်. . . ခံပေ့၊ ကိုယ့်အပြစ်နဲ့ကိုယ်ပဲ"

"အဲဒါ မင်းက စိတ်ကောက်တယ်ဆိုပြီး လုပ်ချလိုက်တော့ ငတ်ငတ်နဲ့ အိမ်ကို ကမန်းကတမ်းပြန်ပြေးသွားရတာ၊ အိမ်လည်းရောက်ရော စားစရာဆိုလို့ ဘယာကြော်လေးတစ်ဖဲ့တောင် မကျန်တော့ဘူး၊ ကိုယ့်သူငယ်ချင်းက အကုန်စားပစ်လိုက်ပြီ။ ဟဲ. . . ဟဲ. . . စားစရာမရှိပါဘူးဆိုမှ ဗိုက်က ပိုပိုပြီးဆာလာတယ်၊ တဂွီဂွီ. . . နဲ့၊ တစ်နေ့လုံး ရေသောက်ပြီးအိပ်နေရတာ၊ တော်သေးတယ်၊ ညနေကျတော့ ကိုယ့်အမေဆီကပို့လိုက်တဲ့ ပိုက်ဆံရောက်လာလို့"





"နို့မို့ဆိုရင် ငတ်လို့သေတဲ့မသာကို ဘယ်သူမှ သနားမှာ မဟုတ်ဘူး၊ အင်း . . . မင်းကော မသနားဘူးမဟုတ်လား"

ညီဆူးက အလစ်မှာ မေးခွန်းဖြတ်မေးလိုက်သောကြောင့် သူမမျက်စောင်းထိုးသည်။ ဘာမှတော့မပြော။

သူမ၏နှုတ်ခမ်းယောင်ယောင်ကလေး ကွေးမဲ့သွားပုံနှင့် တပြိုင်တည်းမှာ မျက်ဝန်းထဲ ဖျတ်ခနဲအရောင်လက်သွားပုံက လိုက်ဖက်လှသည်။

ညီဆူးက သူမနှင့်မျက်နှာချင်းဆိုင်တည့်တည့်မှာ ပိတ်ရပ်လိုက်ရင်း . . .

"နောက်ဆို စိတ်မကောက်နဲ့တော့ကွာ၊ အရမ်းတန်ဖိုးရှိတဲ့ ၂၄ နာရီထဲက မိနစ်တိုင်းကိုလည်း နှမြောတယ်၊ ပြီးတော့ ဟဲ. . . ဟဲ. . . မင်းစိတ်ကောက်တာက ကိုယ့်ကျန်းမာရေးကို ထိခိုက်တယ်ကွ၊ ကြာရင် အစာအိမ်ရောဂါဖြစ်လိမ့်မယ်"

ပထမစကားတစ်ခွန်းက အတည်ပေါက်။ ပြီးတော့မှ နောက်သလိုပြောင်သလို ဒုတိယစကားဖြင့် ရောချလိုက်သည်။

ညီဆူး သိပ်လည်သည်။

မေမြတ်သန့်စင် မျက်လုံးကလေး ချာလည်ချာလည်ဝိုင်းသွား၏။

ညီဆူးက နူးညံ့စွာစိုက်ကြည့်ရင်း . . .

"နောက်ဆို စိတ်မကောက်နဲ့တော့နော်"

"ရှင်ကလည်း ကျွန်မထမင်းဘူးကို နေ့တိုင်းလာမစားနဲ့ပေါ့"

သူမ၏ဆံနွယ်အဖျားစတွေပေါ်ကို နေရောင်ခြည်က လက်လက်ကလေးခနေ၏။ ပါးပြင်ပေါ်မှ သွေးကြောကလေးများကိုပင် မြင်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

ညီဆူးက သူမကို ဖြည်းဖြည်းချင်း တစိမ့်စိမ့်ကြည့်သည်။ ပြီးမှ . . .

"ဒါဆို တစ်ခါတစ်လေကော လာစားလို့ရလား"

သူမက အကြည့်ကိုလွှဲဖယ်သည်။ မျက်လုံးချင်းမဆိုင်မိအောင် သတိထားရင်းက . . .

"အင်း. . ."

ဟု ခပ်တိုးတိုးပြောကာ ပြုံးလိုက်၏။

●

မုန်လာဥကလေးက ပြုံးလိုက်တော့လည်း ချစ်စရာကိုကောင်းလွန်းနေသည်။

■





## အခန်း (၁၅)

ကင်တင်းန်ဆီသို့ တရွေ့ရွေ့လာနေသော ညီဆူးကို လှမ်းမြင်လိုက်ရကတည်းက မေမြတ်သန့်စင် မျက်ခုံးလှုပ်နေသည်။

ညီဆူး လုပ်လာပုံကလည်း သေသေချာချာပြုပြင်ကျဖို့ စနစ်တကျပြင်ဆင်လာမှန်းသိသာ၏။ သူနှင့် ဘယ်လိုမှ မတော်သောဘောင်းဘီရှည်ပွယောင်းယောင်း ညစ်ညစ်ထေးထေးကို ခါးတစ်ဝိုက်မှာ ရှုံ့တွတွကြီးဖြစ်နေအောင် ဆွဲချည်ပြီးဝတ်ထားသည်။

ရွှံ့စောင်းချောင်တွဲကျနေသည့် တီရှပ်အပေါ်ကထပ်ပြီး ကုတ်အင်္ကျီဖါးဖါးကြီးတစ်ထည် ဝတ်ထားသေးသည်။ ကုတ်အင်္ကျီကလည်း အဖါရာဗရပွနှင့်။ ပုခုံးမှာ စလွယ်သိုင်းထားသည့် လွယ်အိတ်ဖေါင်းဖေါင်းကြီးကလည်း ညစ်ပတ်ပေကျံနေ၏။

ပိုဆိုးသည်က မျက်နှာကို တစ်ဝက်လောက်ဖုံးသည်အထိ အင်မိအောင်စွပ်ထားသော သူတောင်းစားဦးထုပ်ပျော့ဖတ်ဖတ်ကြီး ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အနားစတွေ ဖွာလန်ကျဲကာ ချုပ်ရိုးတွေပြုတ်ထွက်နေသည့် ဦးထုပ်က မျက်လုံးပေါ် ဖုံးနေသောကြောင့် ညီဆူးက မျက်နှာကို အပေါ်သို့လှန်ကာ မေးစင်းစင်းလုပ်ပြီးကြည့်ရ၏။ အဆိုးဆုံးကတော့ ဆေးတံကြီးကို ပါးစောင်မှာခဲလာခြင်းပင်။

အရှုးရုပ်ပေါက်အောင် တမင်လုပ်လာသော ညီဆူးကို ခပ်ဝေးဝေးမှာမြင်လိုက်သည်နှင့် မေမြတ်သန့်စင်က . . .

"ရွှတ် . . . ရွှတ် . . . မောင်လေး . . . ပိုက်ဆံရှင်းမယ်၊ အစ်မစားထားတာတွေ လာတွက်ပေးဦးနော်၊ မြန်မြန်လုပ် . . . မြန်မြန်"

စားပွဲထိုးလေးကို ကသောကမျောလှမ်းခေါ်ပြီး ခပ်သုတ်သုတ်ပိုက်ဆံရှင်းသည်။ အရေးထဲမှာ စားပွဲထိုးကလေးကလည်း တုံ့ဆိုင်းတုံ့ဆိုင်းနှင့်။

"မြန်မြန်တွက်ပါဟဲ့ . . . နင်ကလည်း"

အတင်းလောဆော်ရသေးသည်။ စားပွဲထိုးလေးက . . .

"လေးရာငါးဆယ်ကျတယ် အစ်မ"

"ရော့ . . . ရော့ . . . ငါးရာတန်ယူထားလိုက်၊ ပြန်မအမ်းနဲ့တော့"

ပိုက်ဆံကို ကမန်းကတန်းထိုးပေးပြီး မေမြတ်သန့်စင်က ကင်တင်းနံနှင့်ဝေးရာဆီသို့ သုတ်ခြေတင်တော့သည်။

သူတောင်းစားလိုလို အရူးလိုလိုလူတစ်ယောက်နှင့်အတူ ကင်တင်းနံမှာ တစ်စားပွဲတည်းထိုင်ဖို့ဆိုသည်ကတော့ ဘယ်လိုမှ မတွေးဝံ့စရာ။

မေမြတ်သန့်စင် ကမန်းကတန်းထလစ်သွားသည်ကို ညီဆူး





ကလည်း လှမ်းမြင်လိုက်သည်။ ညီဆူးက ခြေလှမ်းကို အရှိန်မြှင့်လိုက်ချိန်တွင် မေမြတ်သန့်စင်က ကင်တင်းနံစားသောက်ဆိုင်တန်းများ၏ ဟိုးတစ်ဖက်အစွန်သို့ပင် ရောက်နေပြီ။

ညီဆူးက လမ်းဖြောင့်အတိုင်းမလိုက်။ စားသောက်ဆိုင်တန်းကို တစ်ဖက်မှပတ်ပြီးထွက်သည်။

မေမြတ်သန့်စင်ကလည်း လှစ်နေအောင်ပါးသည်။ ညီဆူးကို လွတ်အောင်ပြေးဖို့ မဖြစ်နိုင်တော့မှန်းသိသည်။ မိချင်းမိလျှင် လူသူရှင်းသည့်နေရာတွင် နှစ်ယောက်ချင်းအတွေ့ခံလိုက်ရသည်က တော်သေးသည်ဟု ဆုံးဖြတ်လိုက်၏။

လူတွေအများကြီးကြားထဲမှာဆို ညီဆူး ကိုးယိုးကားယားလုပ်ပုံမျိုးနှင့် ဝိုင်းပြီး အဟားခံရမှာသေချာသည်။

ထိုအတွေးဖြင့် စာသင်ခန်းတွေနှင့်လည်းဝေး၊ ကင်တင်းနံနှင့်လည်းဝေးသော ကားပါကင်ဆီသို့ ခပ်သွက်သွက်လှမ်းလိုက်၏။

"ဟာ . . . အရေးထဲမှာ"

ဒေါက်ဖိနပ်အမြင့်နဲ့မို့ ခြေလှမ်းက စိတ်ရှိသလောက်မမြန်နိုင်။ ခြေလှမ်းကို စိပ်စိပ်နှင့်သွက်သွက်လှမ်းနေရသည်။

ဘောက်ဆတ်ဘောက်ဆတ်နှင့် တက်သုတ်နှင်နေသော မေမြတ်သန့်စင်ကို ညီဆူးက သစ်ပင်အကွယ်မှကြည့်ရင်း ပြုံးနေမိ၏။ သူတကယ်တမ်းပြေးလိုက်လျှင် ဒီအကွာအဝေးလောက်ကို ခဏဖြင့် မှီနိုင်သည်ပဲ။

သို့သော် တမင်တကာပင် လွှတ်ပေးထားလိုက်သည်။

●



www.burmeseclassic.com

www.burmeseclassic.com



မေမြတ်သန့်စင်က သူ့ကို လူတွေကြားထဲမှာ စကားပြောရမှာ ရှက်ပြီး လူရှင်းရာဆီသို့ လစ်ပြေးမှန်း သူရိပ်မိသည်။

သူကလည်း လူတွေကြားထဲမှာ မေမြတ်သန့်စင် အရှက်ကွဲအောင်လုပ်ဖို့ စိတ်ကူးမရှိပါ။ ထို့ကြောင့် တမင်ပင် ကင်တင်းနိကထပြီး ပြေးအောင် လူယောင်ပြပြီး လှန့်ထုတ်လိုက်ခြင်းဖြစ်၏။

"မုန်လာဥလေးရေ. . . အစကတည်းက မင်းကို နာမည်ပျက်အောင် မလုပ်ပါဘူး၊ ဂုဏ်သိက္ခာကျအောင် မလုပ်ပါဘူး. . . လို့ ငါ ကတိပေးထားခဲ့သားပဲ"

ကတိကဝတ်သည် ချစ်ခြင်းမေတ္တာ၏ ငယ်သူငယ်ချင်းဖြစ်၏။

●

မေမြတ်သန့်စင် ရပ်စောင့်နေသည့် ကားပါကင်ဆီသို့ ညီဆူးက ပေစောင်းစောင်း ကုပ်ချောင်းချောင်းဖြင့် လျှောက်သွားလိုက်သည်။ ဆေးတံကြီးကိုလည်း ပါးစောင်ဘယ်ဖက်မှညာဖက်သို့ ပြောင်းကိုက်လိုက်သေး၏။

သူမက ဘေးဘီဝဲယာကို အကဲခတ်ရင်း အသံခပ်အုပ်အုပ်ဖြင့်. . .

"ရှင်. . . ရှင်. . . ဒါက ဘယ်လိုပုံစံဖြစ်လာရတာလဲ"

"ဟဲ. . . ဟဲ. . . ဒီလို ညစ်တီးညစ်ပတ်လူတစ်ယောက်နဲ့ ရည်းစားဖြစ်ရရင် မင်းစိတ်ထဲမှာ ဘယ်လိုနေမလဲသိချင်လို့၊ ကဲ. . . အခုက စပြီး ချစ်သူတွေဖြစ်ကြပြီ"





ညီဆူးက ကုတ်အင်္ကျီအစုတ်ကြီး၏ အိတ်ကပ်ထဲမှ Stopwatch နာရီကိုထုတ်ယူပြီး ခလုတ်နှိပ်လိုက်၏။

မေမြတ်သန့်စင်က အမြင်ကတ်ကတ်ဖြင့် မျက်စောင်းထိုးရင်း

"စိတ်ထဲမှာဘယ်လိုနေရမှာတုန်း၊ ရှင့်ကို အော့နှလုံးနာတာပေါ့၊ သိပြီလား"

"ဟော. . . ကြည့်. . . မေ့သွားပြန်ပြီ၊ ချစ်သူဖြစ်နေတဲ့အချိန်ကျရင် 'မောင်'လို့ ခေါ်ရမှာလေ"

မေမြတ်သန့်စင်၏မျက်နှာက ရှုံ့မဲ့သွားပြီး . . .

"သေတော့မှာပဲ၊ ဒီလို စုတ်တီးစုတ်ပြတ်လူကို ကျွန်မက 'မောင်' လို့ခေါ်ရမယ်. . . ဟုတ်လား၊ ရှင့်ကိုယ်ရှင်လည်း မှန်ထဲသွားပြန်ကြည့်စမ်းပါဦး၊ သူတောင်းစားလိုလို အရူးလိုလိုနဲ့"

"အဲဒီလိုဖြစ်အောင်ကို တမင်ဝတ်လာတာပဲဥစ္စာ၊ အေးလေ. . ခုတော့ ကိုယ်နားလည်ပါပြီ၊ မင်းတို့မိန်းကလေးတွေဟာ လူကိုချစ်တာ လူကိုတန်ဖိုးထားကြတာမှ မဟုတ်ဘဲ၊ အဝတ်အစားတွေ အဆောင်အယောင်တွေကိုပဲ အထင်ကြီးကြ၊ မက်မောကြ၊ ချစ်ကြတာပါ"

ဆွေးဆွေးမြေ့မြေ့ပြောရင်း ခေါင်းကို လေးတွဲ့စွာခါယမ်းလိုက်ပုံက စစ်ကြိုခေတ်လောက်က ဓါတ်ရှင်မင်းသားအိုက်တင်မျိုး။

မေမြတ်သန့်စင်က ဆွေ့ဆွေ့ခုန်မတတ် မခံမရပ်နိုင်ဖြစ်သွားပြီး . . .

"အောင်မယ်. . . အောင်မယ်. . . မိန်းကလေးတွေကို အဲဒီလို သိမ်းကျုံးမပုတ်ခတ်နဲ့နော်၊ ရှင်တို့ယောကျ်ားတွေထက်တောင် မိန်းမသားတွေက အချစ်နဲ့ပတ်သက်လာရင် ပိုပြီးဖြူစင်ကြသေးတယ်၊ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ချစ်ပြီဆိုရင် ဘာအဆောင်အယောင်ကိုမှ မမက်မောဘူး၊ နားလည်လား. . .”

“ဟူး. . . မယုံပါဘူးကွာ၊ အခုခေတ်လေး ချစ်သူအယောင်ဆောင်ရတာတောင် စုတ်စုတ်ပြတ်ပြတ်ဝတ်လာလို့ မခေါ်ချင်မပြောချင် ဖြစ်နေတဲ့ဥစ္စာ”

“အမယ်လေး. . . မဆိုင်လိုက်တာ”

“ဒါဆို ‘မောင်’ လို့ ခေါ်လေ”

အပိုင်ချည်ပြီးတုပ်ပြီးမှ တောင်းဆိုသည့်စကား။ မမြတ်သန့်စင်က နှုတ်ခမ်းကိုကိုက်သည်။ အကြည့်ကို ခပ်စွေစွေလွှဲသည်။ ပြီးမှ ဆောင့်ဆောင့်အောင့်အောင့်ဖြင့် . . .

“မောင်”

ညီဆူးက နောက်တစ်ဆင့်ကဲလာသည်။

“မောင့်ကိုချစ်လားဟင်”

မမြတ်သန့်စင်က အရွဲ့တိုက်ပြီး . . .

“မောင့်ကိုချစ်တယ်၊ မောင့်ကို အရမ်း. . . အရမ်းချစ်တယ်၊ သေလုမျောပါးဖြစ်ရလောက်အောင်ကို ချစ်တယ်”

“ဩော်. . . ဒါလောက်တောင်ပဲလား စင်ရယ်၊ ဖြစ်မှဖြစ်ရလေ ကျွတ်. . . ကျွတ်”

ညီဆူးက ဆေးတံကိုကိုက်ထားရသောကြောင့် ဗလုံးဗထွေးလေသံဖြင့် ပြော၏။ မမြတ်သန့်စင်က ပိုရွဲ့ပြီး . . .

“အို. . . ဘယ်ကမလဲမောင်ရယ်၊ မောင့်မျက်နှာကို တစ်နေ့မမြင်ရရင် မနေနိုင်ဘူး၊ မောင့်အသံကို မကြားရရင် ထမင်းစားလို့





မဝင်ဘူး၊ မောင့်အပြုံးကို မမြင်ရရင် သေချင်တယ်၊ မောင်သာထားပစ်ခဲ့ရင် အဆိပ်သောက်ပစ်လိုက်မှာပဲ”

သူတို့အနီးမှဖြတ်သွားသည့် သန့်ရှင်းရေးဝန်ထမ်း မိန်းမကြီးနှစ်ယောက်ကတော့ မမြတ်သန့်စင်ပြောလိုက်သည့်စကားကို ကြားပြီး တုရားတသူ့တာ၊ ရင်ထုမနာဖြစ်သူက ဖြစ်ကုန်ကြ၏။

“အောင်မလေးလေး. . . ကလေးမရယ်။ ဒီအရူးကိုမှ တမ်းတမ်းစွဲဖြစ်နေရသလားအေ. . . ကြိုက်စရာယောကျ်ား ရှားသလားတွယ်”

“ဝဋ်ကြွေးကိုး. . . အေ့၊ ကောင်မလေးခမျာ ချောကချောသနဲ့ အရူးကိုလင်လုပ်ရတယ်ဆိုတာ ဒါမျိုးမှအစစ်တော့”

ရှေ့မကြည့်နောက်မကြည့် စွတ်ပြောလိုက်မိသော ကိုယ့်စကားနှင့်ကိုယ် မမြတ်သန့်စင် ရှက်ပြီး မျက်နှာတစ်ခုလုံး နီမြန်းသွား၏။

ညီဆူးက ဆေးတံကို ပါးစပ်မှချွတ်ပြီး ‘ဟီး. . . ဟီး” ဟု ရယ်သည်။

မမြတ်သန့်စင်က ဒေါသဖြင့် မျက်လုံးကိုပြူးပြီးကြည့်၏။

“ဟင်. . . ဒါမျိုးကြားရတော့ ရှင် တော်တော်ပျော်တယ်ပေါ့လေ. . . ဟုတ်လား”

ညီဆူးက ကြည်လင်သန့်စင်စွာပြုံးလိုက်ပြီး . . .

“မဟုတ်ပါဘူးကွာ၊ ကိုယ်က မင်း ဂုဏ်သိက္ခာထိခိုက်မှာကို. . ”

ရုတ်တရက် မမြတ်သန့်စင်၏မျက်နှာက ထိတ်လန့်တကြားဖြစ်သွားသောကြောင့် ညီဆူး ပြောလက်စ စကား တန်းလန်းရပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားပါကင်ဆီသို့ အဖြူရောင်ဆလွန်းကားတစ်စီး ထိုးဝင်လာသည်ကို မြင်ရ၏။

မေမြတ်သန့်စင်က ထိုကားဆီသို့ မျက်လုံးဝေ့ဝဲကြည့်ရင်း အထိတ်ထိတ်အပျာပျာဖြင့် . . .

"အဲ. . . အဲဒါ ကျွန်မ့်သူငယ်ချင်းကားပဲ၊ ဒုက္ခပဲ၊ သူ့. . . သူ့ရှေ့မှာတော့ ကျွန်မကို အရှက်မခွဲနဲ့နော်. . . ကျွန်မ. . . ကျွန်မ. . ."

သူမ တကယ်ပင် စိုးရိမ်ကြောက်လန့်နေသည်။ စကားသံတွေပင် အထစ်ထစ်အငေါ့ငေါ့။ ညီဆူး၏မျက်လုံးညိုညိုတွေ မှုန်မှိုင်းသွား၏။

ဩော်. . . ကောင်မလေးရယ်၊ မင်းရဲ့ဂုဏ်သိက္ခာ သဲတစ်မှုန်စာလောက် မြေကြီးပေါ်ကြွေကျမယ်ဆိုရင်တောင် ဟောဒီကောင်က ရင်ဘတ်နဲ့ဆီးကာမယ့်လူပါ။

●

ညီဆူးက ချိန်မှတ်နာရီလေးကို သိုသိပ်စွာ ခလုတ်ပိတ်လိုက်၏။ ပြီးတော့. . . ရိုးကျိုးစွာဖြင့် ခေါင်းငုံ့ပြီး နောက်ဖက်သို့ ခြေတစ်လှမ်းခွါဆုတ်လိုက်သည်။

●

မေမြတ်သန့်စင်က ညီဆူးဘက်ကို ချက်ချင်းကျောခိုင်းတာ ကမန်းကတန်း လှည့်ထွက်သည်။

သူမ၏သူငယ်ချင်းက ကားတံခါးကိုဖွင့်ဆင်းလိုက်ရင်း စုတ်စုတ်ပြတ်ပြတ်ဝတ်ထားသည့် ညီဆူးဘက်သို့ တစ်ချက်ဝေ့ကြည့်ပြီး . . .





"ဟဲ့. . . မေမြတ်၊ ဟိုအရူးက နင်နဲ့ ဘာတွေပြောနေတာလဲ"

ရုတ်တရက်မို့ မေမြတ်သန့်စင်က ပါးစပ်မှ လွှတ်ခနဲ . . .

"အလကားပါဟာ. . . အရူးက ပိုက်ဆံလာတောင်းလို့ မောင်းထုတ်နေတာ"

●

လွှတ်ခနဲ ပြောလိုက်မိပြီးမှ စကားကျွံသွားမှန်း မေမြတ်သန့်စင်သိလိုက်သည်။

ကိုယ့်ဂုဏ်သိက္ခာကို ကာကွယ်ဖို့ ပစ်လွှတ်လိုက်သော မြားတစ်စင်းသည် တစ်ဖက်သား၏နှလုံးသားထဲ ဘယ်လောက်ထိ စူးစိုက်နာကျင်သွားစေမည်လဲ မသိတတ်နိုင်တော့ပြီ။

အဲဒီစကားကို ညီဆူး ကြားသွားပြီလားမသိ။

●

ထင့်ခနဲဖြစ်သွားသောစိတ်ဖြင့် သမင်လည်ပြန် လှည့်ကြည့်လိုက်သည်။

ညီဆူးကတော့ ခေါင်းမငုံ့တငုံ့အနေအထားဖြင့် မြေပြင်ကို စိုက်ကြည့်ရင်း ငြိမ်ငြိမ်သက်သက်ရပ်နေဆဲ။ သူ. . . ဘာတွေကိုများ တွေးနေသလဲ။ ဘာကြောင့်များ ဒီလောက်ငြိမ်သက်နေရသလဲ။

သူ ကြားတော့ကြားသွားမည်ထင်သည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

ကော်ဖီဆိုင်ထဲတွင် သူတို့နှစ်ယောက်မှလွဲ၍ လူသိပ်မရှိလှ။

ညီဆူးက သောက်လက်စကော်ဖီကို အပြတ်ရှင်းလိုက်သည်။ နောက် သူ့အိတ်ထဲမှနာရီကို ထုတ်ယူကာ မေမြတ်သန့်စင်၏မျက်နှာကို တစ်ချက်အကဲခတ်၏။ Stopwatch နာရီလေးကို တွံခနဲ ခလုတ်ဖွင့်လိုက်ပြီးသည်နှင့် ညီဆူးက . . .

"ဒီနေ့တော့ မောင်တို့ ဘုရားသွားရအောင်"

"ဟင်. . . ရှင် ဘာအကွက်ဆန်းတွေထွင်ပြန်ပြီလဲ"

ညီဆူးက မျက်ခုံးကိုပင့်ကာ ပြုံးစိစိလုပ်ရင်း . . .

"ဒီနေ့ မောင့်မွေးနေ့လေ၊ ဒီတော့ ချစ်သူနဲ့အတူတူ ဘုရားသွားကျောင်းတက်လုပ်ချင်တာပေါ့"

သူ့အကြောင်းပြချက်ကို မေမြတ်သန့်စင်က မယုံ။ မျက်မှောင်ကုပ်ကာစဉ်းစားရင်း . . .





"ဟင်. . . တိုက်ပဲတိုက်ဆိုင်လွန်းတယ်နော်၊ ရှင့်မွေးနေ့က ဒီရက်အတောအတွင်းမှပဲ ဖြစ်ရတယ်လို့။ မယုံဘူး၊ ရှင့်မှတ်ပုံတင်ပြ"

"ဟာ. . . ဟိုဒင်း. . . မှတ်ပုံတင်က အိမ်မှာကျန်ခဲ့တယ်ကွ၊ စင်ကလည်းကွာ မောင့်မွေးနေ့ကို မောင်ကညာပါ့မလား၊ ကဲ. . . လာစမ်းပါ၊ မောင်နဲ့ ဘုရားသွားရအောင်၊ အခုကတည်းက နာရီကို စမှတ်ပြီနော်၊ ဒီကော်ဖီဆိုင်ကနေ ဘုရားကိုသွားတဲ့လမ်းတစ်လျှောက်လုံး ချစ်သူဖြစ်တဲ့အချိန်ထဲမှာ အကျုံးဝင်တယ်၊ အဲဒီတော့ လမ်းသွားနေတုန်းမှာလည်း 'မောင်'လို့ပဲ ခေါ်ရမယ်၊ ဟုတ်ပြီနော်"

ညီဆူးက သူ့စိတ်ကူးနှင့်သူတော့ အကွက်စေ့သည်။ မေမြတ်သန့်စင်က သက်ပြင်းတိုးတိုးကို ခိုးပြီးရှိုက်၏။ ညီဆူးရဲ့အကွက်ကို ဘယ်လိုတန်ပြန်နည်းနဲ့ဖျက်ရမလဲ ဆိုသည်ကို တစ်မိနစ်အတွင်း အသည်းအသန် စဉ်းစားရပြီ။

ညီဆူးကတော့ စိတ်အေးလက်အေးပင် သူတို့နှစ်ယောက်သောက်ထားသော ကော်ဖီဘိုးကို ရှင်းလိုက်သည်။ ထို့နောက် . . .

"ကဲ. . . လာ. . . သွားရအောင်"

သူကပင် ဦးဆောင်ပြီး ကော်ဖီဆိုင်ထဲမှထွက်သည်။ မေမြတ်သန့်စင်က နောက်မှ တွန့်ဆုတ်တွန့်ဆုတ်. . ။ မဟာဗန္ဓုလလမ်း ပလက်ဖောင်းပေါ် ရောက်သည့်တိုင် ဟိုကြည့်ဒီကြည့်။ မြို့ထဲဆိုတော့လည်း ကားအသွားအလာတွေ လူသူအဖြတ်အသန်းတွေက ရှုပ်ယှက်ခတ်နေ၏။

အဲသည်မှာပင် မေမြတ်သန့်စင်ဦးနှောက်ထဲမှာ စိတ်ကူးတစ်ခု ဖျတ်ခနဲပေါ်လာသည်။ ချက်ချင်းပင် သူမက. . .

"နေဦးလေ မောင်၊ တက္ကစီငှားလိုက်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



'မောင်'ဟုခေါ်သံကြောင့် ညီဆူး၏မျက်နှာက ပြုံးဖြီးဖြီးကြီး ဖြစ်သွားပြီး . . .

"အင်း. . . ငှားလေ"

မေမြတ်သန့်စင်က သူ့အကြံအစည်နှင့်သူ လမ်းဖြတ်ကူးရန် ဝဲဘက်ယာဘက်တစ်လျှောက်ကို မျက်စိကစားလိုက်ပြီး . . .

"ဟိုဘက်အခြမ်းမှာရပ်ထားတဲ့ ကားကို စင်သွားငှားလိုက်မယ် နော်၊ လာ. . . လာ. . . မောင်ပါလိုက်ခဲ့"

ပြောပြောဆိုဆိုနှင့် မေမြတ်သန့်စင်က လမ်းကို မျဉ်းကြားမှ မကူးဘဲ တားမြစ်ထားသည့်နေရာမှ ဖြတ်ကူးလိုက်သည်။

"ဟာ. . စင်. . . ဒီကမကူးနဲ့လေ၊ ဖမ်းလိမ့်မယ်"

ညီဆူးက ပျာပျာသလဲဖြင့် မေမြတ်သန့်စင်ကို လိုက်ဆွဲရင်း သူပါ လမ်းပေါ်ရောက်လာ၏။ သူမ၏လက်ကို ညီဆူးက ကိုင်မိသည် နှင့်တစ်ပြိုင်နက် မေမြတ်သန့်စင်က သူ့လက်ကို ပြန်လည်ဖမ်းဆုပ်လိုက် ပြီး လုံးဝလွှတ်မပေးတော့။

"ဟာ. . . မလုပ်နဲ့လေ. . . မလုပ်နဲ့"

နှစ်ယောက်သား လမ်းလယ်ခေါင်တွင် ရှေ့တိုးကြတော့မလိုလို နောက်ပြန်ဆုတ်တော့မလိုလို ကိုယ့်ယို့ကားယားဖြစ်နေကြစဉ် . . .

"ကဲ. . ကဲ. . . ဒီက ညီလေးနဲ့ညီမလေး တဆိတ်လောက် အစ်ကိုတို့ လမ်းစည်းကမ်းထိန်းသိမ်းရေးကားပေါ်တက်ကြပါ"

စောစောက မေမြတ်သန့်စင် လှမ်းမြင်ထားသော လမ်းစည်း ကမ်းထိန်းသိမ်းရေးအဖွဲ့မှ ရဲတစ်ယောက်နှင့် ရဲမေတစ်ယောက်က သူတို့ ကိုဖမ်းပြီး ကားပေါ်တက်ခိုင်းလိုက်၏။

●





ညီဆူး၏မျက်နှာကြီးက မှုန်တုန်တုန်မှိုင်းတိုင်းတိုင်းဖြစ်သွား သလောက် မေမြတ်သန့်စင်ကတော့ ပြုံးစေ့စေ့။ သူမက . . .

"ဘာတွေစိတ်ညစ်နေတာလဲ မောင်ရဲ့၊ ပျော်ပျော်ပါးပါးနေစမ်း ပါ။ ဪ. . . မောင့်နာရီကိုပိတ်ပစ်ပြီး အချိန်ခိုးဖို့တော့ မကြိုးစားနဲ့ နော်၊ ကျွန်မက ရှင့်ကို 'မောင်'လို့ ခေါ်နေသမျှကာလတလျှောက်လုံး ချစ်သူဖြစ်နေတဲ့အချိန်ထဲမှာ အကျုံးဝင်တယ်မဟုတ်လား၊ ကိုယ့်စကား နဲ့ကိုယ်နော်"

သူမ၏စကားကြောင့် ညီဆူး ခေါင်းငိုက်စိုက်ကျသွား၏။

ဒီအတိုင်းဆိုမလွယ်။ ၂၄ နာရီ၏ လက်ကျန်အချိန်တွေထဲမှာ နာရီအတော်များများ အလဟဿဆုံးရှုံးသွားတော့မည်။

ညီဆူးက ကားအနီးတွင် ရပ်စောင့်နေသော ရဲတစ်ဦးကို လှမ်း မေးလိုက်သည်။

"အစ်ကို. . . ကျွန်တော်တို့ ဒီမှာတင်ပဲ ဒဏ်ငွေဆောင်သွားလို့ မရဘူးလားဟင်၊ အရေးတကြီးသွားစရာရှိလို့ပါ"

"မရဘူး. . . ညီလေးရဲ့၊ အစ်ကိုတို့က စီမံချက်နဲ့မို့လို့ပါ၊ လမ်း စည်းကမ်းချိုးဖေါက်တဲ့လူတွေကို ဒီကားတစ်စင်းစာမပြည့်မချင်းလိုက်ရှာ ပြီး ဖမ်းရမှာ၊ ကားတစ်စီးစာပြည့်ပြီဆိုရင် အဲဒီလူတွေအားလုံးကို ရုံးကို ခေါ်သွားရတယ်၊ ရုံးရောက်ရင် ပညာလေး ဗီဒီယိုဇာတ်လမ်းကား ပြ တယ်၊ နောက်. . . ဆုံးမဩဝါဒပေးပြီးတော့မှ ဒဏ်ငွေဆောင်ခိုင်းပြီး ပြန်လွှတ်တာ"

သေပြီ။ ရွှေပြည်တော်မျှော်တိုင်းဝေးဆိုတာ ဒါပဲလားမသိ။ အခု မှ ကားပေါ်မှာ သူတို့နှစ်ယောက်တည်းရှိသေးသည်။ ကားတစ်စင်းလုံး



www.burmeseclassic.com

www.burmeseclassic.com



အပြည့် လူတွေဖမ်းမိဖို့ဆိုလျှင်တော့ . . .

"အို . . . မောင်ကလည်း မျက်နှာကြီး စူပုပ်မထားစမ်းပါနဲ့၊ အချိန်တွေအများကြီးရှိသေးတဲ့ ဥစ္စာ၊ အေးအေးဆေးဆေးပေါ့မောင်ရယ်"

မေမြတ်သန့်စင်ကလည်း တောက်လျှောက် 'မောင်'တွေချည်း လိုမ့်ခေါ်တော့သည်။ စကားမရှိစကားရှာပြီး တ 'မောင် . . . မောင်' လုပ်၏။

"မောင်ရေ . . . လူကူးမျဉ်းကြားလေးတွေဆွဲထားတာက ညီညီညာညာလေးနော်"

"ဓါတ်ကြိုးတွေက အရှည်ကြီးတွေနော် . . . မောင်"

"မောင် . . . ဟိုလူကြီးထိပ်ပြောင်နေတာက ဆံပင်တွေကျွတ်သွားလို့လား၊ ဆံပင်တွေမပေါက်လို့လားဟင်"

ကြာတော့ အလိုက်သင့်ပြန်ပြောရတာမောလာသည်။ 'မောင်' ဟုအခေါ်ခံရတိုင်း ညီဆူး တုန်လှုပ်သွား၏။ ပြန်မဖြေလို့ကလည်းမရ။ မေမြတ်သန့်စင်က ညီဆူးပြန်မပြောမချင်း မေး၏။

"မောင် . . . ဟိုဟာကဘာလဲဟင်"

မေမြတ်သန့်စင် လက်ညှိုးထိုးပြရာဆီသို့ လှမ်းကြည့်ပြီး ညီဆူး စိတ်တိုသွားသည်။ သံပြတ်ဖြင့်ဖြေလိုက်၏။

"အဲဒါ . . . ဆူးလေဘုရား"

"ဩော် . . . ဟိုနားက အမိုးကုပ်ကုပ်လေးနဲ့ဟာကကောဟင် မောင်"

"ဘတ်စကား . . . မှတ်တိုင်"





"ဟိုးအပေါ်က လက်လက်လက်လက်နဲ့ဟာက ဘာလဲ မောင်"

"မသေမချင်းမှတ်ထား . . . အဲဒါ . . . မီးပွိုင့်"

မဖြစ်တော့။ ဒီအခြေအနေမှရုန်းထွက်ဖို့ တစ်နည်းသာရှိတော့သည်။ ဒီကားပေါ်မှာ လူမြန်မြန်ပြည့်၊ ရုံးကိုမြန်မြန်ရောက်၊ ဒဏ်ငွေမြန်မြန်ဆောင်ပြီးမှ ကိစ္စပြတ်တော့မည်။

အခုတောင် မိနစ်လေးဆယ်လောက် အလဟဿ အချိန်ကုန်သွားပြီ။

လမ်းစည်းကမ်းထိန်းသိမ်းရေးစီမံချက်ကားကြီးကလည်း မဟာဗန္ဓုလလမ်းမှာ ရပ်ပြီးစောင့်ဖမ်းလိုက်၊ လမ်း ၃၀ ထောင့်နားရောက်လိုက်၊ သိမ်ကြီးဈေးနားရပ်လိုက်နှင့်။

နောက်ဆုံး မြန်မြန်လူပြည့်ပါစေတော့ဟု သဘောထားပြီး စည်းကမ်းမဲ့ လမ်းကူးသူတွေကို ညီဆူးကပါ အမဲဖမ်းသလို ဝိုင်းရှာလေတော့သည်။

"ဟိုမှာ . . . ဟိုမှာ . . . အဒေါ်ကြီးတစ်ယောက်။ မျဉ်းကြားက မကူး . . ဘူး၊ ဖမ်း . . . ဖမ်း"

"ဟော . . . အင်္ကျီအနီနဲ့ အစ်မကြီးဖြတ်ပြေးသွားပြီ . . . လိုက် . . . လိုက်"

ညီဆူး၏အသံတွေချည်း ဆူညံနေသည်။ အကြောင်းမသိသူတွေအဖို့တော့ ညီဆူးကို သူတစ်ပါးဒုက္ခရောက်မှ စားဝင်အိပ်ပျော်သည့်နေ . . . ဟု ထင်ပေလိမ့်မည်။ နောက်ထပ် မိနစ် ၂၀ လောက်ကြာတော့မှ လူပြည့်သွားသည်။ ကားခေါင်းခန်းထဲမှာပါလာသော ပုခုံးမှာကြယ်နှစ်ပွင့်နှင့် ပုဂ္ဂိုလ်က ညီဆူးကို . . .



www.burmeseclassic.com

www.burmeseclassic.com



"အခုကို တာဝန်သိသိနဲ့ ကူညီတာကျေးဇူးပဲကွာ"

ဟု ချီးကျူး၏။

ကားပေါ်မှာ အဖမ်းခံထားရသော လူတွေအားလုံးကတော့ ညီဆူးကို ဘုကြည့်ကြည့်သူကကြည့်။ အံကြိတ်ကာ မျက်စောင်းထိုးသူက ထိုး၊ လက်သီးဆုပ်ပြသူကပြ ဖြစ်ကုန်ကြ၏။

ညီဆူး သွားအဖြူသားလေးနှင့် ဇက်ပုနေလိုက်ရသည်။

●

ရုံးမှာ လမ်းစည်းကမ်းထိန်းသိမ်းရေးဗီဒီယိုကား ပြနေတော့လည်း မေမြတ်သန့်စင်က အငြိမ်မနေ။ တစ်ချိန်လုံး တ မောင် မောင် ခေါ်နေ၏။ ဇာတ်ကားကိုကြည့်နေရင်း . . .

"ဇာတ်လမ်းလေးက မဆိုးဘူးနော် မောင်"

"ဟုတ်တယ်နော် . . . မောင်၊ ဒီအချက်တွေ သိထားဖို့ကောင်းတယ်"

"ကြည့်စမ်း . . . မောင်ရေ၊ စင်တို့ ဒါတွေလိုက်နာရမှာပေါ့၊ ဟုတ်တယ်မဟုတ်လား . . . မောင်"

ညီဆူး ခေါင်းတွေထူပူလာသည်။

ဗီဒီယိုဇာတ်လမ်းပြီးတော့ ဩဝါဒစကားကို နားထောင်ရသည်။ ဒဏ်ငွေဆောင်ပြီးပြန်ထွက်လာတော့ ချိန်မှတ်နာရီလေးကို ကြည့်လိုက်သည်။

စုစုပေါင်း ၂ နာရီနှင့် ၁၅ မိနစ်ကြာသွား၏။





အဲဒီနေ့က သူတို့ ဘုရားသို့မသွားဖြစ်ကြတော့။

ညီဆူး အချိန်တွေကို နှမြောလိုက်သည့်ဖြစ်ခြင်း။

၂၄ နာရီပြည့်ဖို့ကလည်း ငါးနာရီကျော်ကျော်သာလိုတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

ညီဆူးက ဘုရားကိုထပ်သွားဖို့ ကြိုးစားချင်သေးသည်။

သို့သော် အခုတလော မေမြတ်သန့်စင်ဆီကို ဖုန်းမဆက်ရဲလောက်အောင်ဖြစ်နေ၏။ ဖုန်းဆက်လိုက်သည်နှင့် မေမြတ်သန့်စင်က 'မောင်'ဟုခေါ်ပြီး အချိန်မကြာကြာအောင် ရှည်ရှည်ဝေးဝေးတွေ လှည့်ပတ်ပြောတော့သည်။

ပြီးတော့ အဲဒါကို ချစ်သူဘဝဖုန်းပြောချိန်ဟု သတ်မှတ်ကာ ၂၄ နာရီထဲမှ နှုတ်ခိုင်းသည်။

ပထမဦးဆုံးတစ်ကြိမ်တုန်းက ညီဆူး 'အ'သဖြင့် မေမြတ်သန့်စင်၏လေကြောမှာ မျောနေမိရာ ဘလိုင်းကြီး မိနစ်(၅၀)လောက် အနှုတ်ခံလိုက်ရ၏။ နောက်အခေါက်တွေမှာကျတော့ ညီဆူးပါးသွားပြီ။

ဖုန်းထဲမှာ မေမြတ်သန့်စင်က 'မောင်'ဟုထူးလိုက်သည်နှင့် တစ်ပြိုင်နက် သူပြောစရာရှိတာအမြန်ပြောပြီး စကားဖြတ်ဖို့ကြိုးစား





တော့သည်။ ဒါတောင်မှ တစ်ဖက်က မေမြတ်သန့်စင်က . . .

"ဟင် . . . ဘာပြောတာလဲ" တို့။

"ဘာ . . . ဘယ်လို၊ မကြားရလို့ ပြန်ပြောပါဦး" တို့။

"သိပ်သဘောမပေါက်လိုက်ဘူး၊ နည်းနည်းရှင်းပြပါလား" တို့ဖြင့် သုံးလေးခါ ထပ်ထပ်ပြောခိုင်းပြီး အချိန်ဆွဲသေး၏။

တော်တော်မလွယ်သည့် ငနဲမလေးဖြစ်သည်။

ညီဆူးက စိတ်လေးလေးလံလံနှင့်ပင် တယ်လီဖုန်းနံပါတ်တွေကို နှိပ်လိုက်သည်။ ဖုန်းခေါ်သံရှည်ဆုံးသည်နှင့် တစ်ဖက်မှ မေမြတ်သန့်စင်က . . .

"ဟဲလို . . မောင်လား၊ အတော်ပဲ မနေ့ညက ပုံပြင်လေးတစ်ပုဒ်ဖတ်မိတာနဲ့ မောင့်ကိုပြန်ပြောပြချင်နေတာ၊ ပုံပြင်လေးက သိပ်ကောင်းတာပဲသိလား၊ ဒီလို . . . ဒီလို . . . ဟိုးရှေးရှေးတုန်းက . . ."

"ခဏ . . . ခဏနေပါဦး၊ ကိုယ့်ကိစ္စလေး အရင်ပြော . . ."

"ဟင့်အင်း . . . ဟင့်အင်း . . . မရဘူး၊ ဒီကပြောတာကို ဆုံးအောင် အရင်နားထောင်ရမယ်၊ ပြီးမှ မောင့်ကိစ္စကိုပြော၊ အဲလိုမဟုတ်ရင် နောက် ဖုန်းဘယ်လောက်ဆက်ဆက် မကိုင်တော့ဘူး"

"ဟူး"

ညီဆူး သက်ပြင်းချလိုက်၏။ ပြီး . . .

"ကဲ . . . ပြော . . . ပြော . . . ပြောတော်မူ"

"ဟိုးရှေးရှေးတုန်းကလေ အရမ်းချမ်းသာတဲ့ ရှင်ဘုရင်ကြီးတစ်ပါးရှိသတဲ့၊ တစ်နေ့ကျတော့ ဘုရင်ကြီးဟာ သူ့တိုင်းပြည်ထဲမှာ ဆန်ရေစပါး ဘယ်လောက်များများကြွယ်ဝသလဲဆိုတာ သိချင်တာနဲ့ အဆ



www.burmeseclassic.com

www.burmeseclassic.com



မတန် ကျယ်ဝန်းတဲ့ ကွက်လပ်ကြီးတစ်ခုထဲမှာ သူ့တိုင်းပြည်ကထွက်သမျှ စပါးတွေကို လာပြီးပုံထားရမယ်လို့ အမိန့်တော်မှတ်လိုက်သတဲ့"

ညီဆူးကတော့ ညစ်ညံစ်နှင့် ဖုန်းကို ရိုက်ခွဲချင်စိတ်ပေါက်နေသည်။ အဲသည်လိုတိတ်နေပြန်တော့လည်း မရ။ တစ်ဖက်က မေမြတ်သန့်စင်က ငေါက်သေး၏။

"ဘာလို့တိတ်နေတာလဲ၊ စကားတစ်ပိုဒ်ဆုံးတိုင်း 'အင်း' လို့ ပြောလေ၊ ဒါမှ ပြောရတဲ့လူ အားရှိမှာပေါ့"

"အင်းပါကွာ၊ အင်း. . . အင်း. . . ဆက်ပြော. . . ဆက်ပြော"

"အဲဒါနဲ့ တိုင်းသူပြည်သားတွေက နန်းရင်ပြင်ကွက်လပ်ကြီးထဲမှာ ဆန်စပါးတွေကို လာပြီးပုံထားကြပါလေရော၊ တစ်တိုင်းပြည်လုံးမှာရှိတဲ့ ဆန်စပါးတွေဆိုတော့ မရေမတွက်နိုင်အောင် အများကြီးပဲပေါ့"

"အင်း. . . အင်း. . ."

ညီဆူးက ဝတ်ကျေတမ်းကျေ အင်း. . . အင်းဟုလုပ်၏။ မေမြတ်သန့်စင်က ဆက်၍ . . .

"အဲဒီလို စပါးတွေပုံပြီးတဲ့အချိန်မှာ တောထဲက စာကလေးအုပ်ကြီးဟာ ပျံသန်းလာပါလေရော။ စာကလေးတွေဟာ စပါးစေ့တွေကို မြင်တော့ ကိုက်ချီပြီး သယ်ကြရအောင် ဆင်းလာကြတာပေါ့"

"အင်း. . . အင်း. . ."

"ဘေးမှာရှိတဲ့လူတွေက ဝိုင်းခြောက်လှန့်ပေမယ့် စာကလေးတွေက မကြောက်ကြဘူးဆိုပဲ၊ အပေါ်မှာအုပ်စုဖွဲ့ပျံနေရာက တစ်ကောင်ပြီးတစ်ကောင် အောက်ကိုထိုးဆင်းပြီး စပါးစေ့လေးတွေကို နှုတ်သီးနဲ့ကိုက်ချီသွားကြတယ်။ စာကလေးတွေက တစ်ကောင်လာပြီး တစ်





စေ့ချီလိုက်၊ တစ်ကောင်လာပြီး တစ်စေ့ချီလိုက်၊ တစ်ကောင်လာပြီး တစ်စေ့ချီလိုက်. . . တစ်ကောင်လာပြီး တစ်စေ့ချီလိုက်. . . တစ်ကောင်လာ. . ."

'တစ်ကောင်လာပြီး တစ်စေ့ချီလိုက်' မှာပင် အပ်ကြောင်းထပ်နေသောကြောင့် ညီဆူး စိတ်မရှည်တော့။ ထို့ကြောင့်. . .

"ကဲပါကွာ၊ စာကလေးတွေချီလို့ စပါးစေ့တွေကုန်ပြီပဲ ထားလိုက်ပါတော့၊ ပြီးတော့ ဘာဆက်ဖြစ်သေးလဲ"

"အို. . . ပုံပြင်ကို အဲဒီလိုကျော်ပြောလို့ဘယ်ဖြစ်မလဲ၊ စပါးစေ့တွေက ကုန်မှမကုန်သေးတာ၊ စာကလေးတွေကလည်း အများကြီး၊ စပါးစေ့တွေကလည်းအများကြီးဆိုတော့ တစ်ကောင်လာပြီးတစ်စေ့ချီလိုက်၊ တစ်ကောင်လာပြီး တစ်စေ့ချီလိုက်၊ တစ်ကောင်. . ."

ညီဆူး ရူးချင်လာ၏။ ဒီအတိုင်းဆို အဲဒီ 'တစ်ကောင်လာပြီး တစ်စေ့ချီလိုက်' နေသည့်ကိစ္စက နောက်ထပ် ဘယ်နှစ်နာရီလောက်များကြာဦးမည်မသိ။

သူ့ မရှိမယ့်ရှိမယ့် လက်ကျန်အချိန်လေးတွေတောင် ပြုတ်ပြုတ်ပြုန်းသွားနိုင်သည်။

မေမြတ်သန့်စင်ကတော့ ရှင်မြူးနေသည့်အသံဖြင့် . . .

"တစ်ကောင်လာပြီးတစ်စေ့ချီလိုက်၊ တစ်ကောင်လာပြီး. ."

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကတော့ ဝင်ငွေတိုးပြီ။ ဒီတစ်ပတ် အမေပို့ထားသည့် ပိုက်ဆံကတော့ ဖုန်းခနှင့်တင် ကုန်လိမ့်မည်ထင်သည်။

မျက်စိထဲတွင် ဘယာကြော်တွေကို မြင်ယောင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



'မတော်မဆ ဖုန်းလိုင်းကျသွားသလိုလိုဖြင့် 'ဟဲလို. . . ဟဲလို' လုပ်ပြီး ဖုန်းချလိုက်ရင်ကောင်းမလား ဟုလည်း စဉ်းစားလိုက်မိသေးသည်။ ဒါပေမဲ့ သူရင်ဆိုင်နေရသူက ခပ်တုံးတုံးခပ်အအ မိန်းကလေးတစ်ယောက်တော့မဟုတ်။

လက်လက်တောက်အောင် ဉာဏ်သွက်ပြီး အကင်းပါးသော မိန်းကလေးဖြစ်သည်။ ဒီတော့ ရိုးရိုးသားသားပဲ ရင်ဆိုင်လိုက်တာ အကောင်းဆုံးဖြစ်မည်ဟု ညီဆူးက တွေးလိုက်ပြီး . . .

"ခဏ. . . ခဏလေး. . . ကိုယ့်ကို ငါးမိနစ်လောက်အချိန်ပေးကွာ"

"ဟင်. . . ဘာဖြစ်လို့လဲ၊ ဒီမှာ ပုံပြင်က ပြောလို့ကောင်းနေတုန်းဥစ္စာ"

"အေးပါ. . . အဲဒီပုံပြင်ကို ပြီးတဲ့အထိဆက်ပြောဖို့ ကိုယ် တစ်ခုခု စီစဉ်ပေးပါ့မယ်၊ အခုတော့ ငါးမိနစ်လောက်လေးပဲ"

ညီဆူး၏စကားကို ကြားလိုက်ရသော မေမြတ်သန့်စင်က ကိုယ့်နားပင်ကိုယ်မယုံသလို ဖြစ်သွား၏။

"ဘာ. . . ဒီပုံပြင်ကို ပြီးတဲ့အထိဆက်ပြောတာ ရှင်က လက်ခံမယ်ပေါ့. . . ဟုတ်လား"

"တစ်ကောင်လာပြီး တစ်စေ့ချီလိုက်' ကို ထပ်တလဲလဲပြောနေလိုက်ရုံဖြင့် ညီဆူး၏လက်ကျန်လေးနာရီလောက်အချိန်ကို ဖြုန်းပစ်လိုက်လို့ရမှန်း သူ မရိပ်မိဘဲနေမည်မဟုတ်။

ဒါနဲ့များ ပုံပြင်ကို ဆက်နားထောင်ဖို့ လက်ခံတယ်ဆိုတော့ သူမှာ ဘာအကွက်တွေရွှေ့စရာရှိလို့ပါလိမ့်။





မေမြတ်သန့်စင်က ညီဆူး၏အကြံကို သိချင်သောကြောင့် အသာလိုက်လျှောပြီး . . .

"ကောင်းပြီလေ၊ ဒါဆို ရှင် ဘာပြောချင်လဲ. . . ပြော"

"မင်းနဲ့ကိုယ် ဘုရားကို တစ်ခါလောက် အတူတူသွားဖူးချင်တယ်"

"ရှင်. . ."

မေမြတ်သန့်စင် အနည်းငယ် တွေဝေတိတ်ဆိတ်သွား၏။ ပြီးမှ . . .

"ဘာလဲ. . . ဒီတစ်ခါလည်း ရှင့်မွေးနေ့ပဲလား"

"မဟုတ်ပါဘူး၊ ဒီတစ်ခါတော့ ကိုယ်မညာတော့ပါဘူး၊ ရိုးရိုးသားသား အမှန်အတိုင်းပဲပြောပြမယ်၊ ကိုယ့်အတွက် နောက်ဆုံးလက်ကျန်အချိန်တွေက နည်းနည်းပဲ ကျန်တော့တာမဟုတ်လား"

"အင်း"

"အဲဒီကျန်တဲ့အချိန်ရှိစုမဲ့စုလေးကလည်း မင်းဘက်က အကြံပိုင်ပိုင်နဲ့ တစ်ကွက်လောက် ဉာဏ်နီဉာဏ်နက်သုံးလိုက်ရင် ချက်ချင်းကုန်မယ်ဆို ကုန်သွားနိုင်တယ်မဟုတ်လား"

ဒီတစ်ခါတော့ ညီဆူး၏ပြောပုံကြောင့် မေမြတ်သန့်စင် ပြုံးလိုက်မိ၏။ သူတို့နှစ်ယောက်က လက်ရည်တူသော စစ်တုရင်ပြိုင်ဖက်တွေလိုဖြစ်နေကြသည်မဟုတ်လား။ တစ်ယောက်ရွှေ့မည့်အကွက်ကို တစ်ယောက်က ကြိုမြင်နေသည်မှာ ဘာမှတော့မဆန်းလှ။

ညီဆူးက ဆက်၍ . . .

"အဲဒါကြောင့် နောက်ဆုံးကျန်တဲ့အချိန်လေး ကုန်ဆုံးသွား



www.burmeseclassic.com

www.burmeseclassic.com



ခင်မှာ မင်းနဲ့ကိုယ် နှစ်ယောက်တည်း ငြိမ်ငြိမ်ကလေးထိုင်ပြီး အေးချမ်းတဲ့တစ်နေရာရာမှာ နေကြည့်ချင်တယ်၊ ကိုယ်. . ကိုယ်လေ. . ."

စကားကို မဆက်နိုင်တော့ဘဲ ခဏတာမျှ တိုးတိတ်နေသေး၏။ ပြီးမှ . . .

"ကိုယ်လေ. . . အဲဒီအခါကျရင် ကိုးယိုးကားယားလည်း ဘာမှ မလုပ်ပါဘူး၊ စကားလည်း အများကြီးမပြောပါဘူး၊ မင်းမျက်နှာလေးကိုပဲ ထိုင်ကြည့်နေမှာပါ"

မျှော်လင့်မထားသော စကားတွေကြောင့် မေမြတ်သန့်စင်၏ ရင်ထဲမှာ တုန်လှုပ်ချောက်ချားသလိုလို၊ စိုးရိမ်လာသလိုလို၊ နွေးထွေးလာသလိုလို၊ အေးစက်ထုံကျင်သွားသလိုလို ရှုပ်ထွေးပြီး ဘာမှန်းမသိသော ခံစားမှုတစ်မျိုးကို ပွေ့ဖက်လိုက်ရသည်။

မေမြတ်သန့်စင်က . . .

"ရှင်. . . ဘာသဘောနဲ့ ပြောတာလဲ"

"ရိုးရိုးစင်းစင်းလေးပါကွာ၊ အဲဒီအချိန်ကလေးကို ကိုယ့်နှလုံးသားထဲမှာ သိမ်းဆည်းထားချင်လို့၊ မင်းနဲ့အတူတူထိုင်နေခဲ့ဖူးတယ်ဆိုတဲ့ ခံစားချက်လေးကို ရင်ထဲမှာမွေးမြူထားပြီး အကြိမ်ကြိမ် ပြန်သတိရနေချင်လို့ပါ"

ညီဆူး၏စကားလုံးတွေက ရင်ထဲမှလာသော ရိုးသားမှုကြောင့် အဖြူရောင်ဆွတ်ဆွတ်။

သို့သော် မေမြတ်သန့်စင် ကြောက်နေသည်။

ညီဆူး၏ရင်ထဲမှ တကယ်ထွက်ပေါ်လာမှန်း သိနေသောကြောင့် ကြောက်ခြင်းဖြစ်၏။





ဟင့်အင်း. . . ဟင့်အင်း. . . ရှင့်ရင်ဘတ်ကိုပိတ်ထားလိုက်စမ်းပါ။ ရှင့်ရင်ဘတ်ထဲက ဘာမှထွက်ကျမလာစေနဲ့၊ အထူးသဖြင့် ကျွန်မနဲ့ပတ်သက်ပြီး ရှင့်ရင်ထဲမှာ ဘာမှ မခံစားပစ်လိုက်ပါနဲ့။

ပြီးရင် ကျွန်မတို့နှစ်ယောက်စလုံး နာကျင်ရမှာမို့လို့ပါ။

●

မေမြတ်သန့်စင်ဘက်မှ တိတ်ဆိတ်နေသောကြောင့် ညီဆူးက . . .

"၂၄ နာရီပြည့်သွားပြီးတဲ့နောက်မှာလည်း ကိုယ့်ဖါသာကိုယ် အဲဒီလိုမျိုး သတိရနေခွင့်ရှိတယ်မဟုတ်လား"

"ကျွန်မကတော့ 'သတိရခြင်း' ဆိုတဲ့အရာကို မယုံကြည်ဘူး"

သူမ၏လေသံက ထူးဆန်းနေ၏။ ညီဆူးက 'ဘာဖြစ်လို့လဲ' ဟု မေးလိုက်သည်။ မေမြတ်သန့်စင်က . . .

"သတိရခြင်းတို့၊ လွမ်းဆွတ်ခြင်းတို့ဆိုတာတွေက 'တကယ်မရှိတဲ့' အရှိတရားကို သိမှတ်နေတဲ့စိတ်ပဲ၊ 'သိမှု'သက်သက်ပဲ"

"ဒါပေမဲ့ 'သတိရခြင်း'ထဲမှာ တန်ဘိုးတစ်ခုခုပါဝင်နေတယ်လို့ကော မင်း မထင်ဘူးလား"

မေမြတ်သန့်စင်၏အသံက ခြောက်ကပ်ကပ်ဖြင့် . . .

"တန်ဘိုးဆိုတာ 'ထင်ကြေး'တစ်ခုပါပဲ၊ တကယ်ရှိနေတဲ့ အရာကို သိတဲ့အသိက ရှိခြင်းအသိ၊ အဲဒီအသိက 'အသုံးချတန်ဘိုး' အွေကို ဆုံးဖြတ်တာလေ၊ တကယ်မရှိဘဲနဲ့ ကိုယ့်စိတ်က သိမှတ်ထားလို့သာ



www.burmeseclassic.com

www.burmeseclassic.com



'ရှိတယ်' ထင်နေရတဲ့အရာတွေကို ဘယ်လိုတန်ဘိုးဖြတ်မှာလဲ၊ 'သိမှု' ပုံစံပြောင်းသွားတာနဲ့အမျှ တန်ဖိုးကလည်း ပြောင်းသွားမှာပဲ၊ တန်ဖိုးရှိတယ်လို့ ရှင်ထင်နေတဲ့အရာတွေဟာ လုံးဝ တန်ဖိုးမရှိဘဲတောင် ဖြစ်သွားဦးမယ်"

ညီဆူးက ရင်ဘတ်ကိုပေါ့အောင် သက်ပြင်းရှိုက်ထုတ်ရင်း. . .

"မေမြတ်သန့်စင်. . . ကိုယ်တို့ 'လူတွေ' ဟာ ဒဿနိက ဓါတ်ခွဲခန်းကြီးထဲက ကိရိယာတန်ဆာပလာတွေ မဟုတ်ကြပါဘူး၊ အတွေးအခေါ်ပညာရှင်ကြီးတွေရဲ့ ကျမ်းတွေ မှန်ကန်ကြောင်း မှားယွင်းကြောင်း သက်သေပြဖို့ လူဖြစ်နေကြတာမဟုတ်ပါဘူး၊ ကိုယ်တို့. . ကျမ်းစာအုပ်ကြီးတွေရဲ့ အပြင်ဘက်မှာထွက်နေကြရအောင်၊ လမ်းပေါ်ကလူတွေလိုပဲ နေကြရအောင်၊ သူလိုကိုယ်လို ပေါ့လားဝါးလားပဲနေကြရအောင်၊ ကိုယ်မင်းကို သာမန်လူတစ်ယောက် ရိုးရိုးလူတစ်ယောက်ရဲ့ နှလုံးသားနဲ့ သတိရနေပါရစေ"

မေမြတ်သန့်စင်က . . .

"လူတစ်ယောက်ဟာ တခြားလူတစ်ယောက်ကို ဘယ်လောက်များများ သတိရနိုင်မှာမို့လို့လဲ"

ညီဆူးက အဖွဲ့အနွဲ့မပါသော စကားရှင်းရှင်းနှင့်ပင် ပြန်ဖြေသည်။

"ရုပ်ရှင်တွေ ဝတ္ထုတွေထဲမှာပြောသလို 'စက္ကန့်တိုင်း သတိရနေမယ်' တို့၊ 'ထွက်သက်ဝင်သက်တိုင်း သတိရနေမှာ' တို့လိုမျိုးတော့ လက်တွေ့မှာမဖြစ်နိုင်ဘူးပေါ့၊ ကိုယ်လည်း ကိုယ့်ကိစ္စနဲ့ကိုယ် လုပ်စရာ ကိုင်စရာတွေရှိနေမှာပဲ၊ အချိန်တိုင်း သတိမရနိုင်ပေမယ့် အဲဒီလို ကိုယ့်ကိစ္စ





ကိုယ်လုပ်နေတဲ့ကြားထဲကပဲ တစ်ချက်တစ်ချက် သတိရဖြစ်နေမှာပါ၊ အနည်းဆုံး တစ်နေ့ကို တစ်ခါတော့ သတိရမှာသေချာတယ်"

"အနည်းဆုံး တစ်နေ့ကိုတစ်ခါ၊ ဟုတ်လား. . . ကျွန်မကတော့ မယုံပေါင်"

"မင်းကို သက်သေပြနိုင်ဖို့ ကိုယ်ကြိုးစားပါ့မယ်၊ မင်းဘက်ကကော ကိုယ်နဲ့အတူတူ ဘုရားသွားရအောင် အချိန်ပေးဖို့ သေချာပြီလား"

မေမြတ်သန့်စင်ဘက်က တိတ်ဆိတ်သွား၏။ ပြီးမှ . . .

"ကျွန်မ စာမေးပွဲတစ်ခုဖြေစရာရှိသေးတယ်၊ ဒီကြားထဲမှာတော့ မတွေ့ဘဲနေကြရအောင်၊ သိပ်အကြာကြီးမဟုတ်ပါဘူး၊ ရက် ၂၀ လောက်ပါ"

"စောင့်ရမှာပေါ့၊ စောင့်ဆိုင်းတဲ့နေရာမှာ စိတ်အရှည်ဆုံးသတ္တဝါဟာ လင်းတ (လဒ) တဲ့၊ နောက်တစ်ခါတွေ့ရင် ကိုယ့်ကို 'လဒ' လို့ခေါ်နော်"

ညီဆူးက ပြောပြီး ဖုန်းကိုချလိုက်သည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"ဟော့ကောင်. . . လဒ"

မှတ်ကြီးက သူဖုန်းပြောသည်ကို ဘယ်အချိန်ကတည်းက နောက်မှရောက်ပြီး နားထောင်နေမှန်းမသိ၊ ညီဆူး ပြောပြီး ဖုန်းချလိုက်သည်နှင့် လှမ်းခေါ်လိုက်၏။

ညီဆူးက ချာကနဲလှည့်ကြည့်ပြီး . . .

"ခွေးသား. . . သူများဖုန်းပြောတာကို ခိုးနားထောင်တာ သိပ်ရိုင်းတဲ့အကျင့်ကွ"

"အောင်မာ. . . မင်းပြောတာကို ကြားချင်လွန်းလို့ နားထောင်နေတယ်များ မှတ်နေလား၊ ငါ မဂ္ဂဇင်းတိုက်က ပြန်ရောက်တည်းက မင်းကို ကြွားစရာ၊ အဲ. . . ဟုတ်ပေါင်၊ ပြစရာတစ်ခုရှိလို့ အဝတ်အစားတောင်မလဲသေးဘဲ စောင့်နေတာ၊ မင်းတို့နှစ်ယောက်က သောက်ကျိုး





နည်းလေရှည်တာပဲကွာ၊ စောင့်လိုက်ရတာ"

"ဩ. . . ဘာကြွားမလို့လဲ၊ ပြစမ်းပါဦး"

ညီဆူးက မှတ်ကြီးတစ်ယောက် ဘာများပေါက်ကရ လုပ်လာပြန်ပြီလဲဟု တွေးသည်။

မှတ်ကြီး၏မျက်နှာပေးက ကစားစရာအသစ်ဝယ်ပေးခံရသော ကလေးတစ်ယောက်လို ဖြစ်နေ၏။ ငနဲက သူ့လွယ်အိတ်ထဲမှ ဟန်းဖုန်းတစ်လုံးကို ထုတ်လိုက်ပြီး . . .

"ဟောဒီမှာ. . ."

"ဟင်. . . မင်း. . . သူများဟန်းဖုန်းကို အလစ်သုတ်လာတယ်၊ ဟုတ်လား. . . မှတ်ကြီး"

မှတ်ကြီး၏ ဂုဏ်ယူဝံ့ကြွားနေသောအပြုံးက ပလတ်စတစ်ကို မီးရှို့လိုက်သလို မဲရှုံ့တွန့်လိမ်ပြီး ပျောက်သွားကာ . . .

"ဟာ. . . မဦးမချွတ်ကွာ၊ ဒီဖုန်းက ငါတို့မဂ္ဂဇင်းတိုက်ပိုင်ရှင်ဆရာမာဂျေက ပေးလိုက်တာ၊ ဟီး. . . ဟီး. . . ငါ့ဆရာခမျာ တော်ရှာပါတယ်ကွာ၊ အရင်ကဆို ကောင်မလေးတွေကိုပဲ ရွေးပြီး စောင့်ရှောက်တာ၊ ဟဲ. . . ဟဲ. . . အခု ငါ့အပေါ်မှာကျတော့လည်း ကောင်းရှာသားပဲ"

ညီဆူးက . . .

"အင်း. . . မင်းကို စေတနာရှိလွန်းလို့ ပေးလိုက်တယ်တော့ မထင်နဲ့ မှတ်ကြီး၊ အလုပ်လုပ်စရာရှိတဲ့အချိန်ဆို မင်းက ဘယ်ပျောက်ပျောက်သွားမှန်း မသိလို့၊ ခိုင်းချင်ရင် မင်းဘယ်ရောက်နေနေ အလုပ်တကူလှမ်းခေါ်လို့ရအောင် ဖုန်းပေးကိုင်ထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဟုတ်လား"

"ဟုတ်တာပေါ့ကွ. . . တေ့ားရဲ့၊ ကျွဲတွေဘာတွေကို တောထဲ မောင်းလွှတ်ပြီး ပြန်ရှာချင်တဲ့အခါလွယ်အောင်လို့ ကျွဲလည်ပင်းမှာ ခလောက်ဆွဲပေးထားတာ မင်းမြင်ဘူးတယ်မဟုတ်လား၊ အေး. . . အဲဒီလိုပဲ၊ ဒီဟန်းဖုန်းဟာ မင်းလည်ပင်းမှာဆွဲတဲ့ ခလောက်ပဲ"

ညီဆူးက ချိုးချိုးနှိမ်နှိမ်ပြောပစ်လိုက်သောကြောင့် မှတ်ကြီး ငိုင်သွား၏။ ငါဟာ ကျွဲနဲ့တော်တော်တူနေပြီလားဟု တွေးနေပုံရသည်။

ဒီတော့မှ ညီဆူးက လေပြေသွေးရင်း မျက်နှာကို အတတ်နိုင်ဆုံး ချိုမြထားပြီး . . .

"ဟဲ. . . ဟဲ. . . သူငယ်ချင်း၊ လောလောဆယ်တော့ မင်းရဲ့ ခလောက်ကလေး ငါ့ကို ခဏငှားကွာ. . နော်"

မှတ်ကြီး မျက်နှာပုပ်သွားပြီး. . .

"ငှားဘူး"

"လုပ်ပါ သူငယ်ချင်းရာ၊ ဟဲ. . . ဟဲ. . . ငါ့သူငယ်ချင်းကြီးက လိမ္မာပါတယ်၊ ခဏလေးပါ၊ မက်ဆေ့ချ်လေးတစ်ခုလောက် ပို့ရုံလေး တင်ပါကွာ"

"ဘယ်သူ့ဆီကို ပို့မှာလဲ"

"မုန်လာဥဖြူဖြူသေးသေးလေးဆီကို"

ညီဆူးက မေမြွတ်သန့်စင်၏ GSM ဖုန်းသို့ message တစ်စောင် ပို့လိုက်သည်။

"မင်းရဲ့စာကလေးတွေ စပါးစေ့ချီတဲ့ပုံပြင်ကို ဆုံးတဲ့အထိ ဟောဒီဖုန်းဆီ message ရိုက်ပြီး ပို့လိုက်ပါ"





ကဲ. . . ဒါပဲပေါ့၊ သူမရဲ့ပုံပြင်ကို ဘယ်လောက်ရှည်အောင် ဖွဲ့ဆန့်ထားပါစေ၊ message အဖြစ်နှင့်ပို့မည်ဆိုရင်တော့ စက္ကန့်ပိုင်း သာကြာမည်မဟုတ်လား။

●

ခဏနေတော့ မှတ်ကြီးဖုန်း တီတီမြည်သံနှင့်အတူ မေမြွတ်သန့်စင်မှ message တစ်စောင် ပြန်ဝင်လာ၏။

"ရှင်ဟာ လူလည်ပဲ၊ ကျွန်မကို သတိရတယ်ဆိုတာကိုကော ဘယ်လိုနည်းနဲ့ လူလည်ကျပြဦးမှာလဲ"

ဒဏ်ရာအနာတရဖြစ်ထားသူတစ်ယောက်၏ အပြုံးမျိုးဖြင့် ညီဆူး ပြုံးလိုက်သည်။

ကောင်မလေးရေ. . .

ငါဟာ 'သတိရနေခြင်း' တွေအပေါ်မှာတော့

လူလည်မကျတတ်ခဲ့ပါဘူးကွယ်. . .

●

"မှတ်ကြီး. . . သူငယ်ချင်း"

"ဟေ. . . ဘာလဲ. . . လဒ"

ညီဆူးက မှတ်ကြီးထံမှ အကြံဉာဏ်တောင်းသင့်မတောင်းသင့် ခဏတွေဝေစဉ်းစားနေပြီးမှ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကွာ. . . မှတ်ကြီး၊ ကောင်မလေးတစ်ယောက်ကို နေ့တိုင်း သတိရနေတဲ့အကြောင်း ဘယ်လိုသက်သေပြရင်ကောင်းမလဲ"

"ငါလခွီး. . . ဘာများလဲလို့၊ လွယ်လွယ်လေးပဲဥစ္စာ၊ နေ့တိုင်း ဖုန်းဆက်ပေါ့ကွ တော့်ရ"

"ဟ. . . ဒီလောက်တော့ ငါလည်း စဉ်းစားတတ်တာပေါ့ကွ၊ ဖုန်းဆက်တာလည်း ဆက်မှာပေါ့၊ ဒါပေမဲ့. . . ဒီထက်မက တစ်ခုခုကို နေ့တိုင်း မပျက်မကွက် အမှတ်တရလုပ်ပြီး တစ်လပြည့်တဲ့နေ့မှာ သူ့ကို လက်ဆောင်ပေးချင်တယ်"

မှတ်ကြီးက ညီဆူးကို ပေစောင်းစောင်းကြည့်သည်။ 'ငါ့ကောင် ကြီးအနုအရွတွေ တယ်လုပ်ချင်နေပါလား'ဟု သရော်ချင်သည့် အကြည့် မျိုး. . ။

ညီဆူး မသိချင်ယောင်ဆောင်နေလိုက်သည်။

မှတ်ကြီးက . . .

"ဒါဆိုလည်း ဒိုင်ယာရီထဲမှာ တစ်နေ့ချင်းစီရေးကွာ၊ တစ်လ ပြည့်တော့ အဲဒီဒိုင်ယာရီစာအုပ်ကို ပေးဖတ်လိုက်"

"ဟ. . . အဲဒါက ညာလို့ရတယ်ကွ၊ နေ့တိုင်းလုပ်တာမဟုတ်ဘဲ ရက်စွဲလိမ်တပ်ပြီး တစ်ခါတည်းနဲ့ တစ်လစာအပြီးရေးရင်လည်း ဖြစ် နိုင်တဲ့ကိစ္စပဲ၊ သူ့အနေနဲ့ ငါ တစ်နည်းနည်းနဲ့ လူလည်ကျနိုင်တယ်လို့ သံသယ လုံးဝ မဝင်စေချင်ဘူးကွာ"

မှတ်ကြီးက ခေါင်းကိုကုတ်၏။

"ဒီလိုလုပ်ကွာ၊ နေ့စဉ်ထုတ်သတင်းစာပေါ်မှာ မင်း လက်မှတ် ထိုးပြီး မနက်တိုင်း သွား. . . သွားပို့"





"နေ့တိုင်းသွားလို့မဖြစ်ဘူး ငါ့ကောင်ရဲ့၊ သူ စာမေးပွဲရှိနေလို့ ရက် ၂၀ လောက် တွေ့ဖို့ဆိုင်းထားတယ်၊ တစ်လပြည့်မှ သွားပေးရင် လည်း သတင်းစာဟောင်းတွေ ပိဿာချိန်နဲ့ဝယ်ပြီးလာပို့တယ်လို့ ထင် ဦးမှာ"

"ဖွတ်ချီးတဲ့မှကွ၊ မင်းတို့ဟာကလည်း ဇယားကိုရှုပ်ပါတယ်၊ အင်း. . . ညီဆူး. . . ညီဆူး. . . မင်းက ခါးပိုက်နှိုက်ဖြစ်ဖြစ် သူခိုးဖြစ် ဖြစ် ရဲစခန်းမှာ နေ့တိုင်းခံဝန်ချုပ်နဲ့ လက်မှတ်ထိုးနေရတဲ့ကောင်ဆို လည်း အကောင်းသားပဲကွာ၊ ရဲစခန်းက ထောက်ခံစာယူပေးလိုက်ရုံပဲ၊ လွယ်လွယ်လေး. . . "

မှတ်ကြီးက ရွှတ်တွတ်တွတ်ပြောသော်လည်း သူမရယ်နိုင်။ နေ့ စဉ်ရက်စွဲ ရိုက်နှိပ်ဖော်ပြထားသော သက်သေခံစာရွက်စာတမ်းလိုဟာမျိုး တစ်ခုခုရလျှင် ကောင်းမည်ဟု တွေးနေမိ၏။ ထိုစဉ် မှတ်ကြီးက . . .

"မင်း. . . ငါ့ကို တစ်နေ့ ပိုက်ဆံသုံးထောင်ပေးမယ်ဆိုရင် တော့ မင်းလိုချင်တဲ့သက်သေခံလက်မှတ်ကို ငါ ဖန်တီးပေးနိုင်တယ် ညီဆူး"

"ဟင်. . . မင်းက ဘယ်လိုလုပ်မှာလဲ"

"ဟဲ. . . ဟဲ. . . မင်းပေးမယ့်ပိုက်ဆံနဲ့ ငါ နေ့တိုင်း ရုပ်ရှင် သွားကြည့်မယ်လေ၊ ပြီးရင် ရုပ်ရှင်လက်မှတ်ကို မင်းကိုပြန်ပေးမယ်၊ ရုပ်ရှင်လက်မှတ်ပေါ်မှာ နေ့စွဲရိုက်ထားတာပဲဥစ္စာ၊ ဟဲ. . . ဟဲ. . . မကောင်းဘူးလား"

"မွဲရချည်ရဲ့ မှတ်ကြီးရာ၊ တစ်နေ့သုံးထောင်ဆို တစ်လပြည့် ရင် တစ်သိန်းလောက်ကုန်မှာကွ"



www.burmeseclassic.com

www.burmeseclassic.com



ညီဆူးက ညည်းပြောပြောသည်။

ထိုသို့ပြောနေရင်း ရုတ်တရက် တစ်ခုစဉ်းစားမိသွား၏။ လက်မှတ်။ ဟာ. . . ဟုတ်ပြီ၊ ရုပ်ရှင်လက်မှတ်လောက် ဈေးမကြီးသော လက်မှတ်တစ်မျိုးကို သတိရလိုက်သည်။

ရထားလက်မှတ် . . .

သူ ချက်ချင်း ထိုင်ရာမှထသည်။

"ခဏနေဦး. . . မှတ်ကြီး၊ ငါ ဘူတာရုံဘက် ခဏသွားလိုက်ဦးမယ်"

သူ့ခြေလှမ်းတွေက ပေါ့ပါးသွက်လက်နေသည်။

မြို့ပတ်ရထားလက်မှတ်က တစ်စောင်မှ တစ်ဆယ်ပဲကျသည်။ ပြီးတော့ အဲဒီအပေါ်မှာ နေ့စဉ် ရက်စွဲရိုက်ထားပြီးသားမဟုတ်လား။

●

ဘူတာရုံအိုကလေးထဲသို့ သူဝင်လာခဲ့သည်။

ကိုလိုနီခေတ်လက်ရာ နီညိုရောင်ရင့်ရင့် အုတ်ကြွပ်မိုး တိုက်ပုပုကလေး၊ ရေနံချေးရောင် မှိုင်းညို့နေသော တိုင်များနှင့် ကိုင်တွယ်ဖန်များလွန်းသဖြင့် လက်ဆီဝကာ မဲညစ်နေသော သစ်သားရာဇမတ်ကွက်များ။

ပြီးတော့ ခဲလုံးသေးသေးလေးတွေရှိသော မြေနီလမ်းလေးနံဘေးက စက္ကူပန်းရုံအနီရဲရဲကလေး။

ပျင်းရိလေးတွဲ့သော သံမဏိကိုယ်ထည်တပ် သတ္တဝါကြီးတစ်ကောင်လိုမျိုး လှုပ်ရှားလူးလွန့်လျက် မီးရထားကြီးက ဘူတာရုံကလေးဆီ တရွေ့ရွေ့ ဝင်လာနေသည်ကို မြင်ရ၏။ အသံတွေဆူညံကောင်း ဆူညံနေကြမည်ဖြစ်သော်လည်း ညီဆူး၏ အကြားအာရုံထဲတွင် လုံးဝတိတ်ဆိတ်နေသည်။ လူတွေ. . . ခရီးသည်တွေ. . .

နေ့စဉ်ရွေ့လျားနေကျပုံစံအတိုင်း ရွေ့လျားကြပြီ။ အရင့်အရင်နေ့တွေလိုပဲ. . . ခါတိုင်းလိုပဲ. . .

ညီဆူးက ရထားလက်မှတ်တစ်စောင် ဝယ်လိုက်သည်။

ပြီးတော့. . . လက်မှတ်ပေါ်မှာ ရိုက်နှိပ်ထားသည့်နေ့စွဲကို ဖွဖွကလေး ပွတ်သပ်လိုက်၏။

သူ့ရှေ့မှာ လူတွေကတော့ ရထားပေါ်တက်နေကြပြီ။ သူတို့ဘယ်ဆီကိုထွက်ခွာကြမည်လဲမသိ။ သူတို့ တစ်နေရာရာကိုသွားနေကြတာလား။ ဒါမှမဟုတ် ပြန်လာနေကြတာလား။ ပြန်ဘို့ဆိုလျှင်တော့ လာခဲ့ရာအရပ်ကို သိမှဖြစ်ပေလိမ့်မည်။

'ငါကကော ဘယ်ကိုသွားမယ့်ခရီးသည်လဲ' ဟု ညီဆူးက ရထားလက်မှတ်ကို ကိုင်ရင်း တွေးနေလိုက်၏။ သူလာခဲ့ရာအရပ်ကို သူမသိ။

ခဏနေတော့ ရထားကြီးက သူ့ကိုထားရစ်ခဲ့ပြီး ထွက်ခွာသွားတော့သည်။

သူ ငေးကြည့်နေလိုက်၏။

ရထားကြီး တရွေ့ရွေ့ဝေးကွာသွားသည်အထိ ရပ်မြဲနေရာ၌ပင် သူရှိနေသေးသည်။

■




ကြောင်နှစ်ကောင်စာပေ
www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

ဒိုင်ယာရီစာအုပ်အသစ်တစ်အုပ်ကို ဖွင့်လိုက်သည်။

သည်နေ့. . . နေ့စွဲပါ စာမျက်နှာတွင် ရထားလက်မှတ်လေးကို သေသေသပ်သပ် ကော်ဖြင့်ကပ်လိုက်၏။ ပြီးတော့ လွတ်နေသေးသော စာမျက်နှာပေါ်တွင် စာသုံးကြောင်းကို ချရေးလိုက်သည်။

'သတိရတယ်'ဆိုတာ ရထားသံလမ်းတစ်ခုလိုပါပဲ။

ခရီးမိုင်တွေ ဘယ်အထိရောက်ရောက်

အကွာအဝေး ပြောင်းလဲသွားတယ်လို့မှ မရှိတာ။

ညီဆူးကတော့ သူကိုယ်သူ ခရီးရှည်ကြီးတစ်ခု စတင်ထွက်ခွာလိုက်ရသလို ခံစားရသည်။

●





နောက်နေ့. . . နောက်နေ့တွေမှာလည်း ဘူတာရုံဆီသို့ သူတစ်နေ့တစ်ခေါက်ရောက်ဖြစ်သည်။

မြေနီလမ်းစိုစိုကလေးနှင့်လည်း ရင်းနှီးစပြုပြီ။ မြေနီလမ်းဘေးရှိ မြက်ပင်စပ်စပ်ကလေးတွေပေါ်မှာလည်း သူထိုင်ငေးဖူးပြီ။ စက္ကူပန်းရုံမှ ပန်းပွင့်နီနီတွေ မြက်ခင်းပေါ် တပြန့်တလျားကျဲကြွေကျနေသည်ကိုလည်း သူ့မျက်ဝန်းတွေက မှတ်မိတတ်နေပြီ။

ရထားသံလမ်းရှိရာဘက်ဆီ ခပ်ကိုင်းကိုင်း ခပ်ညွတ်ညွတ် ပေါက်နေသော စွယ်တော်ပင်မှ အရွက်စိမ်းစိမ်းတွေကိုလည်း ဘာရယ်မဟုတ်ပါဘဲ သူ တစ်ခါတစ်လေ ခူးယူမိလေသည်။

"တူ. . . တူ. . . တူ"

ရထားဥသြသံကလည်း ကဗျာတစ်ပုဒ်လို ခပ်တိုးတိုးရွတ်ကြည့်ချင်စရာကောင်း၏။ ခရီးသည်တွေ သွားလာတက်ဆင်းနေကြသည်ကိုလည်းကောင်း၊ ဈေးသည်တွေ တိုးဝှေ့လှုပ်ရှားနေကြသည်ကိုလည်းကောင်း သမားရိုးကျဆန်စွာ သူကြည့်တတ်မြင်တတ်ပြီ။

"တူ. . . တူ. . . တူ"

"ဂျုံးဂျက်. . . ဂျုံးဂျက်. . . ဂျုံးဂျုံးဂျက်"

ပြီးလျှင်တော့ ရထားကြီးက သူ့ကိုထားရစ်ခဲ့ပြီး ဆက်လက်ထွက်ခွာသွားစမြဲ။ ညီဆူးကလည်း ဘယ်ခရီးစဉ်ကိုမှ လိုက်ပါခြင်းမရှိသည့် ခရီးသည်တစ်ယောက်အဖြစ် ရထားလက်မှတ်ကို တစ်နေ့တစ်စောင် ဝယ်နေစမြဲ။

ထွက်ခွာသူပဲဖြစ်ဖြစ် နေရစ်ခဲ့သူဖြစ်ဖြစ် လူတိုင်းဟာ လက်မှတ်တစ်စောင်စီတော့ ပိုင်ဆိုင်နိုင်ခွင့်ရှိတာပဲမဟုတ်လားဟု ညီဆူး



www.burmeseclassic.com

www.burmeseclassic.com



တွေးလိုက်၏။

အိမ်ကိုပြန်ရောက်လျှင် ဒိုင်ယာရီစာအုပ်မှာ ဒီနေ့အဖို့ ဝယ်ယူလာခဲ့သော ရထားလက်မှတ်ကို သူ့နေ့စွဲနှင့်သူ တပ်သည်။ ပြီးတော့ မေမြတ်သန့်စင်ကို ဒီနေ့ သတိရသည့်အကြောင်း စာတွေရေး၏။

တစ်ခါတစ်ခါ ဘာရေးလျှင်ကောင်းမလဲဟု စဉ်းစားမရသည့်အခါမျိုးတွင် 'သတိရတယ်' ဟူသောစာသားကိုပင် ပြောင်းပြန်လုပ်ပြီး ရေးလိုက်တော့သည်။

"တယ် ရ တိ သ"

တစ်ခါတစ်လေကျတော့ . .

"သ ရ တယ် တိ"

စကားလုံးတွေက ဘယ်လိုရေးရေး ရင်ထဲက အဓိပ္ပါယ်ကတော့ တစ်ခုတည်းပဲမဟုတ်လား။

နှလုံးသားကပြောသော ဘာသာစကားအတွက် သတ်ပုံနှင့် သဒ္ဒါကျမ်းများကို ကိုးကားပြုစုသူသည် မိုက်မဲသူဖြစ်၏။

●

ဖုန်းမြည်သံကြားသဖြင့် ကောက်ကိုင်လိုက်သောအခါ မေမြတ်သန့်စင်ဖြစ်နေသောကြောင့် ညီဆူး ပျော်သွား၏။

"စာမေးပွဲပြီးသွားပြီ"

ဟု သူမက ခပ်တိုးတိုးပြောသည်။ ညီဆူးက . . .

"ဖြေနိုင်လား"





"ကိုယ်ဖြေတတ်တာကိုဖြေတာပဲ၊ ဖြေနိုင်တယ်တွေ မဖြေနိုင်ဘူးတွေ မရှိပါဘူး၊ မေးခွန်းထုတ်တဲ့လူ သိချင်သလောက် ကိုယ်က ပြောပြနိုင်ရဲ့လားဆိုတာကတော့ သီးခြားဆင်ခြင်ရမယ့်ကိစ္စ ဖြစ်သွားပြီ"

သူမ၏ အတည်ပေါက်လိုလို ဝေ့လည်ကြောင်ပတ်လိုလို စကားကြောင့် ညီဆူး ပြုံးလိုက်၏။ ထို့နောက် . . . သူက . . .

"ဒါဆို ကိုယ်နဲ့ ဘုရားသွားမယ့်ကိစ္စကိုကော ဘယ်လိုဆင်ခြင်ထားသလဲ၊ ထုတ်ယူဆင်ခြင်နည်းနဲ့လား၊ ခြုံငုံဆင်ခြင်နည်းနဲ့လား"

"ရှင်က ဘာဖြစ်လို့ ဘုရားကိုမှ သွားချင်ရတာလဲ"

"ပထမအချက်က ပန်းခြံတို့ ဘာတို့လိုနေရာမျိုးကိုချိန်းရင် ကိုယ့်ရဲ့ ရိုးသားစင်ကြယ်တဲ့နှလုံးသားအပေါ်မှာ မင်း သံသယဝင်မှာစိုးလို့၊ ဒုတိယအချက်က ဘုရားမှာကပ်ထားတဲ့ရွှေတွေကို ဖြတ်ပြီး တိုက်လာတဲ့လေကို ရှူရင် နှလုံးအားကောင်းတယ်လေ၊ ဒါမှ ကိုယ့်နှလုံးခုန်ချက်က ချောက်ချောက်ချားချားမဖြစ်ဘဲ မင်းနဲ့အတူတူထိုင်နိုင်မှာပေါ့"

သူ့အဖြေစကားကြောင့် မေမြတ်သန့်စင်က ခပ်ငေါ့ငေါ့လေသံဖြင့် . . .

"ရှင့်မှာလည်း ဆင်ခြင်ခြင်းတွေ ဆင်ခြေတွေ အပြည့်ပဲနော်"

"ဒါပေမဲ့ . . . လူဟာ တစ်ခါတစ်လေမှာတော့ ဆင်ခြင်မှုရဲ့ အပြင်ဘက် ထွက်ပြီး နေတတ်ကြတယ်မဟုတ်လား၊ ဥပမာ . . . ချစ်တာတို့ လွမ်းတာတို့ပေါ့၊ ကိုယ်ကလည်း ဒဿနစာအုပ်ထူကြီးတွေရဲ့ အပြင်ဘက်ထွက်ပြီးနေပါတယ်၊ စာအုပ်တွေရဲ့ အပြင်ထွက်ပြီးနေထိုင်တာဟာ အရှိတရားနဲ့ နေထိုင်တာပါပဲ"

သူ့စကားထဲမှာပါသော တွေးစရာတွေကြောင့်လား၊ ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်သွားသောကြောင့်လားမသိ သူမ တိတ်ဆိတ်နေ၏။ အတန်ကြာမှ. .

"အင်း. . . ကျွန်မရဲ့ဆင်ခြင်တုံတရားကို ဘေးဖယ်ပြီး ရှင်နဲ့ လိုက်ခဲ့ကြည့်မယ်လေ၊ မနက်ဖြန်မနက် ဆယ်နာရီခွဲလောက် သွားကြတာပေါ့"

ထိုစကားကြောင့် ညီဆူးရင်ထဲတွင် တစ်မျိုးလေး နွေးနွေးထွေးထွေးဖြစ်သွားသလိုလို ဘာလိုလို ခံစားလိုက်ရသည်။

ပျော်တာလား. . . ဝမ်းသာတာလား. . . ။

မဟုတ်သေးဘူးထင်သည်။ တကယ့်ခံစားချက်သည် အဘိဓါန်ထဲတွင် ကြိုတင်ရေးထားနှင့်ပြီးသော စကားလုံးအဓိပ္ပါယ်တို့၏ အပြင်ဘက်မှာရှိ၏။

•

ညဖက်ရောက်တော့ မနက်ဖြန် မေမြတ်သန့်စင်နှင့် ဘုရားသို့ သွားမည့်အကြောင်း ဒိုင်ယာရီထဲမှာရေးဖို့ စာရေးစားပွဲမှာထိုင်လိုက်သည်။

ဒိုင်ယာရီစာအုပ်ကို လှန်လိုက်တော့မှ ပြဿနာတက်တော့သည်။

"ဟာ. . . သေပြီကွာ"

ဒီနေ့အဖို့ ရထားလက်မှတ်မဝယ်ရသေး. . . ။

•





ညီဆူး ခေါင်းတွေထူပူသွားသည်။

ငါ ဘယ်လိုဖြစ်ပြီး ရထားလက်မှတ်ဝယ်ဖို့ မေ့သွားပါလိမ့်ဟု စဉ်းစားမရ။ မေမြတ်သန့်စင်ကို သတိမရခြင်းကြောင့်လည်းမဟုတ်။ ဖုန်းတောင်ပြောခဲ့သေးတာပဲ။ သူမကို မေ့စရာအကြောင်းမရှိ။

အချိန်ကိုကြည့်လိုက်တော့ ညဆယ့်တစ်နာရီထိုးတော့မည်။

"သွားပြီ၊ အခုအချိန်ကျမှတော့ ရထားလည်းထွက်တော့မှာ မဟုတ်ဘူး၊ ရထားလက်မှတ်လည်း ဝယ်လို့ရတော့မှာမဟုတ်ဘူး"

ဒီနေ့ တစ်ရက်စာရထားလက်မှတ်တစ်စောင်ကိုမှ မရလိုက်လျှင် ရက်ပေါင်းများစွာ ကတ်ထူပြားကလေးတွေ ဆင့်ကာဆင့်ကာတင်ပြီး ဆောက်လုပ်ထားသည့် နန်းတော်ထဲမှ အောက်ဆုံးစက္ကူကတ်ထူချပ်တစ်ရွက် ဆွဲဖယ်လိုက်သောကြောင့် အဆောက်အဦတစ်ခုလုံး ဘုန်းဘုန်းလဲပြိုကျသွားပုံမျိုးနှင့် တူနေပေလိမ့်မည်။

သူ ထိုင်နေရာမှ ဝုန်းခနဲထသည်။

လက်နှိပ်ဓါတ်မီးတစ်လက်ကို ဆွဲယူလိုက်၏။ တစ်စုံတစ်ရာက တိုက်တွန်းရိုက်ခတ်လိုက်သည့်ဇောဖြင့် ဘူတာရုံဆီ ပြေးထွက်ဖို့ ခြေလှမ်းပြင်သည်။

ကံကောင်းထောက်မလျှင်တော့ဖြင့် ဘူတာရုံမှာ တစ်စုံတစ်ယောက်လွှင့်ပစ်ခဲ့သည့် ဒီနေ့ရက်စွဲပါ ရထားလက်မှတ်တစ်စောင်တစ်လေကို တွေ့ရတန်ကောင်းပါရဲ့။

•



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်. . . ဟော့ကောင်. . . ဘယ်လိုဖြစ်တာလဲ"

ဝုန်းဝုန်းဒိုင်းဒိုင်းပြေးထွက်လာသည့် သူ့ကို ညှိခန်းတွင်းမှ မှတ်ကြီးက အထိတ်တလန့်ကြည့်ကာ မေးသည်။

အချိန်မရှိတော့။ သူ အတိုချုံးပြီး လိုရင်းကိုပြောပြလိုက်၏။

မှတ်ကြီး သက်ပြင်းချသည်။ 'အင်း' ဟူသောအသံကို ညည်းညည်းတွားတွား အရှည်ကြီးဆွဲလိုက်ပြီးနောက် . . .

"ကဲပါကွာ. . . ငါပါလိုက်ခဲ့ပြီး ကူရှာပေးပါမယ် ညီဆူးရာ၊ ခဏစောင့်"

မှတ်ကြီးက အနွေးထည်တစ်ထည်ထပ်ဝတ်သည်။ ပြီးတော့ နောက်ထပ်လက်နှိပ်ဓါတ်မီးတစ်လက်ကိုယူကာ ဖုန်းကို ခါးကြားမှာထိုး၏။

အိမ်ကိုသော့ခတ်ပြီး အမှောင်ထုထဲမှ လမ်းကလေးအတိုင်း ဘူတာရုံဆီသို့ နှစ်ယောက်သား ထွက်ခဲ့ကြတော့သည်။

ဆောင်းညသည် မြူခိုးတို့ဖြင့် စိမ့်နေအောင်မှောင်၏။ လရောင်သည် သစ်ပင်သစ်ရွက်အဖျားမှာခိုနေသော နှင်းစက်ကဲ့သို့ လက်ရုံမျှသာ ရှိသည်။

"အင်း. . . ဒီလိုမှောင်ကြီးမဲကြီးထဲမှာ မြေပြင်ကို လက်နှိပ်ဓါတ်မီးနဲ့ထိုးပြီး လက်နှစ်လုံးစာလောက်ရှိတဲ့ စာရွက်သေးသေးလေးကို တွေ့အောင်ရှာဖို့ဆိုတာ လွယ်တော့မလွယ်ဘူးကွ"

မှတ်ကြီးက အရမ်းကြီးမျှော်လင့်မထားမိအောင် စောင်းပါးရိပ်ခြည် သတိပေးသည်။

သူသိသည်။ ဘာမှပြန်မပြောဖြစ်။ ပြောစရာစကားလုံးလည်း





မရှိ။ ရင်တွေ တဒိန်းဒိန်းခုန်နေ၏။ အာခေါင်မှာလည်း ခြောက်ကပ်ကပ် ဖြစ်လာ၏။

မှတ်ကြီးက ခါးကြားမှဖုန်းကိုထုတ်ကာ သူငယ်ချင်းတွေဆီ တစ်ယောက်ပြီးတစ်ယောက် လှမ်းဆက်သည်။ အကျိုးအကြောင်းကိုပြောပြသည်။ ဘူတာရုံကိုလာခဲ့ကြဖို့ခေါ်သည်။ လက်နှိပ်ဓါတ်မီးတွေ ဆေးလိပ်၊ ကွမ်းယာတွေပါပါအောင် ယူခဲ့ကြဖို့မှာသည်။

စစ်ဆင်ရေးတစ်ခုလို ဖြစ်လာခဲ့လေပြီ။

●

ခဏကြာတော့ ဘူတာရုံဆီသို့ သူငယ်ချင်းတွေ တဖွဲဖွဲရောက်လာကြတော့သည်။ လက်နှိပ်ဓါတ်မီးတွေ တဝင်းဝင်းနှင့်။

မှတ်ကြီးက သူငယ်ချင်းတွေကို သုံးဖွဲ့ခွဲလိုက်ပြီး ပိုက်စိပ်တိုက်ခါရှာခိုင်းသည်။ အားလုံးလက်ထဲမှာ တုတ်ကလေးတွေကိုယ်စီနှင့်။ ဟိုအမှိုက် ဒီအမှိုက်တွေကို တုတ်ဖြင့်ထိုးကလော်လိုက် ဆွလိုက် ခဲတွေ သစ်ရွက်ကြွေတွေကို ဖယ်ရှားလိုက်နှင့် ။

"ဟော့ကောင်တွေ ဖြည်းဖြည်းကွ၊ ဖြည်းဖြည်း သိပ်မလောနဲ့"

"ဒီဘက်ကို မီးနည်းနည်းထိုးပြဦးလေကွာ"

"ဟော့ကောင်. . . မင်းလက်ထဲကတုတ်ကြီးနဲ့ သိပ်မယမ်းနဲ့ဟ"

"တွေ့ပြီ. . . တွေ့ပြီ၊ ဟင်. . မနေ့ကနေ့စွဲနဲ့လက်မှတ်ကြီးပဲ၊ သွားရော့ကွာ"

"ဟော့ကောင် လက်မှတ်အဟောင်းဆိုရင် သပ်သပ်ဖယ်ထား၊ တော်ကြာ ပြန်ပြီးရောသွားဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



မောလျှင် ခဏနားကြသည်။ ကွမ်းယာပါသူထံမှ ကွမ်းယာတောင်းပြီး ဝါးကြသည်။ ဆေးလိပ်ဖွာကြသည်။ ယူလာသော ရေသန့်ဗူးတွေကို ဝေမျှပြီးသောက်ကြသည်။

နောက်. . . တစ်ယောက်ယောက်က ဆော်ဩလိုက်လျှင် ထပြီး ရှာကြဖွေကြပြန်သည်။ ဘုတာရုံတစ်ဝိုက် အမှောင်ထုထဲတွင် လက်နှိပ်ဓါတ်မီးတလက်လက်နှင့် သူတို့အုပ်စုက တရုံးရုံး။

နှင်းစွတ်သော လေပြေထဲတွင် ဆိတ်ဖလူးပန်းရနံ့တွေ လွင့်ပျံ့လာ၏။ လရောင်စိုသောကြောင့် စက္ကူပန်းရုံမှ ပန်းပွင့်တို့ကြွေကျသည်။

လေအဝှေ့တွင် သစ်ရွက်ကိုင်းခက်တို့ လှုပ်ယိမ်းသံ တရှဲရှဲမြည်သံကို ကြားရလေသည်။ စွယ်တော်ကိုင်းတွေ ညွတ်နေကြ၏။

ရထားသံလမ်းနှစ်စုံသည် နှင်းစက်စိုသောကြောင့် အေးစိမ့်ပြီး လရောင်အောက်တွင် သံမဏိရောင်ပြောင်လက်နေ၏။ ဇလီဖါးတုံးများနှင့် လိပ်သည်းကျောက်ခဲတွေသည် နင်းကြိတ်ခံခဲ့ရသူတွေမဟုတ်တော့သလို ည၏အရိပ်အရောင်ထဲမှာ ငြိမ်းအေးပြာလဲ့နေကြသည်။

ဆောင်းညသည် ကျောက်ဆစ်သားလို ဖြူဆွတ်ဆွတ်။

"ဟော. . . တွေ့ပြီဟေ့. . . တွေ့ပြီကွ"

"ဟာ. . . ဟုတ်တယ်. . . ဒီနေ့ရက်စွဲနဲ့"

ဝမ်းသာအားရအော်ဟစ်လိုက်သော အသံတစ်သံကြောင့် ညီဆူး၏ရင်ထဲမှာ ထိတ်ခနဲဖြစ်သွား၏။

လက်မှတ်ကိုကောက်ရထားသော သူငယ်ချင်းက သူ့ဆီသို့ ဒရောသောပါးပြေးလာနေသည်ကို မြင်ရ၏။ နှင်းမြူတွေ လက်နှိပ်ဓါတ်မီးရောင်တွေကြားမှာ ညီဆူး၏မျက်လုံးအစုံက ပြာဝေနေသည်။





အရာအားလုံးသည် ဝိုးတဝါးလိုလို။

"ဟေ့ကောင်. . . ညီဆူး. . . ရော့. . . ရော့. . . ဒီမှာ. . ."

သူငယ်ချင်းက ရထားလက်မှတ်ကို ညီဆူးလက်ထဲသို့ အတင်းထိုးထည့်ပေးနေ၏။ ညီဆူး လှမ်းယူဖို့ ကြိုးစားလိုက်သည်။

ငါ. . . ငါ့လက်တွေ တုန်ယင်နေပါလား။

သူ့လက်ထဲရောက်လာသော ရထားလက်မှတ်လေးက နှင်းငွေ့ရိုက်ထားသဖြင့် စိုစွတ်ပျော့အိစပင် ပြုနေလေပြီ။

မည်သူမည်ဝါမှန်းမသိရသော တစ်စုံတစ်ယောက် လွှင့်ပစ်သွားခဲ့သည့် ရထားလက်မှတ်အဟောင်းလေးကို ညီဆူး မက်မောစွာ နမ်းရှိုက်လိုက်မိသည်။

သူငယ်ချင်းတွေအားလုံးက 'ဝေး'ခနဲ ဝမ်းသာအားရ အော်ဟစ်လိုက်ကြ၏။

●

ရထားလက်မှတ်အဟောင်းလေးတစ်စောင်ကြောင့် လူတွေ အများကြီး ပျော်သွားကြတယ်ဆိုတာကို ပြောရရင် ဘယ်သူ နားလည်နိုင်မှာတဲ့လဲ။

လူတွေဟာ တစ်ခါတစ်ရံ ဆင်ခြင်ခြင်းရဲ့အပြင်ဘက်မှာ နေထိုင်တတ်ကြတယ်ဆိုတာ အရစ္စတိုတယ်နဲ့တွေ့ရင် ပြောဖြစ်အောင် ပြောပြလိုက်ကြပါ။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

မေမြတ်သန့်စင်နှင့် ချိန်းထားသောနေရာဆီသွားဖို့ ညီဆူး အဝတ်အစားလဲနေစဉ်မှာပင် ဖုန်းမြည်လာသောကြောင့် ကောက်ကိုင်လိုက်သည်။

"ဟဲလို. . . အမိန့်ရှိပါခင်ဗျာ"

"ဒကာမကြီးဒေါ်ချိုချိုဆွေကို ခေါ်ပေးပါလား၊ ဓမ္မရက္ခိတ ကျောင်းတိုက်က ဘုန်းဘုန်းဦးပဏ္ဍိတ ဆက်တယ်လို့ပြောပေးပါ ဒကာလေးရယ်"

"တင်ပါ့ဘုရား"

ညီဆူးက ဖုန်းကို ဘေးသို့အသာချထားလိုက်ပြီး ဧည့်ခန်းထဲတွင် သတင်းစာဖတ်နေသော မှတ်ကြီးကို လှမ်းပြောလိုက်သည်။

"မှတ်ကြီးရေ. . . မမချိုကိုသွားခေါ်ပေးလိုက်ပါကွာ၊ ဓမ္မရက္ခိတ





ကျောင်းတိုက်က ဆရာတော်ဦးပဏ္ဍိတ တဲ့"

"အေး. . . အေး"

ညီဆူးကတော့ ဘုရားကိုသွားရမှာမို့ လည်ကတုံးအင်္ကျီရှပ် အဖြူရောင်နှင့် ရှားစေးနှစ်အညိုရောင် ယောလုံချည်ကို သပ်သပ်ယပ်ယပ်ဝတ်လိုက်၏။ ပြီးတော့ ရှားရောင်ကတ္တီပါဖိနပ်ကို အမှုန်အမွှားတွေ တင်းစင်အောင် ဘရပ်(ရှ်)ဖြင့် အသေအချာတိုက်သည်။

သိပ်မကြာလိုက်ခင်မှာပင် . . .

အပျိုကြီးမမချိုတစ်ယောက် မှတ်ကြီးနောက်မှ ကသောကမျော လိုက်လာပြီး ဖုန်းကိုပြေးကိုင်သည်။

"ဘုန်းဘုန်း. . . အမိန့်ရှိပါဘုရား"

"ဒကာမကြီး ဒေါ်ချိုချိုဆွေလား"

"တင့်ပါဘုရား"

"ဩော်. . . အေး. . . အေး. . . ဘုန်းဘုန်း မှာစရာလေးတစ်ခု ရှိလို့ ဖုန်းဆက်လိုက်တာ"

"အမိန့်ရှိပါဘုရား"

ကိုးကွယ်နေကျ ဆရာရင်း တကာရင်းတွေဖြစ်သောကြောင့် ဆရာတော်လိုအပ်တာမှန်သမျှ မမချိုဆွေက လှူဒါန်းနေကျဖြစ်သည်။ အခုလည်း ဆရာတော်က . . .

"ဒကာမကြီး မြို့ထဲရောက်ဖြစ်ရင် ဘုန်းဘုန်းအတွက် ဟိုဒင်းလေးဝယ်ခဲ့စမ်းပါကွယ်။ ဘာတဲ့ 'ကျောင်းထိုင်ဘုန်းကြီးလက်စွဲ' ဆိုတာလေ"

ကျောင်းထိုင်ဘုန်းကြီးများ လိုက်နာကျင့်ကြံလက်စွဲဟုဆိုရမည့်



www.burmeseclassic.com

www.burmeseclassic.com



စည်းကမ်းနှင့်အချက်အလက်များကို ရေးသားပြုစုထားသည့် 'ကျောင်းထိုင်ဘုန်းကြီးလက်စွဲ' ဆိုသော စာအုပ်ကို ဝယ်ခဲ့ဖို့လှမ်းမှာခြင်း ဖြစ်သည်။

ဒါကို မမချိုဆွေက ဘယ်လိုကြားလိုက်သည်မသိ။

"တင်ပါ့ဘုရား၊ တပည့်တော် ဒီနေ့ပဲ ဝယ်ပြီးလာလှူပါ့မယ်"

"အေး. . . အေး. . ."

ဖုန်းချပြီးသည်နှင့် မမချိုက ညီဆူးနှင့်မှတ်ကြီးဘက်သို့ လှည့်ပြီး . . .

"ကဲ. . မောင်လေးတို့ထဲက တစ်ယောက်ယောက်ကတော့ မမချိုကို မြို့ထဲလိုက်ပို့ကြဦး၊ လက်ဆွဲအိတ်ဆိုင်တွေသွားချင်လို့"

"ဟင်. . . ဘာဖြစ်လို့လဲ မမချို"

"ဩော်ကွယ်. . . ဆရာတော်က 'ကျောင်းထိုင်ဘုန်းကြီးလက်ဆွဲအိတ်' လိုတယ်ဆိုလို့ မမချို ဝယ်ပြီးသွားလှူမလို့"

အဲသည်မှာ စပြီးလွဲတော့သည်။

ဆရာတော်အမိန့်ရှိသည်က 'ကျောင်းထိုင်ဘုန်းကြီးလက်စွဲ' စာအုပ်။ မမချို နားလည်လိုက်ပုံက 'ကျောင်းထိုင်ဘုန်းကြီးလက်ဆွဲအိတ်'။

ဘာတွေဖြစ်ကုန်မလဲတော့ မပြောတတ်။ ဖုန်းထဲမှာ ဆရာတော်မိန့်သောစကားကို ညီဆူးတို့ကလည်း ကြားလိုက်ရသည်မဟုတ်သောကြောင့် မမချိုလိုချင်တာကို လိုက်ဝယ်ပေးလိုက်ရုံသာရှိတော့သည်။

ညီဆူးက . . .





"မှတ်ကြီး. . မင်းပဲလိုက်သွားပေးလိုက်ပါကွာ၊ ငါ ချိန်းထားတာရှိနေလို့"

"အေး. . . အေး. ."

ညီဆူးက အချိန်မှတ် Stopwatch နာရီလေးကို ယူလိုက်သည်။ ၂၄ နာရီပြည့်ဖို့ သုံးနာရီလေးဆယ့်ငါးမိနစ်သာ လိုတော့သည့် နာရီလေးကို တယုတယစိုက်ကြည့်ကာ အိတ်ထဲသို့ ထည့်လိုက်၏။

ပြီးတော့ ဘုရားသွားဖို့ မေမြတ်သန့်စင်နှင့်ဆုံရန် ချိန်းထားသည့်ကော်ဖီဆိုင်လေးဆီသို့ ထွက်လာခဲ့တော့သည်။

●

စားပွဲပေါ် အနည်းငယ်စွန်းဖိတ်သွားသော ကော်ဖီစက်များကို တစ်ရှူးစက္ကူဖြင့် သုတ်လိုက်သည့်အခါ စက္ကူပေါ်တွင် ညိုဖျော့ဖျော့အရောင်များ စွန်းပေသွားသည်။

သန့်ရှင်းတယ်ဆိုတာ ဘာလဲ။

တစ်ခုခုသန့်ရှင်းသွားဖို့အတွက် တခြားတစ်ခုခုကတော့ ညစ်ပတ်ပေးရတာပဲမဟုတ်လား ဟု ညီဆူး တွေးနေမိ၏။

"ဘာငိုင်နေတာလဲ၊ ဘုရားသွားမယ်ဆို၊ သွားကြမယ်လေ"

မေမြတ်သန့်စင်က ပြောရင်း စားပွဲထိုးကိုခေါ်ကာ ကော်ဖီဖိုးရှင်း၏။ ညီဆူးက လေးတွဲ့စွာဖြင့် ထိုင်ခုံမှထသည်။ မေမြတ်သန့်စင်က. . .

"အမယ်. . . အမယ်. . . ဒီလိုလူလည်မကျနဲ့၊ ရှင့်နာရီကို အခု



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက ဖွင့်လေ"

ညီဆူးက Stopwatch နာရီမှခလုတ်ကလေးကို တွိခနဲ နှိပ်လိုက်သည်။

:01

:02

:03

ကိန်းဂဏန်းတွေက မြန်ဆန်လွန်းနေ၏။

ကော်ဖီဆိုင်အပြင်ဘက်ရောက်တော့ ညီဆူးက . . .

"အချိန်ဆိုတာ တကယ်တော့ ရှိနေတဲ့အရာတစ်ခုမဟုတ်ဘူးနော်၊ လူတွေရဲ့အသိက 'ရှိတယ်' ဆိုပြီး သတ်မှတ်ထားလို့သာရှိနေရတဲ့အရာတစ်ခုပဲ၊ ဟုတ်တယ်မဟုတ်လား. . . စင်"

သူမ ဘာမှပြန်မပြော။ ညီဆူးက ဆက်ပြီး . . .

"ကောင်းကင်ဆိုတာလည်း တကယ်တော့မရှိဘူး၊ ဟာလာဟင်းလင်းဖြစ်မှုကြီးတစ်ခုပဲ၊ ဒါပေမဲ့ လူတွေက 'ကောင်းကင်'လို့ နာမည်ပေးသတ်မှတ်လိုက်တာနဲ့ ရှိသွားရတဲ့ဥစ္စာပဲ"

မေမြတ်သန့်စင်၏နှုတ်ခမ်းတွေက ပွင့်ဟမလာ။ ညီဆူးက. . .

"ဒါပေမဲ့ အဲဒီ မရှိတာတွေဟာ လောကထဲကနေပြီးတော့ ထုတ်ပစ်ထားလို့မရဘူး။ ရှိနေပြန်တယ်။ မရှိတဲ့အရှိတရားတွေလို့ ခေါ်ရမှာလား မသိဘူး"

သူမကတော့ တိတ်တိတ်ဆိတ်ဆိတ်ပင်။ ညီဆူးက . . .

"ဘာဖြစ်လို့ တစ်ခွန်းမှ ပြန်မပြောတာလဲ"

"ပြန်ပြောရင် 'မောင်'လို့ ထည့်ခေါ်ခိုင်းဦးမှာမဟုတ်လား"





ဟု သူမက ပြောကာရယ်သည်။ ညီဆူးလည်း လိုက်ပြီးရယ်မိ၏။ ရယ်ခြင်းမှာပင်လျှင် အဖော်နှင့် အတူတကွရယ်မောဖြစ်ခြင်းသည် ချိုမြိန်၍နေလေသည်။

ထိုသို့ရယ်ကာမောကာဖြင့် ဘတ်စ်ကားမှတ်တိုင်ဆီ သူတို့နှစ်ယောက် လျှောက်လာနေစဉ်မှာပင် . .

"အမလေး. . . လုပ်ကြပါဦးတော်၊ ကျွန်မယောက်ျား ကျွန်မယောက်ျား မူးလဲသွားလို့"

အသက်ငါးဆယ်ကျော်အရွယ်အဒေါ်ကြီးတစ်ယောက် လမ်းမပေါ်တွင် ပျာလောင်ခတ်နေသည်။

သေသေချာချာလှမ်းကြည့်လိုက်တော့ သူ့ခင်ပွန်းဖြစ်ဟန်တူသော ခပ်ဝဝလူကြီးတစ်ယောက်က လမ်းဘေးပလက်ဖောင်းပေါ် လဲကျနေ၏။

ညီဆူးနှင့်မေမြတ်သန့်စင်တို့နှစ်ယောက် အပြေးသွားလိုက်ကြပြီး . . .

"အဒေါ် . . . အဒေါ် . . . ဘာဖြစ်တာလဲ"

"ဟို. . . ဟို. . . အဒေါ့်ယောက်ျားလေ၊ ဖြန်းစားကြီး 'မူးတယ် . . . မူးတယ်' ဆိုပြီး လဲကျသွားတော့တာပဲ၊ လုပ်ကြပါဦးကွယ်"

ညီဆူးက လဲကျနေသော ဦးလေးကြီးကို သူ့ပေါင်ပေါ် ပွေ့တင်လိုက်၏။ ပြီးတော့ အသက်ရှူရချောင်ချိစေရန် ရင်ဘတ်မှအင်္ကျီကြယ်သီးများကို ဖြုတ်ပစ်လိုက်သည်။

မေမြတ်သန့်စင်က . . .

"အဒေါ့်ယောက်ျားက သွေးတိုးတွေဘာတွေကော ရှိလား"



www.burmeseclassic.com

www.burmeseclassic.com



"မပြောတတ်ပါဘူး တူမကြီးရယ်၊ အရင်ကလည်း အဲဒီလို တစ်ခါနှစ်ခါဖြစ်ဘူးတယ်၊ ပြီးရင် တက်ပါတက်သွားတတ်တယ်၊ ဘုရား . . . ဘုရား၊ ကယ်ကြပါဦးကွယ်"

ဟုတ်သည်။ ဦးလေးကြီးက မျက်ဖြူလန်စပြုလာ၏။ ခြေလက်အကြောတွေကလည်း တဆတ်ဆတ်ဆောင့်ရုန်းစပြုလာသည်။

"လုပ်ကြပါဦး. . . လုပ်ကြပါဦး"

အဒေါ်ကြီးက ငိုသံပါပါဖြင့် အားကိုးတကြီးပြောသည်။ ညီဆူးတို့လည်း ဘာမှမလုပ်တတ်။ အနီးအနားမှာလည်း အကူအညီတောင်းစရာ ဘယ်သူမှမမြင်။ ကားအသွားအလာလည်း ပြတ်နေ၏။

မေမြတ်သန့်စင်က . . .

"ဆေးရုံအမြန်ပို့မှကောင်းမယ်၊ လမ်းထိပ်မှာ ကျွန်မ တက္ကစီသွားငှားလိုက်ဦးမယ်၊ သြော်. . . ဒီမှာ ကျွန်မ လက်ပွေ့အိတ်ထဲမှာ ပရုတ်ဆီဘူးပါတယ်။ လိုလိုမယ်မယ်ယူထားလိုက်"

အဒေါ်ကြီးက သူ့ခေါင်းပွန်း၏နှာခေါင်းဝတွင် ပရုပ်ဆီဘူးကို တေ့ပေးသည်။ ဦးလေးကြီးကတော့ လက်မကို လက်သီးထဲကျစ်ကျစ်ပါအောင်ဆုပ်၊ ကျောကော့ကော့ထိုးပြီး အစ်. . . အစ်. . . နှင့် တက်နေလေပြီ။

ညီဆူးက လူနာကို မြေသားပြန့်ပြန့်ပေါ်လှဲချ၊ ဦးခေါင်းကို အခုအခံမပါဘဲ တည့်တည့်ထားကာ ဖက်ကိုနောက်ဖက်သို့ အနည်းငယ်လှန်ထားလိုက်၏။ သူ့လျှာကို သူပြန်ကိုက်မိမည်စိုးသောကြောင့် ပါးစပ်ကိုဆွဲဟပြီး အသက်ရှူလမ်းကြောင်းကို ရှင်းပေးနေရသည်။

ဒီထက်လည်း သူ ဘာမှပိုပြီး မတတ်နိုင်တော့။





"ငါ့တူရယ်. . . အဒေါ်ယောကျ်ားရင်ဘတ်ကို ပရုတ်ဆီလေး လူးပေးပါကွယ်"

ဒီကိစ္စက ပရုပ်ဆီနှင့်ဘာမှမဆိုင်မှန်းသိသော်လည်း အဒေါ်ကြီး ကျေနပ်သွားစေရန် ညီဆူး ပရုပ်ဆီဘူးကို လှမ်းယူလိုက်၏။

ထို့နောက်. . . ညီဆူးက ပရုပ်ဆီတွေကို သူ့လက်ဖဝါးနှစ်ဘက်မှာ ပယ်ပယ်နယ်နယ်လူးထည့်ပြီး လူနာ၏ရင်ဘတ်နှင့် နံကြားတစ်လျှောက်ကို နှံ့နှံ့စပ်စပ်ပွတ်ကာ အကြိမ်ကြိမ်လိမ်းပေးလိုက်သည်။

အဲဒီအချိန်မှာပင် . . .

မေမြတ်သန့်စင်က တက္ကစီနှင့်ရောက်လာသောကြောင့် လူနာကို တက္ကစီပေါ် ပွေ့တင်လိုက်ကြ၏။ အဒေါ်ကြီးက . . .

"ငါ့တူတို့ပါ လိုက်ခဲ့ကြပါကွယ်. . . နော်၊ အဒေါ်က ဘာမှမလုပ်တတ် မကိုင်တတ်လို့ပါ"

ဒီနေ့ ဘုရားသွားဖို့အစီအစဉ်တော့ ပျက်ပြန်ပြီဟူသောအသိဖြင့် ညီဆူး သက်ပြင်းချသည်။ မေမြတ်သန့်စင်ကို သူ တစ်ချက်လှမ်းကြည့်လိုက်၏။

နောက်. . . သူတို့နှစ်ယောက်စလုံး တက္ကစီပေါ်တက်ကာ ဆေးရုံသို့ မောင်းခိုင်းလိုက်လေတော့သည်။

●

ဆေးရုံကိုရောက်တော့ လူနာက သတိကောင်းကောင်းပြန်ရနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အောင်မလေး. . . ငါ့တူတို့စုံတွဲကို ကျေးဇူးတင်လိုက်တာကွယ်၊ ငါ့တူတို့နဲ့သာမတွေ့ရင် ကြီးကြီးမိတော့ ဘာလုပ်လို့ဘာကိုင်ရမယ်မှန်းတောင် သိမှာမဟုတ်ဘူး"

အဒေါ်ကြီးက သူ့ကိုယ်သူ 'ကြီးကြီးမိ'ဟု ပြော၏။ သူ့ခင်ပွန်းလူနာနာမည်က 'ဦးသောင်း' ဟုသိရသည်။

ခဏနေတော့ ဆရာဝန်တစ်ယောက်လာပြီး ဦးသောင်းကို စမ်းသပ်ကာ . . .

"မစိုးရိမ်ရပါဘူး"

ဟုပြောသည်။ ထို့နောက် ဆရာဝန်က အနီးမှ သူနာပြုဆရာမကို လူနာအား တိုက်ကျွေးရမည့်ဆေးဝါးများနှင့် လိုအပ်သည့်ဓါတ်ခွဲစမ်းသပ်မှုတွေလုပ်ဖို့ မှာနေသည်။

အဲသည့်အချိန်မှာ ညီဆူး၏လက်ဖဝါးတွေက မခံနိုင်လောက်အောင် ပူလောင်လာသည်။ စောစောတုန်းက ပရုပ်ဆီတွေကို လက်နှစ်ဖက်ဖြင့်နယ်ပြီး လူနာကို လိမ်းပေးခဲ့ရသောကြောင့်ဖြစ်၏။

ညီဆူးက တစ်ရှူးစက္ကူသုံးလေးရွက်ကိုထုတ်ကာ သူ့လက်မှာ ပေကျံနေသော ပရုတ်ဆီတွေကိုသုတ်ပစ်လိုက်သည်။ ထို့နောက် အမှိုက်ပုံးမတွေ့သောကြောင့် အင်္ကျီအိတ်ထဲသို့ပင် အဲဒီ တစ်ရှူးစက္ကူတွေကို ပြန်ထည့်ထားလိုက်၏။

ဆရာဝန်နှင့်သူနာပြုတို့ ထွက်သွားကြတော့မှ လူနာရှင် ကြီးကြီးမိ က . . .

"ဆရာဝန်က မစိုးရိမ်ရဘူးဆိုလို့ တော်ပါသေးရဲ့ကွယ်၊ ခုမှပဲ ရင်ထဲက အပူလုံးကြီးကျသွားတော့တယ်၊ အဒေါ်မှာ ဆီးသွားချင်တာ





တောင် အောင့်ထားရတာကြာပါပကော"

မေမြတ်သန့်စင်က . . .

"ကြီးကြီးမိ. . . အိမ်သာသွားချင်ရင် ဒီဘက်ကိုသွားလေ၊ အပေါက်ဝရောက်ရင် ညာဖက်ကိုကွေ့လိုက်"

"အေး. . . အေး. . . ကျေးဇူးပဲသမီးရယ်၊ လူနာကို ခဏကြည့်ပေးထားနော်၊ ကြီးကြီးမိ အပေ့ါအပါးလေးသွားလိုက်ဦးမယ်"

ကြီးကြီးမိက ထွက်သွားတော့မည်ပြုပြီးမှ တစ်စုံတစ်ရာကို သတိရသွားဟန်ဖြင့် ပြန်လှည့်ပြီး . . .

"ဩော်. . . သမီးရေ. . . တစ်ရှူးစက္ကူလေးများပါသလားကွယ်၊ အိမ်သာထဲမှာက ရှိချင်မှရှိမှာ"

"ကျွန်တော့်မှာပါပါတယ် ကြီးကြီးမိ၊ ရော့. . ရော့. . . "

ညီဆူးက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် သူ့အင်္ကျီအိတ်ကပ်ထဲမှ တစ်ရှူးစက္ကူများကို ထုတ်ပေးလိုက်သည်။

တစ်ခုပဲ သူမေ့သွားသည်။

အဲဒီတစ်ရှူးစက္ကူတွေက စောစောတုန်းက သူ့လက်မှ ပရုပ်ဆီတွေကိုသုတ်ပစ်ထားသည့်စက္ကူများ ဖြစ်နေခြင်းကိုပင်. . . ။

●

ဘာမှမကြာလိုက်။ ကြီးကြီးမိ အိမ်သာမှပြန်လာသည်။

ကြီးကြီးမိ၏မျက်နှာက အခံရဆိုးရွားသောဝေဒနာတစ်ခုကို ပွေ့ပိုက်ထားရသလိုဖြစ်နေ၏။ ပါးစပ်မှလည်း 'တဟင်းဟင်း'ဖြင့် တိုးတိုး



www.burmeseclassic.com

www.burmeseclassic.com



ကလေးကျိတ်ပြီး ညည်းညူနေသည်။

ကြီးကြီးမိ၏ခင်ပွန်းက ဆေးရုံကုတင်ပေါ်တွင် အသာလှဲပြီး မှိန်းနေရာက မျက်လုံးကိုအသာဖွင့်ကြည့်ပြီး . . .

"ဟင်. . . မိ၊ မျက်နှာလည်းမကောင်းပါလား၊ ဘာဖြစ်နေတာလဲ၊ ကိုယ့်ကို စိတ်ပူလို့လား"

"မဟုတ်. . . မဟုတ်ပါဘူးကိုသောင်းရယ်၊ ဟင်း. . . ဟင်း. . ကျုပ်မှာလည်း အား. . . ကျွတ်. . . ကျွတ်. . . ကျုပ်ဝေဒနာနဲ့ ကျုပ်ပါ၊ အား. . . ရှီး. . . ရှီး. . . "

ဦးသောင်းက ထိတ်ထိတ်ပျာပျာဖြင့် . . .

"ဘာ. . . ဘာဖြစ်လို့လဲ မိ၊ နေမကောင်းဘူးလားဟင်"

ဘေးမှ ညီဆူးနှင့်မေမြတ်သန့်စင်တို့ကလည်း ဘာဝင်လုပ်ပေးရမည်မှန်းမသိသဖြင့် ကြောင်တောင်တောင်။ ကြီးကြီးမိက မနည်းအားတင်းကျိတ်မှိတ်ခံနေရသည့် အသံမျိုးဖြင့် . . .

"နေ. . . နေ. . . ကောင်း. . . ပါ. . . တယ်. . . ကိုသောင်းရယ်၊ ဟင်း. . . ရှီး. . . ကျွတ်. . . ကျွတ်. . . ကျုပ်ဝေဒနာကို ကျုပ်. . ရှီး. . . ရှီး. . . တရားနဲ့ဖြေဖို့ ကြိုးစားနေပါတယ်. . . ဟင်း. . . ဟီး. ဟီး. . . "

"မိ. . . မိ. . . . သတိထားဦးလေကွယ်၊ ဘာဖြစ်တယ်ဆိုတာလည်း ပြောဦးမှပေါ့"

"ဟင့်. . . ဟီး. . . ဟီး. . . ကျုပ်ဝေဒနာက ပြောပြရခက်လွန်းလို့ပါ ကိုသောင်းရယ်. . . ကျွတ်. . . ကျွတ်. . . ကျွတ်"

လူမမာဖြစ်သူ ဦးသောင်းက သူ့ရောဂါသူမေ့သွားပြီး မိန်းမ





အတွက် စိတ်ပူကာ . . .

"အိုကွာ မိကလည်း ဘာဖြစ်တယ်ဆိုတာပြောမှ သိမှာပေါ့"

"အဟင့်. . ဟီး. . . ဟီး. . . ရှင်. . . မသိဘူးနော် ကိုသောင်း၊ အဟီး. . . အဟီး. . . ကျုပ်ပဲသိတယ်၊ ကျုပ်ပဲသိတယ်တော့"

ထိုစဉ် . . .

မေမြတ်သန့်စင်က လူနာခုတင်ဘေးစားပွဲပုလေးပေါ်တွင် တင်ထားသော သူမ၏ပရုပ်ဆီဘူးလေးကို မြင်လိုက်သည်။ သူမက တစ်စုံတစ်ခုကိုစဉ်းစားမိပြီး ညီဆူးကို တိုးတိုးလေးကပ်မေး၏။ ညီဆူးက မျက်လုံးကလေး ကလယ်ကလယ်ဖြင့် ခေါင်းညိတ်သည်။

ဒါပဲပေါ့။

မေမြတ်သန့်စင်က 'လစ်ကြစို့' ဟု ညီဆူးကို မျက်ရိပ်ပြလိုက်ပြီး စားပွဲပေါ်မှပရုပ်ဆီဘူးလေးကို မသိမသာ ကောက်သိမ်းကာ . . .

"ကြီးကြီးမိ. . . ဟို. . . ဟိုလေ. . . ဦးလေးသောင်း သက်သာပြီဆိုရင် သမီးတို့ ပြန်လိုက်တော့မယ်နော်"

ကြီးကြီးမိက ငိုသံပါကြီးဖြင့် . . .

"အေး. . . ပြန်. . . ကြ. . . ပြန်. . . ကြ. . . ပြန်. . . ကြ . . . ပါတော့. . . ကွယ်"

ဟု နှုတ်ဆက်လိုက်လေသည်။

●

လူနာကိုပြုစုရသည်နှင့် ဆေးရုံလိုက်ပို့ရသည့်အချိန်တွေက နှစ်နာရီနှင့် ဆယ်မိနစ်တိတိကြာသွားသည်။

နှစ်ဆယ့်လေးနာရီပြည့်ဖို့ တစ်နာရီနှင့်သုံးဆယ့်ငါးမိနစ်သာ



www.burmeseclassic.com

www.burmeseclassic.com



ကျန်တော့သည်။

Stopwatch နာရီလေးကို ခလုပ်ပိတ်ပြီး မျက်နှာညှိုးကျသွားသော ညီဆူးကို မေမြတ်သန့်စင်ကကြည့်ရင်း . . .

"ဘာလဲ . . လူနာကြောင့် အချိန်တွေကုန်သွားလို့ နှမြောနေတာလား"

ညီဆူး၏မျက်ဝန်းတွေက မေမြတ်သန့်စင်ကိုပြန်မကြည့်။ မြေပြင်ကိုသာ ခပ်စိုက်စိုက်ငေးနေသည်။ သူက . . .

"နှမြောတော့နှမြောတာပေါ့၊ ဒါပေမဲ့ ကိုယ့်ရှေ့မှာ ဝေဒနာခံစားနေရတဲ့လူတစ်ယောက်ကိုတော့ ဘယ်လိုလုပ်ပြီး ပစ်ထားခဲ့ရက်နိုင်ပါ့မလဲ"

သူစကားက ရိုးရိုးစင်းစင်းကလေး။ ရိုးစင်းခြင်း၏နောက်မှာ တွေးစရာတွေအများကြီးရှိသည်။ ပစ်မထားရက်ခဲ့နိုင်ခြင်းသည် မေတ္တာတရားလား၊ ကိုယ့်ကိုကိုယ် တာဝန်မကျေသူ၊ လူမပီသသူဖြစ်မှာစိုးသောကြောင့် ကာကွယ်မှုလား။

ဝေဒနာရှင်အတွက် ဦးတည်တာလား။ ကိုယ့်ရဲ့လိပ်ပြာလုံမှုကို တည်ဆောက်တာလား။ လူ့ဝတ္တရားဆိုတာ ဘာလဲ။

အနည်းဆုံးတော့ မိမိဘာသာမိမိဆုံးဖြတ်ထားတဲ့ လူလူချင်းအပေါ်ထားသည့် တန်ဘိုးကဘာလဲ။

မေမြတ်သန့်စင်က အတွေးတွေနှင့်ထွေပြားဆဲ။ ညီဆူးကတော့ သူ့ရင်ထဲမှာဖြစ်လာသည့်အတိုင်း ရိုးရိုးကလေးပဲလုပ်သည်။ နောက်ပြီး ရိုးရိုးကလေးပဲ ပြောသည်။

"ဒီစက္ကန့်မိနစ်တိုင်းဟာ ကိုယ့်အတွက် အရမ်းကိုတန်ဖိုးကြီးမားနေတာမှန်ပေမယ့်လည်း တခြားသူတစ်ယောက်ရဲ့ ပျော်ရွှင်မှုအတွက် တကယ်လိုအပ်လာရင်တော့ ကိုယ့်ရဲ့နာရီမိနစ်တွေကို အဆုံးရှုံးခံ စွန့်လွှတ်ရဲပါတယ်"

အဲဒီစကားကြောင့် ညီဆူး၏မျက်နှာကို သူ နောက်တစ်ခါ လှမ်းမကြည့်ဘဲမနေနိုင်အောင် ဖြစ်သွားသည်။

■







www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

ညဖက် ညီဆူးအိမ်ပြန်ရောက်တော့ မှတ်ကြီးက သူ့မဂ္ဂဇင်းတိုက်မှပေးလိုက်သော စာမူများကို ပရုဖ်ဖတ်ရင်း သတ်ပုံကျမ်းတစ်အုပ်နှင့် စာလုံးပေါင်းတွေပြင်နေသည်။

ညီဆူးက . . .

"ဘာလိုလဲမှတ်ကြီး၊ နေ့လည်က မမချိုလက်ဆွဲအိတ်ဝယ်တဲ့ကိစ္စ အဆင်ပြေသွားရဲ့လား"

"ပြေသွားတယ်ထင်တာပဲကွ"

မှတ်ကြီးက မေးစေ့ကိုလက်ဝါးဖြင့်ပွတ်ရင်းဖြေသည်။ ညီဆူးက . . .

"ဟ. . . မင်းစကားကြီးကဘာလဲကွ၊ ပြေရင်လည်းပြေတယ်ပေါ့"

"မဟုတ်ဘူးလေကွာ၊ ငါက ကိစ္စပြတ်တဲ့အချိန်အထိ မမချိုနဲ့





အတူတူရှိနေတာမဟုတ်ဘူး၊ မင်းရှင်းအောင်ပြောပြရမယ်ဆိုရင် ဒီလိုကွာ. . . ဒီလို"

•

လက်ဆွဲအိတ်ဆိုင်တွေကို တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် နေပူကျဲကျဲအောက်မှာ လျှောက်သွားရတာကြာတော့ မှတ်ကြီးစိတ်ထဲမှာ ဖုလာသည်။ ဩော်. . . ဘုန်းကြီးကိုလှူဖို့အတွက်ပဲလေ၊ ငါ ကုသိုလ်ရပါတယ်ဟု တွေးပြီး စိတ်ကိုဖြေနေရ၏။

သိပ်တော့မဟုတ်ချင်လှတော့။

အိတ်တွေရောင်းသည့်ဆိုင်ကို တွေ့လို့ ဝင်ပြီး . . .

"အစ်မ. . . ကျောင်းထိုင်ဘုန်းကြီးတွေကိုင်တဲ့ လက်ဆွဲအိတ်ရှိလား"

ဟုမေးလိုက်တိုင်း အိတ်ရောင်းသူကိုယ်တိုင် ဇဝေဇဝါဖြစ်သွားပြီး . . .

"ကျောင်းထိုင်ဘုန်းကြီးမှပဲ ကိုင်ရမယ်လို့သတ်မှတ်ထားတဲ့အိတ်မျိုးတော့ အစ်မတို့ဆိုင်မှာမရှိဘူး၊ အင်း. . . ဘုရားစောင်းတန်းမှာသွားရှာကြည့်ပါလား"

ဟု တွေးတွေးဆဆဖြင့် တစ်လုံးချင်းပြန်ဖြေ၏။

တစ်ချို့ဆိုင်ကျပြန်တော့လည်း . . .

"အစ်မတို့ဆိုင်က နိုင်ငံခြားဖြစ်အိတ်တွေပဲရောင်းတာကွဲ့၊ ကျောင်းထိုင်ဘုန်းကြီးတွေအတွက်တော့ နိုင်ငံခြားကထုတ်မယ်မထင်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူးကွယ်"

မှတ်ကြီးက . . .

"ဟာ. . အစ်မကြီးကလည်း တရုတ်နိုင်ငံကလာတဲ့ အိတ်တွေထဲမှာတော့ ရှိချင်ရှိမှာပေါ့၊ တရုတ်ပြည်မှာလည်း ဘုန်းကြီးရှိတာပဲ မဟုတ်လား"

"အေး. . . ဟုတ်သားဟဲ့"

အိတ်ရောင်းသည့်အစ်မကြီးကိုယ်တိုင် ယောင်တောင်တောင်ဖြစ်သွားပြီး မှတ်ကြီးပြောတာများဟုတ်နေမလားဟူသည့်အတွေးဖြင့် သူ့ဆိုင်ထဲမှ Made in China တံဆိပ်ပါသော အိတ်တွေကို ဟိုရှာဒီရှာ လုပ်နေမိသည်။ ပြီးတော့မှ . . .

"ကျောပိုးအိတ်တွေပဲရှိတယ်ကွဲ့၊ ကျောင်းထိုင်ဘုန်းကြီးက ကျောပိုးအိတ်တော့ လွယ်မယ်မထင်ပါဘူးကွယ်၊ တခြားဆိုင်တွေမှာ သွားရှာကြည့်ပါဦး"

ဟု ယဉ်ယဉ်ကျေးကျေး နှင်လွှတ်လိုက်၏။

အနော်ရထာလမ်းပေါ်က ဆိုင်တစ်ဆိုင်ကိုရောက်တော့ ဆိုင်ရှင်လူဝကြီးက ပညာရှိပုံရသည်။ အလကားနေရင်း သူ့နှုတ်ခမ်းမွှေးကို သူ သပ်သပ်ပြီး စဉ်းစားနေသောကြောင့်ဖြစ်၏။

မှတ်ကြီးက . . .

"ဦးလေး. . . ကျောင်းထိုင်ဘုန်းကြီးကိုင်တဲ့ လက်ဆွဲအိတ်ရှိလားဗျ"

"ဟေ. . ."

ဆိုင်ရှင်က သူတစ်ခါမှမကြားဖူးသော အိတ်ကိုကြားလိုက်ရသဖြင့်





တွန့်ခနဲဖြစ်သွား၏။ ချက်ချင်းပြန်မဖြေသေးဘဲ သူ့နှုတ်ခမ်းမွှေးကို သပ်ရင်း အတန်ကြာအောင်စဉ်းစားသည်။

ပြီးတော့မှ ပြန်မေးသည်။

"ဘယ်လိုပုံစံမျိုးလဲ"

ဘယ်လိုပုံစံမှန်း မှတ်ကြီးလည်းမသိ။ ထို့ကြောင့် မမချိဘက်သို့ လှည့်ပြီးမေးရ၏။

"မမချို ဘယ်လိုပုံစံမျိုးလဲ. . တဲ့"

အပျိုကြီးမမချိုက အိုးတိုးအမ်းတမ်းဖြစ်သွားပြီး. . .

"ဟို. . . မသိဘူးရှင့်၊ ကျွန်မလည်း အခုမှစပြီး ဝယ်ဖူးတာဆိုတော့လေ. ."

"အင်း. . . အင်း. . . "

ဆိုင်ပိုင်ရှင်က ဗေဒင်ဆရာလိုလို ကျောင်းဆရာကြီးလိုလို အိုက်တင်မျိုးဖြင့် 'တအင်းအင်း' ခေါင်းတညိတ်ညိတ်လုပ်ကာ စဉ်းစားနေသည်။ သူ့နှုတ်ခမ်းမွှေးကိုလည်း သပ်၏။ ပြီးတော့မှ . . .

"အင်း. . . ဆရာတော်ကြီးက ကိုင်ဖို့အိတ်ဆိုတော့ အင်း. . မဟုတ်မှလွဲရော ခန့်ခန့်ညားညားနဲ့ သားရေအိတ်လိုဟာမျိုးပဲ ဖြစ်ရမယ်"

"ဟုတ်မှာပါရှင်. . . ဟုတ်မှာပါရှင်"

အပျိုကြီးကား လမ်းစပေါ်ပြီအထင်ဖြင့် ဝမ်းသာအားရ ကသောကမျောထောက်ခံသည်။ ဆိုင်ပိုင်ရှင်ကလည်း ကျောင်းအုပ်ဆရာကြီးဂိုက်မျိုးဖမ်းရသဖြင့် ကျေနပ်နေပြီး. . .

"သားရေလက်ဆွဲအိတ်ဆိုတာကတော့ ဟုတ်ပြီ၊ သို့သော်. . .



www.burmeseclassic.com

www.burmeseclassic.com



သို့သော်. . . အဲဒီအိတ်ရဲ့အရောင်က ဘာဖြစ်မလဲ. . . ဆိုတော့ကာ. . အင်း. . . ဆိုတော့ကာ. . . "

ခေါင်းတညိတ်ညိတ်နှင့် နှုတ်ခမ်းမွှေးသပ်နေသည်ကို စိတ်မရှည်နိုင်တော့သော မှတ်ကြီးက သူ့စိတ်ထဲပေါ်ရာကို စွတ်ပြောလိုက်၏။

"ဟာ. . . ဦးလေးကလည်း အရောင်ကလည်း ဘုန်းကြီးသံဃာတွေနဲ့လိုက်ဖက်တဲ့ အရောင်မျိုးပဲဖြစ်မှာပေါ့၊ အဝါရောင်၊ အညိုရောင်၊ သင်္ကန်းရောင်ပေါ့ဗျာ"

"ဟုတ်လိုက်လေ"

"ဖြောင်း"

ကျောင်းအုပ်ဆရာလူထွက်ဆိုင်ရှင်က နှုတ်ခမ်းမွှေးသပ်နေရာမှ ဝမ်းသာအယ်လဲဖြင့် မှတ်ကြီးနှင့် လက်ဝါးချင်းရိုက်လိုက်သည်။

ပြီးမှ ဆိုင်ရှင်က တစ်စုံတစ်ခုကိုစဉ်းစားမိကာ မျက်မှောင်ကုတ်သွားပြီး . . .

"အဲ. . . ငါ့ဆိုင်မှာ သင်္ကန်းရောင်သားရေလက်ဆွဲအိတ်ကတစ်လုံးပဲရှိတာ၊ အဲ. . . အဲဒါ. . . စောစောကလေးတင် လူတစ်ယောက်ကို ရောင်းလိုက်ပြီကွ"

"ဟာဗျာ"

မှတ်ကြီးကော မချိုချိုဆွေပါ စိတ်ပျက်လက်ပျက်ဖြစ်သွားကြသည်။ ဆိုင်ရှင်က သူတို့နှစ်ယောက်ကို ကမန်းကတန်းလက်ကာပြရင်း. . .

"နေဦး. . . နေဦး. . . သူ့ကိုလိုက်ရှာရင် မီနိုင်သေးတယ်၊





မင်းတို့ဝင်မလာခင်လေးတင်ကမှ ထွက်သွားတာ"

"အဲဒီလူပုံစံက ဘယ်လိုမျိုးလဲ. . . ဦးလေး၊ သူ့ဆီက ပြန်တောင်းပြီး ဝယ်ရအောင်လို့"

"မင်းတို့အရွယ်လောက်ပဲကွ၊ လုံချည်အပြာကွက်နဲ့ စပို့ရှပ်အဝါဝတ်ထားတယ်၊ ဒီဘက်ထွက်သွားတာ၊ ဒီဘက်. . . "

ကျောင်းအုပ်ဆရာလူဝင်စားကြီး လက်ညှိုးထိုးပြလိုက်သောဘက်ဆီသို့ မှတ်ကြီးကော မမချိုပါ ပြူးတူးပြာတာခြေကုန်သုတ်ကြသည်။ မြို့ထဲဆိုတော့ လူတွေကလည်း ရှုပ်ယှက်ခတ်။ ဒီကြားထဲ အပျိုကြီးကလည်း. . .

"ရှာစမ်းပါဟဲ့ မှတ်ကြီးရဲ့၊ ရှာစမ်းပါဦးဟဲ့"

နှင့် တစ်ချိန်လုံးလောနေ၏။

အဲဒီအချိန်မှာပင် . . .

မှတ်ကြီး၏မျက်လုံးတွေက စပို့ရှပ်အဝါ၊ လုံချည်အပြာနှင့် လူတစ်ယောက် သင်္ကန်းရောင်သားရေအိတ်ကြီးဆွဲပြီး ရှေ့ခပ်လှမ်းလှမ်းက ကော်ဖီဆိုင်ထဲဝင်သွားသည်ကို လှမ်းမြင်လိုက်ရသည်။

"ဟာ. . . ဟိုမှာ. . တွေ့ပြီ. . . မမချိုရေ၊ ရှေ့ကကော်ဖီဆိုင်ထဲ ဝင်သွားပြီ"

"အေး. . အေး. . "

မှတ်ကြီးကော မမချိုပါ ထိုသူဝင်သွားသည့်ကော်ဖီဆိုင်ထဲသို့ လိုက်ဝင်ခဲ့ကြသည်။ မမချိုက မှတ်ကြီး၏နောက်မှ ယို့ယို့ကလေး။

ဆိုင်ထဲရောက်တော့ စပို့ရှပ်အဝါနှင့်လူက သူတို့ဝင်လာသည့်ဘက်ကို ကျောပေးပြီး ကော်ဖီသောက်ရင်း ဂျာနယ်တစ်စောင်ဖတ်နေ



www.burmeseclassic.com

www.burmeseclassic.com



၏။ သယ်န်းရောင်သားရေလက်ဆွဲအိတ်ကြီးကိုတော့ သူ့ဘေးက ထိုင်ခုံပေါ်တင်ထားသည်။

မှတ်ကြီးက ထိုသူ့ဘေးတွင် မခို့တရို့လေးရပ်လိုက်ရင်း. . .

"သူငယ်ချင်း. . ဟိုလေ. . . ဖြစ်နိုင်ရင် သူငယ်ချင်းရဲ့ ဟောဒီလက်ဆွဲအိတ်ကို ပြန်ရောင်းပါလား။ အြော်. . . တစ်မျိုးမထင်ပါနဲ့နော်။ ကိုယ့်အတွက် ပြောတာမဟုတ်ဘူး။ ဟောဒီက အစ်မကြီးက ဘုန်းကြီးကိုလှူချင်လို့ပါ"

မှတ်ကြီးက မမချိုဘက်သို့ လက်ညှိုးထိုးပြလိုက်သည်။ ထိုသူက ဂျာနယ်ကို စားပွဲပေါ် ချကာ လှည့်ကြည့်၏။

"ဟင်"

မမချိုကိုမြင်လိုက်သည်နှင့် ထိုသူ၏မျက်လုံးအစုံက ဝိုင်းစက်ပြူးကျယ်သွား၏။ ထိုသူ့နှုတ်ခမ်းတွေကလည်း တဆတ်ဆတ်တုန်ယင်လာ၏။

ပြီးတော့ ဆွေးလျှနူးညံ့သောအသံဖြင့် တိုးတိုးလေးခေါ်လိုက်သည်။

"မမ. . . ချစ်. . . မမ"

မှတ်ကြီးက ကြောင်စီစီဖြင့် အပျိုကြီးဘက်သို့ လှည့်ကြည့်မိသည်။

"ဟိုက်"

အပျိုကြီးခမျာလည်း မျက်ရည်တွေထွက်ကျမလာအောင် မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်နေလေပြီ။

ပြီးတော့ နှုတ်ခမ်းတွေက ဝမ်းနည်းဝမ်းသာဖြင့် ဆတ်ခနဲ





ဆတ်ခနဲ ထိုးထိုးထွန့်ထွန့်ဖြစ်သွားပြီး . . .

"မောင်လေး. . . အြော်. . . မမရဲ့ မောင်လေးရယ်"

ပြီးတော့ ရုပ်ရှင်တွေထဲကလို သူတို့နှစ်ဦး ဖြည်းညင်းစွာဖြင့် လက်ချင်းယှက်လိုက်ကြသည်။

အင်း. . . သူတို့ ဓါတ်သဘာဝနဲ့သူတို့ပေါ့လေ။

မှတ်ကြီးကတော့ ထပြေးရတော့မလိုလို၊ ထိုင်နေရတော့မလိုလို မျက်နှာပဲလွှဲနေရတော့မလိုလို ဘာမှန်းမသိသော 'လိုလို'ကြီးဖြစ်နေ၏။ ကသိကအောက်နိုင်လှသည်။

သူတို့နှစ်ဦးသား ချစ်ကြည်နူးကာ တစ်တီတူးလို့ဝတော့မှ အပျိုကြီးက မှတ်ကြီးဘက်လှည့်ပြီး . .

"မောင်လေး. . . မှတ်ကြီး၊ ဟောဒါ မမရဲ့ငယ်ချစ်ဦးပဲ"

"အြော်. . . ဟုတ်. . . ကဲ့"

မှတ်ကြီးကတော့ သူ့ကိုယ်သူ အဖြူအမည်းဖလင်ခေတ်က တုန်တုန်မှုန်မှုန်ရုပ်ရှင်ကားဟောင်းကြီးတစ်ခုထဲမှာ ဇာတ်ပို့ဇာတ်ရန်တစ်ယောက် ချက်ချင်းဖြစ်သွားသလို ခံစားလိုက်ရလေသည်။

အပျိုကြီးမမချိုက . . .

"ဟောဒီမောင်လေးတို့မိသားစု နယ်ကနေ ရန်ကုန်ကိုပြောင်းလာခါစက တာမွေဘက်မှာ မမနဲ့ အိမ်ချင်းကပ်ရက်နေကြတာပေါ့။ အဲဒီတုန်းက မမက တက္ကသိုလ်မှာ တတိယနှစ်၊ ဟောဒီမောင်လေးက ဆယ်တန်းဖြေမှာဆိုတော့ မမကပဲ စာပြပေးခဲ့ရတာလေ"

"အြော်"

မှတ်ကြီးကတော့ ဘတ်စကားဟွန်းအိုကြီးလို တအော်တည်း



www.burmeseclassic.com

www.burmeseclassic.com



အော်နေရ၏။ မမချိုက . . .

"အဲဒီလိုစာပြပေးရင်းကနေ သံယောဇဉ်တွယ်ပြီး ချစ်သူတွေဖြစ်သွားခဲ့ကြတာပေါ့၊ ဒါပေမဲ့ အသက်ချင်းကွာနေလို့ဆိုပြီး သူ့ဆွေမျိုးအသိုင်းအဝိုင်းက မလိုတမာပြောကြတာကတစ်ကြောင်း၊ မမက တာမွေကနေ အခုနေတဲ့ရပ်ကွက်ကို ပြောင်းသွားတာကတစ်ကြောင်း တဖြည်းဖြည်း အနေဝေးပြီး အဆက်အသွယ်ပြတ်သွားကြတာ"

"ဪ. . . ဟုတ်ကဲ့. . . ဟုတ်ကဲ့၊ ဒါပေါ့လေ. . . အချစ်စစ်အချစ်မှန်တို့ရဲ့လမ်းဟာ ဘယ်တော့မှ မဖြောင့်ဖြူးဘူးလို့ ဂျပန်တွေးခေါ်ပညာရှင်ကြီး အမီတာဘာဂျန်းကလည်း ဆိုထားတယ်မဟုတ်လား"

မှတ်ကြီးကား စားကောင်းသောက်ကောင်းအောင် အလိုက်သင့်ဖေါ်လေပြီ။ အပျိုကြီး၏ချစ်မောင်လေးကလည်း အနုအရွတွင်ခေသူမဟုတ်။

"ဟုတ်တယ်. . . ဒီက သူငယ်ချင်းပြောတာ ကျွန်တော်လက်ခံတယ်၊ ဆိုရိုးစကားတစ်ခုရှိသေးတယ်ဗျ၊ ဘာတဲ့. . . 'ပေးဆပ်သူရဲ့နှလုံးသားဟာ အကောင်းဆုံးခိုလှုံရာ' ဆိုတာလေ၊ မမ. . . ကျွန်တော့်အပေါ်မှာ ကောင်းခဲ့တာတွေ ကျွန်တော့်အတွက် မမ အနစ်နာခံခဲ့တာတွေကို ကျွန်တော် တစ်ရက်မှမေ့လို့မရဘူး၊ အဲဒါတွေကို ပြန်ပေးဆပ်ဖို့ကျွန်တော့်မှာတာဝန်ရှိတယ်၊ ပြီးတော့ ကျွန်တော် မမကိုချစ်တဲ့အချစ်တွေဟာ အခုထိ နက်ရှိုင်းပူနွေးရှင်သန်နေတုန်းပဲဆိုတာ အခုလို ပြန်းခနဲ မမျှော်လင့်ဘဲ တွေ့လိုက်ရတော့မှ ကိုယ့်ကိုကိုယ် သိလိုက်ရတော့တယ်ဗျာ"

ကိုင်း. . . လုပ်လိုက်ဟ. . ဟု မှတ်ကြီးက စိတ်ထဲမှကျိတ်၍





ညာသံပေးလိုက်ရင်း နှုတ်ကတော့ . . .

"ကဲ. . . မမချိုတို့လည်း တွေ့တုန်းတွေ့ခိုက် အေးအေးဆေးဆေး စကားပြောပြီး နေရစ်ခဲ့ကြဦး၊ ကျွန်တော်လည်း မဂ္ဂဇင်းတိုက်ကို သွားလိုက်ဦးမယ်"

ထိုသို့ပြောပြီးသည်နှင့် မှတ်ကြီးကား နောက်ကြောင်းကိုစောင်းငဲ့၍ပင်မကြည့်တော့။ သူတို့နှစ်ဦး၏ချစ်ဗိမာန်နှင့် ဝေးရာဆီသို့ ခပ်သုတ်သုတ်လစ်တော့သည်။

●

"အဲဒါပဲ. . . ညီဆူးရေ နောက်ပိုင်းတော့ ဘာတွေဆက်ဖြစ်ကုန်သလဲဆိုတာ ငါလည်း မသိတော့ဘူး"

ညီဆူးကတော့ ပြုံးစိပြုံးစိဖြင့်နားထောင်နေ၏။ မှတ်ကြီးကလက်ထဲမှသတ်ပုံကျမ်းစာအုပ်ကို ဘေးသို့ချလိုက်ပြီး . . .

"လူတွေရဲ့စဉ်းစားပုံက တစ်မျိုးပဲကွ ညီဆူးရ၊ ကိုယ့်အပေါ်ကောင်းခဲ့တာ၊ အနစ်နာခံခဲ့တာ၊ အဲဒါတွေကို ပြန်တုံ့ပြန်ပေးဆပ်ရမယ့်လူမှုရေးတန်ဘိုးတွေ၊ လူမှုရေးကျင့်ဝတ်တွေကို 'အချစ်'နဲ့ ရောထွေးပစ်လိုက်ကြတယ်၊ ဘာသဘောလဲတော့မသိဘူး၊ အချစ်ဆိုတာ ဘာဘာညာညာတွေ ထည့်မစဉ်းစားဘဲ ဒီအတိုင်း ရိုးရိုးလေးပဲ ချစ်လို့ရတယ်မဟုတ်လားကွ. . . ဟင်"

မှတ်ကြီး၏စကားကြောင့် ညီဆူးမျက်လုံးကိုဝင့်ပြီး တစ်ချက်လှမ်းကြည့်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ. . . တစ်ခါ. . . မှတ်ကြီးက အဲသည်လို တောက်တောက်ပပအတွေးလေးတွေ ပြောတတ်သည်။ ဘယ်တုန်းကများ သူ အဲသည်လို တွေးတွေးထားတတ်ပါလိမ့်ဟု ညီဆူး အံ့သြရလေသည်။

ဟုတ်တာပေါ့ . . 'ချစ်တယ်' ဆိုတာ ရိုးရိုးလေးပါပဲ။ ဘာမှ အဆန်းတကြယ်တွေမလိုပါ။ အလင်္ကာမြောက်အောင် သီကုံးထားသော ပန်းပွင့်နှင့်မွှေးရနံ့များ၊ တယောသံများမလိုပါ။

လဝန်းမှာ ချိတ်ဆွဲထားသည့် အိပ်မက်ချိုချိုများမလိုပါ။

"မင်းကို ငါ ချစ်တယ်"

ဒါပဲ လိုအပ်ပါသည်။

●

ညီဆူးက ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာချလိုက်၏။

ပြီးတော့ မှတ်ကြီး၏ GSM ဖုန်းကို သွားယူသည်။ မေမြတ်သန့်စင်၏ဖုန်းဆီသို့ message ပို့လိုက်၏။

"I Love U"

■





## အခန်း (၂၂)

"သမီး. . . အခုတစ်လော မောင်မင်းသိမ်းတစ်ယောက်လည်း လာတာမတွေ့ပါလား၊ သမီးတို့ချင်း ဘာဖြစ်ထားကြလို့လဲ"

ဦးသန့်စင်က မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို ဖတ်နေသော မေမြတ်သန့်စင်၏ဘေးမှ ဆိုဖါဆက်တီတွင်ဝင်ထိုင်ရင်း မေးလိုက်သည်။

မေမြတ်သန့်စင်က လက်ထဲမှမဂ္ဂဇင်းစာအုပ်ကို ပိတ်ကာ ဆက်တီထိုင်ခုံပေါ် ချထားသော ဟန်းဖုန်းနှင့်အတူ ရောပြီး ရှေ့မှ စားပွဲပေါ် လှမ်းတင်လိုက်ရင်း . .

"ဘာမှမဖြစ်ပါဘူး ဖေဖေ၊ သမီး စာမေးပွဲဖြေစရာရှိနေလို့ အေးအေးဆေးဆေး စာကျက်လို့ရအောင် ဒီရက်ပိုင်းအတွင်း မလာနဲ့ဦးလို့ မှာထားလို့ပါ"

"သြော်. . . "

ဦးသန့်စင် ရေရွတ်လိုက်သံက ခြောက်ကပ်ကပ်။ အဆက်အစပ်



www.burmeseclassic.com

www.burmeseclassic.com



မရှိ။ နောက်ထပ်ပြောရမည့်စကားကို ဘယ်လိုဆက်ရမလဲဟု အချိန်ယူနေဟန်ရှိသည်။

အတော်ကြာတော့မှ ဦးသန့်စင်က သမီးဖြစ်သူကို တည့်တည့်မကြည့်ဘဲ မျက်နှာလွှဲထားရင်း ချောင်းတစ်ချက်ဟန့်လိုက်၏။

"အဟမ်း"

အကင်းပါးသော မေမြတ်သန့်စင်က . . .

"ဖေဖေ. . . သမီးကို ဘာပြောစရာရှိလို့လဲ"

"အင်း. . . ဒီလိုသမီးရေ၊ ဟိုတလောက မောင်မင်းသိမ်းရဲ့ မိဘများက ဖေဖေ့ဆီကို ဖုန်းဆက်တယ်၊ သမီးကို သူတို့ရဲ့သားနဲ့ အိမ်ထောင်ချထားပေးချင်ပြီ. . . တဲ့"

ထိုစကားကြောင့် မေမြတ်သန့်စင် မျက်နှာပျက်သွား၏။ သို့သော် ဖခင်ဖြစ်သူ မရိပ်မိအောင် အချိန်မီပြန်ပြင်လိုက်သည်။ ဦးသန့်စင်က. . .

"သမီးတို့ချင်း မေတ္တာမျှနေတာကိုလည်း ဖေဖေသိနေတာပဲကွယ်၊ ပြီးတော့ မောင်မင်းသိမ်းတို့မိသားစုဆိုတာကလည်း ငြင်းရမယ့်လူတွေမှ မဟုတ်တဲ့ဘဲ။ ဒါကြောင့် သမီးတို့ချင်းလည်း မေတ္တာမျှ၊ နှစ်ဖက်မိဘတွေကလည်း သဘောတူနေမှတော့ ဘာမှပြောစရာမရှိပါဘူး. . . လို့ပဲ အကြောင်းပြန်လိုက်တယ် သမီး"

မေမြတ်သန့်စင် သက်ပြင်းကိုခိုး၍ရှိုက်မိသည်။ သူမ ဘာပြောရင်ကောင်းမလဲ။ 'ကိုမင်းသိမ်းကို အခု သမီးမချစ်တော့ဘူး ဖေဖေ' ဟု ဘယ်လိုမှ သူမ နှုတ်ကဖွင့်မထွက်ရဲ၊ အဖေတစ်ယောက်ကိုယ်တိုင်က ကိုယ့်သမီးကို 'မျက်နှာများချင်တဲ့ မိန်းကလေး' ဟု ထင်ပြီး အဖေ





ရှက်သွားမှာ သေချာသည်။

သူမ ဆွံ့အနေသည်။ ဦးသန့်စင်က . . .

"အဲဒါ. . . လာမယ့်ရက်ပိုင်းအတွင်းမှာ သူတို့ ရက်ကောင်းရက်မြတ်ရွေးပြီး မိသားဖသားပီပီ လာတောင်းရမ်းကြလိမ့်မယ် သမီး၊ အဲဒါ သမီးကို ကြိုပြီးအသိပေးထားတာ"

"သမီး. . . သမီး. . . ဘာပြောရမှန်းမသိဘူး ဖေဖေ"

သူမ တကယ်ပင် ဘာပြောရမှန်းမသိ။ ထိုစဉ်မှာပင် . . .

"တီ. . . တီ. . . "

ဟန်းဖုန်းထဲကို message ဝင်သည့်အချက်ပေးသံ မြည်လာ၏။ စားပွဲပေါ်မှဟန်းဖုန်းဆီသို့ ဦးသန့်စင်၏အကြည့်က ရောက်သွား၏။

မျက်နှာပူစရာစကားတွေကို သမီးနှင့်ပြောနေရသောကြောင့် တမင် အာရုံလွှဲစကားဖြတ်ချင်သောကြောင့်လား မပြောတတ်။ ဦးသန့်စင်က ဖုန်းကိုကောက်ယူပြီး message ဖွင့်ကြည့်လိုက်သည်။

message က . . .

"I Love U"

ဦးသန့်စင် မျက်လုံးပြူးသွား၏။ ခုခေတ်မှာ 'You' အစား အတိုကောက် 'U' ဟု သုံးကြသည်ကို သူမသိ။ သူသိသည်က U Ba (ဦးဘ) U Mya (ဦးမြ) စသဖြင့် အမည်ရှေ့တွင်ထည့်သော U သည် 'ဦး'။

ဒီတော့ message ကို ဦးသန့်စင် ဘာသာပြန်လိုက်ပုံက . . .

"ဦးကို ကျွန်မ ချစ်တယ်"

အဘိုးကြီး ခေါင်းကဆံပင်တွေထောင်သွားသည်။ ပို့သည့်ဖုန်းနံပါတ်ကို ကြည့်လိုက်တော့လည်း သူမသိ။ ဘယ်က ကောင်မလေး

www.burmeseclassic.com

www.burmeseclassic.com



များပါလိမ့်။

ဘုရား . . ဘုရား . . ခုခေတ်ကောင်မလေးတွေများ ပွင့်လင်းလိုက်ကြတာ၊ အလို . . . အလို . . . ငါ့ရင်ထဲ ဘယ်လိုကြီးဖြစ်သွားမှန်းတောင်မသိဘူး၊ ဖိုးသိုးဖတ်သပ်နဲ့။

ဦးသန့်စင် ရင်တုန်ပန်းတုန်နှင့် သူ့လက်မလက်သည်းခွံကလေးကိုပဲ ကိုက်နေရတော့မလိုလို လုံချည်အောက်နားစလေးကိုပဲ လုံးချေလိုက် ပြန်ဖြန့်လိုက်လုပ်နေရတော့မလိုလို မနေတတ် မထိုင်တတ်ဖြစ်နေသည်။

ဟင်း . . . ဘယ်သူလေးများလဲမသိဘူးနော်။ တွေ့မှပဲ နဖူးကလေးကို ထုထုပြီး 'လူကြီးကိုရှက်အောင်မလုပ်နဲ့' လို့ ဆူပစ်လိုက်ရဦးမယ် . . . အဟစ် . . . အဟစ် . . . ။

မေမြတ်သန့်စင်ကတော့ သူ့အဖေ၏ ထူးဆန်းသောအမူအယာကို ကြည့်ရင်း နားမလည်နိုင်အောင်ဖြစ်သွားသည်။

ဦးသန့်စင်က 'အင်း . . . အိမ်က အမယ်ကြီးတော့ သိသွားလို့မဖြစ်ဘူး' ဟု တွေးကာ ဟိုလိုလို ဒီလိုလိုနှင့် ဖုန်းကို မသိမသာကိုင်ပြီး အပေါ်ထပ်သို့ တက်သွားလေတော့သည်။

■





## အခန်း (၂၃)

ညနေဆည်းဆာ၏နေရောင်ခြည်သည် ကြွေကျနေသော ပန်းပွင့်တွေအပေါ်မှာ နူးနူးညံ့ညံ့ နွေးထွေးဖျော့တော့နေ၏။

သစ်ပင်သစ်ကိုင်းတို့၏အရိပ်သည် အေးအေးမြမြ ညို့ညို့ဆိုင်းဆိုင်း။ ဟိုးအဝေးကမြူခိုးတွေကို ဖြတ်သန်းတိုက်ခတ်လာသောလေပြေထဲမှာ နှင်းခါးရနံ့တွေပါလာသည်။

အိပ်တန်းပြန်မည့်ငှက်တွေ ကောင်းကင်မှာ အုပ်စုဖွဲ့ပျံသန်းသွားကြသည်။ နေရောင်က ညို့ထားသောကြောင့်လား မပြောတတ်။ ကောင်းကင်ပြာ၏အလင်းသည် ဥရောပဆန်နေသလိုလို ထင်ရသည်။

အရိပ်တွေ ရှည်လျားစပြုပြီ။

ညီဆူးက . . .

"မနေ့ညက message ပို့လိုက်တာ ရလားဟင်"

မေမြတ်သန့်စင်က နားမလည်သလိုပြန်ကြည့်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း၊ မနေ့ညက ဖုန်းကို အဖေယူသွားတာ၊ ဘာ message ပို့လိုက်တာလဲဟင်"

အဲသည့်မေးခွန်းကို မျဉ်းဖြောင့်အတိုင်းဖြေဖို့ ညီဆူး စိတ်ကို အသက်ရှူမှန်အောင် ကြိုးစားလိုက်သည်။ ပြီးတော့ . . .

"ကမ္ဘာပေါ်မှာ လူတွေအများကြီးပြောဖူးတဲ့ ရိုးရိုးစကားလေးပါပဲ၊ မင်းကို ကိုယ် ချစ်တယ်"

မေမြတ်သန့်စင်စိတ်ထဲမှာ ဆစ်ခနဲ နာကျင်သလိုခံစားရသည်။ စာမေးပွဲသာဆိုလျှင် ဒီမေးခွန်းတစ်ပုဒ်ကိုကျော်လွှားပြီး အခြားမေးခွန်းများကိုသာ ရွေးချယ်ဖြစ်လိမ့်မည်။

တစ်နေ့နေ့တစ်ချိန်ချိန်မှာ ညီဆူး ဒီလိုစကားမျိုး ပြောလာလိမ့်မည်ဟု သူမ သိနှင့်နေပြီးသား။ ပြီးတော့ နှစ်ယောက်စလုံး နာကျင်ကြေကွဲရမည်ကိုလည်း သူမ ကြိုတင်သိနှင့်နေပြီးသား။

ခုတော့. . .

အဆိပ်ပါမှန်းသိလျက်နှင့် အမုန်းစကားတွေကို စားသုံးရဦးတော့မည်။

သူမက . . .

"နှစ်ဆယ့်လေးနာရီအတွင်းမှာတော့ ကျွန်မဟာ ရှင့်ချစ်သူပါပဲ"

"ကိုယ်ပြောတာ အဲဒီလိုမဟုတ်ဘူး၊ ကိုယ်က အလျော်အစား ၂၄ နာရီရဲ့အပြင်ဘက်မှာ မင်းနဲ့ချစ်သူဖြစ်ချင်တာ၊ တကယ့်ဘဝထဲမှာ ချစ်သူဖြစ်ချင်တာ၊ အသက်ရှင်နေသမျှ နေ့စဉ်နေ့တိုင်း ၂၄ နာရီတိုင်းမှာ ချစ်သူဖြစ်ချင်တာပါ"





မေမြတ်သန့်စင်က သူမ၏အသံတုန်ခါမှုမရှိအောင် အချိန်အနည်းငယ်စောင့်ပြီးမှ ပြန်ပြောသည်။

"ကျွန်မမှာ ချစ်သူရှိတယ် ကိုညီဆူး၊ မိဘချင်းလည်း သဘောတူထားကြတယ်။ ဒီရက်ပိုင်းအတွင်းမှာပဲ သူတို့လာတောင်းရမ်းပြီးကျွန်မတို့. . . ကျွန်မတို့ လက်. . ထပ်. . . ကြ. . . တော့. . . မယ်. . ၊ ရှင် နောက်ကျသွားပါပြီ"

ညီဆူးတစ်ကိုယ်လုံး ဆတ်ခနဲတုန်ခါသွားသည်။ အဝေးကြီးဆီသို့ အရှိန်ပြင်းပြင်းဖြင့် လွင့်ပါသွားသည့် သူ့သိစိတ်ကို သူ မနည်းဖမ်းယူရ၏။ ပြီးတော့ . . .

"ဘာ. . . နောက်ကျတယ်၊ ဟုတ်လား၊ အချစ်မှာ နောက်ကျတယ်ဆိုတာ ရှိသလား အချစ်ဆိုတာ အရင်ဦးတဲ့သူ အပိုင်ယူကြေးလား။ အဓိပ္ပာယ်မရှိတာကွာ၊ အရင်တွေ့တွေ့ နောက်တွေ့တွေ့ပေါ့၊ ဦးရာလူရမည်လို့ သဘောထားရအောင် 'အချစ်'ဆိုတာ လမ်းပေါ်မှာ တွေ့ရတဲ့ ပိုင်ရှင်မဲ့ပစ္စည်းမှမဟုတ်တာ"

စိတ်၏တင်းမာမှုကို ပြေလျော့ဖို့ ညီဆူးက အသက်ပြင်းပြင်းရှိုက်လိုက်၏။ ပြီးမှ . . .

"ကိုယ်တောင်းခံနေတဲ့အချစ်က ပိုင်ရှင်ရှိတယ်၊ အဲဒီပိုင်ရှင်က မင်းပဲ၊ မင်းဆုံးဖြတ်ရမှာလေ၊ ချစ်သူ့ဘဝမှာ 'ပထမ လူ' တွေ၊ 'ဒုတိယလူ' တွေ မရှိပါဘူး၊ 'တကယ်ချစ်တဲ့သူပဲရှိတယ်'၊ မင်း တကယ်ချစ်တဲ့လူကို ကိုယ်သိချင်တယ်"

မေမြတ်သန့်စင်က ခေါင်းကို ဖြည်းဖြည်းချင်းခါယမ်းလိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ တကယ်ချစ်တဲ့လူကို ရှင် မသိချင်ပါနဲ့တော့၊ ကျွန်မရဲ့ ဆုံးဖြတ်ချက်ကို ရှင်ကြားချင်တယ်ဆိုရင်တော့ ပြောပြပါ့မယ်၊ ကျွန်မ အရင်ရည်းစားကိုပဲ လက်ထပ်မှာပါ ကိုညီဆူး"

"ဘာလို့. . . ဘာလို့. . . အဲဒီလို ဆုံးဖြတ်ရတာလဲ. . . ဟင်"

မေမြတ်သန့်စင်၏လည်တိုင်စင်းစင်းလေးမှာ ကြေကွဲမှုတွေကို မျိုချလိုက်ဟန်ဖြင့် လည်ပင်းအကြောလေးတွေ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်ကို မြင်ရသည်။ သူမက . . .

"အချစ်ဆိုတာ အပြောင်းအလဲလုပ်ဖို့ လွယ်ကူတဲ့အရာတစ်ခု မဟုတ်ဘူးလို့ ကျွန်မထင်တယ်လေ၊ ကျွန်မအနေနဲ့ ပထမချစ်ထားတဲ့ ချစ်သူအပေါ်မှာ သစ္စာရှိရမယ်မဟုတ်လား"

"အဲဒါ. . . သစ္စာတဲ့လားကွာ"

ညီဆူးအသံက ဆွေးဆွေးမြည့်မြည့်. . ။ သူက ဆက်ပြီး. . .

" '**သစ္စာတရားဟာ မပြောင်းလဲတဲ့အရာ**' ဆိုတာတော့ ဟုတ်တယ်၊ ဒါပေမဲ့ အဲဒါကို ပြောင်းပြန်လုပ်ပြီး '**မပြောင်းလဲတဲ့ဟာတိုင်းကို သစ္စာတရား**'လို့ ယူဆနေကြတာတော့မှားတယ်။ 'ကျီးကန်းဟာ အမည်းရောင်ရှိတဲ့အကောင်' ဆိုတာ မှန်ပေမယ့် 'အမည်းရောင်ရှိတဲ့အကောင်တိုင်းကို ကျီးကန်း' လို့ သတ်မှတ်ရင် မှားသွားမှာပေါ့"

မေမြတ်သန့်စင်က အဝေးဆီသို့သာငေးကြည့်နေ၏။ ခရမ်းရင့်ရောင် လိမ္မော်ရင့်ရောင်တိမ်တိုက်တွေ မိုးကုပ်စက်ဝိုင်းမှာ အုံ့ဖွဲ့နေကြသည်။

ညီဆူးက . . .

"မပြောင်းလဲတိုင်း သစ္စာတရားမဟုတ်ဘူးလေကွာ၊ တို့လမ်း





ထိပ်က အရက်သမားကြီး နေ့တိုင်းအရက်သောက်တယ်၊ မူးတယ်၊ တစ်နေ့မှ မပြောင်းလဲဘူး၊ ဒါ သစ္စာတရားလား၊ ဘတ်စကားဂိတ်နားက သစ်ငုတ်တိုကြီးလည်း တစ်နေ့မှမပြောင်းလဲဘူး၊ ဒါကော သစ္စာတရားလား၊ ဈေးထဲက အရူးမကြီး နေ့တိုင်းရူးတယ်၊ တစ်နေ့မှ မပြောင်းလဲဘူး၊ ကဲ. . . အဲဒါကော သစ္စာတရားပဲလား၊ ဖြေစမ်းပါ"

သူ့မေးခွန်းကို မေမြတ်သန့်စင် မဖြေ။

"**လူဆိုတာ သစ်ငုတ်တိုမဟုတ်ဘူးကွ၊ ပြောင်းလဲရမှာပဲ၊ ပြောင်းလဲရဲတဲ့သတ္တိမရှိတာကို 'သစ္စာရှိတယ်' လို့ တံဆိပ်မှားမကပ်စမ်းပါနဲ့ကွာ**"

"ပြောင်းလဲရဲတဲ့သတ္တိမရှိဘူးလို့ ရှင်စွပ်စွဲရင်လည်း ကျွန်မ လက်ခံပါတယ် ကိုညီဆူး၊ ဘာဖြစ်လို့လဲဆိုတော့ မိန်းမတစ်ယောက်က အချစ်ကို ပြောင်းလဲလိုက်ရင် 'မျက်နှာများတဲ့မိန်းကလေး' လို့ လူ့အဖွဲ့အစည်းက ကဲ့ရဲ့ကြလိမ့်မယ်"

"ဟာ. . . မင်းရဲ့အချစ်ကို မင်းတစ်ယောက်တည်း ဆုံးဖြတ်တာ မဟုတ်ဘူးပေါ့၊ လူ့အဖွဲ့အစည်းကြီးတစ်ခုလုံးက ဝိုင်းဆုံးဖြတ်ကြတာပေါ့ ဟာ. . . ခမ်းနားကြီးကျယ်လိုက်တဲ့ အချစ်ကွာ"

သူ့စကားကြောင့် မေမြတ်သန့်စင် မျက်ရည်တွေဝိုင်းလာသည်ကို မြင်ရ၏။ သူ ဘာကိုဝမ်းနည်းမှန်းမသိ။ တစိမ့်စိမ့်ဝမ်းနည်း၍လာသည်။

မေမြတ်သန့်စင်ကိုယ်တိုင်လည်း အဲသည်လိုပင် ခံစားနေရလိမ့်မည်ဟု သူ အလိုလိုသိနေ၏။

မျက်ရည်ကျသင့်သလား၊ မကျသင့်ဘူးလားဆိုတာကို ဆင်ခြင်



www.burmeseclassic.com

www.burmeseclassic.com



တွေးတောမနေချင်ပါ။ ဆင်ခြင်ခြင်းတွေဟာ မျက်ရည်ကို သုတ်မပေးနိုင်ဘူးမဟုတ်လား။

ညနေ ကောင်းကင်မှာ လွတ်လပ်စွာဝဲပျံသွားကြသော ငှက်တွေကို မြင်နေရဆဲပင် ရှိသေးသည်။

လူ့ဘဝဟာ ငှက်လောက်တောင်မှ လွတ်လပ်ပေ့ါပါးပါရဲ့လား။

လမ်းမှာ လူတွေနဲ့တွေ့မှ လက်တို့ပြီး လိုက်မေးကြည့်ရဦးမည်။ ငှက်တွေကြွေကွဲရင် မျက်ရည်ဝေ့တတ်ကြသလား . . . လို့။

နှစ်ဦးစလုံး မငိုမိခင်မှာပင် ဒီအနေအထားကို အဆုံးသတ်လိုက်တော့မည်ဟု သူတွေး၏။ ညီဆူး စိတ်ကိုလျှော့ချလိုက်သည်။

သက်ပြင်းချသံနှင့်အတူ သူက . . . .

"တစ်ခုခုကို သန့်စင်စေချင်ရင် တစ်ခုခုကတော့ ညစ်ပတ်ပေးရတာပဲမဟုတ်လား၊ မင်းရဲ့ဂုဏ်သိက္ခာသန့်စင်အောင် ကိုယ့်နှလုံးသားနဲ့ သုတ်ပေးလိုက်ရတယ်လို့ပဲ သဘောထားပါ့မယ်

"ပတ်ဝန်းကျင်ကလူတွေအားလုံးရဲ့ အကဲ့ရဲ့ကို မခံနိုင်ဘူးဆိုမှတော့ တို့ ဘာရွေးချယ်စရာရှိဦးမှာလဲကွာ၊ အများသဘောကျအောင် သွားခေါ်ပြလိုက်ကြတာပေါ့"

●

မေမြတ်သန့်စင်က ညီဆူးကို အချိန်အတော်ကြာအောင် တတသသကြည့်သည်။

မျက်တောင်တစ်ချက်ခတ်လိုက်တော့ မျက်ရည်တစ်စက်က ပါး





ပြင်ပေါ်သို့ ဖြည်းညင်းစွာ လိမ့်ဆင်းကျလာ၏။

ညီဆူးက မေမြတ်သန့်စင်၏ပါးပြင်ပေါ်မှမျက်ရည်ကို သုတ်ပေးဖို့ လက်ဟန်ပြင်လိုက်သည်။ သို့သော် ဘာကြောင့်မှန်းမသိ မသုတ်ပေးဖြစ်လိုက်။

မေမြတ်သန့်စင်က ညီဆူး၏အင်္ကျီအိတ်ထဲမှ Stopwatch နာရီလေးကို နှိုက်ယူလိုက်သည်။ ပြီးတော့ ခလုတ်ကို ပိတ်လိုက်၏။

နာရီမျက်နှာပြင်ပေါ်က ကိန်းဂဏန်းတွေကိုကြည့်လိုက်တော့ . . .

23 : 40 : 16

နှစ်ဆယ့်လေးနာရီပြည့်ဖို့ မိနစ် နှစ်ဆယ်ခန့်သာလိုတော့သည်။

မေမြတ်သန့်စင်က ဘာတစ်ခွန်းမှမပြောဘဲ Stopwatch နာရီလေးကို ညီဆူး၏အင်္ကျီအိတ်ထဲသို့ ပြန်ထည့်ပေးလိုက်သည်။

ထို့နောက် . . .

ညီဆူးကို ကျောခိုင်းကာလှည့်ထွက်ပြီး အဝေးသို့ တရွေ့ရွေ့ လှမ်းလျှောက်ထွက်သွားတော့သည်။

ညီဆူးကတော့ မီးရထားကြီးထွက်ခွာသွားသည်ကို ဘူတာရုံအိုကလေးထဲမှ ရပ်ငေးကြည့်နေခဲ့ရဖူးသော ခံစားမှုကို ပြန်သတိရနေသည်။

ဒီတစ်ခါလည်း ကျန်နေရစ်ခဲ့ရတဲ့ ခရီးသည်ဟာ ငါပါလားကွယ်။

သူ့ခရီးစဉ်ကလည်း မိနစ်နှစ်ဆယ်အလိုမှာပင် အဆုံးသတ်သွားခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကျန်နေသေးတဲ့ မိနစ် ၂၀ ကို သူ ဘာလုပ်မလဲ။
သူကိုယ်တိုင်လည်း သိချင်နေမိ၏။

■





## အခန်း (၂၄)

မေမြတ်သန့်စင် . . .

ညီဆုး၏အကြောင်းကို တွေးနေရသည်မှာ အဆိပ်ရှိသော သတ္တဝါတစ်ကောင်၏ ကိုက်ခဲမှုကိုခံနေရသည်နှင့် တူသည်ဟု ရင်ထဲမှာ ခံစားနေရသည်။

"ငါ သူ့ကို ချစ်တယ် လို့ မပြောလိုက်မိတာ မှားများမှားသွားပြီလားမသိဘူး"

ဟု သူမ တွေးလိုက်မိသည်။

ဟင့်အင်း . . .



www.burmeseclassic.com

www.burmeseclassic.com



ငါချစ်တာကို သူသိဖို့မလိုပါဘူး။ အချစ်ဆိုတာ သက်တန့်လိုပဲလေ။ ကိုယ့်ဖက်က တစ်ခြမ်းတည်းနဲ့လည်း ပြီးပြည့်စုံတာပဲ။

●

ညီဆူး . . .

ကျန်နေသေးတဲ့ မိနစ် ၂၀ ကို ဘယ်အချိန်မှာ တောင်းယူရမလဲဟု ညီဆူး စဉ်းစားနေမိသည်။

"မင်းရဲ့အချစ်ကို မင်းတစ်ယောက်တည်း ဆုံးဖြတ်တာမဟုတ်ဘူးပေါ့၊ လူ့အဖွဲ့အစည်းကြီးတစ်ခုလုံးက ဝိုင်းဆုံးဖြတ်တာပေါ့၊ ဟား. . ခမ်းနားကြီးကျယ်လိုက်တဲ့ အချစ်ကွာ"

သူပြောခဲ့သောစကားတွေက သူ့ရင်ခေါင်းထဲမှာပင် ပဲ့တင်ထပ်နေဆဲရှိသေးသည်။

သူကတော့ အဲသည်လို ခမ်းခမ်းနားနားကြီးကြီးကျယ်ကျယ် မတွေးခဲ့ပါ။ ရိုးရိုးပင် ချစ်ခဲ့ခြင်းဖြစ်ပါသည်။

မိန်းကလေးတစ်ယောက်ရဲ့ အချစ်ဟာ လူတစ်ယောက်ကနေ နောက်တခြားလူတစ်ယောက်ဆီ ပြောင်းလဲသွားတာကို လူ့အဖွဲ့အစည်းက ကဲ့ရဲ့သတဲ့လား။

'အပြောင်းအလဲ' ကို လူ့အဖွဲ့အစည်းက လက်မခံချင်ဘူးလား။





သူ့စိတ်ထဲတွင် အချဉ်ပေါက်လာသည်။ အဲဒီလူ့အဖွဲ့အစည်းဆိုတာကြီး သူ့ အရှေ့တိုက်ချင်လာ၏။

မေမြတ်သန့်စင် မင်္ဂလာပွဲကျင်းပနေသည့်အချိန်မှာ သူ ရောက်သွားပြီး နောက်ဆုံးလက်ကျန်အချိန် မိနစ် ၂၀ ကို တောင်းယူလိုက်လျှင် ဘာဖြစ်သွားမလဲ။

ကဲ. . . အားလုံး မျက်လုံးပြူးနိုင်ဖို့သာ ကြိုးစားထားကြပေတော့။

●

မေမြတ်သန့်စင်. . .

မေမြတ်သန့်စင်က ခေါင်းကိုခါယမ်းလိုက်၏။

"ပြောင်းလဲရဲတဲ့သတ္တိမရှိတာကို 'သစ္စာရှိတယ်' လို့ တံဆိပ်မှားမကပ်စမ်းပါနဲ့ကွာ"

ဟူသော ညီဆူး၏စကားကို ပြန်လည်ကြားယောင်လိုက်ခြင်းကြောင့် ဖြစ်သည်။

အသက်ရှူကျပ်သလို ခံစားလာရသည်။

အောက်စီဂျင်တွေ ဘယ်ရောက်သွားကြပြီလဲ။

အောက်စီဂျင်သည် ဟိုက်ဒရိုဂျင်နှင့် ပေါင်းလျှင် ရေဖြစ်၏။ သို့သော် အောက်စီဂျင်တွေက လွမ်းဆွတ်သတိရခြင်းနှင့် ပေါင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည့်အခါ မျက်ရည်တွေဖြစ်သွားကြသည်။

သူမနှုတ်ခမ်းကိုကိုက်ကာ ထိုင်နေရာမှ ထသည်။

ဖခင် ဦးသန့်စင်၏အခန်းဆီသို့ လျှောက်လာခဲ့၏။ ပြီးတော့ ဖခင်ဖြစ်သူ၏အခန်းတံခါးကို ခေါက်လိုက်သည်။

"ဖေဖေ. . . ဖေဖေ့ကို သမီး ပြောစရာတစ်ခုရှိလို့"

●

ညီဆုး . . .

ညီဆုး ခေါင်းကိုခါယမ်းလိုက်သည်။

'မျက်ရည်' က ခံစားမှုအစစ်အမှန်လား။ 'မျက်ရည်ကျခြင်း' က ခံစားမှုအစစ်အမှန်လား။ သူ မခွဲခြားတတ်သောကြောင့် ဖြစ်၏။

မေမြတ်သန့်စင်ကို သူချစ်သည်။

ဒါက သူ့ခံစားချက်ကို သူ အမည်နာမတပ်ထားသော 'သိမှု' တစ်စုံတစ်ရာသာဖြစ်၏။ ကိုယ့်ရဲ့လိုအင်ဆန္ဒအတွက် လူတစ်ယောက်ကို တစ်သက်လုံး တွေ့ချင်နေတာကတော့ တရားမျှတမှုရှိရဲ့လားဟု သူ ပြန်စဉ်းစားသည်။

အင်း. . . တစ်သက်လုံး သတိရနေခွင့်တော့ရှိတာပေါ့လေ. . ဟု သူဖြေတွေးတွေးလိုက်သည်။ ပြီးတော့ စာရေးစားပွဲခုံအံဆွဲထဲမှ





ဒိုင်ယာရီစာအုပ်ကို ထုတ်ယူလိုက်၏။

အဲသည့်စာအုပ်ထဲမှာ . . .

သတိရခြင်းတွေကို သိမ်းဆည်းထားသည့် ရထားလက်မှတ်အဟောင်းလေးတွေ ရှိနေသည်။

●

ညီဆုး မေမြတ်သန့်စင်ဆီသို့ message ပို့လိုက်၏။

"နောက်ဆုံး တစ်ကြိမ်အဖြစ်နဲ့ မနက်ဖြန်ကျရင် ဘုရားမှာဆုံရအောင်"

■



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၅)

ဆည်းလည်းခတ်သံလေးတွေက လေပြည်ထဲတွင် လွင့်ပါးနေ၏။ အဝေးတစ်နေရာဆီမှ တစ်စုံတစ်ယောက် ထိုးခတ်လိုက်သော ခေါင်းလောင်းသံကိုလည်း ကြားရသည်။

ရင်ပြင်တော်ပေါ် ဖြတ်သန်းတိုက်ခတ်လာသော လေပြည်သည် ရွှေရောင်ပျပျ။ အေးမြငြိမ်သက်သော အရိပ်အာဝါသ။ ကနုတ်ပန်းနွယ်တွေ၊ ရွှေပိန်းချပွတ်လုံးတိုင်ကြီးတွေနှင့် ဝတ်ပြုရာတန်ဆောင်းတို့က ခန့်ညားသက်ဝင်လျက်။

ဆီမီးနံ့သာပူဇော်ထားရာစင်တို့မှ နံ့သာငွေ့တွေ တဝေ့ဝေ့လေထဲမှာ လွင့်မျောနေကြသည်။ တီးတိုးရွတ်ဆိုပူဇော်နေသော ဓမ္မဂါထာတစ်ပုဒ်ကိုလည်း သဲ့သဲ့ကလေးကြားရလေသည်။

ခေါင်းလောင်းကြီးထားရှိရာ တန်ဆောင်းထဲတွင် ညီဆူးနှင့် မေမြတ်သန့်စင်တို့ ရင်ခွင်ချင်းမနီးမဝေး မျက်နှာချင်းဆိုင်ရပ်မိကာ





အကြည့်ချင်းချိတ်ငြိနေကြသည်။

ညီဆူးက . . .

“ဟောဒီ. . စာအုပ်လေးကို လက်ဆောင်အဖြစ်နဲ့ ယူထားလိုက်ပါ”

ဒိုင်ယာရီစာအုပ်လေးကို လှမ်းပေးသည်။ မေမြတ်သန့်စင်က စာအုပ်ကိုယူပြီး ဖွင့်ကြည့်လိုက်တော့ အထဲမှာ နေ့စွဲအလိုက် အစီအရီကပ်ထားသည့် ရထားလက်မှတ်အဟောင်းလေးတွေကို တွေ့ရ၏။

ညီဆူးက . . .

“ကိုယ်. . မင်းကို တစ်နေ့တစ်ခါက်တော့ သတိရတယ်ဆိုတာ သက်သေပြဖို့ နေ့တိုင်း ဘူတာရုံကိုသွားခဲ့တယ်၊ ပြီးတော့ အဲဒီရထားလက်မှတ်လေးတွေဝယ်ခဲ့တယ်. . ၊

“လူ့ဘဝဆိုတာ တစ်စုံတစ်ယောက်ကို သက်သေပြဖို့ ရောက်လာတာမဟုတ်ပေမယ့် ကိုယ်ကတော့ မင်းကို သက်သေပြချင်ခဲ့တယ်”

“ဒီစာအုပ်လေးကို ယူထားပါ။ ပြီးတော့ မင်းကို တစ်နေ့မှာ အနည်းဆုံးတစ်ခါက်တော့ သတိရနေမယ့်လူတစ်ယောက် ဟောဒီလောကကြီးထဲမှာ ရှိနေတယ်ဆိုတာကို အသိအမှတ်ပြုပေးပါကွာ၊ ဒါပါပဲ။ ကိုယ် သွားတော့မယ်နော်”

‘သွားတော့မယ်နော်’ ဟူသော နှုတ်ဆက်စကားကိုဆိုပြီးသည့်နောက်မှာမှ ကျောခိုင်းထွက်ခွာဖို့ သူ တွန့်ဆုတ်နေပြန်သည်။

အဲဒီအချိန်တွင် မေမြတ်သန့်စင်က . . .

“ရှင့်အတွက် ကျန်နေသေးတဲ့ မိနစ် ၂၀ ကိုကော ဘယ်လိုကုန်ဆုံးပစ်ဖို့ ဆုံးဖြတ်ထားသလဲ”



www.burmeseclassic.com

www.burmeseclassic.com



ညီဆူးက ပုန်းပေါ်မှကျော်၍ သူမဘက်သို့အသာငဲ့ကြည့်သည်။ နောက် သူ့အင်္ကျီအိတ်ထဲမှ Stopwatch နာရီလေးကို ထုတ်ယူပြီး သူမ မြင်သာအောင်ပြလိုက်၏။ ပြီးတော့ . . .

"ကိုယ် တစ်ခါကပြောခဲ့ဖူးတာ မင်းမှတ်မိမလားမသိဘူး၊ ဒီ စက္ကန့် မိနစ်တိုင်းဟာ ကိုယ့်အတွက် အရမ်းကိုတန်ဖိုးကြီးမားနေတာ မှန်ပေမယ့်လည်း တခြားသူတစ်ယောက်ရဲ့ ပျော်ရွှင်မှုအတွက် တကယ် လိုအပ်လာရင်တော့ ကိုယ့်ရဲ့နာရီ မိနစ်တွေကို အဆုံးရှုံးခံ စွန့်လွှတ်ရ ပါတယ်ဆိုတာလေ"

မေမြတ်သန့်စင်က ညီဆူး၏မျက်ဝန်းတွေထဲသို့ စိုက်ကြည့် လိုက်သည်။ ဒီစကားကို သူမမှတ်မိနေသည်ပဲ။ လမ်းပေါ်မှာ မူးလဲသည့် လူနာကို ဆေးရုံပို့ပြီးအပြန်မှာ ညီဆူး ပြောခဲ့သည့်စကား။

ခုတော့. . .

ညီဆူးက . . .

"အဲဒီစကားလေးအတိုင်းပါပဲ၊ ကိုယ့်ရဲ့ကျန်နေသေးတဲ့ မိနစ် ၂၀ ကို မင်းတို့ရဲ့မင်္ဂလာပွဲအတွက် လက်ဖွဲ့လိုက်ပါတယ်၊ ဂွတ်ဘိုင်"

ညီဆူး၏လက်ကနာရီမှတ်ထားသော အချိန်တွေကို ဖျက်ဘို့ Reset ခလုတ်ပေါ်သို့ ရောက်သွားစဉ်မှာပင် . . .

"နေဦး"

မေမြတ်သန့်စင်က ပြောပြောဆိုဆိုဖြင့် ညီဆူးလက်ထဲမှ နာရီ ကို ဖျတ်ခနဲလုယူပြီး ON ခလုတ်ကို နှိပ်လိုက်သည်။

ရင်းနှီးနေပြီးသော ဒစ်ဂျစ်တယ်ကိန်းဂဏန်းတွေ တဖျပ်ဖျပ် ပြောင်းသွားနေသည်ကို မြင်ရပြန်လေသည်။





ညီဆူးက နားမလည်နိုင်စွာဖြင့် မေမြတ်သန့်စင်ကို လှမ်း ကြည့်သည်။ မေမြတ်သန့်စင်၏မျက်ဝန်းထဲမှာ မဝံ့မရဲသေးသော လွတ် လပ်ခြင်းတစ်ခုကို တွေ့လိုက်ရသလိုထင်မိသည်။

သူမ၏နှုတ်ခမ်းတွေ တဖြည်းဖြည်းပွင့်ဟလာပြီး . . .

"မောင်. . "

ညီဆူး အသက်ဝိညာဉ်ကို နှုတ်ယူခံရသလို ခံစားလိုက်ရသည်။ တောက်ပခြင်း၊ လွတ်လပ်ခြင်းနှင့် နွေးထွေးခြင်းတို့က အဝါရောင်သန်း က ကမ္ဘာမြေတစ်ခုလုံးကို ဝတ်မှုန်တွေဖြန့်ကျဲလိုက်သည်ဟု ယုံကြည် ၏။

ဝတ်မှုန်တို့၏ရနံ့သည် အချစ်ဖြစ်၏။

ချစ်သူတို့မျက်ဝန်းချင်း တိုက်မိသောအခါ ကြယ်စင်တွေ အချင်းချင်း အဖျားခတ်သွားသလို ဖြစ်၏။

ဪ. . . ချစ်သူ. . .

●

ထိုစဉ်မှာပင် သူတို့နောက်ကျော ခေါင်းလောင်းကြီးတစ်ဖက် ဆီမှ ထူးဆန်းသောစကားတစ်ခုကို ကြားလိုက်ရသောကြောင့် သူတို့ နှစ်ယောက်၏ ရင်ခုန်သံအရှိန်က တုံ့ခနဲရပ်သွား၏။

သူတို့ကြားလိုက်ရသည်က . . .

"ကျွန်တော်နဲ့မမ ပြန်ပြီးဆုံဆည်းရပုံက ဆန်းကြယ်တယ်နော်" မေမြတ်သန့်စင်က ဒီအသံကို ကြားဖူးပါတယ်ဟု တွေးကာ



www.burmeseclassic.com

www.burmeseclassic.com



မျက်မှောင်ကုတ်၏။ တစ်ဖက်မှ ပြန်ပြောသောအမျိုးသမီးအသံက . . .

"ငယ်ကချစ်တော့ အနှစ်တစ်ရာ မမေ့သာဆိုသလိုပေါ့ကွယ်၊ မမလည်း မောင်လေးကို ချစ်တဲ့အချစ်တွေကို ဘယ်မေ့နိုင်ပါ့မလဲ၊ ဒါကြောင့်လည်း မမကို တစ်ဖက်သတ်ကြိုက်နေတဲ့ အင်္ဂလန်က ကွန်ပျူတာပညာရှင်ကိုတောင် ငြင်းပစ်လိုက်ပြီး မောင်လေးရဲ့အချစ်ကို ပြန်လက်ခံခဲ့တာပေါ့"

ညီဆူးကလည်း ဒီအသံကိုကြားဖူးပါတယ် . . . ဟုတွေးကာ ခေါင်းကိုကုတ်မိသည်။

ညီဆူးနှင့်မေမြတ်သန့်စင်တို့ တိုင်ပင်မထားပါဘဲနှင့် တူညီစွာ လှုပ်ရှားဖြစ်ကြသည်။ တိတ်တိတ်ကလေး ခြေသံမကြားရအောင် ခြေလှမ်းကိုရွှေ့သည်။ ခေါင်းလောင်းကြီးကို ဖြည်းဖြည်းချင်းကွေ့ကာ ပတ်သည်။

တစ်ဖက်ကငနဲသားက စကားကို ဒုတိယအကြိမ်ပင် ကျော့နေပြန်လေပြီ။

"မမနဲ့ကျွန်တော် ပြန်ပြီးဆုံစည်းရပုံက ဆန်းကြယ်တယ်နော်၊ မမကလည်း နားကြားလွဲပြီး သားရေအိတ်လိုက်ရှာ၊ ကျွန်တော်ကလည်း ဒီအိတ်ကြီးကို ဝယ်မိ . . . အဲ . . ."

ခေါင်းလောင်းကြီးကို တစ်ပါတ်ပတ်မိကြပြီ။

ဟော . . . တွေ့ပါပြီ။

ဘယ်လိုမှမလိုက်ဖက်သည့် သယ်နီးရောင်ကြောင်ကြောင်ကြားကြား သားရေအိတ်ကြီးကို ပေါင်ပေါ်တင်ကာ ထိုင်နေသည့် လူတစ်ယောက်။





ပြီးတော့ သူ့ဘေးမှာက အပျိုကြီးမချိုချိုဆွေ။

ဘေးနားမှာ ဖြန်းခနဲလာရပ်သည့် ညီဆူးနှင့် မေမြတ်သန့်စင်ကြောင့် ထိုင်နေကြသူနှစ်ဦးက ဖျတ်ခနဲမော့ကြည့်ကြသည်။

အရင်ဦးဆုံး မေမြတ်သန့်စင်က တအံ့တသြရေရွတ်လိုက်၏။

"ဟင် . . . ကိုမင်းသိမ်း"

မင်းသိမ်းက မမျှော်လင့်ဘဲ မေမြတ်သန့်စင်ကို တွေ့လိုက်ရသောကြောင့် ခြေမကိုင်မိ လက်မကိုင်မိ ကြောင်တိကြောင်တောင်ဖြစ်နေသည်။ ပြီးတော့မှ . . .

"ဒီ . . . ဒီလိုပါ . . . မေ၊ ကိုယ် . . . ကိုယ် . . . ရှင်းပြပါ့မယ်၊ ဟောဒီက မမနဲ့ကိုယ်နဲ့ ပြန်ပြီးဆုံစည်းရပုံက ဆန်းကြယ်တယ် မေရဲ့၊ ဟိုဒင်းလေ . . ."

မေမြတ်သန့်စင်က မင်းသိမ်းကို ဆက်မပြောဖို့ လက်ကာပြပြီး တားလိုက်၏။ နို့မဟုတ်ရင် သူတယောထိုးနေသည်နှင့် ဆုံးတော့မှာမဟုတ်။

ဒီတော့ မေမြတ်သန့်စင်ကပဲ သူပြောမည့်စကားအဆုံးသတ်ကို နိဂုံးချုပ်ပေးလိုက်သည်။

"နောက်ဆုံးတော့ စစ်မှန်တဲ့မေတ္တာတရားကြောင့် ရှင်တို့ပြန်ပြီး ဆုံစည်းရတာပဲမဟုတ်လား"

"အဲ . . . အင်း . . . အဲ . . . ဟုတ်တယ်"

မင်းသိမ်းက ကြောင်တောင်တောင်နှင့် ရောယောင်ပြီး ခေါင်းညိတ်သည်။ ပြီးတော့ ဘာဆက်ပြောရမည်မှန်းမသိသည်နှင့် ဘေးမှ အပျိုကြီးလက်ကိုဆွဲပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"သွားတော့မယ်နော်"

ဟု နှုတ်ဆက်ကာ တစ်ချိုးတည်းလစ်တော့သည်။

တယောဆရာနှင့် အပျိုကြီးတို့စုံတွဲ၏ ကျောပြင်တွေကို သူတို့နှစ်ယောက် အကြာကြီးငေးကြည့်နေဖြစ်သည်။

●

ဆောင်းနှောင်းတိမ်တွေပြိုကျလာ၏။

မိုးကုပ်စက်ဝိုင်းသည် ခါတိုင်းထက်ပိုပြီး နီးကပ်လာသည်ဟု အောက်မေ့ရ၏။ မျှော်လင့်ချက်တွေကိုလည်း တစ်ခါတစ်ခါ အဲသည်လိုပဲ မြင်ရသည်မဟုတ်လား။

ညီဆုးက တီးတိုးပြောသည်။

"တစ်ချို့က ချစ်ခြင်းကို လူမှုရေးအသုံးအဆောင်တစ်ခုလို ဆင်ခြင်ကြတယ်၊ တစ်ချို့ကကျတော့လည်း ချစ်ခြင်းကို ပြန်လည်ကောင်းကျိုးပြုရမယ့် ဝတ္တရားတစ်ခုလို့ ဆင်ခြင်ကြတယ်၊ တစ်ချို့ကကျပြန်တော့လည်း ချစ်ခြင်းကို ရသင့်ရထိုက်တဲ့ ရပိုင်ခွင့်တစ်ခုလို့ ဆင်ခြင်ကြတယ်"

"အင်း. . ."

"ကိုယ်ကတော့ အချစ်ဆိုတာ အဲဒီလိုဆင်ခြင်မှုတွေထဲမှာ ရှိတယ်လို့ မယုံကြည်ပါဘူး၊ အဲဒါတွေဘာတစ်ခုမှထည့်မတွေးဘဲနဲ့ ချစ်ရုံသက်သက်ကလေးပဲ ချစ်ခဲ့တာပါ"

သူမ ပြန်မဖြေ။ သူမ၏အကြည့်က Stopwatch နာရီလေးဆီသို့ ရောက်နေ၏။





ညီဆုးက လှမ်းကြည့်လိုက်သည်။

စက္ကန့်ဂဏန်းတွေက နောက်ဆုံးမိနစ်ဆီကို ရောက်နေပြီ။

23 : 59 : 56

23 : 59 : 57

23 : 59 : 58

23 : 59 : 59

24 : 00 : 00

နှစ်ဆယ့်လေးနာရီအတိမှာ သူမက နာရီခလုတ်ကိုပိတ်လိုက်သည်။

ညီဆုးက . . .

"တို့တွေ အရိုးစွဲနေတဲ့ ဆင်ခြင်ခြင်းတွေရဲ့ အပြင်ဘက်ကို သွားကြရအောင်"

သူမက ညီဆုး၏လက်မောင်းကို ဖျတ်ခနဲချိတ်ကာ ကိုင်လိုက်သည်။ ပြီးတော့ လန်းဆန်းမြူးကြွစွာ ပြောလိုက်၏။

"လာ. . .၊ သွားကြစို့"

မင်းခိုက်စိုးစန်



www.burmeseclassic.com